www.burmeseclassic.com

# ဘုန်းကြွယ်

ထိမုံး၏ ယီကျန်းမင်

သိုင်းမိုးမဝါ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြွယ်

## သိုင်းပိုးပုဝါ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၂၂၃၀၃၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၆၆၀၄၁၂

၂၀၁၂ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်ခင်မာချို၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ရန်ကုန်မြို့။

**မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်**
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



# အဓိပတိသိုင်းရာဇာ

သိုင်းလောကၡ ထင်ရှားသောသိုင်းဂိုဏ်းကြီးများ၊ သိုင်းဆရာကြီးများ အများအပြားရှိကြသည့်အနက် အဓိပတိသိုင်းရာဇာ ဝမ်းကျင်းစန်းမှာ အားလုံးထက်ပိုပြီး ထင်ရှားကျော်ကြားခဲ့လေသည်။

ဝမ်းကျင်းစန်းသည် ဝါရင့်သိုင်းသမားကြီးများ၊ ထိပ်သီးသိုင်းသမားကြီးများထက် ကျော်လွန်ကာ သတင်းကြီးခဲ့ရသည်မှာ သိုင်းလောကတစ်ခုလုံးအား တုန်လှုပ်စေခဲ့သည့် သွေးဘီလူးအား ဆုံးမခဲ့ခြင်းကြောင့်ဖြစ်သည်။

သွေးဘီလူး...။

သွေးဘီလူးသည် သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် ကိုင်လှုပ်နိုင်ခဲ့သူဖြစ်သည်။

သွေးဘီလူးကြောင့် သိုင်းလောကတစ်ခုလုံး အိပ်ကောင်းခြင်းအိပ်ရ၊ စားကောင်းခြင်းမစားရဘဲ တစ်ချိန်လုံး တထိတ်ထိတ် ထိတ်လန့်နေခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဓိပတိသိုင်းရာဇာ ဝမ်းကျင်းစန်းက သွေးဘီလူးကို ရင်ဆိုင်ဆုံးမလိုက်သောအခါ…

ဝမ်းကျင်းစန်းသည် သိုင်းလောကတစ်ခုလုံး မသိသူမရှိသလောက် ထင်ရှားကျော်ကြားသည့် သိုင်းသမားကြီးဖြစ်လာလေတော့သည်။

◆ ◆ ◆

သွေးဘီလူး…။

သွေးဘီလူးသည် သိုင်းလောကသားတစ်ဦးဖြစ်ပြီး သူ၏သိုင်းပညာမှာ သိုင်းလောက၌ အထက်မြက်ဆုံးဖြစ်သည်ဟု ခံယူထားသူဖြစ်သည်။

သိုင်းလောက၌ ကျင်လည်ကျက်စားရင်း ထိပ်သီးသိုင်းသမားများနှင့် လိုက်လံယှဉ်ပြိုင်ခဲ့လေသည်။

ပြိုင်ပွဲတိုင်း၌အနိုင်ရရှိကာ သိုင်းလောကသားများ၏ကြောက်ရွံ့ထိတ်လန့်နေရသူ ဖြစ်လာသည်။

သို့သော်…

သွေးဘီလူးသည် သိုင်းလောကသားများနှင့် ယှဉ်ပြိုင်ရင်း သိုင်းလောကထိပ်ဆုံးသို့ ရောက်ရှိရန် သူ၏ပညာ ပို၍ထက်မြက်လာစေရန် အချိန်ရှိတိုင်း သူနေထိုင်သော ကျောက်ဂူထဲ၌ ထပ်မံလေ့ကျင့်ခဲ့လေသည်။



တစ်နေ့…

အဓိပတိသိုင်းရာဇာ ဝမ်းကျင်းစန်းက သွေးဘီလူးနေထိုင်သည့်ကျောက်ဂူကြီးသို့ ရောက်ရှိလာခဲ့သောအခါ…

သိုင်းလောကအား တုန်လှုပ်စေခဲ့သည့် သွေးဘီလူးဒုက္ခရောက်ခဲ့ရလေတော့သည်။

◆ ◆ ◆

သွေးဘီလူး…။

သွေးဘီလူးသည် အေးစိမ့်ကျောက်ဂူ၌ နေထိုင်သူဖြစ်လေသည်။

အေးစိမ့်ကျောက်ဂူ၌ နှစ်ပေါင်းအတန်ကြာအောင် နေထိုင်ခဲ့ပြီး သိုင်းပညာနှင့်အတွင်းအား လေ့ကျင့်ခဲ့သူဖြစ်သည်။

သိုင်းပညာနှင့်အတွင်းအား လေ့ကျင့်အောင်မြင်ပြီးလျှင်သိုင်းလောကသို့ ထွက်ကာ ထိပ်သီးသိုင်းသမားများအား စိန်ခေါ်ယှဉ်ပြိုင်ခဲ့လေသည်။

သိုင်းလောကမှ ထိပ်သီးသိုင်းသမားအတော်များများမှာ သွေးဘီလူးအား ရှုံးနိမ့်ခဲ့ကြပြီး သွေးဘီလူးသည်လည်း အလွန်ကြောက်စရာကောင်းသူ တစ်ယောက်ဟု သတင်းကြီးခဲ့တော့သည်။

ထို့နောက်ပိုင်းတွင်…

သိုင်းလောကသားများသည် အေးစိမ့်လိုဏ်ဂူသို့ တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ပြီးတစ်ယောက် ရောက်လာကြပြီး သွေးဘီလူးနှင့် ရင်ဆိုင်ခဲ့ကြလေသည်။

လာရောက်ရင်ဆိုင်သူတိုင်းအား သွေးဘီလူးက အနိုင်ယူလိုက်သည်ချည့်ဖြစ်ရာ သွေးဘီလူး၏အမည် ပိုပြီးထင်ရှားလာလေတော့သည်။

ထို့ကြောင့်...

သိုင်းလောကအကျိုး၊ အများအကျိုး သည်ပိုးဆောင်ရွက်နေသည့် အဓိပတိသိုင်းရာဇာ ဝမ်းကျင်းစန်းက သွေးဘီလူးအား ဆုံးမရန် အေးစိမ့်လိုဏ်ဂူသို့ ရောက်ရှိလာလေတော့သည်။

◆ ◆ ◆



## သော့တစ်ချောင်း

အေးစိမ့်လိုဏ်ဂူ...။

အေးစိမ့်လိုဏ်ဂူသည် သွေးဘီလူး အထူးတည်ဆောက်ထားသော လိုဏ်ဂူတစ်ခုဖြစ်လေသည်။

မူလက သဘာဝအလျောက် ဖြစ်ပေါ်တည်ရှိခဲ့သည့် လိုဏ်ဂူငယ်တစ်ခုဖြစ်သော်လည်း သွေးဘီလူးက လိုဏ်ဂူကိုချဲ့ထွင်ကာ မွမ်းမံပြင်ဆင်ခဲ့ရာ အဆောက်အဦးကြီးတစ်ခုကဲ့သို့ အလွန်ခန်းနားသော လိုဏ်ဂူတစ်ခု ဖြစ်သွားခဲ့လေသည်။

သွေးဘီလူးသည် တပည့်တပန်းမရှိ၊ နောက်လိုက်နောက်ပါမထား တစ်ကိုယ်တည်းနေထိုင်သူ ဖြစ်ရကား လိုဏ်ဂူကိုကြီးကျယ်ခန်းနားစွာ မွမ်းမံပြင်ဆင်ထားခဲ့သော်လည်း ဝင်ပေါက်ထွက်ပေါက်ကိုမူ တစ်ပေါက်ထဲသာ ထားရှိခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူဝင်ပေါက်၌ ကျောက်တံခါးကြီးတစ်ချပ် တပ်ဆင်ထားပြီး အထူးပြုလုပ်ထားသောသော့ဖြင့်သာ ဖွင့်၍ပိတ်၍ရအောင် စီမံထားလေသည်။

အေးစိမ့်လိုဏ်ဂူသို့ ဝင်လိုထွက်လိုသည်ဆိုလျှင် အထူးပြုလုပ်ထားသော သော့ရှိမှဖြစ်ပေမည်။

အထူးသော့...။

သွေးဘီလူးသည် ကိုယ်တိုင်စီမံပြုလုပ်ထားသော အထူးသော့ကြောင့်ပင် ဒုက္ခရောက်ခဲ့ရလေတော့သည်။

◆ ◆ ◆

ကောင်းကင်ပေါ်၌ လဝန်းထိန်ထိန်သာနေ၏။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

အေးစိမ့်လိုဏ်ဂူပတ်ဝန်းကျင်၌ သစ်ပင်ပန်းပင်များဖြင့် စိုပြည်စိမ်းလန်းလျက် ရှိနေပါတော့သည်။

သွေးဘီလူးသည် လိုဏ်ဂူအပြင်ဘက် မြေကွက်လပ်၌ သိုင်းလေ့ကျင့်ပြီး ညသန်းခေါင်အချိန်တွင် လေ့ကျင့်မှုကိုရပ်ကာ လိုဏ်ဂူထဲဝင်သွားလေသည်။

လိုဏ်ဂူတံခါးမကြီး၏ အပြင်ဘက်နှင့်အတွင်းဘက်၌ သော့ချိတ်ရန်နေရာတစ်ခု ပြုလုပ်ထားသည်။

သွေးဘီလူး ဂူထဲ၌ရှိနေလျှင် သော့ကိုဂူတံခါးအတွင်းဘက်၌



ချိတ်ထားပြီး လိုဏ်ဂူအပြင်ဘက်ထွက်လျှင် သော့ကိုအပြင်ဘက်တံခါးမကြီးပေါ်၌ ချိတ်လေ့ရှိသည်။

ညဥ့်နက်ပြီဖြစ်ရာ သွေးဘီလူးလည်း ဂူထဲဝင်ကာ တံခါးပိတ်ပြီး အိပ်ဇက်အနားယူရန် ဟန်ပြင်လိုက်လေသည်။

ထိုအချိန်မှာပင်...

"ဟူး..ဟူး"

အပြင်ဘက်၌ အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်ကို အလွန်နားပါးသော သွေးဘီလူး ကြားလိုက်ရလေသည်။

သွေးဘီလူး မျက်မှောင်ကုပ်သွား၏။

"တစ်ယောက်ယောက်တော့ ရောက်လာပြီ"

ဟုလည်း တီးတိုးရေရွတ်လိုက်၏။

ယနေ့ညအဖို့ ကောင်းစွာအနားယူရတော့မည် မဟုတ်ကြောင်းလည်း နားလည်လိုက်လေသည်။

ရုတ်တရက်...

"သွေးဘီလူး..အပြင်ထွက်လာရင်ကောင်းမယ်"

အပြင်ဘက်မှ အော်ပြောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"တောက်"

သွေးဘီလူး ခံပြင်းသွား၏။

သူနှင့်ပညာပြိုင်လိုသည့် သိုင်းသမားတစ်ယောက် ရောက်လာပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သွေးဘီလူးလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ တံခါးသော့ဖွင့်ကာ ဂူအပြင်ဘက် ထွက်လိုက်လေတော့သည်။

◆ ◆ ◆

အေးမြသော ညလေအေးများက သုန်သုန်ညှင်းညှင်း တိုက်ခတ်လာလေသည်။

လရောင်အောက်၌ ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါသော်လည်း သွေးဘီလူးကား ဒေါသချောင်းချောင်း ထွက်နေပါတော့သည်။

သူက အိပ်စက်အနားယူတော့မည့်အချိန်တွင် အနှောက်အယှက် ပေါ်ပေါက်လာသည် မဟုတ်ပါလား။

လိုဏ်ဂူအပြင်ဘက်ရောက်လျှင် သွေးဘီလူးက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ထိုအခါ...

မလှမ်းမကမ်းတစ်နေရာ၌ ရပ်နေသည့် လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီး အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ဥပမိရုပ်ကောင်းပြီး ရင်ဘတ်ထိအောင် ရှည်လျားသောမုတ်ဆိတ်မွေးများရှိသည်။



ထိုလူထံမှ ထူးခြားသော အငွေ့အသက်များ လွှင့်ပျံ့နေသည်ဟုလည်း သွေးဘီလူး နားလည်လိုက်၏။

ထိပ်သီးသိုင်းသမားတစ်ယောက် ရောက်ရှိလာခြင်း ဖြစ်လေသည်။

"မင်းက သွေးဘီလူးလား"

ထိုလူက အေးတိအေးစက်မေးလာလေသည်။

သွေးဘီလူးက...

"ဟုတ်တယ်၊ မင်းကကော"

"ကျုပ်က ဝမ်းကျင်းစန်းပါပဲ"

"ဝမ်းကျင်းစန်း။ အမိပတိသိုင်းရာဇာ ဝမ်းကျင်းစန်း ဟုတ်လား"

"မှန်ပါတယ်"

သွေးဘီလူး ရင်ထိတ်သွား၏။

အမိပတိသိုင်းရာဇာ ဝမ်းကျင်းစန်းနှင့် ရင်ဆိုင်ရသည့် အမှောင်လမ်းမှ သိုင်းသမားများ အရေးနိမ့်သွားကြသည်ချည့် မဟုတ်ပါလား။

ဝမ်းကျင်းစန်းသည် အမှောင်သိုင်းသမားများအား ဆုံးမရာ၌ အလွန်နာမည်ကြီးသူ ဖြစ်ပေတော့သည်။

သွေးဘီလူး မဲ့ပြုံးပြုံးလိုက်လေသည်။

"ဝမ်းကျင်းစန်း..တစ်နေ့ကျရင် ကျုပ်ဆီကို ခင်ဗျားရောက်လာလိမ့်မယ်ဆိုတာ သိထားတာပေါ့ဗျာ၊ ကျုပ်က ခင်ဗျားဆုံးမဖူးတဲ့

www.burmeseclassic.com



တခြားလူတွေနဲ့ မတူဘူးဆိုတာတော့ ကြိုတင်ပြောထားပါရစေဗျာ”

ဝမ်းကျင်းစန်း ပြုံးလိုက်သည်။

“ကျုပ် ဆုံးမခဲ့ရတာတော့ အားလုံး အတူတူချည့်ပါပဲလေ”

သွေးဘီလူး ရင်ကော့လိုက်သည်။

“ကျုပ်က သွေးဘီလူးဗျ”

ဝမ်းကျင်းစန်းက...

“သွေးဘီလူးက ဘာများထူးခြားမှာမို့လဲ”

“စိတ်ချ၊ အခုသိရမယ်”

သွေးဘီလူးက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ဝမ်းကျင်းစန်းအား တိုက်ခိုက်လိုက်လေတော့သည်။

◆ ◆ ◆



တိုက်ပွဲ...။

တိုက်ပွဲကား ပြင်းထန်လှသည်။

သွေးဘီလူးကော အဓိပတိသိုင်းရာဇာ ဝမ်းကျင်းစန်းပါ ထိပ်သီးသိုင်းပညာရှင်များ ဖြစ်လေသည်။

ထို့ကြောင့် သူတို့နှစ်ယောက်၏ တိုက်ပွဲမှာ ထိတ်လန့်စရာကောင်းအောင် ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်ခဲ့တော့သည်။

ထိပ်သီးသိုင်းသမားကြီးများပီပီ သူတို့၏သိုင်းကွက်များမှာ ထူးခြားဆန်းပြားကာ ထက်မြက်နေ၏။

တစ်ချက်ကလေး မှားယွင်းလိုက်သည်နှင့် ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိကာ လုံးဝအရေးနိမ့်သွားလိမ့်မည် ဖြစ်လေသည်။

ထို့ကြောင့် နှစ်ယောက်စလုံး သတိထားကာ လုံးဝအမှားမခံဝံ့ကြဘဲ အကောင်းဆုံး သိုင်းကွက်များ ထုတ်ဖော်ကာ တစ်ယောက်ကိုတစ်ယောက် အနိုင်ယူနိုင်အောင် ကြိုးစားခဲ့ကြလေသည်။

အေးမြသောညလေများက သုန်သုန်ညှင်းညှင်း တိုက်ခတ်နေဆဲ။ မွှေးကြိုင်သင်းပျံ့သော ပန်းရနံ့များလည်း အစဉ်လေးမျက်နှာသို့ လွင့်ပျံ့နေဆဲ။

သွေးဘီလူးနှင့် ဝမ်းကျင်းစန်းတို့ကလည်း သဲကြီးမဲကြီး ယှဉ်ပြိုင်နေကြဆဲ။

သို့ဖြစ်၍ အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားကာ အရှေ့ဘက်၌ အာရုဏ်ဦး၏ ရောင်နီများ ထွက်ပေါ်လာခဲ့လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ကျေးငှက်ကလေးများက ဘာသာဘာဝ တေးသီကျွေးကာ ဟိုမှသည်မှ ပျံဝဲနေကြလေသည်။

နံနက်ခင်းလေပြည်က ပိုး၍အေးမြလတ်ဆတ်လာလေ သည်။

အလင်းရောင်က တစ်စထက်တစ်စ အားကောင်းလာပြီး ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်း ဖြစ်လာလေတော့သည်။

"ဟိတ်"

"ယား"

ညာသံပေးသံများ ထွက်ပေါ်နေဆဲ။

ဝမ်းကျင်းစန်းနှင့် သွေးဘီလူးတို့ ထိပ်တိုက်ယှဉ်ပြိုင်နေကြ ဆဲ ဖြစ်လေသည်။

သူတို့၏ တိုက်ခိုက်မှုသည် အချိန်ကြာလာသည်နှင့်အမျှ နှေးကွေးလေးလံလာကြသည်။

သို့သော်...

အတွင်းအားကို အသုံးပြုထားခြင်းကြောင့် ပို၍ပြင်းထန် ကာ ပိုပြီးကြောက်မက်ဖွယ်ကောင်းလာသည်ဟု ဆိုနိုင်တော့သည်။

တစ်ချိန်တွင် သွေးဘီလူးနှင့် ဝမ်းကျင်းစန်းတို့ ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြလေသည်။

"ဗိုး"

"ဖြန်း"

လက်ဝါးလေးဘက် ဆုံတွေ့မိပြီး ပူးကပ်သွားလေသည်။



နှစ်ယောက်သား လက်ဝါးချင်းကပ်ကာ အတွင်းအားထုတ် ဖော်ယှဉ်ပြိုင်လိုက်ကြလေသည်။

တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်ရင်း နှစ်ယောက် စလုံး၏မျက်နှာများ နီရဲလာလေတော့သည်။

လက်ဝါးချင်း ပူးကပ်ကာ အတွင်းအားထုတ်ဖော်ယှဉ်ပြိုင် လိုက်ကြရင်း ထမင်းတစ်အိုးကျက်ခန့် အကြာတွင်...

"ဝုန်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ နှစ်ယောက် သား ပြိုင်တူနောက်ဆုတ် လိုက်ကြရလေတော့သည်။

◆ ◆ ◆

သွေးဘီလူးနှင့် ဝမ်းကျင်းစန်းတို့၏ ပြင်းထန်သော တိုက်ပွဲ ကား ပြီးဆုံးသွားပြီဖြစ်သည်။

နှစ်ယောက်စလုံး ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ကြလေ သည်။

တစ်ယောက်ကိုတစ်ယောက်လည်း စိုက်ကြည့်လိုက်ကြ၏။

ဝမ်းကျင်းစန်းက...

"သွေးဘီလူး...မင်း ဘာမှမတတ်နိုင်တော့ပါဘူး"

ဟုပြောလိုက်၏။ သွေးဘီလူးကလည်း ချက်ချင်းပြန်လည် ချေပလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကော ဘာများတတ်နိုင်မှာတဲ့လဲ"

"ခင်ဗျား"

"ခင်ဗျားလည်း အတွင်းဒဏ်ရသွားတာပဲ မဟုတ်လားဗျာ"

ဝမ်းကျင်းစန်းက...

"ကျုပ်ဒဏ်ရာ ရသွားတယ်ဆိုရင်တောင် ခင်ဗျားကို ဆုံးမနိုင်ပါသေးတယ်"

ပြောရင်း ရှေ့တိုးလိုက်လေသည်။

သွေးဘီလူး ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ဝမ်းကျင်းစန်းက သူ့ထက်ပိုပြီး သွက်လက်စွာလှုပ်ရှားနိုင်သေးသည် မဟုတ်ပါလား။

ဝမ်းကျင်းစန်း အတွင်းဒဏ်ရသွားသော်လည်း သူ၏ဒဏ်ရာက ဝမ်းကျင်းစန်းထက်ပို၍ ပြင်းထန်နေသည် မဟုတ်ပါလား။

သွေးဘီလူးက နောက်ဆုတ်ရင်း ကျောက်ဂူပေါက်ဝအနီးသို့ ရောက်ရှိသွားလေသည်။

သွေးဘီလူး ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ဂူထဲသို့ ပြေးဝင်ကာ တံခါးပိတ်ထားလိုက်လေသည်။

ဝမ်းကျင်းစန်းသည် မည်သည့်နည်းနှင့်မျှ ကျောက်ဂူတံခါးကို ဖွင့်နိုင်လိမ့်မည်မဟုတ်ဟု ယုံကြည်ထားလေသည်။

ကျောက်ဂူတံခါးကြီးကို သူက အထူးစီမံပြုလုပ်ထားသည် မဟုတ်ပါလား။

"ဂျိန်း"



ကျယ်လောင်သော မြည်ဟီးသံကြီးနှင့်အတူ ကျောက်ဂူတံခါးကြီး ပိတ်သွားလေတော့သည်။

သွေးဘီလူးမှာ ကျောက်ဂူထဲရောက်ရှိသွားကာ ဝမ်းကျင်းစန်း၏အန္တရာယ်မှ လွတ်မြောက်သွားလေသည်။

သို့သော်...

"သော့"

အထူးစီမံထားသော တံခါးသော့ကား ဂူအပြင်ဘက်၌ ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

"ဒုက္ခပဲ"

သွေးဘီလူး အထိတ်တလန့် ညည်းတွားလိုက်လေသည်။

ဂူတံခါးပေါက်ကို အတွင်းဘက်မှနေ၍ သူဖွင့်နိုင်တော့မည် မဟုတ်ပါ။

တစ်ယောက်ယောက်က အပြင်ဘက်မှနေ၍ သော့ကို အသုံးပြုကာ ဖွင့်ပေးမှသာလျှင် တံခါးပွင့်သွားမည်။

အပြင်ဘက် ထွက်နိုင်တော့မည် ဖြစ်သည်။

သွေးဘီလူးမှာ ကိုယ့်ကိုကိုယ် ကျောက်ဂူထဲပိတ်လှောင်ထားလိုက်သကဲ့သို့ ဖြစ်သွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## မိုးလေညှ

ခရေတောအုပ်တစ်ဘက်တွင် တောင်ကုန်းလေးတစ်ခုရှိသည်။

ထိုတောင်ကုန်းလေး၏ ခြေရင်း၌ အိမ်ကလေးတစ်လုံးရှိသည်။

သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးဖြစ်သည်။

ကျေးလက်ဒေသမှ တောင်ယာလုပ်ကိုင်စားသောက်သူများ ဆောက်လုပ်နေထိုင်တတ်သော အိမ်ကလေးမျိုးဖြစ်လေသည်။

ထိုအိမ်ကလေးသည် လယ်သမား ရှောင်ချမ်းမင်း ပိုင်ဆိုင်သောအိမ်ကလေးဖြစ်လေသည်။

ရှောင်ချမ်းမင်းတွင် ဇနီးသည်နှင့်အတူ ချစ်စရာကောင်းသော သားကလေးတစ်ယောက် ရှိလေသည်။



ရှောင်ချမ်းမင်း၏ဇနီးက 'ယုန်လေး' ဖြစ်ပြီး သားဖြစ်သူမှာ 'ရှောင်ဖုံး' ဖြစ်လေသည်။

ရှောင်ချမ်းမင်းတို့ မိသားစုသည် ဤအရပ်ဒေသဇာတိ မဟုတ်ကြပါ။

ရပ်ဝေးတစ်နေရာမှ ပြောင်းရွှေ့လာကြပြီး အခြေချနေထိုင်ခဲ့ကြသူများသာ ဖြစ်လေသည်။

သို့သော်...

သူတို့ နေထိုင်ခဲ့ကြသည်မှာ ကာလအတော်ကြာပြီဖြစ်ရကား ဤအရပ်ဒေသဇာတိဖွားများကဲ့သို့ ဖြစ်သွားကြလေသည်။

အများအားဖြင့် အေးချမ်းသာယာနေတတ်သော ဤအရပ်ဒေသ၌ မကြာသေးမီက မိုးသက်လေပြင်း ကျရောက်လာခဲ့လေသည်။

သုံးရက်တိုင်တိုင် မိုးကြီးလေကြီးကျရောက်ခဲ့ခြင်း ဖြစ်သည်။

ထို့အတူ...

အေးချမ်းသာယာနေသော ရှောင်ချမ်းမင်းတို့မိသားစုလေးထံသို့ ကြမ္မာမုန်တိုင်း တိုက်ခတ်ခဲ့လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်သစ်ကိုင်းများ ကျိုးပဲ့ပျက်စီးနေသည်။

မြေပေါ်၌ နွံ့ဗွက်များ ရှိနေသည်။

မိုးသက်မုန်တိုင်းကြောင့် ဝန်းကျင်တစ်ခုလုံး ရစရာမရှိအောင် ဖြစ်နေခြင်းပင်။ အမှိုက်သရိုက်များလည်း ရှုပ်ပွနေ၏။

အိမ်ကလေးရှေ့၌ ဆံပင်ဖားလျားချထားသော အမျိုးသမီးတစ်ယောက်က မလှုပ်မယှက်ရပ်နေ၏။

ထိုအမျိုးသမီးမှာ ယုန်လေးဖြစ်သည်။

ယုန်လေးသည် အသားဖြူဖြူချောချော အမျိုးသမီးတစ်ဦးဖြစ်သည်။

တစ်ချိန်ကဆိုလျှင် သူမအား လိုချင်မက်မောသူများ ဝိုင်းဝိုင်းလည်နေခဲ့သည်။

သို့သော် သူမအတွက် ဖူးစာရှင်ကို ကံကြမ္မာက ရွေးချယ်ပေးခဲ့သည်။

ရောင်ချမ်းမင်းနှင့် မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရပြီး မမျှော်လင့်ဘဲ အိမ်ထောင်ရှင်ဘဝ ရောက်ခဲ့ရသည်။

ရောင်ဖုံးဆိုသော သားတစ်ယောက် မွေးဖွားခဲ့သည်။

ရောင်ဖုံး လေး ငါးနှစ်သားအရွယ်တွင်...

မိုးသက်လေပြင်း တိုက်ခတ်ခဲ့သည့် ညတွင်...

◆ ◆ ◆



ည...။

မိုးသက်လေပြင်း တိုက်ခတ်ခဲ့သည့် တတိယမြောက်ညဖြစ်လေသည်။

မိုးသက်လေပြင်းက ပို၍ပြင်းထန်လာသည်။

လေပြင်းများ တိုက်ခတ်မှုကြောင့် ယုန်လေးတို့၏ အိမ်ကလေးမှာ လှုပ်ယမ်းနေလေသည်။

ယုန်လေးနှင့်ရောင်ချမ်းမင်းတို့ မျက်နှာချင်းဆိုင် ထိုင်ကာ ညစာစားသောက်နေကြလေသည်။

ရောင်ဖုံးလေးကား စောစောစီးစီးပင် အိပ်ရာဝင်သွားပြီဖြစ်လေသည်။

ယုန်လေးက...

"မိုးသက်မုန်တိုင်း သည့်လိုသာဆက်ပြီး တိုက်ခတ်နေမယ်ဆိုရင် ကျွန်မတို့စိုက်ခင်းတွေ လုံးဝပျက်စီးသွားတော့မှာ"

စိုးရိမ်ပူပန်သည့်လေသံဖြင့် ပြောလေသည်။

ရောင်ချမ်းမင်း ပြုံးလိုက်သည်။

"ညီမရယ်...ဘာမှစိုးရိမ်မနေပါနဲ့၊ စိုက်ခင်းတွေ ပျက်စီးသွားရင် ကျုပ်က အသစ်ပြန်စိုက်ပျိုးမှာပေါ့"

"အသစ်ပြန်စိုက်ရတော့ အစ်ကို ပိုပြီးပင်ပန်းမှာပေါ့"

"ညီမရယ်...ကျုပ်က"

ရုတ်တရက် ရောင်ချမ်းမင်း၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးသံလေသံကြားမှ ထူးခြားသောအသံတစ်ခုကို ကြားလိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ယုန်လေးက...

"အစ်ကို ဘာဖြစ်လို့လဲဟင်"

ဟု မေးလေသည်။

သူမသည် ရှောင်ချမ်းမင်း၏ ပြောင်းလဲသွားသည့် မျက်နှာအမူအရာကို ချက်ချင်း သတိပြုမိလိုက်သည် မဟုတ်ပါလား။

ရှောင်ချမ်းမင်းက...

"မြင်းခွာသံ ကြားလိုက်သလားလို့ပါ"

"မြင်းခွာသံ ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူများပါလိမ့်"

မြင်းခွာသံကို ယုန်လေးလည်း ကြားလိုက်ရပြီဖြစ်သည်။

မြင်းခွာသံသည် တစ်စထက်တစ်စ နီးကပ်လာကာ အိမ်ရှေ့သို့ရောက်ရှိလာပြီ ဖြစ်လေသည်။

ရှောင်ချမ်းမင်းက...

"ညီမ...အခန်းထဲဝင်နေလိုက်ပါ"

"ကျွန်မ"

"ညီမ..မြန်မြန်သွား"

ထိုအချိန်မှာပင် တံခါးခေါက်သံများ ထွက်ပေါ်လာလေတော့သည်။



"ခေါက်...ခေါက်"

"အိမ်ရှင်တို့...အိမ်ရှင်တို့"

ရှောင်ချမ်းမင်းက...

"ဘယ်သူလဲ"

ဟုမေးရင်း တံခါးသွားဖွင့်ပေးလိုက်လေသည်။

အပြင်ဘက်မှ လေအေးများ၊ မိုးရေစက် အမှုန်အမွှားများက အိမ်ထဲသို့တိုင် တိုးဝင်တိုက်ခတ်လာလေသည်။

အပြင်ဘက်၌ မိုးကာကြီးခြုံထားသော အမျိုးသမီးတစ်ဦး ရှိနေပါသည်။

ထိုအမျိုးသမီးက အိမ်ထဲသို့ လှစ်ခနဲ လှမ်းဝင်လာလေသည်။

"မင်း..မင်း ဘယ်သူလဲ"

ရှောင်ချမ်းမင်းက မေးလိုက်သည်။

အမျိုးသမီးက...

"ကျွန်မကိုတောင် မမှတ်မိတော့ဘူးလားရှင်"

"မင်း"

အမျိုးသမီးက မိုးကာဝတ်ရုံကြီးကို ချွတ်လိုက်လျှင် ရုပ်ရည်ချောမောလှပပြီး မာနကြီးမည့်သူတစ်ဦးဖြစ်ကြောင်း ပေါ်လွင်လာလေသည်။ ထိုအမျိုးသမီး၏ မျက်နှာကိုမြင်တွေ့လိုက်ရလျှင် ရှောင်ချမ်းမင်း အထိတ်တလန့် ဖြစ်သွားတော့သည်။

"ဟင်..မင်း..မင်း"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး ပြုံးလိုက်သည်။

"ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ ရှင် မှတ်မိသေးတာကိုး"

"မင်း"

"ရှင်က ကျွန်မဆီက ထွက်ပြေးသွားပေမယ့် ကျွန်မက အလွတ်မပေးနိုင်ပါဘူး။ ဒါကြောင့် ရှင့်ကိုလာခေါ်တာ"

ရောင်ချမ်းမင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မလိုက်နိုင်ဘူး"

"ဘာရှင့်"

"ကျုပ် အိမ်ထောင်ကျလို့ ကလေးတစ်ယောက်တောင် ရနေပြီ၊ ကျုပ် မလိုက်နိုင်ဘူး"

အမျိုးသမီး ရယ်မောလိုက်လေသည်။

"ရှင်ဟာ ကျွန်မနဲ့လက်ထပ်ဖို့ သဘောတူစာချုပ်ထားတာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်မနောက်ကို ရှင်လိုက်ခဲ့ရမယ်"

"ကျုပ် မလိုက်ဘူး"

"ရှင် မလိုက်ရင် ကျွန်မက အဓမ္မခေါ်သွားရလိမ့်မယ်"

"မင်း"

ရောင်ချမ်းမင်းက နောက်ဆုတ်လိုက်လေသည်။

ယုန်လေး မနေနိုင်တော့ပါချေ။

"ဒါက ဘာသဘောလဲ"

အော်ငေါက်ရင်း ရောင်ချမ်းမင်း၏ရှေ့သို့ ဝင်ပြီးအကာအကွယ်ပြုထားလိုက်လေသည်။



အမျိုးသမီး မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မနဲ့လက်ထပ်မယ့်လူကိုလည်း လုယူသွားသေးတယ်၊ ကျွန်မကို နှောက်ယှက်ချင်သေးလို့လား၊ ဘေးဖယ်လိုက်စမ်း"

အော်ငေါက်ကာ တွန်းထုတ်လိုက်လေသည်။

"ဝုန်း"

ယုန်လေး အဝေးသို့လွင့်စဉ်သွားတော့သည်။

"မလုပ်ပါနဲ့"

ရောင်ချမ်းမင်းက တားဆီးလိုက်လေသည်။

သို့သော်...

"ကျွန်မနောက်ကို ရှင်လိုက်ခဲ့ရမယ်"

အမျိုးသမီးက ရောင်ချမ်းမင်း၏ လက်ကောက်ဝတ်ကို လှမ်းဆွဲလိုက်လေသည်။

"ကျုပ်ကို လွှတ်ပါ"

ရောင်ချမ်းမင်းက ရုန်းထွက်ဖို့ကြိုးစားလိုက်သော်လည်း အမျိုးသမီး၏လက်ထဲမှ လွတ်မြောက်ခြင်းမရှိတော့ပါ။

အမျိုးသမီးက သွေးကြောဖိတ်လိုက်လျှင်...

"အင့်"

ရောင်ချမ်းမင်း မလှုပ်မယှက် ဖြစ်သွားတော့သည်။

အမျိုးသမီးက ယုန်လေးကို စိုက်ကြည့်လိုက်လေသည်။

သူမ၏မျက်လုံးများက အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ကြမ်းကြုတ်သော အကြည့်ဖြစ်လေသည်။

သူမသည် ယုန်လေးအား သတ်ပစ်လိုနေကြောင်း ထင်ရှားနေပါတော့သည်

ယုန်လေး ထိတ်လန့်သွားလေသည်။

အမျိုးသမီး၏ လူသတ်လိုသောအကြည့်ကို သူမ ကောင်းစွာနားလည်ထားလေသည်။

ထို့ကြောင့် မလှုပ်ရှားဝံ့အောင် ဖြစ်သွားခြင်းပင်။

အမျိုးသမီးက ယုန်လေးကို စိုက်ကြည့်ပြီး…

"သည်ကနေ့ ရှင်က်ကောင်းသွားတယ် မှတ်ထားပါ"

ဟုပြောကာ ချာခနဲလှည့်ထွက်သွားလေသည်။

သူမ တစ်ယောက်ထဲ ထွက်သွားသည်တော့ မဟုတ်ပါ။

ရှောင်ချမ်းမင်းကိုပါ ဆွဲခေါ်သွားလေသည်။

သူတို့ အပြင်ဘက်ရောက်သွားတော့မှ ယုန်လေး သတိဝင်လာလေသည်။

"အစ်ကို့ကို ခေါ်မသွားရဘူး"

ယုန်လေးက အော်ပြောပြီး ပြေးသွားလိုက်လေသည်။

သူမ အိမ်အပြင်ဘက် ရောက်ရှိသွားချိန်၌ အမျိုးသမီးက ရှောင်ချမ်းမင်းကို မြင်းပေါ်တင်ကာ ဒုန်းစိုင်းမောင်းနှင်သွားပြီ ဖြစ်လေသည်။

"ခွပ်ခွပ်…ခွပ်ခွပ်"

"ခွပ်ခွပ်…ခွပ်ခွပ်"



မိုးသံလေသံကြား၌ မြင်းခွာသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

အမျိုးသမီးသည် ရှောင်ချမ်းမင်းကိုခေါ်ကာ ထွက်သွားပြီဖြစ်လေသည်။

"အစ်ကို့ကို လွှတ်လိုက်"

ယုန်လေးက ရင်မွှင့်မတတ်ခေါ်ကာ ပြေးလိုက်သွားလေသည်။ သူမ၏တစ်ကိုယ်လုံး မိုးရေများစိုရွှဲသွားသည်။

ပြေးလိုက်သွားရင်း မြေပေါ်လဲကျကာ တစ်ကိုယ်လုံးရွှံ့ဗွက်အလူးလူး ပေကျံသွားလေသည်။

အမျိုးသမီးကို မမီတော့ပါ။

အမျိုးသမီးက ရှောင်ချမ်းမင်းအား ယုန်လေး၏ဘဝထဲမှ အပြီးတိုင်ခေါ်ထုတ်သွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး(ဝါ)ယုန်လေး...။

ယုန်လေးသည် ယခုတော့ ကလေးတစ်ယောက်နှင့် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ရှောင်ချမ်းမင်းသည် သိုင်းလောကသားတစ်ဦးဖြစ်ပြီး အမျိုးသမီးနှင့် စေ့စပ်ထားသူဖြစ်ကြောင်း သိလိုက်ရပြီ ဖြစ်လေသည်။

အမျိုးသမီးက ရှောင်ချမ်းမင်းကို ခေါ်သွားခြင်းကြောင့် သူတို့မိသားစုဘဝလေး ပျက်စီးရပြီ ဖြစ်သည်။

ယုန်လေး ခံပြင်း၍မဆုံးတော့ပါ။

"ငါ သိုင်းပညာရအောင်ရှာမယ်၊ သင်းတို့ကိုလိုက်ရှာပြီး သုတ်သင်ရှင်းလင်းပစ်မယ်"

ယုန်လေး၏ဒေါသနှင့် အမုန်းတရားကား အထွဋ်အထိပ်ရောက်ခဲ့ရလေတော့သည်။

♦ ♦ ♦



## ထိုက်ကျုံးဂိုဏ်း

ည...။

ကောင်းကင်ပေါ်၌ လခြမ်းပဲ့လေးသာ ရှိနေ၏။

မသဲမကွဲလရောင်အောက်တွင် သိုင်းလောက၏ အထင်ကရထိုက်ကျုံးဂိုဏ်းမှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ညဘက် တာဝန်ကျသော အစောင့်အကြပ်များကသာလျှင် မီးပုံးများကိုင်ကာကင်းလှည့်နေသည်ကို တွေ့မြင်ရမည် ဖြစ်လေသည်။

ယနေ့ည...

ထိုက်ကျုံးဂိုဏ်း၏ပိုင်နက်အတွင်းသို့ ဝတ်စုံနက်တစ်ဦး တိတ်တဆိတ် ခိုးဝင်လာလေသည်။

ထိုဝတ်စုံနက်ကား ယုန်လေးဖြစ်လေသည်။

ယုန်လေးသည် ခင်ပွန်းသည် ရှောင်ချမ်းမင်းအား အမျိုးသမီးက ခေါ်ဆောင်သွားပြီးနောက် အကြီးအကျယ် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယုန်လေးက သားဖြစ်သူရောင်ဖုံးနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်ခု ချခဲ့လေသည်။

ရောင်ဖုံးမှာ တစ်နေ့တွင် ထိပ်တန်းသိုင်းပညာ တတ်မြောက်ရမည်ဟူ၍ဖြစ်လေသည်။

ရောင်ဖုံး ထိပ်တန်းသိုင်းပညာတတ်မြောက်လာစေဖို့ ထင်ရှားသော ထိပ်သီးဂိုဏ်းကြီးများမှ သိုင်းကျမ်းစာများကို ခိုးယူပြီး သင်ကြားပေးရန် သူမ ဆုံးဖြတ်လိုက်ခြင်း ဖြစ်လေသည်။

ထို ဆုံးဖြတ်ချက်ကြောင့် ညအချိန်မတော် ထိုက်ကျိုးဂိုဏ်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်လေသည်။

ယုန်လေးက ကင်းလှည့်နေသော ထိုက်ကျိုးဂိုဏ်းသားများကို ရှောင်ကွင်းကာ ကျမ်းစာဆောင်ဆီသို့ ပြေးသွားလိုက်လေသည်။

ကျမ်းစာဆောင်ကို ဖောက်ထွင်းဝင်ရောက်နိုင်မည်ဆိုလျှင် ထိုက်ကျိုးဂိုဏ်း၏ ထိပ်တန်းသိုင်းကျမ်းများရရှိလိမ့်မည် မဟုတ်ပါလား။

ကျမ်းစာဆောင်...။

ယုန်လေး ကျမ်းစာဆောင်အနီးသို့ ရောက်ရှိသွားချိန်မှာပင် ဟန့်တားမည့်သူများ ထွက်ပေါ်လာလေတော့သည်။

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ အမှောင်ရိပ်ထဲမှ လူတစ်စုထွက်ပေါ်လာပြီး ယုန်လေးကို ဟန့်တားလိုက်ကြလေသည်။

ယုန်လေး ရင်ထိတ်သွားလေသည်။



ကျမ်းစာဆောင်အနီး၌ စောင့်ကြပ်နေသော လျှို့ဝှက်ကင်းပုန်းများရှိနေသည် မဟုတ်ပါလား။

လျှို့ဝှက်ကင်းပုန်းများက သူမအား တွေ့ရှိကာ ဟန့်တားနေကြပြီ ဖြစ်လေသည်။

ယုန်လေး အံကြိတ်လိုက်သည်။

"ငါ ဘယ်တော့မှ အဖမ်းမခံဘူး"

သူမ လိုရမယ်ရယူလာသော ဓားတစ်လက်ကို ထုတ်ယူကာ ထိုက်ကျိုးဂိုဏ်းသားများအား တိုက်ခိုက်လိုက်လေသည်။

ထိုက်ကျိုးဂိုဏ်းသားများကလည်း...

"ရန်သူ"

"မလွှတ်စေနဲ့"

"ဝိုင်းထား"

ညာသံများပေးကာ ယုန်လေးအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေသည်။

ကျမ်းစာဆောင်အနီး၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

ယုန်လေးသည် သူမ အဖမ်းခံရလျှင် တစ်ယောက်ထဲကျန်ရစ်ခဲ့မည့် သားဖြစ်သူကို စိတ်ပူမိလေသည်။

"ငါ အဖမ်းခံလို့မဖြစ်ဘူး"

ထိုက်ကျိုးဂိုဏ်းသားများကို အကြောက်အကန်ခုခံရင်ဆိုင်ကာ ထွက်ပြေးဖို့ ကြိုးစားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ပြင်းထန်သောတိုက်ခိုက်မှုကြောင့် ထိုက်ကျုံးဂိုဏ်းသားများ နောက်ဆုတ်လိုက်ကြစဉ်...

"ယား"

ယုန်လေးလည်း ညာသံပေးကာ ဓားဝှေ့ယမ်းရင်း ကိုယ်လွတ်ရုန်း ထွက်ပြေးသွားတော့သည်။

သူမ ကံကောင်းထောက်မကာ ထိုက်ကျုံးဂိုဏ်းမှ လွတ်မြောက်သွားခဲ့လေသည်။

သို့သော်...

ထိုက်ကျုံးဂိုဏ်းသားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာအတော်များများ ရရှိသွားခဲ့လေတော့သည်။

◆ ◆ ◆



ယုန်လေး...။

ယုန်လေးကား အလွန်အငြိုးကြီးသူတစ်ဦး ဖြစ်နေပါသည်။

သူမသည် ဒဏ်ရာများ သက်သာပျောက်ကင်းသွားသည်နှင့် ခွန်လွန်ဂိုဏ်းနှင့် ဝူတန်းဂိုဏ်းသို့သွားကာ သိုင်းကျမ်းစာများ ခိုးယူဖို့ ကြိုးစားခဲ့ပြန်သည်။

သို့သော်...

သူမသည် ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် မဟုတ်လေသောကြောင့် သူမ၏အကြံအစည် အောင်မြင်ခြင်းမရှိခဲ့ပါချေ။

ဝူတန်းဂိုဏ်းနှင့် ခွန်လွန်ဂိုဏ်းမှ သိုင်းသမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရကာ ထွက်ပြေးခဲ့ရပြန်တော့သည်။

သူမသည် ရရှိထားသောဒဏ်ရာများကို မဟန်နိုင်တော့ပါချေ။

ယုန်လေးသည် သူမ၏မိတ်ဆွေတစ်ဦးဖြစ်သော ကြုံးဝမ်းတေးထံသို့ ရောင်ဖုံးကို သွားရောက်ပို့ဆောင်ကာ စောင့်ရှောက်ဖို့ အပ်နှံပြီးနောက် သေဆုံးသွားခဲ့လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ကြူးဝမ်းတေး…။

ကြူးဝမ်းတေးသည် ရှောင်ဖုံးအား ဂရုစိုက်မည်ဟု ကတိပေးခဲ့သော်လည်း ကတိမတည်ခဲ့ပါချေ။

သူ၏သမီးကြူးလျှံနှင့် ရှောင်ဖုံးတို့ သံယောဇဉ်ရှိနေမှန်းသိလျှင် ရှောင်ဖုံးအား မောင်းထုတ်လိုက်လေတော့သည်။

ကြူးလျှံကိုလည်း အိမ်ထောင်ချပေးရန် စီစဉ်လိုက်လေတော့သည်။

အရွယ်ရောက်လာပြီဖြစ်သော ရှောင်ဖုံးသည် ခြေဦးတည့်ရာထွက်လာခဲ့ရင်း သိုင်းလောက၏ထူးခြားသော အဖြစ်အပျက်များနှင့် ကြုံတွေ့ခဲ့ရပြန်လေသည်။

ထို့နောက်…

ရှောင်ဖုံးသည် သိုင်းလောကတစ်ခုလုံး ကြောက်ရွံ့ထိတ်လန့်ခဲ့ရသည့် သွေးဘီလူးနှင့် မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရလေသည်။

သွေးဘီလူးနှင့် တွေ့ဆုံပြီးနောက် ရှောင်ဖုံးသည် သွေးဘီလူးကိုယ်ပွားတစ်ယောက် ဖြစ်လာပြီး သိုင်းလောကအား ခြိမ်းခြောက်နိုင်သူ ဖြစ်လာခဲ့လေတော့သည်။

◆ ◆ ◆



နေ့ရက်အလီလီ ပြောင်းလဲသွားခဲ့သည်။

အချိန်များ ကုန်ဆုံးသွားသည်နှင့်အမျှ သိုင်းလောကကြီးသည်လည်း ပြောင်းလဲသွားခဲ့လေသည်။

သိုင်းလောက…။

သိုင်းလောက၌ ထူးခြားသောဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့သည်။

အရိုးဖြူဆံထိုးတစ်ချောင်း ဖြစ်သည်။

အရိုးဖြူဆံထိုး…။

လူ့အရိုးဖြင့်ပြုလုပ်ထားသော ဆံထိုးတစ်ချောင်းဖြစ်လေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## အရိုးဆံထိုး

အရိုးဖြင့်ပြုလုပ်ထားသော ဆံထိုးတစ်ချောင်းကြောင့် သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရလေသည်။

အရိုးဆံထိုးရှင်က သိုင်းလောကသားများအား လုပ်ကြံခဲ့ခြင်းကြောင့် ဖြစ်လေသည်။

အရိုးဆံထိုး သိုင်းလောကသို့ ထွက်ပေါ်လာပြီး သိုင်းသမားဆယ့်ငါးယောက် လုပ်ကြံခံလိုက်ရလေသောအခါ အရိုးဆံထိုးနှင့်ပတ်သက်ပြီး သိုင်းလောကတစ်ခုလုံး ထိတ်လန့်ချောက်ခြားသွားခဲ့ကြရလေတော့သည်။

အားလုံးက အရိုးဆံထိုးနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်နေကြစဉ်မှာပင် အရိုးဆံထိုးက ထိပ်သီးသိုင်းရာဇာတစ်ဦးဖြစ်သော ပင်လယ်ပျော်ရိုတော်အား စိန်ခေါ်လိုက်လေတော့သည်။

◆ ◆ ◆



ပင်လယ်ပျော်ရိုတော်...။

ရိုတော်သည် ထိပ်သီးသိုင်းရာဇာကြီးတစ်ဦး ဖြစ်လေသည်။

ပင်လယ်ပိုင်းဒေသ၌ ပြိုင်ဘက်ကင်းသူဖြစ်ခဲ့ပြီးနောက်ပိုင်းတွင် မြေပြန့်သို့ဆင်းကာ သိုင်းလောကထဲ၌ အခြေချနေထိုင်ခဲ့လေသည်။

အရိုးဆံထိုးက ပင်လယ်ပျော်ရိုတော်ကို လုပ်ကြံမည်ဆိုသောသတင်း ထွက်ပေါ်လာလေသောအခါ သိုင်းလောကသားများသည် ရိုတော် နေထိုင်သောကျူးဝါးတောင်သို့ အပြေးအလွှားရောက်ရှိ လာကြလေတော့သည်။

◆ ◆ ◆

ကျူးဝါးတောင်...။

ကျူးဝါးတောင်၌ ရိုတော်က တစ်ယောက်ထဲ အေးအေးချမ်းချမ်းနေထိုင်ခဲ့လေသည်။

ယခု သိုင်းလောကသားများသည် ကျူးဝါးတောင်သို့ စုရုံးရောက် ရှိလာကြပြီ ဖြစ်သည်။

သို့သော် မည်သူကမျှ ရိုတော်နှင့်သွားရောက်တွေ့ဆုံခြင်း မပြုကြပါ။ ရိုတော်သည် အလွန်မာနကြီးသူ တစ်ဦးဖြစ်သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ရိတော်သည် သိုင်းလောကသားများ ရောက်ရှိလာသည်ကို လုံးဝ သဘောကျလိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် အားလုံးက ရိတော်နှင့်သွားရောက်တွေ့ဆုံခြင်း မပြုကြဘဲ ရိတော်၏အိမ်ကလေးအနီးပတ်ဝန်းကျင်မှ အကဲခတ်နေခဲ့ကြလေတော့သည်။

သို့ဖြင့် သုံးရက်ဟူသော အချိန်တိုင်သွားခဲ့လေတော့သည်။

◆ ◆ ◆

သုံးရက်မြောက်သောနေ့၏ ညသန်းခေါင်ယံအချိန်ဖြစ်သည်။

ရိတော်၏အိမ်ကလေးမှ မီးရောင်အချို့ ထွက်ပေါ်နေလေသည်။ သိုင်းလာကသားများသည် စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်နေကြဆဲ ဖြစ်လေသည်။

သုံးရက်မြောက်သော ညသန်းခေါင်ယံ၌ အားလုံးမျှော်လင့်နေကြသည့် ထူးခြားမှုများ ဖြစ်ပေါ်လာလေတော့သည်။

လရောင်ဖြင့် လူရိပ်တစ်ခု ထွက်ပေါ်လာပြီး ရိတော်၏အိမ်ကလေးဆီသို့ ဦးတည်သွားနေသည်ကို တွေ့လိုက်ရလေသည်။

သစ်ပင်တစ်ပင် နောက်ကွယ်မှ သိုင်းသမားတစ်ဦးက တိုးတိုးရေရွတ်လိုက်လေသည်။

"ဒါ အရိုးဆံထိုး ရောက်လာတာပဲဖြစ်မယ်"



ထိုစဉ် သူ၏အနီးသို့ အခြားလူတစ်ယောက် ရောက်ရှိလာလေသည်။

"ခင်ဗျားဟာ မိုးထိတောင်က ယိလုံမဟုတ်လား"

မိုးထိတောင်သိုင်းသမားယိလုံက...

"ဟုတ်တယ်၊ ခင်ဗျားကကော ဘယ်သူလဲ"

"ကျုပ် ဘယ်သူလဲဆိုတာတောင် မသိတော့ဘူးလား"

ယိလုံက သေသေချာချာ ကြည့်လိုက်သောအခါ ထိုလူမှာ မျက်နှာဖုံးတစ်ခု စွပ်ထားသူဖြစ်ကြောင်း တွေ့ရ၏။

ယိလုံ လူတစ်ယောက်ကို သတိရပြီး ပြုံးလိုက်သည်။

"ဘယ်သူများလဲမှတ်တယ်၊ ညမျက်နှာဖုံးကိုး"

ထိုလူမှာ သိုင်းလောကသားတိုင်း သိထားကြသော ညမျက်နှာဖုံးဖြစ်လေသည်။

ညမျက်နှာဖုံးက...

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားက သည်နေရာမှာ ဘာလာလုပ်နေတာလဲ၊ ပြောပါဦး"

ယိလုံက...

"သည်နေရာကို သိုင်းလောကသားတွေ ဘာကြောင့် ရောက်လာကြတယ်ဆိုတာ ခင်ဗျား သိပါတယ်"

"မှန်လိုက်လေဗျာ"

"ခင်ဗျားလည်း အရိုးဆံထိုးပိုင်ရှင်ကို အကဲခတ်ဖို့လာခဲ့တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ"

ထို့နောက် ရုတ်တရက် ထွက်ပေါ်လာသည့်လှရိပ်ဆီသို့ ကြည့်လိုက်ကြလေသည်။

လှရိပ်က ရိတော်၏အိမ်ကလေးဆီသို့ ဦးတည်သွားနေ၏။

ရုတ်တရက်...

ရိတော်၏ အိမ်ကလေးမှ မီးရောင်များ ဖျတ်ခနဲ ငြိမ်းသွားလေသည်။

မီးရောင်ပျောက်ကွယ်ကာ တစ်အိမ်လုံး မှောင်နှင့်မည်းမည်းဖြစ်သွားလေတော့သည်။

လရောင်ကြောင့် အိမ်ထဲမှ လူတစ်ယောက် လှမ်းထွက်လာသည်ကိုလည်း တွေ့လိုက်ရလေသည်။

ခန္ဓာကိုယ် ပိန်ပိန်ပါးပါး၊ အဖြူရောင်ဝတ်ထားသော အဘိုးအိုတစ်ယောက်ဖြစ်သည်။

ပင်လယ်ပျော်ရိတော် ဖြစ်လေသည်။

ရိတော်က အိမ်ရှေ့မြေကွက်လပ်၌ မားမားမတ်မတ် ရပ်လိုက်လေသည်။

တဖန်...

"မိတ်ဆွေရောက်လာဝံ့တာကို ကြိုဆိုပါတယ်ဗျာ"

ဟု ပြောလိုက်သည်။

တိတ်ဆိတ်နေသော ညဉ့်ယံတွင် သူ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။



စောင့်ကြည့်နေကြသော သိုင်းလောကသားများ ပို၍စိတ်လှုပ်ရှားသွားကြလေသည်။

ရိတော်နှင့် အရိုးဆံထိုးတို့ ထိပ်တိုက်ရင်ဆိုင်ကြတော့မည် မဟုတ်ပါလား။

လူတစ်ယောက်က မြေကွက်လပ်သို့ရောက်လာပြီး ရိတော်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်လေသည်။

ထိုလူသည် မျက်နှာဖုံးစွပ်ကာ ရုပ်ဖျက်ထားပြီး အနီရောင် အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

အနီရောင်အင်္ကျီ၏ ရင်ဘတ်ရှေ့၌ နဂါးတစ်ကောင်၏ ရုပ်ပုံကို ရွှေချည်ဖြင့် ထိုးထားလေသည်။

ညမျက်နှာဖုံးက...

"ဒါ အရိုးဆံထိုးပိုင်ရှင်ပဲ"

ဟု ပြောလိုက်သည်။

မိုးထိတောင်သိုင်းသမားယီလုံက...

"သည်လူက သွေးဘီလူးပဲ"

အထိတ်တလန့် ရေရွတ်လိုက်လေသည်။

သွေးဘီလူး...။

သွေးဘီလူးသည် တစ်ချိန်က သိုင်းလောကတစ်ခုလုံး သွေးပျက်ချောက်ခြားသွားရလေအောင် မွှေနှောက်သောင်းကျန်းခဲ့ဖူးသည် မဟုတ်ပါလား။

သွေးဘီလူးက အရိုးဆံထိုးပိုင်ရှင်အဖြစ် သိုင်းလောက၌

www.burmeseclassic.com

www.burmeseclassic.com



ဖြန်လည်ထွက်ပေါ်လာခြင်း ဖြစ်ပေတော့သည်။

ရိုတော်၏စကားသံ ထွက်ပေါ်လာလေသည်။

"မင်းက အရိုးဆံထိုးလား။ ဒါမှမဟုတ် သွေးဘီလူးလား"

အနီရောင်ဝတ်ထားသူက...

"အပိုတွေမေးမနေနဲ့ ခင်ဗျား မသေခင် ဘာမှာခဲ့ချင်သလဲ၊ ပြောပါ"

"ဪ"

ရိုတော်က ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။ ထို့နောက် ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေတော့သည်။

◆ ◆ ◆

ဝန်းကျင်တစ်ခုလုံး၏ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

သိုင်းလောကသားများသည် ရိုတော်နှင့် အရိုးဆံထိုးပိုင်ရှင်ကို စိတ်ဝင်စားစွာ အကဲခတ်နေကြလေသည်။

ညသန်းခေါင်ယံအချိန်ကို တဖြည်းဖြည်း ကျော်လွန်လာခဲ့ပြီဖြစ်လေသည်။

အရှေ့ဘက်၌ အာရုံဦး၏ရောင်နီများပင် ထွက်ပေါ်လာပြီဖြစ်သည်။

သိုင်းလောကသားများသည် ရိုတော်နှင့်အရိုးဆံထိုးပိုင်ရှင်တို့အားကြည့်ရင်း လိုအပ်ပါက အချိန်မရွေး ဝင်ရောက်တိုက်ခိုက်နိုင်



ရန် အသင့်ပြင်ထားကြလေသည်။

ထိုစဉ် လူရိပ်တစ်ခုက မြေကွက်လပ်သို့ ပြေးလွှားသွားသည်ကို တွေ့လိုက်ကြရလေသည်။

အာရုံဦး၏ အလင်းရောင်နှင့် လရောင်ရှိနေသေးခြင်းကြောင့် လူရွယ်တစ်ဦးဖြစ်ကြောင်း တွေ့ရလေသည်။

ထိုလူရွယ်သည် မီးခိုးရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။

ရုတ်တရက်...

"ရပ်လိုက်"

မိန်းကလေးတစ်ယောက်က လူရွယ်ကို ဟန့်တားထားလိုက်လေသည်။

မိန်းကလေးက...

"ဘာလဲ၊ စောစောစီးစီး ရှင်သေချင်လို့လား"

မိုးထိတောင်သိုင်းသမားယီလုံနှင့် ညမျက်နှာဖုံးတို့သည် ထိုမိန်းကလေးကို တွေ့လျှင် တအံ့တသြဖြစ်သွားကြလေသည်။

"ဟင် ကဝေမပါလား"

ကဝေမဆိုသည့် မိန်းကလေးသည်လည်း သိုင်းလောကသားများ ခေါင်းကိုက်ရသူလေးတစ်ဦး ဖြစ်လေသည်။

လူရွယ်က...

"နေပါဦး ဘာကြောင့် ကျုပ်ကို တားဆီးနေရတာလဲ"

"ရှင် သေချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဘာကြောင့် သေရမှာလဲ"

လူရွယ်က ကဝေမကို ရှောင်ကွင်းကာ ရှေ့ဆက်ပြေးသွားလိုက်သော်လည်း ကဝေမက လူရွယ်၏လက်ကို ဖမ်းဆွဲထားလိုက်လေသည်။

"ကျုပ်ကို လွှတ်ပါ"

"ရှင်.."

"ကျုပ်ကို လွှတ်ပါ"

လူရွယ်က အတင်းရုန်းကန်နေခြင်းကြောင့် ကဝေမ စိတ်ဆိုးသွားလေသည်။

"ကောင်းပြီ၊ ရှင်သေချင်တယ်ဆိုရင်လည်း သွားပေတော့"

လူရွယ်၏လက်ကို လွှတ်ပေးလိုက်လေသည်။

ဤတွင်...

လူရွယ်လည်း ရှေ့ဆက်ပြေးသွားခြင်းမပြုတော့ဘဲ ရပ်တန့်သွားလေတော့သည်။

◆ ◆ ◆



ပင်လယ်ပျော်ရိုတော်နှင့် အရိုးဆံထိုးပိုင်ရှင်တို့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ကြတော့မည် ဖြစ်လေသည်။

ရိုတော်က အရိုးဆံထိုးပိုင်ရှင်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

"နေဦး၊ မင်းကို မေးစရာရှိသေးတယ်"

"ခင်ဗျား ဘာမေးမလို့လဲ"

"မင်းက အရိုးဆံထိုးကို သေမင်းတမာန်အထိမ်းအမှတ်အဖြစ် အသုံးပြုနေပေမယ့် မင်းက ဘယ်သူလဲဆိုတာ ပြောပါဦး"

အနီရောင်ဝတ်ထားသူက...

"သွေးဘီလူးပေါ့ဗျာ"

"ဘာ"

"ခင်ဗျားက သွေးဘီလူးကို မတွေ့ဘူးလားဗျာ"

"မင်း...မင်း"

ရိုတော် ရင်ထိတ်သွားလေသည်။

သွေးဘီလူးသည် တစ်ချိန်က သိုင်းလောကတစ်ခုလုံး ကြောက်ရွံ့ထိတ်လန့်စေခဲ့သူ မဟုတ်ပါလား။

တစ်ချိန်က သိုင်းလောကတစ်ခုလုံး ကြောက်ရွံ့ထိတ်လန့်ခဲ့ရသည့် သိုင်းသမားသုံးယောက် ထွက်ပေါ်ခဲ့ဖူးလေသည်။

ထိုသိုင်းသမားသုံးယောက်မှာ...

သွေးဘီလူး။

လောင်မီးသိုင်းသမား။

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေအရိပ်တို့ ဖြစ်လေသည်။

သိုင်းလောကသားများသည် သူတို့သုံးယောက်အား ဘယ်သောအခါမျှ မေ့သွားကြလိမ့်မည် မဟုတ်ပါချေ။

ရိုတော်သည် အရိုးဆံထိုးပိုင်ရှင်မှာ သွေးဘီလူးဖြစ်ကြောင်း သိလိုက်ရသဖြင့် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိလေသည်။

သွေးဘီလူးက...

"ဘယ်လိုလဲ၊ ခင်ဗျား ကြောက်သွားပြီလား"

ဟုအော်ငေါက်ကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်...

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာလေသည်။ မီးခိုးရောင်လူရွယ်အား ဟန့်တားခဲ့သည့် ကဝေမဖြစ်လေသည်။ သွေးဘီလူး ဒေါသထွက်သွားလေသည်။

"မင်း ဘာရှုပ်မလို့လဲ"

ဟုငေါက်ကာ လက်ဝှေ့ယမ်းလိုက်သည်။

"ဟူး"

လေပွေလှိုင်းတစ်ခု တိုးဝင်လာခြင်းကြောင့် ကဝေမသည် ကပျာကယာ နောက်သို့ ခုန်ဆုတ်သွားလိုက်ရလေတော့သည်။

ပင်လယ်ပျော်ရိုတော်က ကြောင်အမ်းအမ်းဖြင့်ကြည့်နေစဉ် သူ၏ရင်ဝ၌ စစ်ခနဲ နာကျင်သွား၏။ ထိုဝေဒနာကြောင့်...

"အင့်"



ရိုတော် ညည်းတွားရင်း ကပျာကယာ နောက်ဆုတ်လိုက်လေသည်။ သူ၏ရင်ဝကို ငုံ့ကြည့်လိုက်သောအခါ အရိုးဖြင့်ပြုလုပ်ထားသော ဆံထိုးတစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့လိုက်ရလေသည်။

"အရိုးဆံထိုး"

ရိုတော် လွှတ်ခနဲ ရေရွတ်လိုက်သည်။

ပြင်းထန်သော ဝေဒနာတစ်ရပ် ခံစားလိုက်ရသည့်အလား မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားပြီး ဒူးများကွေးညွတ်ကာ မြေပေါ်တအိအိပြိုလဲကျသွားလေတော့သည်။

ကဝေမကြောင့် အခြေအနေရှုပ်ထွေးသွားပြီး ရိုတော်လဲကျသွားသည်ကိုမြင်ရလျှင် သိုင်းလောကသားများ အထိတ်တလန့်ဖြစ်သွားကြလေတော့သည်။

◆ ◆ ◆

ရိုတော်က လဲကျသွားပြီ ဖြစ်သည်။

သွေးဘီလူး၏လက်ချက်ဖြင့် သေဆုံးသွားပြီ ဖြစ်လေသည်။

သွေးဘီလူးက ကျေနပ်ပြီး ထွက်သွား၏။

သို့သော်...

"ရပ်လိုက်"

ထွက်ပေါ်လာသော ဟန့်တားသံကြောင့် သွေးဘီလူး ခြေ

www.burmeseclassic.com

www.burmeseclassic.com



သွမ်းရပ်လိုက်လေသည်။

မီးခိုးရောင်ဝတ်ထားသော လူရွယ်က ဟန့်တားလိုက်ခြင်း ဖြစ်လေသည်။

သွေးဘီလူးက...

"မင်းက ငါ့ကို ရပ်ခိုင်းတာလား"

"ဟုတ်တယ်"

"ဘာလုပ်မလို့လဲ"

မီးခိုးရောင်လူရွယ်က...

"ဟောသည်ပစ္စည်းလေးကို ခင်ဗျားသိသလား"

အနက်ရောင်ပဝါတစ်ထည် ထုတ်ပြလိုက်လေသည်။

ထိုပဝါလေးကိုမြင်လျှင် သွေးဘီလူးသာမက အနီးပတ်ဝန်းကျင်၌ ချောင်းမြောင်းကြည့်ရှုနေသော သိုင်းလောကသားများပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေတော့သည်။

သွေးဘီလူး နောက်ဆုတ်လိုက်သည်။

"ဒါဟာ သိုင်းပဝါပဲ"

ထိုအချိန်မှာပင် အနက်ရောင်ဝတ်ထားသော အဘိုးအိုတစ်ယောက် ပြေးလွှားရောက်ရှိလာလေသည်။

ထိုအဘိုးအို၏ လှုပ်ရှားမှုမှာ လျှပ်ပြက်သကဲ့သို့ လျင်မြန်လွန်းလှသည်။

လူရွယ်၏လက်ထဲမှ အနက်ရောင်ပဝါကို လုယူသွားလိုက်လေသည်။ လူရွယ် ဒေါသထွက်သွားလေသည်။



"ဒါ ဘာလုပ်တာလဲ၊ ကျုပ်ရဲ့ပဝါကို ပြန်ပေး"

အော်ဟစ်ရင်း ရှေ့တိုးလိုက်လေသည်

အဘိုးအိုက အေးတိအေးစက်ပြောသည်။

"မင်း သေချင်ပြီထင်တယ်"

သူ၏လက်တစ်ဘက် ဝှေ့ယမ်းလိုက်ရာ လေပြင်းတစ်ခုက လူရွယ်၏ရင်ဝကို တိုးဝင်သွားလေသည်။

"ဝုန်း"

ပြင်းထန်သော အတွင်းအားလှိုင်းကြောင့် လူရွယ်မှာ လွင့်စဉ်ကာ မြေပေါ်လဲကျသွားလေတော့သည်။

"ဟင်"

သွေးဘီလူးကြောင့် နောက်ဆုတ်ခဲ့ရသော ကဝေမသည် လူရွယ်လွင့်စဉ်လာသည်ကိုမြင်လျှင် ကပျာကယာ ဖေးမလိုက်လေသည်။

လူရွယ် အတွင်းဒဏ်ရသွားကြောင်း တွေ့ရလျှင် ကြွေဗူးကလေးတစ်ခုအတွင်းမှ ဆေးလုံးလေးတစ်လုံး နှိုက်ယူကာ တိုက်ကျွေးလိုက်လေသည်။

ထို့နောက် လူရွယ် သတိရလာအောင် ပြုစုပေးလိုက်လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်အဘိုးအိုသည် သိုင်းပဝါကို စစ်ဆေးကြည့်ပြီး ကျေနပ်စွာပြုံးလိုက်လေသည်။

ထို့နောက် ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

သို့သော် လူတစ်ယောက်က သူ့အားဟန့်တားလိုက်လေသည်။

မုတ်ဆိတ်ဖြူ အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

မုတ်ဆိတ်ဖြူ အဘိုးအိုက…

"မော်ကျင်း…မင်းက သိုင်းပဝါကို ယူသွားတော့မလို့လား"

အနက်ရောင်ဝတ် အဘိုးအိုမှာ မြောက်ပင်လယ်မော်ကျင်းဟု ထင်ရှားကျော်ကြားနေသူ ဖြစ်လေသည်။

မော်ကျင်းက…

"ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ဝင်မရှုပ်ဘဲနေရင် ကောင်းမယ်"

ဟု ငေါက်လိုက်လေသည်

မုတ်ဆိတ်ဖြူ အဘိုးအိုသည်လည်း သိုင်းလောကၠ နာမည်ရှိသော စုပေ့ထင်းဆိုသူဖြစ်လေသည်။

"ဟား…ဟား…ဟား"

စုပေ့ထင်းက တဟားဟားရယ်မောလိုက်လေသည်။

"မင်းတောင် ဆိုင်သေးတာပဲ၊ ငါလည်း ဆိုင်ရမှာပေါ့။ မဟုတ်ဘူးလား"

"ဘာကွ"

စုပေ့လင်းနှင့်မော်ကျင်းတို့ ရင်ဆိုင်မိလိုက်ကြလေသည်။



ထိုအချိန်မှာပင်…

"ဟူး…ဟူး…ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ လူငါးယောက် ပြေးလွှားရောက်ရှိလာပြီး စုပေ့လင်းအား ဝိုင်းရံထားလိုက်ကြလေသည်။

မော်ကျင်း၏လူများ ဖြစ်လေသည်။

"လက်စသပ်တော့ မင်းက တပည့်တပန်းတွေ ခေါ်လာတာကိုး"

စုပေ့လင်း မကျေမနပ် ပြောလိုက်လေသည်။

မော်ကျင်းက…

"မင်းသာ ငါ့ကိစ္စထဲ ဝင်မရှုပ်ရင် ငါကလည်း မင်းကိုရန်မူစရာအကြောင်း မရှိပါဘူး"

စုပေ့လင်းက…

"မင်းက လူများပေမယ့် ငါကရုမစိုက်သေးဘူးဆိုတာ မှတ်ထားပါ"

ပြောရင်း လက်ထဲကိုင်ထားသော သံမဏိတောင်ဝှေးကို ဝှေ့ယမ်းလိုက်ရာ ဝိုင်းရံထားသူငါးယောက် ရှဲခနဲ နောက်ဆုတ်သွားကြလေသည်။

သို့သော်…

"တိုက်ကြဟေ့"

"ယား"

www.burmeseclassic.com

www.burmeseclassic.com



ညာသံများပေးကာ စုပေ့လင်းအား ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

စုပေ့လင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

"ကျူပ် ရှိပါသေးတယ်ဗျာ"

မော်ကျင်းက ခုန်ဝင်လာသည်။

အမှန်တော့ စုပေ့လင်းနှင့်မော်ကျင်းတို့ နှစ်ဦးစလုံး ထိပ်တန်းသိုင်းသမားများ ဖြစ်ကြပြီး သိုင်းပညာများစွာ ကွာခြားလှသည် မဟုတ်ပါချေ။

မော်ကျင်းဘက်မှ တပည့်ငါးယောက်ကလည်း ပါဝင်ကူညီတိုက်ခိုက်ကြသဖြင့် စုပေ့လင်း သတိကြီးစွာဖြင့် ပြန်လည်တိုက်ခိုက်နေရလေတော့သည်။ ဤတွင်...

"ကျူပ်တို့လည်း ရှိပါသေးတယ်ဗျာ"

ပုန်းအောင်းနေသော သိုင်းသမားအချို့ ပြေးထွက်လာကြပြီး မော်ကျင်းတို့လူစုအား တိုက်ခိုက်လိုက်ကြလေတော့သည်။

သူတို့က စုပေ့လင်းအား ဝိုင်းဝန်းကူညီလိုက်ကြခြင်း မဟုတ်ပါချေ။

မော်ကျင်း၏လက်ထဲ ရောက်နေသော အနက်ရောင်သိုင်းပဝါကို လိုချင်မက်မောနေကြခြင်းကြောင့် ယခုကဲ့သို့ တိုက်ခိုက်လိုက်ကြခြင်း ဖြစ်ပေတော့သည်။

သို့ဖြင့် ပြင်းထန်သော တိုက်ပွဲကြီးဖြစ်ပေါ်လာလေတော့သည်။



အနက်ရောင်သိုင်းပဝါ...။

ထိုသိုင်းပဝါကို သိုင်းလောကသားများ သဲကြီးမဲကြီး လိုချင်မက်မောနေကြလေသည်။

သွေးဘီလူးထက်ပင် ပို၍စိတ်ဝင်စားနေကြ၏။

သိုင်းပဝါသည် မည်သို့သော တန်ဖိုးရှိနေပါသနည်း။

မည်သို့သော လျှို့ဝှက်ချက် ရှိနေပါသနည်း။

◆ ◆ ◆

အရှေ့ဘက်တွင် အလင်းရောင်များ ထွက်ပေါ်လာပြီဖြစ်လေသည်။

မိုးထိတောင်သိုင်းသမားယီလုံနှင့် ညမျက်နှာဖုံးတို့က သစ်ပင်နောက်ကွယ်မှနေ၍ အကဲခတ်ကြည့်နေကြဆဲ ဖြစ်လေသည်။

မြေကွက်လပ်၌ မော်ကျင်းတို့လူစုကတစ်ဘက် စုပေ့လင်းနှင့် သိုင်းသမားများကတစ်ဘက် တိုက်ခိုက်နေကြဆဲ ဖြစ်လေသည်။

ယီလုံက ညမျက်နှာဖုံးကို မေးလိုက်သည်။

"သိုင်းပဝါအကြောင်း သိုင်းလောကမှာ လူတိုင်းပြောနေကြတာ၊ အဲသည်သိုင်းပဝါက ဘယ်လောက်များ အရေးကြီးနေလို့လဲ"

ညမျက်နှာဖုံးက...

"အရေးကြီးလို့ အားလုံးက သဲကြီးမဲကြီး ဖြစ်နေကြတာပေါ့ဗျာ"

www.burmeseclassic.com



ယိလုံက…

"ဘယ်လို အရေးကြီးတာလဲ၊ ပြောပါဦး"

"ကျုပ်ကလည်း ဟိုလူပြော သည်လူပြောနဲ့ သိရတာပါဗျာ"

"ဆိုပါဦးဗျ"

ညမျက်နှာဖုံးက…

"ကျုပ် သိရသလောက်တော့ သိုင်းပဝါဟာ တစ်ချိန်က ထင်ရှားခဲ့တဲ့ သိုင်းသမားကြီးတစ်ယောက်ရဲ့ပစ္စည်းပါ၊ သူက သူ့ရဲ့သိုင်းပညာတွေကို သိုင်းပဝါပေါ်မှာ လျှို့ဝှက်မှတ်တမ်းတင်ခဲ့တယ်လို့ ပြောကြတာပါပဲ"

"ဒါကြောင့် သိုင်းလောကသားတွေက သည်သိုင်းပဝါကို ရလိုချင်မက်မောနေကြတာကိုး"

ညမျက်နှာဖုံးက တိုက်ပွဲကို လှမ်းကြည့်လိုက်လေသည်။

မော်ကျင်းတို့လူစုနှင့် စုပေ့လင်းတို့က သဲကြီးမဲကြီး တိုက်ခိုက်နေကြဆဲ ဖြစ်လေသည်။

မလှမ်းမကမ်း၌ ကဝေမက လူရွယ်ကို ပြုစုပေးနေ၏။

ညမျက်နှာဖုံးက…

"သိုင်းပဝါက ဘာကြောင့် သည်လူရွယ်လေးရဲ့လက်ထဲ ရောက်နေရတာလဲ"

ဟု တီးတိုးရေရွတ်လိုက်လေသည်။

ယိလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သည်လောက် အရေးပါပြီး ပျောက်ဆုံးနေ



တဲ့ပစ္စည်းက ဘာကြောင့် သူ့လက်ထဲ ရောက်နေရတာလဲ"

ထို့နောက် နှစ်ယောက်သား တိုက်ပွဲကို ဆက်လက်ငေးမော ကြည့်နေလိုက်ကြလေတော့သည်။

◆ ◆ ◆

တိုက်ပွဲက ပို၍ပြင်းထန်လာ၏။

သို့သော် ကဝေမက လုံးဝအရေးမစိုက်ဘဲ လူရွယ်ကိုသာ ဂရုစိုက် ပြုစုနေလေသည်။

ကဝေမ၏ပြုစုမှုကြောင့် လူရွယ် ပြန်ပြီးသတိရလာလေတော့သည်။

လူရွယ် သတိရလာသည်နှင့် လူးလိမ့်ထလိုက်လေသည်။

လူရွယ် ဒေါသဖြစ်နေသည်။

မော်ကျင်းအား မကျေမနပ် လှမ်းကြည့်လိုက်လေသည်။

မော်ကျင်းကား စုပေ့လင်းနှင့် ရင်ဆိုင်နေရခြင်းကြောင့် လူရွယ်အား အမှုမထားနိုင်တော့ချေ။

ကဝေမသည် လူရွယ် ဝေဒနာသက်သာပြီး သတိရလာခြင်းကြောင့် ကျေနပ်စွာ ပြုံးလိုက်လေသည်။

လူရွယ်က သူမကို လှမ်းကြည့်လာသောအခါ…

"ရှင် သတိရလာပြီလား"

ချိုလွင်သောလေသံဖြင့် မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က ကဝေမကို မျက်မှောင်ကုပ်ကာ ကြည့်လိုက်လေသည်။

"မင်းက ကျုပ်ကို ပြုစုပေးခဲ့တာလား"

ကဝေမက ပြုံးနေမြဲ။

လူရွယ်က...

"ကျုပ်ကို မင်းပြုစုပေးခဲ့တာပဲဖြစ်မယ်"

ယနေ့တစ်ကြိမ် ကဝေမ ပြုံးပြလိုက်လေသည်။

လူရွယ်က သက်ပြင်းချလိုက်လေသည်။

ကဝေမသည် သွေးဘီလူးနှင့် ရင်မဆိုင်ဖို့ သူ့ကို တားဆီးလေသည်။

ကဝေမ၏လုပ်ရပ်က ထူးခြားနေသည် မဟုတ်ပါလား။

ကဝေမကလည်း...

"ရှင့်ကိုကြည့်ရတာ ထူးဆန်းနေလို့ပါ၊ ကျွန်မက စေတနာ ကူညီခဲ့တာပါ၊ မကောင်းတဲ့အကြံအစည် ကျွန်မမှာမရှိပါဘူး"

လူရွယ် မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဖြင့် ကျုပ်ကို ကူညီနေတာ မင်းမှာ ဘာအကြံအစည်မှ ရှိဘူးဆိုတာ တကယ်ပေါ့"

"ဟုတ်ပါတယ်"

လူရွယ် ဦးညွှတ်လိုက်သည်။

"ဒါဖြင့် ကျေးဇူးတင်ပါတယ်"

ကဝေမက...





"ကျွန်မက ကျေးဇူးတင်ခံချင်လို့ ရှင့်ကို ကူညီတာ မဟုတ်ပါဘူးရှင်"

လူရွယ်က တိုက်ပွဲဆီသို့ လှမ်းကြည့်လိုက်လေသည်။

မော်ကျင်းကိုကြည့်ရင်း မကျေနပ်သောကြောင့် မျက်နှာ ခက်ထန် တင်းမာလာလေတော့သည်။

ကဝေမက...

"မော်ကျင်း လုယူသွားတဲ့သိုင်းပဝါဟာ ရှင့်ရဲ့ပစ္စည်းလား ရှင့်"

လူရွယ်က...

"ဟုတ်တယ်၊ ကျုပ်ပစ္စည်းပဲ"

"ဒါဖြင့် ရှင့်ပစ္စည်းကို ကျွန်မ ပြန်ယူပေးမယ်လေ"

"ဟင်"

လူရွယ် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ကဝေမကို စိုက်ကြည့်လိုက်ပြီး...

"ခင်ဗျား ပြန်ယူပေးမယ် ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

ကဝေမသည် သူမအား လူရွယ်က ကျေးဇူးတင်သွားမည်ဟု ထင်နေမိလေသည်။

သို့သော် လူရွယ်မှာ ချက်ချင်း ပြန်ငြိမ်ကျသွားသည်ကို တွေ့လိုက်ရလေသည်။

ကဝေမက...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် သဘောတူတယ် မဟုတ်လား"

ဟု မေးလိုက်၏။

လှရွှယ် ခေါင်းခါယမ်းလိုက်လေသည်။

"မဖြစ်နိုင်ပါဘူးဗျာ"

"ဘာကြောင့်လဲရှင့်"

"ခင်ဗျားရဲ့ ကျေးဇူးတွေက ကျုပ်အပေါ်မှာ များသည်ထက် များလာပြီ၊ ကျုပ်အနေနဲ့ ဘယ်လိုမှ ကျေးဇူးမဆပ်နိုင်သေးဘူး၊ နောက်ပြီး ကျုပ်ကြောင့် ခင်ဗျား ဒုက္ခမရောက်စေချင်ဘူး"

"အို..ကျွန်မက"

"သိုင်းပဝါကို သွားယူရင် အားလုံးကဝိုင်းပြီး တိုက်ခိုက်ကြမှာပဲ၊ ထိပ်တန်းသိုင်းသမားတွေချည်းပဲဆိုတော့ ခင်ဗျား ဒုက္ခရောက်သွားလိမ့်မယ်"

လှရွှယ်က တစ်လုံးချင်း ရှင်းပြသလို ပြောလေသည်။

သူကိုယ်တိုင်လည်း သိုင်းပဝါကို ပြန်လိုချင်နေပါသည်။

ကဝေမက ကူညီမည်ဆိုလျှင် ဒုက္ခရောက်သွားနိုင်ခြင်းကြောင့် တားဆီးလိုက်ခြင်း ဖြစ်သည်။

ကဝေမ ပြုံးလိုက်သည်။

"ဟိုလူတွေကို ကျွန်မ ယှဉ်နိုင်တာ မယှဉ်နိုင်တာ အရေးမကြီးပါဘူး"

လှရွှယ် မျက်မှောင်ကုပ်သွားလေသည်။

"အရေးကြီးတာက ရှင့်ရဲ့ပစ္စည်း ပြန်ရဖို့ပဲ မဟုတ်လားရှင့်"





"ဒါက.."

ကဝေမသည် လှရွှယ်၏စကားဆုံးအောင် မစောင့်ဘဲ တိုက်ပွဲဖြစ်ပွားရာသို့ လှစ်ခနဲ ပြေးထွက်သွားလေတော့သည်။

လှရွှယ်လည်း ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့လေတော့သည်။

◆ ◆ ◆

မော်ကျင်းနှင့်စုပေ့လင်းတို့က ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြလေသည်။

နှစ်ဦးစလုံး၏ သိုင်းပညာအဆင့်ခြင်း ကွာလှသည်မဟုတ်၍ တစ်ယောက်ကိုတစ်ယောက် ပြတ်ပြတ်သားသား အနိုင်ယူဖို့ မစွမ်းဆောင်နိုင်အောင် ဖြစ်နေပါတော့သည်။

တစ်ယောက်တပြန် တိုက်ခိုက်ရင်း မည်သူကမျှ အသာစီးမရနိုင်အောင် ဖြစ်နေတော့သည်။

ထိုအချိန်မှာပင်...

"ဟူး"

ကဝေမက မော်ကျင်းတို့နှစ်ယောက်အနီးသို့ ရောက်ရှိသွားလေသည်။

"ရှင်တို့အားလုံး ရပ်လိုက်ကြပါ"

သူမသည် အမိန့်ပေးသလို အော်ငေါက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အသံက မိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ရုတ်တရက်မို့ အားလုံး ကြောင်အမ်းအမ်းဖြစ်သွားပြီး တိုက်ပွဲလည်း ရပ်တန့်သွားလေတော့သည်။

ကဝေသည် ထိမထင်သော အမူအရာဖြင့် တိုက်ခိုက်နေသူများရှိရာသို့ လျှောက်လှမ်းလာလေသည်။

သဲသဲမဲမဲ တိုက်နေကြသော သိုင်းသမားများသည် တစ်ယောက်ကိုတစ်ယောက် ဆက်လက်တိုက်ခိုက်ရန် လုံးဝသတိမရနိုင်ဘဲ ကဝေမကိုသာ တအံ့တသြ ငေးမောကြည့်နေကြလေသည်။

ထိုသိုင်းသမားများအနက် မြောက်ပင်လယ်မော်ကျင်းသည် ကဝေမ၏အကြောင်းကို ကောင်းစွာ သိရှိထားလေသည်။

ထို့ကြောင့်လည်း ကဝေမနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်ကို သူ အတတ်နိုင်ဆုံး ရှောင်ကျဉ်ခဲ့လေသည်။

ကဝေမနှင့်သူ ပြဿနာဖြစ်မည်ကို လုံးဝလိုလားခြင်းမရှိပါချေ။

သို့သော် ယခုအချိန်၌ မရှောင်လင့်ဘဲ ကဝေမနှင့်လာရောက် ရင်ဆိုင်တွေ့ကြုံရပြီ ဖြစ်သည်။

ထို့ကြောင့် မြောက်ပင်လယ်မော်ကျင်း မျက်စိမျက်နှာပျက်သွားသည်။

ကဝေမသည် မြောက်ပင်လယ်မော်ကျင်း မျက်စိမျက်နှာပျက်သွားသည်ကိုတွေ့လျှင် ပြုံးလိုက်၏။



"ဒီမယ် ရှင့်လက်ထဲက သိုင်းပဝါပေးပါ"

မော်ကျင်းက...

"ငါ့ကိုနိုင်ရင် မင်းကိုပေးမယ်"

မြောက်ပင်လယ်မော်ကျင်းက ထိုသို့ပြောပြီးသည်နှင့် တိုက်ခိုက်ရန် အသင့်အနေအထားမျိုး ပြင်ဆင်ထားလိုက်သည်။

ကဝေမက မဲ့ပြုံးပြုံးလိုက်လေသည်။

"ရပါတယ်ရှင်၊ ကျွန်မကလည်း ပြိုင်ဘက်မရှိလို့ ပျင်းနေတာနဲ့ အတော်ပဲ၊ ဒါနဲ့ ရှင်နဲ့ကျွန်မ တစ်ယောက်ချင်းယှဉ်မှာလား။ ဒါမှမဟုတ် ရှင်က ကျွန်မကို လူတွေအားလုံးနဲ့ယှဉ်ပြိုင်မှာလား"

ကဝေမ၏ တင်တင်စီးစီးလေလုံးထွားမှုကို မြောက်ပင်လယ်မော်ကျင်းသည် မခံနိုင်တော့ပါချေ။

"မနေ့တစ်နေ့ကမှ သိုင်းလောကထဲ ရောက်လာတဲ့ကောင်မက လူပါးဝလို့ ကဲ သေဖို့သာပြင်ပေတော့"

မြောက်ပင်လယ်မော်ကျင်းသည် ပြောပြောဆိုဆိုဖြင့် လက်ဝါးတစ်ဘက်ကို အရှိန်ဖြင့် ဆန့်ထုတ်လိုက်ပြီး ကဝေမအား စတင်တိုက်ခိုက်လိုက်လေသည်။

သူ၏လက်ဝါးရိုက်ချက်မှာ လွန်စွာပြင်းထန်လှလေသည်။

လက်ဝါး၏အားအရှိန်သည် လေထုကို ထွင်းဖောက်သွားကာ ဝုစ်ခနဲအော်မြည်သွားလေသည်။

သို့သော် သူ၏လက်ဝါးရိုက်ချက်သည် ပစ်မှတ်ကို ထိမှန်ခြင်းမရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ မြောက်ပင်လယ်မော်ကျင်း၏ လက်ဝါးရိုက်ထုတ်ရန် ဆန့်လိုက်သည့်အချိန်မှာပင် ကဝေမက လျှပ်တပြက် ရှောင်တိမ်းပြီး ဖြစ်နေသောကြောင့်တည်း။

ကဝေမက ရှောင်တိမ်းပြီး တဆက်တည်းပင် လက်တစ်ဘက်သည် 'ကြယ်တံခွန်မြွေခ' သိုင်းကွက်ဖြင့် မြောက်ပင်လယ်မော်ကျင်း၏ 'ကျန့်ထိုင်'သွေးကြောနေရာကို လက်ချောင်းဖြင့်ထောက်လိုက်သည်။

သူမ၏ ကြောက်မက်ဖွယ် ထက်မြက်သောသိုင်းကွက်ကို တွေ့မြင်လိုက်ရသောအခါ သိုင်းသမားအားလုံးသည် တအံ့တဩဖြင့် တုန်လှုပ်သွားကြလေသည်။

သို့ရာတွင် မြောက်ပင်လယ်မော်ကျင်း၏ သိုင်းပညာအဆင့်မှာလည်း နိမ့်ကျလှသည် မဟုတ်။

သူသည် ကဝေမ၏တိုက်ကွက်ကို ကမန်းကတန်းရှောင်လိုက်ပြီး သူ၏ဝဲဘက်လက်ဝါးသည် ကဝေမ၏ပခုံးကို တွန်းထုတ်လိုက်သည်။

ယင်းသို့ တွန်းထုတ်လိုက်စဉ်မှာပင် သိုင်းကွက်ပေါင်းသုံးဆယ်တိတိ ဆက်တိုက်လိုက်ပါသွားသည်။

ကဝေမသည် ရင်ထိတ်သွားသည်။

မမျှော်လင့်သောတိုက်ကွက်ကြောင့် မြောက်ပင်လယ် မော်ကျင်း၏ သိုင်းပညာမှာ မိမိထင်ထားသည်ထက် ပိုမိုမြင့်မားနေသည်ကို တွေ့လိုက်ရလေသည်။



ထို့ကြောင့် ကဝေမသည် ပေါ့ပေါ့ဆဆ သဘောမထားရဲတော့ချေ။

သူမ၏ခန္ဓာကိုယ်သည် လေထဲခုန်တက်သွားပြီး မြောက်ပင်လယ်မော်ကျင်း၏ခေါင်းပေါ်မှ ခုန်ကျော် ရှောင်ထွက်လိုက်ရလေသည်။

စင်စစ် မြောက်ပင်လယ်မော်ကျင်းသည် အပိုင်တွက်၍ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

တော်ရုံတန်ရုံ သိုင်းသမားဆိုလျှင် ထိုသိုင်းကွက်ကို လုံးဝရှောင်တိမ်းနိုင်မည် မဟုတ်။

ယခု ကဝေမက အလွယ်တကူ ရှောင်တိမ်းသွားပြီဖြစ်လေသည်။

ထို့ကြောင့် မြောက်ပင်လယ်မော်ကျင်းသည် ကဝေမ၏ သိုင်းပညာကို များစွာအံ့ဩနေမိလေသည်။

ကဝေမသည် အသက်အားဖြင့် (၁၇)နှစ် (၁၈)နှစ်မျှသာ ရှိသေးသည်။

သို့သော် သူမ၏သိုင်းပညာမှာ အံ့ဩဖွယ်ကောင်းလောက်အောင် ထူးချွန်လှသည်ကို တွေ့ရသောအခါ စိတ်ထဲမှကြိတ်၍ ချီးကျူးမိလေသည်။

ကဝေမ၏ခန္ဓာကိုယ်သည် မြောက်ပင်လယ်မော်ကျင်း နောက်သို့ ရောက်ရှိသွားသည်နှင့်တပြိုင်နက် ချာခနဲလှည့်ကာ တိုက်ခိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မြောက်ပင်လယ်မော်ကျင်း၏ ဌာနခွဲမှူး(၅) ယောက်သည် ကဝေမအား ဝိုင်းရံတိုက်ခိုက်ရန် ရှေ့သို့တိုးထွက်လာကြလေသည်။

သို့ဖြစ်ရာ သူတို့၏ယှဉ်ပြိုင်တိုက်ခိုက်မှုသည် ပိုမိုရှုပ်ထွေးလာလေတော့သည်။

ယင်းကို အခွင့်ကောင်းယူ၍ အကဲခတ်ကြည့်ရှုနေကြသော သိုင်းသမား(၅၀)ကျော်တို့က ပုန်းကွယ်ရာမှထွက်လာကြပြီး မြောက်ပင်လယ်မော်ကျင်းတို့လူစု တိုက်ခိုက်နေရာသို့ တရွေ့ရွေ့ချဉ်းကပ်လာကြလေတော့သည်။

ဤသို့ ချဉ်းကပ်လာကြခြင်းမှာ တစ်စုံတစ်ယောက်အား ကူညီရန် မဟုတ်ချေ။

သိုင်းပဝါအား အရယူရန်သက်သက်ဖြစ်သာ ဖြစ်သည်။

သူတို့အားလုံးသည် သိုင်းပဝါအားရယူနိုင်ရန်အတွက် တဖြည်းဖြည်း ရှေ့သို့ တိုးလာခြင်းသာဖြစ်လေတော့သည်။

◆ ◆ ◆



မီးခိုးရောင်အင်္ကျီ ဝတ်ဆင်ထားသောလူငယ်သည် ကဝေမနှင့် မြောက်ပင်လယ်မော်ကျင်းတို့ တိုက်ခိုက်မှုကို စိတ်ဝင်စားစွာဖြင့် ငေးမောကြည့်ရှုနေမိလေသည်။

ထိုအချိန်တွင် ညသိုင်းသမားသည် အဆိုပါလူငယ်ထံသို့ ချဉ်းကပ်လာကာ...

"ဒီမှာသူငယ် မင်းနာမည် ဘယ်လိုခေါ်သလဲ"

ရုတ်တရက် တစ်စုံတစ်ယောက်က အနားကပ်၍မေးလိုက်သောကြောင့် မီးခိုးရောင်ဝတ်စုံနှင့်လူငယ်သည် ဖြတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

မြင်ဖူးသလိုလိုရှိသူကို တွေ့လိုက်ရလေသည်။

"ဦးက ညသိုင်းသမားထင်တယ်"

ညသိုင်းသမားသည် အဆိုပါလူငယ်၏အမည်ကို ဒုတိယအကြိမ် ထပ်မေးလိုက်သည်။

လူငယ်က လက်ကာပြလိုက်လေသည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော့်နာမည် ဘယ်သူလဲဆိုတာ ကျွန်တော်ကိုယ်တိုင် မသိတော့ဘူး"

မီးခိုးရောင်ဝတ်စုံနှင့် လူငယ်၏စကားကြောင့် ညသိုင်းသမားမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

လူငယ်သည် ညသိုင်းသမားအား တစ်ချက်မျှ အကဲခတ်လိုက်ပြီး တစ်ယောက်တည်း သဘောကျစွာ ပြုံးလိုက်မိသည်။

"ကျွန်တော့်လက်ထဲ သိုင်းပဝါ ဘယ်လိုရောက်နေတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ ဦးက မေးဦးမလို့ထင်တယ်"

ညသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ညသိုင်းသမားသည် လူငယ်၏အဖြေအား စိတ်အားထက်သန်စွာ မျှော်လင့်နေမိသည်။

သို့သော် လူငယ်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး..

"ပြောပြနိုင်မှာမဟုတ်လို့ ဝမ်းနည်းပါတယ်"

မီးခိုးရောင်ဝတ်စုံနှင့်လူသည် ဘာမှမသိသည့်အလား ခေါင်းကို တွင်တွင်ခါယမ်းလိုက်ရင်း ပြန်ဖြေလိုက်သည့်အတွက် ညသိုင်းသမားသည် အနည်းငယ် တွေဝေသွားလေသည်။

"ဒါနဲ့ သွေးဘီလူးကို မင်းမြင်ဖူးလား"

ညသိုင်းသမားက အခြားမေးခွန်းတစ်ခုကို ပြောင်းမေးလိုက်သည်။

"မြင်ဖူးပါတယ်၊ ဒါပေမယ့် သူ့မျက်နှာကိုတော့ မတွေ့ဖူးဘူး"

"ဘာဖြစ်လို့လဲ"

"စောစောတုန်းက ဦးတို့လည်း တွေ့ခဲ့ရတယ် မဟုတ်လား"

ညသိုင်းသမားက အနည်းငယ် စဉ်းစားသလိုဖြင့် ခေတ္တမျှ ငြိမ်ကျသွားသည်။

နောက်မှ သတိရလာသည့်အလား..

"ဟုတ်သားပဲကွ၊ သွေးဘီလူးက တစ်ကိုယ်လုံး အနီရောင်



ဝတ်ထားပြီး ခေါင်းနဲ့မျက်နှာကိုလည်း ဓာပဝါဖုံးထားတော့ သူ့မျက်နှာကို ဘယ်တွေ့နိုင်ပါ့မလဲ"

လူငယ်က ခေါင်းတဆတ်ဆတ် ညိတ်ရင်း ပြုံးပြလိုက်သည်။

"ကျွန်တော်လည်း ဦးမြင်သလိုမြင်ခဲ့ရတာပါ"

ညသိုင်းသမားသည် မျက်မှောင်ကြုတ်သွားသည်။

သူ့စိတ်ထဲ၌လည်း မရှင်းမလင်းဖြစ်နေမိသည်။

အရိုးဆံထိုးပိုင်ရှင်သည် သူ့ကိုယ်သူ သွေးဘီလူးဟုဆိုခဲ့သည်။ ထိုသူသည် အမှန်ပင် သွေးဘီလူးဖြစ်နေပါသလော။

ညသိုင်းသမားသည် အကဲစမ်းသည့်အနေဖြင့် လှမ်းမေးလိုက်သည်။

"တစ်ကိုယ်လုံး အနီရောင်ဝတ်စုံတွေ ခြုံလွှမ်းထားတာနဲ့ သွေးဘီလူးပါလို့ ပြောလို့ရပါ့မလား"

"ဦးကရော ဘယ်လိုယူဆထားပါသလဲ"

ညသိုင်းသမား တွေဝေသွားသည်။

သူသည် လူငယ်အား အကဲခတ်သလို လှမ်းကြည့်လိုက်၏။

"သူတို့အားလုံးက သွေးဘီလူးလို့ ယူဆထားပါတယ်"

ညသိုင်းသမား၏ စကားကြောင့် လူငယ် ရယ်မောလိုက်လေသည်။

ထို့နောက် ညသိုင်းသမားအား သရော်သလို ပြန်၍လည်း ကြည့်လိုက်၏။

"သူများပြောတိုင်းလည်း ယုံသင့်မှယုံရတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ညသိုင်းသမား၏မျက်နှာသည် ရဲခနဲ ဖြစ်သွား၏။

စိတ်ဆိုးရမည်ကလည်း ခက်နေ၏။

"ထားပါတော့လေ၊ မင်းကို သိုင်းပညာသင်ပေးတဲ့ဆရာကကော ဘယ်သူလဲ"

"ကျွန်တော့်ကို သိုင်းပညာတတ်တယ်လို့ ဦးကယူဆထားသလား"

"မင်းက သိုင်းပညာတတ်တဲ့ လူတစ်ယောက်နဲ့တူလို့ပေါ့"

"ဟား..ဟား..ဟား"

လူငယ်သည် အားရပါးရရယ်မောလိုက်သည်။

ညသိုင်းသမားက မျက်မှောင်ကုပ်သွားသည်။

"ဟေ့ သူငယ် မင်းဘာကိုရယ်တာလဲ၊ ငါပြောတဲ့ထဲမှာ ရယ်စရာစကား တစ်လုံးမှမပါပါလား"

ဟက်ဟက်ပက်ပက် ရယ်မောနေရာမှ အရှိန်သပ်၍ ရပ်လိုက်သည်။ ပြီးနောက် လူငယ်က စိတ်မသက်သာစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

"ကျွန်တော့်အဖြစ်က ရယ်စရာကောင်းနေလို့ပါ၊ တကယ်တော့ ကျွန်တော် သိုင်းပညာ ကောင်းကောင်းတတ်ခဲ့ဖူးပါတယ်"

လူငယ်၏စကားကြောင့် ညသိုင်းသမား ကြောင်အမ်းအမ်းဖြစ်သွားသည်။

"သိုင်းပညာတတ်ခဲ့ဖူးတယ် ဟုတ်လား၊ မင်းက ဘာကိုဆိုလိုချင်တာလဲ"



လူငယ်၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင်များ ယှက်သန်းထွက်ပေါ်လာလေသည်။

"ဟုတ်ပါတယ်၊ အရင်က ကျွန်တော် သိုင်းပညာတတ်ခဲ့ဖူးပါတယ်၊ အခုတော့ ဒီသိုင်းပညာကို လုံးဝသုံးလို့ မရတော့ပါဘူး"

ညသိုင်းသမားက သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်မိသည်။

စိတ်ထဲ၌လည်းအံ့သြသလို ဖြစ်နေမိ၏။

"မင်းရဲ့သိုင်းပညာကို တစ်ယောက်ယောက်က ဖျက်ဆီးပစ်လိုက်တယ်ထင်တယ်"

ညသိုင်းသမားက ချိန်ချိန်ဆဆဖြင့် မှတ်ချက်ချလိုက်လေသည်။

မီးခိုးရောင်ဝတ်စုံနှင့်လူငယ်က ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ"

သူသည် ပြောရင်း အသံများတိမ်ဝင်သွားလေတော့သည်။

ထိုစဉ်မှာပင် စူးရှသောအသံကြီးသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"ရှီး—ရှီး—ရှီး"

ဆူးရှသောအသံကြီးသည် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။

ထိုအသံကြီးကြောင့် သိုင်းသမားများသည် တိုက်ခိုက်နေရာမှ အလိုအလျောက် ရပ်တန့်သွားကြသည်။

သူတို့သည် ဆူးရှစွာ ထွက်ပေါ်လာသည့်အသံကြီးကို ဂရုတစိုက်နားစွင့်နေမိလေသည်။

သို့သော် မြောက်ပင်လယ်မော်ကျင်းနှင့် ဌာနခွဲမှူး(၅)ယောက်တို့မှာမူ ကဝေမအား သဲသဲမဲမဲ တိုက်ခိုက်နေကြတုန်းဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်တိုက်ခိုက်နေရသောကြောင့် ဆူးရှစွာ ထွက်ပေါ်လာသောအသံကို သူတို့မကြားလိုက်ပေ။

ထိုစဉ် ဆူးရှသောအသံများ ရုတ်တရက် ပျောက်ကွယ်သွားပြီး တဆက်တည်းမှာပင် အေးစိမ့်သောအသံတစ်ခု ထွက်ပေါ်လာသည်။

"ဟေ့ ပြောနေတာ မကြားဘူးလား၊ ရပ်လိုက်"

ခက်ထန်မာကြောသော အမိန့်ပေးသံကြောင့် မြောက်ပင်လယ်မော်ကျင်းသည် တိုက်ခိုက်နေရာမှ ရပ်တန့်လိုက်ပြီး အသံလာရာသို့ လှည့်ကြည့်လိုက်မိသည်။

ကဝေမသည်လည်း ဇဝေဇဝါဖြင့် အသံလာရာသို့ လှမ်း



ကြည့်လိုက်မိသည်။

သို့သော် တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရချေ။

သိုင်းသမားများသည် သွေးဘီလူး ထပ်မံရောက်ရှိလာသည်ဟု ထင်မှတ်နေမိကြသည်။

အတန်ကြာသည့်တိုင်အောင် တစ်စုံတစ်ရာ ထူးခြားလာခြင်းမရှိသောကြောင့် မြောက်ပင်လယ်မော်ကျင်းက ရယ်မောလိုက်သည်။

"ဟေ့ ဘယ်သူလဲကွ၊ သတ္တိရှိရင် ထွက်ခဲ့စမ်း"

မြောက်ပင်လယ်မော်ကျင်းသည် ရင်ကိုကော့ပြီး အော်မေးလိုက်သည်။

ထိုစဉ် အေးစက်တည်ငြိမ်သောအသံတစ်သံက လွင့်ပျံ့ထွက်ပေါ်လာသည်။

"မြောက်ပင်လယ်မော်ကျင်း၊ မင်း အသက်ရှင်လျက်နဲ့ အိမ်ပြန်ချင်ရင် သိုင်းပဝါကိုထားပစ်ခဲ့ပါ"

ထိုအသံကြောင့် မြောက်ပင်လယ်မော်ကျင်းက မဲ့ပြုံးပြုံးလိုက်လေသည်။

"ပုန်းလျှိုးကွယ်လျှိုးနဲ့ ကြီးကြီးကျယ်ကျယ် ပြောမနေနဲ့ကွ၊ သတ္တိရှိရင် လာယူလှည့်စမ်းပါဦးကွ"

မြောက်ပင်လယ်မော်ကျင်းက အံကိုတင်းတင်းကြိတ်ကာ အော်ပြောလိုက်သည်။ ကွယ်ရာမှ အသံရှင်က ပဘောကျစွာ ရယ်မောလိုက်လေသည်။

www.burmeseclassic.com



"ဒီမှာ မြောက်ပင်လယ်မော်ကျင်း၊ ကျုပ်ရဲ့ယမ်းလုံးကို ခင်ဗျားဆီပစ်ဖောက်လိုက်ရမလား"

ကွယ်ရာမှအသံရှင်၏စကားကို ကြားလိုက်ရသောအခါ အားလုံးသောလူများသည် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

အသံရှင်သည် သိုင်းလောကရှိ ထူးခြားသောလူထူး လူဆန်း(၃)ယောက်အနက် တတိယနေရာရရှိထားသော 'လောင်မီးသိုင်းသမား'ပင် ဖြစ်ပေသည်။

လောင်မီးသိုင်းသမားမှန်း သိလိုက်သည်နှင့် တပြိုင်နက် အချို့သော သိုင်းသမားများသည် အကာအကွယ်ရှိရာသို့ ရှဲခနဲပြေးလွှား ပုန်းအောင်းကြလေသည်။

သို့သော် လောင်မီးသိုင်းသမားသည် ယခုအချိန်အထိ ယမ်းလုံးကို ပစ်ပေါက်လိုက်ခြင်းမရှိသေးချေ။

လောင်မီးသိုင်းသမား၏ သိုင်းပညာမှာ မည်မျှအဆင့်ရှိသည်ကို မည်သူကမျှ မသိချေ။

သို့သော် လောင်မီးသိုင်းသမား ကိုင်ထားသော ယမ်းလုံးမှာမူ အလွန်တရာ ကြောက်မက်ဖွယ်ကောင်းကြောင်း သိရှိနားလည်ထားကြသည်။

လောင်မီးသိုင်းသမား၏ ယမ်းလုံးသည် သိုင်းသမားလေးငါးဦးအား တစ်ချိန်တည်းတပြိုင်တည်း သေကြေပျက်စီးစေနိုင်သည်။

ထို့ကြောင့် သိုင်းသမားအားလုံးလိုလို ဘေးလွတ်မည်ထင်ရာသို့ ရှောင်တိမ်း ပုန်းအောင်းကြခြင်းဖြစ်သည်။



မြောက်ပင်လယ်မော်ကျင်းသည်လည်း ယမ်းလုံးဟူသောအသံကြောင့် ထိတ်လန့်တုန်လှုပ်သွားကာ စကားပင်မပြောနိုင်တော့ဘဲ အသံထွက်ပေါ်လာရာသို့ ငေးကြည့်မိသည်။

ထိုစဉ် လောင်မီးသိုင်းသမား၏အသံ ထပ်မံထွက်ပေါ်လာပြန်သည်။

"ဒီမှာ မြောက်ပင်လယ်မော်ကျင်း၊ သိုင်းပဝါကို ချမထားသေးဘူးလား"

မြောက်ပင်လယ်မော်ကျင်း ဘာမှမတတ်နိုင်တော့ပါ။

သက်ပြင်းရှည်တစ်ချက် ချလိုက်ပြီး အိတ်ထဲမှသိုင်းပဝါအား ထုတ်ယူချထားလိုက်သည်။

ထိုအချိန်တွင် ကျယ်လောင်စူးရှသောအသံတစ်သံ ထပ်မံထွက်ပေါ်လာလေသည်။

◆ ◆ ◆

"ရပ်လိုက်"

အသံဆုံးသွားသည်နှင့် တပြိုင်နက် အနီရောင်လူရိပ်တစ်ခုသည် လှစ်ခနဲ ရောက်ရှိလာသည်။

လေတိုးသံတစ်ချက်ကြောင့် လောင်မီးသိုင်းသမားသည် ထိတ်လန့်သွားသည်။

လူရိပ်ရှိရာသို့လည်း လှည့်ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ...

မျက်နှာပေါ်တွင် အနီရောင်ပဝါအုပ်ထားပြီး တစ်ကိုယ်လုံး အနီရောင်ဝတ်ဆင်ထားသူအား ခပ်လှမ်းလှမ်း၌ ရပ်လျက်ရှိသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟင်"

လောင်မီးသိုင်းသမား ရင်ထိတ်သွားသည်။

သို့သော်...

ဟန်ကိုယ့်ဖို့ဆိုသည့် စကားအတိုင်း လုံးဝဂရုမစိုက်သည့် အသွင်ဖြင့် ရင်ကိုကော့ထားလိုက်သည်။

လက်ထဲ၌လည်း ယမ်းလုံးတစ်လုံးကို အသင့်ကိုင်ဆောင်ထားပြီး...

"ကဲ သွေးဘီလူး၊ မင်းကိုလည်း ငါတွေ့ချင်နေတာနဲ့ အတော်ပဲ၊ မင်းက အရိုးဆံထိုးနဲ့သိုင်းလောကကို ခြိမ်းခြောက်လာတဲ့လူဆိုတော့ သွေးနားထင်ရောက်နေပုံရတယ်၊ ဒါပေမယ့် အခု မင်းနဲ့ငါတွေ့ရပြီ၊ ဘယ်သူက ပိုစွမ်းတယ်ဆိုတာ လယ်ပြင်မှာဆင်သွားသလို ပေါ်လာတော့မှာပဲ"

လောင်မီးသိုင်းသမားက ယမ်းလုံးကို လက်ထဲ၌ကိုင်တွယ်ဆော့ကစားရင်း ခပ်ကြွားကြွား လှမ်းပြောလိုက်၏။

သွေးဘီလူးကမူ ခပ်ပြုံးပြုံး အမူအရာဖြင့် အေးတိအေးစက်နားထောင်နေသည်။

လောင်မီးသိုင်းသမား၏ စကားဆုံးသွားသည့်အခါမှ သွေး



ဘီလူး သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား...ဟား...ဟား...မင်းရဲ့ယမ်းလုံးတွေကို ကခြေလှမ်းသွားပြီး ခြိမ်းခြောက်လို့ရချင်ရမယ်၊ ငါ့ကိုတော့ လွယ်လွယ်နဲ့ခြိမ်းခြောက်လို့ရမယ်မထင်နဲ့"

"တောက်"

သွေးဘီလူး၏ မထီမဲ့မြင်စကားကြောင့် လောင်မီးသိုင်းသမားသည် ယမ်းပုံမီးကျ ဒေါသထွက်သွားသည်။

"ဒါဖြင့် ကျုပ်ရဲ့ယမ်းလုံးကို တစ်လုံးလောက် မြည်းစမ်းကြည့်ပါလား"

လောင်မီးသိုင်းသမားသည် ပြောပြောဆိုဆိုဖြင့် လက်ထဲ၌ အသင့်ရှိနေသော ယမ်းလုံးဖြင့် သွေးဘီလူးထံ လှမ်းပစ်လိုက်သည်။

သို့သော်...

သွေးဘီလူးသည် ယမ်းလုံးနှင့် လှမ်းမပစ်မီကပင် တောအုပ်ထဲ ပြေးလွှားပုန်းကွယ်လိုက်ပြီး ဖြစ်သည်။

ထို့ကြောင့်...

ယမ်းလုံးသည် သွေးဘီလူးရှိရာ တောအုပ်အတွင်းသို့ တအားပစ်ပေါက်လိုက်လေတော့သည်။

"ဟာ"

"ဟင်"

အားလုံးသော သိုင်းသမားများသည် ထိတ်လန့်ပျာယာဖြစ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'ဟူသော ပေါက်ကွဲသံကြီး ထွက်ပေါ်လာမည်ကို စိုးရိမ်ထိတ်လန့်စွာ နားစွင့်နေမိကြလေသည်။

သို့သော်...

မည်သို့မျှ ထူးခြားခြင်းမရှိခဲ့ချေ။

အကဲခတ်ကြည့်ရှုနေကြသော သိုင်းသမားများပင် ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

သူတို့ မျှော်လင့်ထားသကဲ့သို့ ယမ်းလုံးပေါက်ကွဲသွားခြင်းမရှိသောကြောင့် ယမ်းလုံးကိုပင် သံသယ ဝင်လာချင်ကြသည်။

ထို့အတူ...

လောင်မီးသိုင်းသမားသည်လည်း အံ့အားသင့်သွားလေသည်။

သူ အထူးပြုလုပ်ထားသော ယမ်းလုံး လုံးဝပေါက်ကွဲခြင်းမရှိသောကြောင့် လောင်မီးသိုင်းသမားသည် မခံမရပ်နိုင်အောင်ဖြစ်ကာ တောအုပ်ထဲသို့ ပြေးဝင်လိုက်သွားလေသည်။

ထိုစဉ်...

တောအုပ်ထဲမှ သွေးဘီလူး၏အသံ ထွက်ပေါ်လာလေသည်။

"လောင်မီးသိုင်းသမား မင်း အခုလို ယမ်းလုံးပစ်ပေးတာကို အများကြီးကျေးဇူးတင်ပါတယ်၊ အဲဒီယမ်းလုံးကို ငါ ဂရုတစိုက်ဖမ်းယူထားပါတယ်"

လောင်မီးသိုင်းသမားသည် သွေးဘီလူး၏စကားကို ကြား



လိုက်ရသောအခါ မျက်လုံးများပြူးကျယ်သွားသည်။

သွေးဘီလူးသည် သူပစ်လွှင့်လိုက်သော ယမ်းလုံးကို ဖမ်းယူသိမ်းဆည်းထားလိုက်နိုင်သည် မဟုတ်ပါလား။

ထို့ကြောင့်...

လောင်မီးသိုင်းသမားသည် မျက်လုံးပြူးကျယ်သွားရလောက်အောင် အံ့အားသင့်မိခဲ့ခြင်းဖြစ်သည်။

ဒေါသလည်း ထွက်မိလေသည်။

လောင်မီးသိုင်းသမားသည် အခံရခက်သောအသံဖြင့် ကျယ်လောင်စွာ လှမ်းအော်လိုက်ပြန်သည်။

"ငါ့ရဲ့ယမ်းလုံးကို ဖမ်းနိုင်တာ ချီးကျူးပါတယ်၊ သတ္တိရှိရင် နောက်ထပ်တစ်လုံး ဖမ်းကြည့်ပါဦး"

လောင်မီးသိုင်းသမားသည် ယင်းသို့ လှမ်းအော်ပြီးသည်နှင့် တပြိုင်နက် အသင့်ပြင်ထားသော ယမ်းလုံးအား ထပ်မံပစ်လွှင့်လိုက်ပြန်သည်။

သို့သော်...

အတန်ကြာသည့်တိုင်အောင် ယမ်းလုံးပေါက်ကွဲသံကို ကြားရခြင်းမရှိပေ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောလူငယ်

လောင်မီးသိုင်းသမား၏ ဒုတိယအကြိမ်ပစ်လွှင့်လိုက်သော ယမ်းလုံးမှာလည်း ပေါက်ကွဲခြင်းမရှိခဲ့ပြန်ချေ။

လောင်မီးသိုင်းသမားသည် ထိတ်လန့်အံ့သြသွားမိသည်။

သူ၏ယမ်းလုံးများသည် အဘယ်ကြောင့် ပေါက်ကွဲခြင်းမရှိရပါသနည်း။

ထိုစဉ်…

သွေးဘီလူး၏အသံက ထပ်မံပေါ်ထွက်လာသည်။

"မင်းရဲ့ယမ်းလုံး နှစ်ခုစလုံး ငါဖမ်းပြီး သိမ်းထားလိုက်ပြီ၊ မကျေနပ်လို့ ထပ်ပြီးပစ်ချင်သေးတယ်ဆိုရင်လည်း ပစ်နိုင်သေးတယ်"

လောင်မီးသိုင်းသမားသည် ဒေါသထွက်လွန်း၍ စကားပင် မပြောနိုင်တော့ပါ။



"ဟား…ဟား…ဟား"

သွေးဘီလူး၏ရယ်မောသံသည် ကျယ်လောင်စွာဖြင့် ထပ်မံထွက်ပေါ်လာလေသည်။

"ကဲ လောင်မီးသိုင်းသမားရေ၊ မင်းအနေနဲ့ နောက်ထပ် မပစ်ချင်တော့ဘူးဆိုရင် ငါသွားတော့မယ်"

လောင်မီးသိုင်းသမားသည် ဒေါသအမျက် ချောင်းချောင်း ထွက်နေ၏။

သို့သော် မည်သို့ တတ်နိုင်ပါမည်နည်း။

◆ ◆ ◆

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေသည်။

အားလုံးသော သိုင်းသမားများသည် ကြက်သေသေနေကြပြီး မလှုပ်မယှက် ငိုင်နေမိကြသည်။

သွေးဘီလူး၏အသံ ပျောက်သွားသည့်တိုင် သူတို့သည် ငိုင်မြဲငိုင်နေမိကြသည်။

ခံစားမှုအာရုံ လုံးဝမရှိသည့်အလား တုတ်တုတ်မျှပင်မလှုပ်။

"ဒီမှာ လောင်မီးသိုင်းသမား၊ ခင်ဗျား ဘာမှမတတ်နိုင်တဲ့ နောက်တော့ ဘာဖြစ်လို့ ဒီလောက်တောင် ဒေါသကြီး ဖြစ်နေရ တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်...

လူတစ်ယောက် ပြောဆိုသံကြောင့် လောင်မီးသိုင်းသမားသည် ချာခနဲ လှည့်ကြည့်လိုက်သည်။

သူ့အား လာရောက်စကားပြောလိုက်သူမှာ မီးခိုးရောင်ဝတ်ဆင်ထားသော လူငယ်ပင်ဖြစ်လေသည်။

လောင်မီးသိုင်းသမားသည် အဆိုပါလူငယ်အား မျက်မှောင်ကုပ်၍ ကြည့်လိုက်မိသည်။

"မင်း ဘယ်သူလဲ"

မီးခိုးရောင်ဝတ်ဆင်ထားသော လူငယ်က ပြုံးပြလိုက်လေသည်။

လောင်မီးသိုင်းသမားကမူ တုံ့ပြန်ပြုံးပြခြင်း မရှိပေ။

သူသည် လူငယ်အား နှစ်မြို့က်စွာ စကားပြောချင်ဟန်မတူပေ။

ထို့ကြောင့်...

သူသည် လူငယ်အား ဘောက်ဆတ်ဆတ် မေးလိုက်လေသည်။

"ပြောစမ်းပါဦး၊ မင်း ဘယ်သူလဲ"

"ကျုပ် ဘယ်သူလဲဆိုတာပြောဖို့ မလိုဘူး"

မီးခိုးရောင်အင်္ကျီနှင့်လူငယ်သည် လေသံမာမာဖြင့်ရင်ကိုကော့၍ ပြန်ပြောလိုက်သည်။

လောင်မီးသိုင်းသမားသည် အံကို တင်းတင်းကြိတ်ပြီး ရှေ့သို့ခြေတစ်လှမ်း တိုးလိုက်သည်။



"မင်း သေချင်ပြီနဲ့တူတယ်"

လောင်မီးသိုင်းသမားက လက်သီးနှစ်ဘက်ကျစ်ကျစ်ပါအောင်ဆုပ်ကာ ရန်ပြုရန်ဟန်ပြင်လိုက်၏။

ကဝေမက လူငယ်အနီးသို့ရောက်ရှိလာပြီး လူငယ်၏အင်္ကျီအိတ်ထဲသို့ သိုင်းပဝါကို ထည့်ပေးလိုက်လေသည်။

အဆိုပါလူငယ်သည် သူ၏သိုင်းပဝါအား ပြန်လည်ရရှိသည်ကိုတွေ့ရသဖြင့် ကဝေမအား ဦးညွှတ်လိုက်လေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် ထိုနေရာမှထွက်ခွာရန်ခြေလှမ်းပြင်လိုက်သည်။

ကဝေမက သူ့ရှေ့မှပိတ်ဆို့ပြီး ရပ်လိုက်သည်။

"ရှင် ဘယ်သွားမလို့လဲ"

ကဝေမက သူ့ရှေ့မှ ပိတ်ဆို့ရပ်တန့်ရင်း ဟန့်တားလိုက်ခြင်း ဖြစ်သည်။

လူငယ်က မျက်မှောင်ကုပ်လျက် ကဝေမအား စေ့စေ့ကြည့်လိုက်သည်။

လူငယ်၏ပုံပန်းသဏ္ဌာန်မှာ လုံးဝစိတ်မရှည်နိုင်တော့သည့်ပုံစံမျိုးဖြစ်နေသည်။

"ကျုပ် ဘယ်သွားမယ်ဆိုတာ မင်းကိုပြောခဲ့ရဦးမှာလား"

လူငယ်သည် လေသံမာမာဖြင့် ခပ်ဆတ်ဆတ် ပြန်ပြော

www.burmeseclassic.com



လိုက်လေသည်။

ထို့နောက်...

ကဝေမအား ကျောခိုင်း၍ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားလေတော့သည်။

နောက်သို့ လုံးဝလှည့်မကြည့်တော့ချေ။

ကဝေမသည် ထိုနေရာ၌ပင် ရပ်လျက်ကျန်ရစ်ခဲ့သည်။

သူမသည် တရွေ့ရွေ့ ထွက်ခွာသွားသော လူငယ်၏ကျောပြင်ကိုသာ ငေးမောကြည့်နေမိလေတော့သည်။

◆ ◆ ◆

မီးခိုးရောင်ဝတ်ဆင်ထားသော လူငယ်က ခပ်လှမ်းလှမ်းသို့ ရောက်ရှိသွားသည့်အခါမှ လောင်မီးသိုင်းသမားသည် သတိဝင်လာကာ အဆိုပါလူငယ်နောက်သို့ လိုက်ပါသွားလေသည်။

"ဟေ့..သူငယ် ခဏလေး"

လောင်မီးသိုင်းသမားက လူငယ်၏နောက်ကျောမှ ပြေးလိုက်ရင်း လှမ်း၍ဟန့်တားလိုက်သည်။

ထိုသို့ လူငယ်၏နောက်သို့ လိုက်ပါသွားသည်ကို တွေ့ရသောအခါ ကဝေမ ရင်ထိတ်သွားသည်။

လူငယ်အတွက် စိုးရိမ်စိတ်များ ရိပ်ခနဲ တက်လာသည်။

ထို့ကြောင့်...



ကဝေမသည် သူတို့နောက်သို့ ကသောကမြောပြေးလိုက်သွားသည်။

ထိုစဉ်...

လူငယ်က လောင်မီးသိုင်းသမားအသံကြောင့် ရှေ့သို့လှမ်းနေသော ခြေလှမ်းများကို ရပ်တန့်လိုက်၏။

လူငယ်သည် သူ့ထံသို့ ရောက်ရှိလာသော လောင်မီးသိုင်းသမားအား စိုက်ကြည့်ကာ...

"ဘာလုပ်ဖို့ ကျုပ်ကို လှမ်းတားရတာလဲ"

ဟု မေးလိုက်သည်။

လောင်မီးသိုင်းသမားက လက်ဝါးဖြန့်လိုက်သည်။

"ကျုပ်ကို ပေးပါ"

လောင်မီးသိုင်းသမား၏ တုံးတိတိစကားကြောင့် လူငယ်မှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ကျုပ်က ဘာကိုပေးရမှာလဲ"

မီးခိုးရောင်အင်္ကျီ ဝတ်ဆင်ထားသောလူငယ်က အူကြောင်ကြောင် ပြန်မေးလိုက်သည်။

လောင်မီးသိုင်းသမားက ပြုံးလိုက်သည်။

"သိုင်းပဝါ"

"ဒီ သိုင်းပဝါက ခင်ဗျားကိုပေးဖို့မှ မဟုတ်တဲ"

လူငယ်၏စကားကြောင့် လောင်မီးသိုင်းသမား မျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် စူးစမ်းသောမျက်လုံးဖြင့် လှငယ်အား တစ်ချက် စိုက်ကြည့်လိုက်သည်။

"ဒါဖြင့် ဘယ်သူ့ကိုပေးဖို့လဲ"

လှငယ်က မဆိုးမခန့် ပြုံးလိုက်သည်။

လောင်မီးသိုင်းသမားက လှငယ်၏အဖြေကို စိတ်ဝင်စားစွာဖြင့် နားစွင့်နေသည်။

လှငယ်က အေးတိအေးစက်ဖြင့်...

"သွေးဘီလူးကို ပေးမလို့"

ဟု ဖြေလိုက်၏။

"ဟင်"

လှငယ်၏ အဖြေစကားကြောင့် လောင်မီးသိုင်းသမားသည် အံ့သြသွားသည်။

နားမလည်နိုင်သလိုလည်း ဖြစ်သွားသည်။

သူက နှုတ်ခမ်းတစ်ချက်မဲ့ကာ...

"မင်းက ဘာကြောင့် ဒီသိုင်းပဝါကို သွေးဘီလူးကို ပေးချင်ရတာလဲ"

ဟု မေးလိုက်သည်။

လှငယ် ပြုံးလိုက်သည်။

သို့သော်...

သူ၏အပြုံးသည် သရော်ပြုံးဖြစ်သည်။

မခန့်လေးစား အပြုံးမျိုးလည်း ဖြစ်သည်။



လှငယ်က ယင်းသို့ပြုံးရင်း...

"ဒါ ခင်ဗျားမေးစရာ မလိုပါဘူး"

လှငယ်၏အသံသည် ပြတ်သားလှသည်။

လောင်မီးသိုင်းသမားအား စကားတစ်ခွန်းတည်းနှင့် စကားဖြတ်လိုက်ခြင်းဖြစ်သည်။

"ဟား...ဟား...ဟား"

လောင်မီးသိုင်းသမား ရယ်မောလိုက်သည်။

ပြီးနောက် အေးတိအေးစက်လေသံဖြင့်...

"မင်း သေချင်ပြီနဲ့တူတယ်"

လောင်မီးသိုင်းသမားက ခြိမ်းခြောက်သလိုပြောရင်း ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

ထိုအချိန်တွင် လောင်မီးသိုင်းသမားက ရှေ့သို့ခြေတစ်လှမ်းတိုးသလို ကဝေမကလည်း ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်သည်။

"ရှင် သူ့ကိုထိရဲထိကြည့်စမ်း။ နောက်ကျမှ ကျွန်မ အဆိုးမဆိုနဲ့"

ကဝေမသည် ပြောပြောဆိုဆိုဖြင့် သူတို့နှစ်ယောက်ကြားထဲသို့ ဝင်ရောက်လာလေသည်။

လောင်မီးသိုင်းသမားက သူမအား စိုက်ကြည့်လိုက်သည်။

ကဝေမသည် သူမအား လောင်မီးသိုင်းသမား စိုက်ကြည့်နေသည်ကို သိပါသည်။

သို့ရာတွင်...

www.burmeseclassic.com

www.burmeseclassic.com



မသိသလို ခပ်တည်တည် နေလိုက်၏။

အတန်ကြာသောအခါ လောင်မီးသိုင်းသမားက သူမအား မေးလိုက်လေသည်။

"သူက မင်းနဲ့ဘယ်လို ပတ်သက်နေလို့လဲ"

လောင်မီးသိုင်းသမားသည် လူငယ်အား လက်ညှိုးညွှန်ရင်း လှမ်းမေးလိုက်ခြင်းဖြစ်သည်။

ကဝေမက ဘာမှပြန်မဖြေနိုင်မီမှာပင် လူငယ်က ကဝေမအား တွန်းဖယ်လိုက်လေသည်။

"သူနဲ့ ဘာမှမပတ်သက်ဘူး"

လက်နှင့်တွန်းဖယ်လိုက်၍ ကဝေမသည် များစွာစိတ်ထိခိုက်မှုမရှိပေမယ့် သူ၏စကားကြောင့် ကဝေမသည် များစွာကြေကွဲဝမ်းနည်းမိခဲ့သည်။

ထို့ကြောင့်...

ကဝေမ၏မျက်နှာသည် နေထိပန်းကဲ့သို့ ညှိုးငယ်သွားလေသည်။

သူမသည် ရှက်ရွံ့အားငယ်စိတ်ဖြင့် ခေါင်းကလေးငုံ့ကာ ခပ်လှမ်းလှမ်းသို့ ဆုတ်ခွာရှောင်ဖယ်လိုက်ရလေသည်။

◆ ◆ ◆



## သိုင်းငါးကွက်

လောင်မီးသိုင်းသမားနှင့်လူငယ်၏ အကြားတွင် ကဝေမ ရှိမနေတော့ပါ။

လောင်မီးသိုင်းသမားသည် လူငယ်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

"ခဏနေဦး"

လူငယ်က လက်တစ်ဘက်ကာ၍ ဟန့်တားလိုက်၏။

လောင်မီးသိုင်းသမားက တိုက်ခိုက်ခြင်းမပြုသေးဘဲ ခေတ္တဆိုင်းငံ့ထားလိုက်သည်။

"မင်း ဘာပြောချင်သေးလို့လဲ"

လောင်မီးသိုင်းသမားက လူငယ်အား စူးစမ်းသည့်ပုံ လှမ်းကြည့်ရင်း မေးလိုက်သည်။

လူငယ်က ပြုံးရင်း...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် တစ်ခုပြောချင်လို့ပါ"

ဟု ပြောလာ၏။

လူငယ်၏စကားကြောင့် လောင်မီးသိုင်းသမား မျက်မှောင်ကုပ်သွားသည်။

"ဘာလဲကွ"

လူငယ်က...

"ဒီလိုပါ။ ခင်ဗျားက ကျော်ကြားတဲ့သိုင်းသမားတစ်ယောက် မဟုတ်လား"

လောင်မီးသိုင်းသမားက ခေါင်းညိတ်ပြလိုက်သည်။

"အဲဒါ ဘာဖြစ်သလဲ"

လောင်မီးသိုင်းသမားက စိတ်မရှည်နိုင်တော့သည့်အလား တုံးတိတိ ပြန်မေးလိုက်လေသည်။

လူငယ်၏မျက်နှာ တည်သွားသည်။

"ကျုပ်က သိုင်းပညာတတ်ပေမယ့် အတွင်းအား လုံးဝကုန်ဆုံးနေတဲ့အတွက် သာမန်လူတစ်ဦးနဲ့ ဘာမှမခြားတော့ပါဘူး"

လောင်မီးသိုင်းသမားက...

"မင်း ဘာကိုဆိုလိုတာလဲ"

ဟု နားမလည်နိုင်ဟန်ဖြင့် ပြန်မေးလိုက်သည်။

လူငယ်က...

"ဒီလိုပါ။ ကျုပ်က ခင်ဗျားနဲ့သိုင်းပညာချင်း ယှဉ်ပြိုင်ချင်ပါတယ်၊ ဒါပေမယ့် ကျုပ်မှာ အတွင်းအားမရှိတော့တဲ့အတွက် ဘယ်



လိုမှ ယှဉ်ပြိုင်လို့မဖြစ်နိုင်ဘူး၊ ဒါပေမယ့်"

လူငယ်၏စကား မဆုံးမီမှာပင် လောင်မီးသိုင်းသမားက သဘောကျစွာဖြင့် တဟားဟားရယ်မောလိုက်လေသည်။

ပြီးမှ လူငယ်၏မျက်နှာအား စူးစိုက်ကြည့်လိုက်ပြီး...

"ဒါဖြင့်လည်း လွယ်သားပဲ၊ မင်းရဲ့လက်ထဲက သိုင်းပဝါငါ့ကိုပေးလိုက်ပေါ့၊ ဘာမှခက်တဲ့အလုပ် မဟုတ်ပါဘူး"

လူငယ်က လက်ကာပြလိုက်သည်။

"နေပါဦးလေ၊ ကျုပ်စကားကို ဆုံးအောင်နားထောင်ပါဦး"

လူငယ်၏စကားကြောင့် လောင်မီးသိုင်းသမားသည် မျက်မှောင်ကုပ်လိုက်သည်။

"ဘာပြောစရာ ရှိသေးလို့လဲ"

လူငယ်က သက်ပြင်းချရင်း...

"ဒီလိုပါ။ ကျုပ်က ခင်ဗျားနဲ့ သိုင်းကွက်ငါးကွက် ယှဉ်ပြိုင်မယ်၊ ဒါပေမယ့် လက်တွေ့ယှဉ်ပြိုင်မှာမဟုတ်ဘူး၊ သိုင်းကွက်ကို ထုတ်ဖော်ပြောဆိုပြီး ယှဉ်ပြိုင်မယ်၊ ဒီလိုယှဉ်ပြိုင်လို့ ခင်ဗျားရှုံးရင် ယမ်းလုံးသုံးခု ကျုပ်ကိုပေးရမယ်၊ ဘယ့်နှယ်လဲ"

ဟု မေးလာသည်။

လောင်မီးသိုင်းသမား မဲ့ပြုံးပြုံးလိုက်သည်။

ဆတ်ခနဲ ခေါင်းညိတ်ကာ...

"မင်း တော်တော် ကြံကြံဖန်ဖန်တွေးတတ်တဲ့ကောင်ပဲ၊ ကိစ္စမရှိပါဘူး၊ ဘယ်လိုပဲယှဉ်ပြိုင်ယှဉ်ပြိုင် ငါကတော့ လက်ခံမှာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ မင်းဘက်က ရှုံးသွားခဲ့ရင်ကော”

လူငယ်က လက်ကစပြရင်း...

“ကျုပ် စကားမဆုံးသေးဘူး။ ခင်ဗျားရှုံးသွားရင် ယမ်းလုံးသုံးခုအပြင် ပင်လယ်ဖျော်ရီတော်ဆီသွားပြီး ကျုပ်အတွက် အေးစိမ့်စားယူပေးရမယ်၊ ဒါကို ခင်ဗျား သဘောတူတယ် မဟုတ်လား”

ဟု မေးလာသည်။

လောင်မီးသိုင်းသမားက စိတ်မရှည်နိုင်တော့ဟန်ဖြင့် ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်သည်။

“အေး သဘောတူတယ်၊ တကယ်လို့ မင်းရှုံးခဲ့ရင် သိုင်းပဝါငါ့ကိုပေးရမယ်၊ ဒါကိုရော မင်းလက်ခံတယ် မဟုတ်လား”

လူငယ် ခေါင်းညိတ်လိုက်သည်။

“လက်ခံပါတယ်၊ ကျုပ်ရှုံးသွားရင် ခင်ဗျားလိုချင်တဲ့ သိုင်းပဝါပေးပါ့မယ်”

သူသည် ပြောရင်း အိတ်ထဲမှ သိုင်းပဝါကိုထုတ်ယူ၍ ပြလိုက်လေသည်။

ကျေနပ်စွာဖြင့် လောင်မီးသိုင်းသမားသည် အားရပါးရရယ်မောလိုက်လေသည်။

“ကဲ ပြောနေကြာတယ်၊ အခုပဲ စပြိုင်ယှဉ်လိုက်ကြရအောင်”

လူငယ်က ခေါင်းညိတ်ပြလိုက်ပြီး ညသိုင်းသမားဘက်သို့ လှည့်လိုက်သည်။

“ဦးတို့က သက်သေအဖြစ် ရပ်တည်ပေးပါလားဗျာ”



ညသိုင်းသမားက မည်သို့ပြန်ပြောရမှန်းမသိဘဲ အခက်ကြုံသွားသည်။

ဖြစ်နိုင်လျှင် ညသိုင်းသမားသည် သူတို့ကိစ္စထဲ၌ လုံးဝပါဝင်ပတ်သက်လိုခြင်းမရှိပေ။

ပွဲကြည့်ပရိသတ်တစ်ဦးအနေဖြင့်သာ လက်ပိုက်ကြည့်ချင်သည်။

ထို့ကြောင့် လူငယ်၏စကားကို လက်ခံရန် အခက်တွေ့သွားရလေသည်။

ထိုစဉ် လောင်မီးသိုင်းသမားက ဝင်ပြောလိုက်သည်။

“ကဲပါဗျာ၊ ခင်ဗျားက လက်ခံလိုက်စမ်းပါ”

လောင်မီးသိုင်းသမားက စိတ်မရှည်နိုင်သလို ဝင်ပြောလိုက်သည်။ ညသိုင်းသမား မငြင်းသာတော့ပေ။

သူက ခေါင်းညိတ်ပြကာ...

“ကောင်းပါပြီဗျာ”

ဟု လက်ခံလိုက်ရလေသည်။

လောင်မီးသိုင်းသမားက လူငယ်ဘက်သို့ လှည့်လိုက်ပြန်သည်။

“ကဲ အခုအချိန်ကစပြီး ယှဉ်ပြိုင်ကြမယ်၊ ငါနိုင်ရင်တော့ မင်းရဲ့နာမည်နဲ့ မင်းရဲ့ဆရာကိုပါ ပြောပြရလိမ့်မယ်”

လူငယ် ခေါင်းညိတ်လိုက်သည်။

“စိတ်ချပါ”

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြောပြီးသည်နှင့် မြေပေါ်သို့ထိုင်ချလိုက်လေသည်။

လူငယ်က မြေပေါ်သို့ စတင်ထိုင်ချလိုက်သောအခါ လောင်မီးသိုင်းသမားသည် သူ့ရှေ့မလှမ်းမကမ်းတွင် မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေသည်။

ထို့ကြောင့် သက်သေအဖြစ် တာဝန်ယူလိုက်ရသော ညသိုင်းသမား သည် သူတို့နှစ်ယောက်အကြား၌ ဝင်ရောက်ထိုင်ချလိုက်ရလေသည်။

ကျန်ရှိသော သိုင်းသမားတို့သည် သူတို့နှစ်ယောက်၏ တစ်မျိုးတစ်ဖုံ ထူးဆန်းစွာယှဉ်ပြိုင်မှုကို စိတ်ဝင်စားသွားကြလေသည်။

သို့ဖြင့် ကျန်ရှိသော သိုင်းသမားများက ပုန်းကွယ်ရာမှ ထွက်လာကြပြီး သူတို့နှင့် ခပ်လှမ်းလှမ်းနေရာတွင် ဝိုင်းဖွဲ့ထိုင်လိုက်ကြလေသည်။

သူတို့သည် လောင်မီးသိုင်းသမားနှင့် လူငယ်တို့၏ အလွန်တရာထူးခြားဆန်းပြားသည့် ယှဉ်ပြိုင်ပွဲကြီးကို စိတ်ဝင်စားစွာဖြင့် စူးစိုက် ကြည့်နေမိကြလေတော့သည်။

◆ ◆ ◆

ဝန်းကျင်တစ်ခုလုံး အပ်ကျသံပင်ကြားရလောက်အောင် တိတ်ဆိတ်နေ၏။



စိတ်ဝင်စားစွာ စောင့်ကြည့်နေသူများမှာ လူပေါင်းခြောက်ဆယ်ခန့် ရှိနေသည်မှန်သော်လည်း မည်သူကမျှ အသံမထွက်ပါ။

သူတို့၏မျက်လုံးများသည် လူငယ်နှင့်လောင်မီးသိုင်းသမားတို့ထံသို့ စုရုံးရောက်ရှိနေကြလေသည်။

လွန်စွာထူးဆန်းလှသည့် ယှဉ်ပြိုင်ပွဲကြီးကို မကြာမီ မျက်ဝါးထင်ထင် မြင်တွေ့ရတော့မည် ဖြစ်သည်။

အကဲခတ်ကြည့်နေကြသော သိုင်းသမားတို့သည် မရိုးမရွ ဖြစ်နေကြသည်။

ထိုစဉ် ညသိုင်းသမားက သူတို့နှစ်ယောက်အား တစ်ချက်ကြည့်လိုက်ပြီး…

"ကဲ ဘယ်သူက အရင်စမလဲ"

ဟု မေးလိုက်သည်။

လောင်မီးသိုင်းသမား ပြုံးလိုက်သည်။

ထို့နောက်…

လူငယ်အား မေးဆတ်ပြရင်း…

"ကျုပ်က လူကြီးပါ၊ သူ့ကိုအရင်စခိုင်းလိုက်ပါ"

ဟု ပြောလိုက်သည်။

ညသိုင်းသမား ခေါင်းညိတ်လိုက်သည်။

သူသည် လူငယ်ဘက်သို့ လှည့်လိုက်ပြီး…

"ကဲ မင်းရဲ့သိုင်းကွက် အရင်စလိုက်ပါ"

လူငယ်က လောင်မီးသိုင်းသမားအား စေ့စေ့ကြည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"မိုးညပန်းကြွေ"

လူငယ်က သိုင်းကွက်ကို စတင်ဖော်ထုတ်လိုက်သည်။

လောင်မီးသိုင်းသမားသည် လူငယ်ပြောလိုက်သော သိုင်းကွက်အမည်ကို ကြားလိုက်ရသောအခါ ရင်ထဲ တစ်ချက်လှုပ်ရှားသွားလေသည်။

ထိုသိုင်းကွက်သည် အလွန်တရာထူးဆန်းသော သိုင်းကွက်အမည် ဖြစ်လေသည်။

လောင်မီးသိုင်းသမား စိတ်လှုပ်ရှားသွားသည်။

သူသည် လူငယ်အား အကဲခတ်သလိုကြည့်လိုက်မိသည်။

သူ၏နှုတ်မှလည်း..

"မိုးညပန်းကြွေ"

ဟု တီးတိုးရေရွတ်လိုက်လေသည်။

လောင်မီးသိုင်းသမားသည် ထိုလူငယ်အား ပေါ့ပေါ့တန်တန် သဘောထား၍မရမှန်း ချက်ချင်း သိရှိလိုက်ရလေသည်။

လောင်မီးသိုင်းသမားသည် အလိုလိုနေရင်း ဓောချွေးများပင် ပြန်လာလေတော့သည်။

သူသည် အတန်ကြာအောင် တွေးတောစဉ်းစားနေမိလေသည်။ နောက်မှ မယုံမရဲဖြင့် သိုင်းကွက်တစ်ခုကို ရေရွတ်လိုက်မိလေသည်။

"တိမ်ရွေ့နေထွက်"

လောင်မီးသိုင်းသမား ပြောလိုက်သည့်သိုင်းကွက်နာမည်ကို



ကြားရသောအခါ လူငယ်က ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

ပြီးနောက် လူငယ်က လောင်မီးသိုင်းသမားကို လှမ်းကြည့်ရင်း ပြုံးပြလိုက်လေသည်။

"ကဲ ခင်ဗျားအလှည့်ရောက်ပါပြီ၊ ခင်ဗျားစိတ်ကြိုက်သိုင်းကွက်အမည်ကို ပြောပါတော့"

လောင်မီးသိုင်းသမား ခေါင်းညိတ်လိုက်သည်။

သူသည် လူငယ်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး သိုင်းကွက်အမည်ကို ရေရွတ်လိုက်သည်။

"ပြတင်းပေါက်မှ ခေါင်းလျှို့ကြည့်"

လောင်မီးသိုင်းသမား၏ သိုင်းကွက်အမည်ကို ကြားလိုက်ရသောအခါ လူငယ်သည် တစ်ချက်ပြုံးပြလိုက်ပြီး ဒိုးဒိုးဒေါက်ဒေါက် ပြန်ဖြေလိုက်သည်။

"မီးအိမ်ငြိမ်း၍ ခြင်ထောင်ချ"

လောင်မီးသိုင်းသမားသည် လူငယ်က စဉ်းပင်မစဉ်းစားဘဲ မိမိ၏လှို့ဝှက်သိုင်းကွက်ကို ချက်ချင်းပြန်လည်ချေပနိုင်သည့်အတွက် လွန်စွာထိတ်လန့် အံ့ဩမိလေသည်။

လူငယ်ကမူ ဘာမျှခက်ခဲလှဟန်မတူဘဲ လောင်မီးသိုင်းသမားအား ခပ်ပြုံးပြုံးကြည့်လိုက်လေသည်။

"ကျုပ်ရဲ့ ဒုတိယသိုင်းကွက်ကတော့ နေရယ်၊ လရယ် အလှချင်းပြိုင်မယ်"

လူငယ်က သူ၏သိုင်းကွက်အမည်ကို အလေးအနက်မထား

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ခပ်ပေါ့ပေါ့ ပြောချလိုက်ခြင်းဖြစ်သည်။

သို့ရာတွင် လောင်မီးသိုင်းသမားမှာ ယင်းသိုင်းကွက်၏ အမည်ကို ကြားလိုက်ရသည်နှင့် မျက်မှောင်ကုပ်သွားလေသည်။

အနီးတွင် ဝိုင်းရံကြည့်ရှုနေကြသော ညသိုင်းသမားနှင့် အခြားသောသိုင်းသမားတို့သည်လည်း လူငယ်ပြောသော သိုင်းကွက်ကို မည်သို့ပြန်လည်ဖြေဆိုရမည်ကို စဉ်းစားမရဘဲဖြစ်နေကြသည်။

လောင်မီးသိုင်းသမားသည် မျက်နှံမွေးနှစ်ခု စိုက်ဆင်းသွားသည်အထိ စဉ်းစားကြည့်သည်။

လူငယ်၏သိုင်းကွက်ကို ဖြေဆိုနိုင်သောသိုင်းကွက်အမည်ကို ဘယ်လိုမှ စဉ်းစား၍မရချေ။

အချိန်သည် တရွေ့ရွေ့ ကုန်သွားသည်။

စဉ်းစားရင်း ချွေးများပင် ပြန်လာတော့သည်။

သို့ဖြစ်သည့်တိုင် အဖြေကို စဉ်းစား၍မရပေ။

လောင်မီးသိုင်းသမားသည် မကျေမနပ်ဖြင့် ထပ်ခါထပ်ခါ စဉ်းစားသည်။

စဉ်းစားလေလေ အဖြေက ရှာမရလေလေဖြစ်နေလေတော့သည်။

ထိုစဉ်မှာပင် အဝေးဆီမှ ရယ်မောသံတစ်ခု လွင့်ပျံ့လာသည်ကို ကြားလိုက်ရလေသည်။

◆ ◆ ◆



အရှုပ်

"ဟား..ဟား..ဟား"

ရယ်မောသံကြီးသည် တောတောင်တစ်ခုလုံး ပွဲတင်ထပ်ရိုက်ခတ်သွားသည်ဟု ထင်မှတ်ရလေသည်။

အမှန်စင်စစ်..

ထိုရယ်မောသံသည် ကဝေမ၏ရယ်မောသံပင် ဖြစ်ပါသည်။

ထိုရယ်မောသံ ထွက်ပေါ်လာရသည့်အကြောင်းမှာ ဤသို့ဖြစ်သည်။

ကဝေမသည် လူငယ်က စိမ်းစိမ်းကားကား တွန်းဖယ်လိုက်သည့်အတွက် စိတ်မကောင်းခြင်းကြီးစွာဖြင့် တောင်အောက်သို့ ဆင်းလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်အောက်သို့ ရောက်သောအခါ သူမသည် ရှေ့ဆက်သွားနိုင်ခြင်းမရှိတော့ချေ။

အကြောင်းမှာ...

သူမ၏ရှေ့တွင် လူသုံးယောက်က ပိတ်ဆို့၍ဟန့်တားထားသောကြောင့် ဖြစ်လေသည်။

ကဝေမသည် သူမရှေ့မှ ပိတ်ဆို့ထားသူများအား ကြည့်လိုက်သည်။

"ဟင်"

ထိုလူများအား မြင်တွေ့လိုက်ရသောအခါ ကဝေမသည် အကြီးအကျယ် အံ့ဩသွားလေသည်။

အကြောင်းကား...

ထိုလူသုံးယောက်မှာ ထိုက်ကျုံးဂိုဏ်းချုပ်ကျင်းစု၊ ဝူတန်းချင်းဟောင်နှင့်ကျန်တစ်ယောက်မှာ ခွန်လွန်အဖွဲ့ခေါင်းဆောင်နှတို့ဖြစ်ကြသည်။

ယင်းပုဂ္ဂိုလ်များသည် အဘယ်ကြောင့် သူမရှေ့တွင်လာရောက်ပိတ်ဆို့ ရပ်တန့်နေရပါသနည်း။

ကဝေမ မျက်မှောင်ကုပ်သွားသည်။

"ရှင်တို့ ဘာကြောင့် ကျွန်မသွားမယ့်လမ်းကို ပိတ်ထားရတာလဲ"

ဝူတန်းဂိုဏ်းချုပ်ချင်းဟောင်က သူမအား စိုက်ကြည့်နေလေသည်။



ချင်းဟောင်၏မျက်လုံးအစုံသည် ကဝေမအား ထိုးဖောက်ဝင်ရောက်သွားတော့မည်ကဲ့သို့ စူးစူးစိုက်စိုက်ကြည့်နေခြင်း ဖြစ်သည်။

"ကဝေမဆိုတာ မင်းပဲ မဟုတ်လား"

ကဝေမက နားမလည်နိုင်သော အမူအယာဖြင့် ဝူတန်းဂိုဏ်းချုပ်ချင်းဟောင်အား လှမ်းကြည့်ကာခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်ပါတယ်"

ချင်းဟောင်က စကားဆက်လိုက်သည်။

"ဒါဖြင့် ကျုပ်တို့နောက်ကို လိုက်ခဲ့ပါ"

ချင်းဟောင်၏တိုတောင်းပြတ်သားလှသော အမိန့်ပေးသံကြောင့် ကဝေမသည် မျက်မှောင်ကုပ်သွားလေသည်။

"ကျွန်မက ဘာဖြစ်လို့ ရှင်တို့နောက်ကို လိုက်ခဲ့ရမှာလဲ"

ကဝေမသည် ဘာမှနားမလည်နိုင်ဟန်ဖြင့် ပြန်မေးလိုက်မိသည်။

ထိုအခါ ခွန်လွန်ခေါင်းဆောင်က ဝင်ပြောလာသည်။

"မင်းက ဂိုဏ်းနှစ်ဂိုဏ်းနဲ့ ခွန်လွန်အဖွဲ့သားတွေကို သတ်သွားတဲ့အတွက် မင်းကို ထိုက်သင့်တဲ့အပြစ်ပေးမလို့"

"ဟင်"

ကဝေမသည် မျက်လုံးပြူးကျယ်သွားရလောက်အောင် အံ့အားသင့်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ သဘောကျစွာဖြင့် အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား"

ကဝေမ၏ ကျယ်လောင်စွာ ရယ်မောလိုက်သောအသံသည် တောတောင်တစ်ခုလုံး ပဲ့တင်ရိုက်ခတ်သွားသကဲ့သို့ ထင်မှတ်လိုက်ရလေသည်။

အားရအောင် ရယ်မောပြီးသည့်အခါမှ ကဝေမသည် မျက်နှာကို ပြန်တည်လိုက်လေသည်။

"လက်စသတ်တော့ ဒီလိုကိုး"

သူမက ပခုံးတစ်ချက်တွန့်ကာ...

"ကျွန်မက မလိုက်ချင်ဘူးဆိုရင်ကော"

ခွန်လွန်ခေါင်းဆောင်၏မျက်နှာ မည်းခနဲ ဖြစ်သွားလေသည်။

ကျောတွင် လွယ်ထားသော ဓားရှည်ကိုဆွဲထုတ်လိုက်ပြီး...

"မလိုက်နိုင်ရင် လိုက်နိုင်အောင် လုပ်ရမှာပေါ့။ ဒါဟာမှ ခက်ခဲတဲ့အလုပ် မဟုတ်ပါဘူး၊ အပြစ်ကျူးလွန်ထားတဲ့ လူတစ်ယောက်ကို ထိုက်ထိုက်တန်တန် အပြစ်ပေးနိုင်အောင် လုပ်ရလိမ့်မယ်"

ထိုစဉ်...

ထိုက်ကျူးဂိုဏ်းချုပ်က ဝင်ရောက်မေတ္တာရပ်ခံလိုက်လေသည်။



"မိန်းကလေး၊ ကျုပ်တို့နောက် အသာတကြည် လိုက်ခဲ့ပါလို့ ကျုပ်က မေတ္တာရပ်ခံပါတယ်၊ မိန်းကလေးမှာ အပြစ်မရှိရင် ဘာမှမဖြစ်စေရပါဘူး"

သို့ရာတွင်...

ကဝေမက ခေါင်းကိုသာ တွင်တွင်ရမ်းလိုက်သည်။

သူမသည် မည်သည့်အခြေအနေမျိုးနှင့် ရင်ဆိုင်ရသည်ဖြစ်စေ သူတို့ခေါ်ဆောင်ရာကို လုံးဝလိုက်ပါမည်မဟုတ်ဟု ဆုံးဖြတ်ချက်ချထားလိုက်လေသည်။

"ကျွန်မ အသက်ရှင်နေသမျှ ကာလပတ်လုံးတော့ ဘယ်သူကမှ ကျွန်မကို အတင်းအဓမ္မခေါ်ဆောင်လို့မရဘူး။ ကျွန်မ မသွားချင်တဲ့နေရာကိုလည်း ကျွန်မ ဘယ်တော့မှမသွားဘူး"

ကဝေမ၏ ခေါင်းမာသော အဖြေစကားကြောင့် ဗူတန်းဂိုဏ်းချုပ်ချင်းဟောင်မှာ လုံးဝသည်းမခံနိုင်လောက်အောင် စိတ်တိုလာတော့သည်။

ထို့ကြောင့်...

သူသည် ကဝေမအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်ရင်း ခွန်လွန်ခေါင်းဆောင်အား အဖော်ညှိသည့်သဘောဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။

"သူ့လို လူစားမျိုးကို စကားပြောနေမယ့်အစား ကျောင်းမှန်းကန်မှန်း နားလည်သွားအောင် လုပ်ပြလိုက်မှ ကျို့အကြောင်းကို သိမှာကွ"

www.burmeseclassic.com

www.burmeseclassic.com



ခွန်လွန်ခေါင်းဆောင်က ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်”

သူတို့နှစ်ယောက်သည် တိုင်ပင်ညှိနှိုင်းထားသည့်အလား ကဝေမအား တပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လေတော့သည်။

◆ ◆ ◆



## အရှုံး

အချိန်များ တဖြည်းဖြည်း ကုန်ဆုံးသွားသည်။

ဝန်းကျင်တစ်ခုလုံးမှာလည်း အပ်ကျသံကိုပင် ကြားရမတတ် တိတ်ဆိတ်ငြိမ်သက်နေသည်။

လောင်မီးသိုင်းသမားသည် နဖူးပြင်၌ ချွေးသီးကလေးများ စို့လာသည်။

လောင်မီးသိုင်းသမားမှာ အကြံအိုက်လျက်ရှိသည်။

အားလုံးသော သိုင်းသမားများသည် လောင်မီးသိုင်းသမား၏ ပြန်လည်ချေပမည့် သိုင်းကွက်ကို စောင့်မျှော်နားစွင့်နေကြသည်။

သူတို့စိတ်ထဲတွင်လည်း လူငယ်၏သိုင်းကွက်ကို မည်သည့်သိုင်းကွက်ဖြင့် ပြန်လည်ချေပမည်ကို ကြိတ်၍စဉ်းစားနေမိကြသည်။

တစ်မျိုးပြီးတစ်မျိုး ပြောင်းစဉ်းစားကြသည်။

မည်သည့်သိုင်းကွက်ကမျှ လူငယ်၏သိုင်းကွက်ကို ချေဖျက်နိုင်စွမ်းမရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



လောင်မီးသိုင်းသမားသာမက နံဘေးမှ စိတ်ဝင်စားစွာ စောင့်ကြည့်နေကြသော သိုင်းသမားများပါ ဇောချွေးပြန်လာကြလေသည်။

လူငယ်၏သိုင်းကွက်ကို မည်သူကမျှ ချေဖျက်နိုင်စွမ်းမရှိပါချေ။

လောင်မီးသိုင်းသမား၏နဖူးမှ ချွေးများသည် မိုးသီးမိုးပေါက်ပမာ မြေပေါ်သို့ စီးဆင်းကျလာနေသည်။

လူငယ်သည် လောင်မီးသိုင်းသမားအား တစ်ချက် အကဲခတ်ကြည့်လိုက်၏။

လောင်မီးသိုင်းသမား၏ အသွင်သဏ္ဌာန်မှာ သူ၏သိုင်းကွက်အား ပြန်လည်ချေပနိုင်ပုံ မပေါ်ပေ။

ထို့ကြောင့်...

လူငယ်က ပြုံးပြလိုက်ပြီး...

“ကဲ အချိန်လည်း အတော်ကုန်သွားပြီ၊ ခင်ဗျား အရှုံးပေးပါတော့”

“ဟင်”

လောင်မီးသိုင်းသမားမှာ လူငယ်၏စကားကို ကြားလိုက်ရသောအခါ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

သူ့မျက်နှာတစ်ခုလုံးသည် မကျေနပ်မှုကြောင့် သုန်မှုန်လျက်ရှိနေ၏။

သို့သော်...



သူ ဘာများတတ်နိုင်ပါမည်နည်း။

သူသည် မြေပေါ်မှ ရုတ်တရက် ထလိုက်ပြီး...

“ဟုတ်ပါတယ်၊ ကျုပ်က မင်းကို ရှုံးနိမ့်သွားပြီလို့ ဝန်ခံပါတယ်”

လူငယ်က လောင်မီးသိုင်းသမားအားကြည့်ကာ ကျေနပ်စွာ ပြုံးလိုက်လေသည်။

ထို့နောက်...

ထိုင်ရာမှထကာ လက်ဝါးဖြန့်လိုက်ပြီး...

“ဒါဖြင့် ကတိအတိုင်း ကျုပ်ကို ယမ်းလုံးသုံးခု ပေးပေတော့”

ဟု ပြောလိုက်၏။

လူငယ်၏စကားကြောင့် လောင်မီးသိုင်းသမားတုံ့ဆိုင်းဆိုင်း ဖြစ်သွားလေသည်။

သူသည် လူငယ်အား ယမ်းလုံးသုံးခု ထုတ်ပေးရန် ဝန်လေးနေသကဲ့သို့ တွန့်ဆုတ်ဆုတ်လုပ်နေ၏။

သူ၏အပြုအမူကို မြင်ရသောအခါ လူငယ်သည် နံဘေးမှ အကဲခတ်ကြည့်နေကြသော သိုင်းသမားများကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ပြီးမှ...

လောင်မီးသိုင်းသမားအား စေ့စေ့ကြည့်ကာ...

“ခင်ဗျား ကတိဖျက်ဖို့တော့ မစဉ်းစားပါနဲ့၊ ကတိဖျက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင် ဟောဒီသက်သေတွေအားလုံးက ခင်ဗျားကို ကတိမတည်တဲ့ သိုင်းသမား၊ လိမ်ညာကောက်ကျစ်တဲ့သိုင်းသမားလို့ သိုင်းလောက တစ်ခုလုံး ပျံ့နှံ့သွားအောင် ကြေညာလိုက်ကြလိမ့်မယ်"

လူငယ်၏ လိမ္မာပါးနပ်သော ခြိမ်းခြောက်မှုကြောင့် လောင်မီးသိုင်းသမားမှာ မနေသာတော့ချေ။

သူသည် မကျေမနပ်ဖြင့် ယမ်းလုံးသုံးခုကို ထုတ်ပေးလိုက်ရလေတော့သည်။

လူငယ်က ယမ်းလုံးသုံးခုကို လက်ခံရယူပြီးနောက်...

"ခင်ဗျားပေးထားတဲ့ ကတိအတိုင်း တစ်လအတွင်းမှာ ပင်လယ်ပျော်ရိုဇော်ဆီက အေးစိမ့်ဓားကိုယူပြီး ကျူပ်လက်ကို အပ်ရသိမ့်ဦးမယ်"

လောင်မီးသိုင်းသမားသည် ခံပြင်းလွန်း၍ စကားပင်မပြောနိုင်လောက်အောင်ဖြစ်သွားသည်။

ဒေါသဖြစ်လွန်းသောကြောင့် အသားများပင် တဆတ်ဆတ်တုန်လာသည်။

ထို့ကြောင့်...

လောင်မီးသိုင်းသမားသည် လူငယ်အား ရွံ့မုန်းစွာတစ်ချက်ကြည့်လိုက်ပြီး ချာခနဲ လှည့်ထွက်သွားတော့သည်။

လူငယ်က ယမ်းလုံးများအား ဂရုတစိုက် သိမ်းဆည်းလိုက်သည်။

ထို့နောက်...



ညသိုင်းသမားဘက်လှည့်ကာ ဦးညွှတ်အရိုအသေပေးလိုက်သည်။

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စလေးရှိသေးလို့ သွားခွင့်ပြုပါဦး"

သူသည် ယင်းသို့ပြောပြီးသည်နှင့် မည်သူ့ကိုမျှ လှည့်မကြည့်တော့ဘဲ ထိုနေရာမှ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းထွက်သွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## အနီရောင်ဝတ်မိန်းကလေး

မီးခိုးရောင်အင်္ကျီဝတ်ဆင်ထားသော လူငယ်သည် ယမ်းလုံးသုံးခုကိုကိုင်၍ စိတ်လက်ပေါ့ပါးစွာဖြင့် ခပ်အေးအေးထွက်ခွာသွားသည်။

“ငါ့မှာ ယမ်းလုံးသုံးခု ရှိနေပြီ၊ ထိုက်ကျုံး။ ခွန်လွန်နဲ့ ဂူတန်းဘို့ကို အဲဒီယမ်းလုံးတွေနဲ့ ဖောက်ခွဲပစ်ရမယ်”

လူငယ်သည် ရင်ထဲ၌ကြိတ်၍ ကြုံးဝါးလိုက်သည်။

လူငယ်သည် စိတ်ထဲ၌ ယင်းသို့ကြုံးဝါးရင်း ခြေလှမ်းမှန်မှန်ဖြင့်လျှောက်လာခဲ့ရာ ခြေလှမ်းတစ်ရာကျော်ခန့် ခရီးရောက်သောအခါ သူ၏ရှေ့တည့်တည့်တွင် လူတစ်ယောက် ရပ်နေသည်ကို သတိပြုမိလိုက်လေသည်။

လူငယ်သည် လှမ်းနေသော ခြေလှမ်းများကို ရုတ်တရက်ရပ်တန့်လိုက်သည်။



ထို့နောက်…

သူ့ရှေ့တည့်တည့်မှ ရပ်နေသူကို လှမ်းကြည့်လိုက်လေသည်။

သူ၏ရှေ့မှာ ရပ်နေသူမှာ အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

ထိုမိန်းကလေးသည် အလွန်ပင် ချောမောလှပနေ၏။

လူငယ်သည် ထိုမိန်းကလေး၏မျက်နှာကို တွေ့မြင်လိုက်ရသောအခါ ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားလေသည်။

သူသည် မိန်းကလေးအား သေချာစွာထပ်ကြည့်လိုက်သည်။

သူ့စိတ်ထဲ၌ လွန်စွာအံ့သြသွား၏။

ထို့နောက်…

ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး…

“သူ မဟုတ်နိုင်ပါဘူး။ ဒါပေမယ့် သူနဲ့တော့ ခွဲမရအောင်တူတာပဲ”

စိတ်ထဲ၌တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်မိလေသည်။

ထိုစဉ်…

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် လူငယ်အနီးသို့ ရောက်လာလေသည်။

ထိုမိန်းကလေးအား အနီးကပ်တွေ့မြင်လိုက်ရသောအခါ လူငယ်သည် ပို၍ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြူးကျယ်သော မျက်လုံးအစုံဖြင့် မိန်းကလေး အား စိုက်ကြည့်ရင်း...

"မင်း..မင်း"

လူငယ်သည် အထစ်ထစ်အငေါ့ငေါ့ဖြင့် ဘာမှဆက်မပြော နိုင်အောင် ဖြစ်သွားသည်။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက သူနှင့်မျက် နှာချင်းဆိုင်တွင် ရပ်တန့်လိုက်သည်။

"ကျွန်မ ဘာဖြစ်နေလို့လဲ"

"မင်း..မင်းက ဘယ်သူလဲ"

လူငယ်၏အသံသည် တုန်ခါနေ၏။

သူသည် မိန်းကလေးကို မမှိတ်မသုန် စိုက်ကြည့်နေမိလေ သည်။

လူငယ်၏အပြုအမူကြောင့် မိန်းကလေးမှာ ကြောင်အမ်း အမ်း ဖြစ်သွားသည်။

မိန်းကလေးသည် လူငယ်အား ပြန်ကြည့်ရင်း..

"ရှင် ဘာဖြစ်နေတာလဲ၊ ကျွန်မကို ဘာဖြစ်လို့ ဒီလောက် တောင် အရေးတကြီးမေးနေရတာလဲ"

လူငယ်သည် လှုပ်ရှားနေသောစိတ်များကို ကြိုးစား၍ထိန်း ချုပ်လိုက်သည်။

ပြီးမှ...

"ကျုပ်..ကျုပ်"



အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် သူ့အား စူးစမ်းသလို စိုက်ကြည့်ကာ..

"ကျွန်မက ရှင်သိတဲ့လူတစ်ယောက်နဲ့ ရုပ်ချင်းတူနေလို့ လား"

ဟု မေးလာသည်။

လူငယ်က မိန်းကလေးအား တစ်ချက်ကြည့်လိုက်ပြီး ခေါင်း ညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် မဖြစ်နိုင်ပါဘူး၊ သူထွက်သွားပါပြီ၊ ဘယ်တော့မှ ပြန်မလာတော့ဘူးလို့ ပြောသွားပါတယ်ဗျာ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် တစ်ဘက်သို့ လှည့်လိုက် သည်။ ထို့နောက်...

ခြေလှမ်းသွက်သွက်ဖြင့် ပြေးလွှားထွက်ခွာသွားလေသည်။

"ရပ်လိုက်"

မိန်းကလေးက လှမ်း၍ဟန့်တားလိုက်သည်။

မိန်းကလေး၏အသံသည် သံလိုက်ဓာတ်ပါသည့်အလား လူငယ်၏ခြေလှမ်းအား တုံ့ခနဲ ဆွဲငင်လိုက်လေသည်။

လူငယ်သည် ပြေးလွှားထွက်ခွာသွားနေရာမှ ကိုယ်ရှိန်သတ် ၍ ရပ်လိုက်ပြီး တဖြည်းဖြည်း လှည့်ကြည့်လိုက်လေသည်။

မိန်းကလေးသည် လူငယ်ထံ တစ်လှမ်းချင်း လျှောက်လှမ်း လာသည်။

ထို့နောက်..

www.burmeseclassic.com

www.burmeseclassic.com



အေးတိအေးစက်လေသံဖြင့် လှမ်းပြောလိုက်၏။

"ဒီမှာ ကျွန်မ ဘယ်သူဆိုတာ ရှင်မသိပေမယ့် ရှင်ဘယ်သူလဲဆိုတာတော့ ကျွန်မ ကောင်းကောင်း သိထားပါတယ်"

မိန်းကလေး၏စကားကြောင့် လှူငယ် အံ့သြသလို ဖြစ်သွားသည်။

သူသည် မိန်းကလေးအား အကဲခတ်သလို စူးစိုက်ကြည့်လိုက်ပြီး...

"ဗျာ...ကျုပ်ကို ခင်ဗျားက သိတယ်ဟုတ်လား"

"ခစ်"

မိန်းကလေးက သဘောကျစွာဖြင့် ရယ်မောရင်း ခေါင်းညိတ်ပြလိုက်လေသည်။

ပြီးမှ မျက်နှာကို ပြန်တည်လိုက်ပြီး...

"သိတာပေါ့၊ ရှင့်နာမည်က ရှောင်ဖုံး၊ တခြားလူတွေက ရှင့်ကိုမသိကြပေမယ့် ရှင့်အကြောင်းကိုတော့ ကျွန်မ ကောင်းကောင်း သိတယ်"

ဟု ပြောလာသည်။

လှူငယ် ပို၍အံ့သြသွားသည်။

သူသည် မိန်းကလေးအား နားမလည်နိုင်သောအကြည့်ဖြင့် လှမ်းကြည့်လိုက်မိသည်။

မိန်းကလေးက လှူငယ်၏ အူကြောင်ကြောင်အပြုအမူအား သဘောကျသွားဟန်ဖြင့် ပြုံးလိုက်၏။



"ဒီမှာ ရှောင်ဖုံး၊ ရှင်က လောင်မီးသိုင်းသမားနဲ့ အလောင်းအစားလုပ်ပြီး ယမ်းလုံးသုံးခုနဲ့ အေးစိမ့်ခဲကို အရယူနိုင်ခဲ့ပေမယ့် ရှင်နဲ့ကျွန်မ လောင်းတဲ့အခါမှာတော့ ဘယ်လိုအဖြေထွက်လာမယ်ဆိုတာ စောင့်ကြည့်စေချင်သေးတယ်"

လှူငယ် ရင်ထိတ်သွားသည်။

"ခင်ဗျား ဘာပြောတယ်"

မိန်းကလေး ပြုံးလိုက်သည်။

"ကျွန်မက ရှင်နဲ့အလောင်းအစားလုပ်ချင်တယ်၊ ရှင်ရှုံးသွားရင် သိုင်းပဝါပေးရလိမ့်မယ်၊ ဘယ့်နှယ်လဲ"

မိန်းကလေး၏စကားကြောင့် လှူငယ်သည် မျက်မှောင်ကုပ်လိုက်မိသည်။

ထို့နောက် စူးစမ်းသောလေသံဖြင့်...

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်နဲ့လောင်းချင်ရတာလဲ"

ဟု မေးလိုက်လေတော့သည်။

ဝန်းကျင်တစ်ခုလုံး ပို၍တိတ်ဆိတ်လာသည်ဟု ထင်ရပေသည်။

မိန်းကလေးက အဖြေမပေးသေးဘဲ လှူငယ်(ဝါ)ရှောင်ဖုံးအား စေ့စေ့ကြည့်လိုက်သည်။

ရှောင်ဖုံးကလည်း သူမအား အကဲခတ်နေလေ၏။

မိန်းကလေးက မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး...

"အကြောင်းရှိလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ ဖိုတိုတုတ်တုတ် စကားကြောင့် လှငယ်သည် စိတ်မသက်သာစွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ဘယ်လိုအကြောင်းလဲ၊ ပဟေဠိတွေ လုပ်မနေပါနဲ့၊ ရှင်းရှင်းပဲပြောစမ်းပါ"

မိန်းကလေးက ရယ်ကျဲကျဲဖြင့် ပြုံးလိုက်သည်။

"ရှင့်အိတ်ထဲကို နှိုက်ကြည့်စမ်းပါ၊ သိုင်းပဝါ ရှိနေသေးသလားလို့"

လှငယ်သည် သူမပြောသည့်အတိုင်း သူ၏အိတ်ထဲသို့ ကပျာကယာ လက်နှိုက်ကြည့်လိုက်သည်။

ထိုအခါ...

အိတ်ထဲထည့်ထားသော သိုင်းပဝါမှာ ပျောက်ချင်းမလှ ပျောက်နေသည်ကို တွေ့လိုက်ရလေတော့သည်။

"ဟင်"

လှငယ် ရင်ထိတ်သွားသည်။

မျက်စိမျက်နှာလည်း ပျက်သွားပြီး နောက်သို့ခြေနှစ်လှမ်း ခန့်ဆုတ်သွားလေသည်။

သူ၏မျက်လုံးအစုံသည် အံ့ဩခြင်းကြီးစွာဖြင့် မိန်းကလေးအား စိုက်ကြည့်လိုက်မိ၏။

မိန်းကလေးက လက်ကလေးကို ဆ,ပြလိုက်၏။

မိန်းကလေး၏လက်ထဲတွင် သိုင်းပဝါရောက်ရှိနေသည်ကို ထူးဆန်းအံ့ဩစွာ တွေ့မြင်ရလေတော့သည်။



တအံ့တဩဖြစ်နေသော ရှောင်ဖုံး၏မျက်နှာကို သူမက ကြည့်ရင်း...

"ဒီသိုင်းပဝါကို ရှင့်ဆီက ခိုးထားတာပါ၊ ဒါပေမယ့် ဒီအတိုင်းယူသွားရင် အထင်သေးသွားမှာစိုးလို့ ရှင်နဲ့သိုင်းကွက် အလောင်းအစားလုပ်ဖို့ စိတ်ကူးမိတာပါ၊ ဘယ်လိုလဲ လက်ခံမယ် မဟုတ်လား"

ရှောင်ဖုံးသည် ဒေါသထွက်လွန်း၍ စကားပင်ပြန်မပြောနိုင်လောက်အောင် ဖြစ်သွားသည်။

အတန်ကြာမှ မခံချိမခံသာဖြင့် မဲ့ပြုံးတစ်ချက် ပြုံးပြလိုက်ပြီး...

"ခင်ဗျား သိပ်တော်တယ်ဗျာ၊ ခါးပိုက်နှိုက်လုပ်စားဖို့ ကောင်းတယ်"

မိန်းကလေးက ပြုံးလိုက်သည်။

"ထားပါတော့လေ၊ ရှင် စိတ်ကျေနပ်သွားအောင် ကျွန်မနဲ့ သိုင်းကွက်သုံးကွက် ယှဉ်ပြိုင်မယ်၊ ကျွန်မရှုံးသွားရင် ဒီသိုင်းပဝါကို ပြန်ပေးမယ်၊ တကယ်လို့ ရှင်သာရှုံးသွားမယ်ဆိုရင် ဒီသိုင်းပဝါကို ကျွန်မ ယူသွားမယ်၊ ဘယ့်နှယ်လဲ"

လှငယ်က မိန်းကလေးအား မကျေမနပ် စိုက်ကြည့်လိုက်သည်။

"ကျုပ်မှာသာ ဒဏ်ရာမရခဲ့ရင် ခင်ဗျားကို အသေသပ်ပစ်မှာ"

www.burmeseclassic.com

www.burmeseclassic.com



လှုငယ်က ရင်ထဲ၌ကြိတ်၍ ကြုံးဝါးလိုက်ခြင်းသာ ဖြစ်လေသည်။ နှုတ်မှ တကယ်ပြောဖြစ်ခဲ့သည် မဟုတ်ပါ။

သူသည် မိန်းကလေးအား တစ်ချက်မျှ စိုက်ကြည့်လိုက်ပြီး အေးတိအေးစက်လေသံဖြင့် ပြန်ပြောလိုက်သည်။

"တတ်လည်း တတ်နိုင်ပါတယ်ဗျာ၊ ခင်ဗျားက ကျုပ်ဆီက ပစ္စည်းနဲ့ ကျုပ်ကိုပြန်ပြီး အလောင်းအစားလုပ်နေတာကိုး"

မိန်းကလေးက ပြုံးလိုက်သည်။

"ဒါတော့ဒါပေါ့ရှင်၊ တကယ်လို့ ရှင်က မလောင်းချင်ဘူးဆိုရင်လည်းရပါတယ်၊ ကျွန်မအနေနဲ့ ဒီပစ္စည်းလေးကို အသာတကြည်ယူသွားရုံပေါ့"

မိန်းကလေး၏စကားကြောင့် လှုငယ်သည် မျက်နှာကွက်ခနဲပျက်သွားသည်။ သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး...

"ကျုပ်က ခင်ဗျားကိုနောက်နေတယ်များ ထင်နေသလားကဲ ပြောနေတာကြာတယ်၊ ကျုပ် ခင်ဗျားနဲ့အလောင်းအစားလုပ်မယ်"

မိန်းကလေး ပြုံးလိုက်၏။

"ဒီလိုမှပေါ့ရှင်"

ရှောင်ဖုံးက...

"ဒါပေမယ့် သိုင်းကွက်သုံးကွက်ထဲပဲ ယှဉ်မှာနော်"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် စကြမယ်"



လှုငယ်က လက်ကာပြလိုက်သည်။

"ခဏနေပါဦး"

မိန်းကလေးက...

"ရှင် ဘာပြောလို့လဲ"

ရှောင်ဖုံးက...

"ကျုပ်တို့ရဲ့ ယှဉ်ပြိုင်ပွဲကြီး မစခင် ခင်ဗျားကို နည်းနည်းပါးပါးလောက်မေးပါရစေဦး"

မိန်းကလေး ပြုံးလိုက်သည်။

"မေးပါ"

"ကျုပ်နာမည် ရှောင်ဖုံးဆိုတာကို ခင်ဗျား ဘယ်လိုလုပ်သိနေတာလဲ၊ ဒါကို ကျုပ်သိချင်သေးတယ်"

မိန်းကလေးက သူ့အားစေ့စေ့ကြည့်လိုက်သည်။

"ဒီမှာ ရှင့်နာမည် ရှောင်ဖုံးဆိုတာကို သိရုံတင်မကဘူး ရှင့်ဘဝကိုလည်း သိသင့်သလောက်သိတယ်၊ ပြီးတော့ ရှင့်တစ်ကိုယ်လုံးမှာရှိနေတဲ့ သွေးကြောတွေဟာ လည်ပတ်မှုမရှိတဲ့အတွက် ရှင့်ရဲ့ သိုင်းပညာကို ရှင် အသုံးချလို့မရဘူးဆိုတာကိုလည်း ကျွန်မ သိထားတယ်"

ရှောင်ဖုံးသည် မိန်းကလေး၏စကား ကြားလိုက်ရသောအခါ မျက်နှာပျက်သွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## အပြိုင်အဆိုင် အရှုံးနှင့်အနိုင်

ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်ခြည်းပင် တိတ်ဆိတ်သွားသည်ဟု ထင်ရပေသည်။

ရှောင်ဖုံးသည် နှုတ်ဆွံ့နေမိသည်။

သူသည် အလွန်တရာ အံ့ဩသောဟန်ဖြင့် မိန်းကလေးအား ငေးကြည့်နေသည်။

အချိန်အနည်းငယ် ကြာသွားသည့်အခါမှ ရှောင်ဖုံးသည် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

"ကျုပ်ရဲ့ဘဝကို ခင်ဗျား တကယ်ပဲသိထားသလား"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"ကျွန်မက ဘာဖြစ်လို့ လိမ်ပြောရမှာလဲ"

ရှောင်ဖုံးက မိန်းကလေးအားကြည့်လိုက်ပြီး တစ်စုံတစ်ခု ပြန်ပြောရန် ပါးစပ်ပြင်လိုက်သည်။



သို့သော်...

ချက်ချင်းဆိုသလို စိတ်ကူးပြောင်းသွားပြီး ပြောမည့်စကားကို မပြောဘဲထားလိုက်၏။

ပြီးမှ သက်ပြင်းတစ်ချက်ချကာ...

"ကဲ ခင်ဗျားရဲ့သိုင်းကွက်ကို စပြောပါနဲ့တော့"

လူငယ်သည် စိတ်မပါဟန်ဖြင့် မိန်းကလေးအား လှမ်းပြောလိုက်သည်။

မိန်းကလေးက...

"ကျွန်မက စိန်ခေါ်တဲ့သူပဲ၊ ရှင်ပဲစပြောပါ"

ရှောင်ဖုံး အနည်းငယ် စဉ်းစားလိုက်ပြီး...

"ပထမသိုင်းကွက်ကတော့ နေရယ်၊ လရယ် အလှချင်းပြိုင်မယ်"

ထိုသိုင်းကွက်အမည်ကို ကြားလိုက်ရသောအခါ မိန်းကလေးက သဘောကျစွာဖြင့် ပြုံးလိုက်၏။

ရှောင်ဖုံးသည် ထိုသိုင်းကွက်ဖြင့် လောင်မီးသိုင်းသမားအား အနိုင်ယူခဲ့သည် မဟုတ်ပါလား။

"ဒီသိုင်းကွက်ကို လောင်မီးသိုင်းသမားက မဖြေနိုင်ခဲ့သွားမဟုတ်လား၊ ကျွန်မက ဖြေနိုင်ပါတယ်၊ ကျွန်မဖြေမယ့်သိုင်းကွက်က လေရယ်၊ တိမ်ရယ် အပြေးချင်းပြိုင်မယ်"

မိန်းကလေးက များစွာခက်ခက်ခဲခဲစဉ်းစားမနေဘဲ သိုင်းကွက်အဖြေကို ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရှောင်ဖုံးမှာ ယင်းအဖြေစကားကို ကြားလိုက်ရသောအခါ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားရလေသည်။

ရှောင်ဖုံးသည် တအံ့တသြဖြင့် မိန်းကလေးအား လှမ်းကြည့်လိုက်သည်။

"ကဲ အခု ခင်ဗျားအလှည့်"

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

"ကျွန်မရဲ့ ပထမသိုင်းကွက်ကတော့ အချစ်ပင်လယ်ကို ဘယ်လိုဖြတ်ကျော်ရပါ့မလဲ"

ရှောင်ဖုံးသည် မိန်းကလေးပြောလိုက်သည့် သိုင်းကွက်၏ အမည်ကို ကြားလိုက်ရသောအခါ ပိုမိုထိတ်ခနဲ့ အံ့သြသွားလေသည်။

တဆက်တည်းပင်...

ထိုမိန်းကလေးမှာ လွန်စွာထူးချွန်ထက်မြက်သော သိုင်းပညာရှင်တစ်ဦးဖြစ်ကြောင်း နားလည်သိရှိလိုက်လေသည်။

ရှောင်ဖုံးသည် မိန်းကလေးအား အကဲခတ်သလို စူးစိုက်ကြည့်လိုက်သည်။

မိန်းကလေးက ရှောင်ဖုံး၏အဖြေစကားကို နားစွင့်နေလေသည်။ ရှောင်ဖုံးသည် မိန်းကလေး၏သိုင်းကွက်အား ပြန်လည် ချေပနိုင်ရန် မျက်မှောင်ကုပ်ရင်း စဉ်းစားနေမိသည်။

အချိန်အတန်ကြာသည့်တိုင် သိုင်းကွက်အဖြေကို စဉ်းစားမရနိုင်အောင် ဖြစ်နေရသည်။



ထိုစဉ်မှာပင်...

အဝေးမှ ဆူညံသောအသံများ သဲ့သဲ့ကြားလိုက်ရလေတော့သည်။

◆ ◆ ◆

ထိုက်ကျိုးဂိုဏ်းနှင့်ဝူတန်းဂိုဏ်းတို့မှ ဂိုဏ်းသားများသည် ကဝေမအား သဲသဲမဲမဲ ဝိုင်းရံ၍တိုက်ခိုက်နေကြသည်။

တိုက်ပွဲမှာ ပြင်းထန်လှသည်။

ကဝေမသည် အများနှင့်တစ်ယောက် တိုက်ခိုက်နေရသော်လည်း လုံးဝကြောက်ရွံ့ခြင်းမရှိချေ။

ကဝေမ၏ ပြန်လည်တိုက်ခိုက်မှုကြောင့် ဝူတန်းဂိုဏ်းနှင့် ထိုက်ကျိုးဂိုဏ်းတို့မှ ဂိုဏ်းသားများသည် အတော်များများ ဒဏ်ရာရရှိနေပြီ ဖြစ်ပေသည်။

ထို့အတူ...

ကဝေမသည်လည်း သက်သာခြင်းမရှိချေ။

သူမသည် တစ်ယောက်နှင့်အများ တိုက်ခိုက်နေသဖြင့် အချိန်ကြာရှည်လာသည်နှင့်အမျှ တဖြည်းဖြည်း ဟောဟိုက်နွမ်းနယ်လာသည်။

သို့သော်...

ကဝေမသည် စိတ်ဓာတ်ကျဆင်းခြင်းမရှိဘဲ တိုက်ခိုက်မြဲ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်နေလေသည်။

ခွန်လွန်ခေါင်းဆောင်သည် ကဝေမအား အလွယ်တကူဖြင့် တိုက်ခိုက်၍မရနိုင်ကြောင်း တစ်စထက်တစ်စ ပို၍သဘောပေါက်လာသည်။

ထို့ကြောင့်...

သူသည် ရှေ့သို့တိုးထွက်လာပြီးလျှင် ကဝေမအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ထို့အတူ...

အခြားဂိုဏ်းများမှ ဂိုဏ်းချုပ်များကလည်း ဝင်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ကြသည်။

အကယ်၍...

ထိုက်ကျိုး၊ ဂူတန်းဂိုဏ်းချုပ်နှင့် ခွန်လွန်ခေါင်းဆောင်တို့သည် ကဝေမအား ဝိုင်းဝန်းတိုက်ခိုက်ကြမည်ဆိုလျှင် ကဝေမသည် မည်သို့မျှခုခံရှောင်တိမ်းနိုင်တော့မည် မဟုတ်ပေ။

သူတို့သည် ကဝေမအား ကောင်းစွာ အနိုင်ယူကြမည်ဖြစ်သည်။ ထို့ကြောင့်...

ခွန်လွန်ခေါင်းဆောင်သည် ကဝေမအား တိုက်ခိုက်ရန်ဝင်ရောက်လာလေတော့သည်။

ထိုစဉ်...

"ဟေ့...ရပ်လိုက်"

စူးရှသော အမိန့်ပေးသံတစ်သံသည် ရုတ်တရက် ကျယ်



လောင်စွာထွက်ပေါ်လာသည်။

ခွန်လွန်ခေါင်းဆောင်သည် တိုက်ခိုက်ရန် ဟန်ပြင်ထားရာမှ အလိုအလျောက် ရပ်တန့်သွားသည်။

ဂူတန်းဂိုဏ်းချုပ်ချင်းဟောင်က အသံလာရာသို့ ဖြတ်ခနဲ လှည့်ကြည့်လိုက်သည်။

သို့သော်...

မည်သူ့ကိုမျှ မတွေ့ရဘဲရှိနေ၏။

"ဟေ့ ဘယ်သူလဲကွ၊ တို့ကို ရပ်ခိုင်းတာ"

ဂူတန်းဂိုဏ်းချုပ်ချင်းဟောင်သည် အသံလာရာသို့လှည့်၍ အော်ပြောလိုက်သည်။

သို့သော်...

မည်သည့်တုန့်ပြန်သံမျှ မကြားရပေ။

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်မိကြသည်။

ထိုစဉ်မှာပင်...

အေးစိမ့်သောအသံတစ်ခုက သူတို့၏ဝဲဘက် တောအုပ်ထဲမှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်သည်။

"ကျုပ်ပါဗျာ၊ ခင်ဗျားတို့လူ နည်းနည်းလေးမပြောနဲ့ ခင်ဗျားတို့ ဂူတန်းဂိုဏ်းတစ်ခုလုံးကိုတောင် ကျုပ်က စီစီညက်ညက် ကြေအောင် ဖျက်ဆီးပစ်နိုင်တယ်ဗျ"

ထိုစကားသံကြောင့် ဂူတန်းဂိုဏ်းချုပ်ချင်းဟောင်သည်

www.burmeseclassic.com



ထိတ်ခနဲ ဖြစ်သွားသည်။

သူသည် အသံလာရာသို့ လှမ်းကြည့်လိုက်ပြီး...

"မိတ်ဆွေ သတ္တိရှိရင် ထွက်ခဲ့ပါ။ ပုန်းအောင်းပြီးပြောနေတဲ့ အလုပ်ဟာ သူရဲကောင်းမဆန်ပါဘူးဗျာ"

အသံရှင်က ရယ်မောလိုက်သည်။

ဝူတန်းဂိုဏ်းချုပ် မျက်မှောင်ကုပ်သွား၏။

ထိုစဉ်...

တောအုပ်ထဲမှ လှမ်းပြောလိုက်ပြန်သည်။

"ကျုပ်က လောင်မီးသိုင်းသမားပါ"

ထိုက်ကျုံ၊ ဝူတန်းနှင့်ခွန်လွန်အဖွဲ့သည် တောအုပ်ထဲမှ လူ၏အမည်ကို ကြားလိုက်ရသောအခါ ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။

အကြောင်းမှာ...

သူတို့သည် လောင်မီးသိုင်းသမားအကြောင်းကို ကောင်းစွာသိထားသောကြောင့် ဖြစ်သည်။

စင်စစ် သူတို့သည် လောင်မီးသိုင်းသမားအား လုံးဝဂရုစိုက်ကြသူများ မဟုတ်ပေ။

သို့သော်...

လောင်မီးသိုင်းသမားကိုယ်တိုင် တီထွင်ပြုလုပ်ထားသော ယမ်းလုံးကို သူတို့အားလုံးထိတ်လန့်ကြောက်ရွံ့ကြလေသည်။

လောင်မီးသိုင်းသမား၏ ယမ်းလုံးသည် တစ်ယောက်



တည်းကိုသာမဟုတ်၊ လူပေါင်းများစွာကို တပြိုင်တည်း သေစေနိုင်သောအစွမ်းရှိ၏။

ထို့ကြောင့်...

သူတို့အားလုံးသည် လောင်မီးသိုင်းသမားဟူသောအမည်ကို ကြားလိုက်ရသောအခါ မျက်စိမျက်နှာပျက်ကာ ထိတ်လန့်သွားကြခြင်းဖြစ်သည်။

လောင်မီးသိုင်းသမားနှင့် ပတ်သက်သော အဖြစ်အပျက်တစ်ခုကို သူတို့အားလုံး သတိရနေကြဆဲဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က သိုင်းသမားများသည် တောင်ထိပ်တစ်ခု၌ လောင်မီးသိုင်းသမားအား ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသည်။

လောင်မီးသိုင်းသမားသည် အများနှင့်တစ်ယောက်ဖြစ်နေသောကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရလေသည်။

သို့သော်...

သူ့အား ဝိုင်းဝန်းတိုက်ခိုက်သူများသည် လောင်မီးသိုင်းသမားနောက်သို့ ထပ်ကြပ်မကွာလိုက်သွားကြသည်။

ထို့ကြောင့်...

လောင်မီးသိုင်းသမားသည် သူ၏ယမ်းလုံးများဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့၏။

လောင်မီးသိုင်းသမား၏ ယမ်းလုံးကြောင့် သိုင်းသမားသုံးဆယ်ကျော်ခန့် အတုံးအရုံးသေဆုံးခဲ့ကြရသည်။

www.burmeseclassic.com



ထို့အပြင်...

ယမ်းလုံးပေါက်ကွဲရာ နံဘေးပတ်ဝန်းကျင်ရှိ အရာဝတ္ထုအားလုံးမှာလည်း အပိုင်းပိုင်း အပြတ်ပြတ်ဖြင့် တစ်စစီလွင့်သွားခဲ့လေသည်။

ဤအကြောင်းကို သူတို့အားလုံး မမေ့နိုင်ကြသေးပေ။

ထို့ကြောင့်...

သူတို့သည် လောင်မီးသိုင်းသမားအား ရင်ဆိုင်ရန်ဝန်လေးနေကြခြင်း ဖြစ်လေသည်။

အတန်ကြာသော်...

ထိုက်ကျိုးဂိုဏ်းချုပ်က လက်ဝဲးကို တစောင်းအနေအထားဖြင့် ရင်ဝနားကပ်ထားလိုက်သည်။

တစ်ဘက်သိုင်းသမားအား အပြန်အလှန် လေးစားကြောင်းဖော်ပြသည့်အမှတ်လက္ခဏာပင်ဖြစ်သည်။

"ခင်ဗျားက ဘာပြောချင်လို့လဲ"

ထိုက်ကျိုးဂိုဏ်းချုပ်က တောအုပ်အတွင်း လှမ်းကြည့်ရင်း မေးလိုက်ခြင်းဖြစ်သည်။

ထိုစဉ်...

လောင်မီးသိုင်းသမားသည် တောအုပ်ထဲမှ လှမ်းထွက်လိုက်လေသည်။

"ကျုပ် ဘာမှပြောစရာမရှိပါဘူး။ ခင်ဗျားတို့လူစုက မိန်းကလေးတစ်ယောက်တည်းကို ဝိုင်းတိုက်နေတာ အမြင်မတော်လို့



ဝင်တားတာပဲ"

လောင်မီးသိုင်းသမား၏ စကားကြောင့် ထိုက်ကျိုးဂိုဏ်းချုပ်က ဂူတန်းဂိုဏ်းချုပ်ဘက်သို့ လှည့်လိုက်သည်။

ထို့အတူ...

ဂူတန်းဂိုဏ်းချုပ်က ခွန်လွန်ခေါင်းဆောင်ဘက်သို့ လှည့်ကြည့်ကြရင်း ခေါင်းကို ဖြည်းညင်းစွာခါယမ်းမိကြ၏။

သူတို့သည် ဆက်လက်တိုက်ခိုက်ရန် အခြေအနေမဟန်မှန်းသိကြလေသည်။

ထို့ကြောင့် ထိုက်ကျိုးဂိုဏ်းချုပ်သည် စကားတစ်ခွန်းမျှမပြောတော့ဘဲ နောက်သို့လှည့်ကာ ထွက်ခွာသွားလေတော့သည်။

ထို့အတူ...

ဂူတန်းဂိုဏ်းချုပ်ကလည်း ထိုက်ကျိုးဂိုဏ်းချုပ်နောက်သို့ ထပ်ကြပ်မကွာ လိုက်သွားလေသည်။

နောက်ဆုံးတွင် ခွန်လွန်ခေါင်းဆောင်က စိတ်မသက်သာစွာဖြင့် လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

ကဝေမအား ဝိုင်းရံထားသောလူများသည် နောက်သို့ဆုတ်သွားကြလေသည်။

ထို့နောက် ခွန်လွန်ခေါင်းဆောင်နှင့်အတူ ထိုက်ကျိုး ဂူတန်းဂိုဏ်းချုပ် တို့နောက်သို့ ခြေလှမ်းသုတ်သုတ်ဖြင့် လိုက်ပါသွားကြလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ပဟေဠိများနှင့်လူထူးဆန်းသုံးဖော်

ဂူတန်း၊ ခွန်လွန်နှင့်ထိုက်ကျိုး ဂိုဏ်းအသီးသီးမှလူများထွက်ခွာသွားသည်ကိုကြည့်ရင်း ကဝေမ သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက်...

လောင်မီးသိုင်းသမားဘက်လှည့်ကာ ဦးညွတ်လိုက်၏။

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်"

လောင်မီးသိုင်းသမား ခေါင်းခါယမ်းလိုက်သည်။

"ကျေးဇူးတင်စရာမလိုပါဘူး၊ ကျုပ်က ခင်ဗျားကို ခင်မင်လွန်းလို့ဝင်ပြီး ကူညီတာမဟုတ်ဘူး၊ အများနဲ့တစ်ယောက် မတရားဝိုင်းတိုက်နေတာ ကြည့်မရလို့"

ထိုစဉ်...

ညသိုင်းသမားနှင့် မိုးထိတောင်သိုင်းသမားယိလုံတို့သည် သူတို့အနီးသို့ ရောက်ရှိလာကြသည်။



သူတို့သည် လောင်မီးသိုင်းသမားအား တွေ့မြင်လိုက်သည်နှင့်...

"မိတ်ဆွေကြီး...ခင်ဗျားနဲ့သိုင်းပညာယှဉ်ပြိုင်တဲ့လူငယ်အကြောင်းကို သိသလားဗျ"

လောင်မီးသိုင်းသမားသည် သူတို့၏အမေးစကားကြောင့် ယမ်းပုံမီးကျ ဒေါသထွက်သွားသည်။

အကြောင်းမှာ...

သူက လူငယ်အား အရှုံးပေးခဲ့ရသောကြောင့် ဖြစ်သည်။

သူသည် ဒေါသကြောင့် မျက်နှာနီမြန်းလာကာ...

"မသိဘူး၊ ခင်ဗျားတို့ ဘာကြောင့် မေးနေရတာလဲ"

လောင်မီးသိုင်းသမားက ဒေါသဖြစ်ဖြစ်နှင့် ရက်ရမ်းရမ်းလိုက်သည်။

ညသိုင်းသမား ပြုံးလိုက်သည်။

"ဒီလိုပါ၊ ဒီလူငယ်ကြည့်ရတာ သိုင်းပညာ အတော်ထူးချွန်ပုံရတယ်၊ ဒါကြောင့် ခင်ဗျားများ သိမလားလို့"

လောင်မီးသိုင်းသမားက မှုန်ကုပ်ကုပ် မျက်နှာထားနှင့် ညသိုင်းသမားအား မကျေမနပ် ပြန်ကြည့်လိုက်သည်။

"ခင်ဗျားတို့က ကျုပ်ကိုမေးတော့ ကျုပ်က ဘယ်သူ့ကို သွားမေးရမှာလဲ"

ညသိုင်းသမား ပါးစပ်ပိတ်ထားလိုက်သည်။

ယိလုံက ကဝေမအား လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကဝေမသည် ခေါင်းငုံ့၍ရပ်နေသည်။

"သူ့ကိုမေးရင်တော့ သိလိမ့်မယ်ထင်တယ်"

ယိလုံက ကဝေမအား လက်ညှိုးညွှန်၍ ပြောလိုက်သည်။

လောင်မီးသိုင်းသမားက ကဝေမဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"မိန်းကလေး..အဲဒီသူငယ်က ဘယ်သူလဲ"

ကဝေမ ခေါင်းယမ်းလိုက်သည်။

"ကျွန်မလည်း မသိဘူး"

ညသိုင်းသမား အံ့သြသွားသည်။

"မင်းက မသိဘူးသာဆိုတယ်၊ ဘာဖြစ်လို့ သူ့ကို ဒီလောက်တောင် လိုက်ကူညီနေရတာလဲ၊ ကိုယ်မသိတဲ့လူတစ်ယောက်ကို တကောက်ကောက် လိုက်ကူညီနေတာ အတော်အံ့သြစရာကောင်းတာပဲ"

ကဝေမ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ယှက်သမ်းလာလေသည်။

ကဝေမသည် စကားတစ်ခွန်းမျှ မပြောတော့ဘဲ တစ်ဘက်သို့လှည့်ကာ ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆



ညသိုင်းသမားသည် တရွေ့ရွေ့ ထွက်ခွာသွားသော ကဝေမအား ငေးစိုက်ကြည့်နေမိသည်။

ကဝေမ အဝေးသို့ရောက်ရှိ ပျောက်ကွယ်သွားသည်အထိ မျက်တောင်မခတ် ကြည့်နေမိသည်။

"အင်း..ကြည့်ရတာ ကဝေမဟာ ဟိုသူငယ်အပေါ် သံယောဇဉ်ရှိနေပြီနဲ့တူတယ်"

ကဝေမ၏ အသွင်အပြင်မှာ ညသိုင်းသမားပြောသကဲ့သို့ ထင်မြင်ယူဆစရာ ဖြစ်နေလေသည်။

ထို့ကြောင့်...

ယိလုံက ခေါင်းညိတ်ပြလိုက်သည်။

"သေချာတာပေါ့ဗျာ"

ယိလုံက အားပါးတရ ထောက်ခံလိုက်သည်။

ထိုအခိုက်တွင် ညသိုင်းသမားသည် တစ်စုံတစ်ခုကို သတိရလာပြီး သူတို့အနားရှိ လောင်မီးသိုင်းသမားကို လှည့်ကြည့်လိုက်သည်။

လောင်မီးသိုင်းသမားသည် ကဝေမ ထွက်ခွာသွားရာဘက်သို့ ငေးမောကြည့်နေဆဲဖြစ်သည်။

"ဒါနဲ့ ကြို့တုန်း ကျုပ်တစ်ခု မေးချင်ပါသေးတယ်"

လောင်မီးသိုင်းသမားသည် အဝေးသို့ငေးမောကြည့်နေရာမှ ညသိုင်းသမားဘက်သို့ လှည့်ကြည့်လိုက်လေသည်။

သူက မျက်မှောင်တစ်ချက် ကုပ်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးမလို့လဲ"

ညသိုင်းသမားက အနည်းငယ် စဉ်းစားဟန်ပြုလိုက်၏။

လောင်မီးသိုင်းသမားက သူ့အား အကဲခတ်ကြည့်နေလေသည်။

အတန်ကြာမှ ညသိုင်းသမားက…

"လွန်ခဲ့တဲ့နှစ်သုံးဆယ်လောက်က သိုင်းလောကမှာ လူထူးဆန်းသုံးယောက် ဟိုးလေးတကျော် နာမည်ကြီးခဲ့ကယ်၊ အဲဒီလူထူးဆန်းသုံးယောက်ရဲ့ နာမည်တွေက အရိပ်တစ္ဆေ၊ သွေးဘီလူးနဲ့ လောင်မီးသိုင်းသမားတို့ဖြစ်တယ်၊ အဲဒီသုံးယောက်ထဲမှာ ခင်ဗျားက တစ်ယောက်အပါအဝင်ပဲ မဟုတ်လားဗျ"

လောင်မီးသိုင်းသမား ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ"

ညသိုင်းသမား ပြုံးလိုက်သည်။

"ဒါဆိုရင် သွေးဘီလူးကို ခင်ဗျားမြင်ဖူးမှာပေါ့"

လောင်မီးသိုင်းသမား ခေါင်းတွင်တွင်ခါယမ်းလိုက်၏။

"ဟင်"

ညသိုင်းသမားနှင့်ယိလုံတို့ အံ့ဩသွားကြသည်။

နားမလည်နိုင်သလိုလည်း ဖြစ်သွားသည်။

လောင်မီးသိုင်းသမားက သူတို့အား ရှင်းပြလိုက်သည်။

"လူကိုတော့ မြင်ဖူးတာပေါ့ဗျာ၊ ဒါပေမယ့် မျက်နှာကိုတော့ လုံးဝမမြင်ဖူးဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့မျက်နှာကို ဇာ



ပဝါဖုံးအုပ်ထားတာကိုး၊ တစ်ကိုယ်လုံးလည်း အနီရောင်ဝတ်ရုံရှည်ကြီးဝတ်ထားတာဗျ၊ ဘယ်လိုလုပ်မြင်နိုင်မှာလဲ"

ယိလုံ မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ခင်ဗျားတို့သုံးယောက်က တပြိုင်တည်းနာမည်ကြီးပေမယ့် တစ်ယောက်နဲ့တစ်ယောက် မသိခဲ့ကြဘူးပေါ့"

ညသိုင်းသမားက ဝင်ရောက်မေးမြန်းလိုက်ခြင်း ဖြစ်သည်။

လောင်မီးသိုင်းသမား ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်တယ်၊ သိုင်းလောကသားတွေဟာ ကျုပ်တို့သုံးယောက်ကို တစ်တွဲတည်း ပြောဆိုခဲ့ကြပေမယ့် ကျုပ်တို့တွေဟာ တစ်ယောက်နဲ့တစ်ယောက် သိကြတာ မဟုတ်ပါဘူး"

"ဪ ဒီလိုကိုး"

ယိလုံက သဘောပေါက်သွားဟန်ဖြင့် ဝင်ပြောလိုက်လေသည်။

ညသိုင်းသမားလည်း ခေါင်းတဆတ်ဆတ် ညိတ်နေမိသည်။

"ဒါဖြင့် ကျန်တဲ့သွေးဘီလူးနဲ့ အရှိပ်တစ္ဆေတို့ဟာ ဘယ်သူဘယ်ဝါဆိုတာ အခွင့်ကြုံရင်တော့ စုံစမ်းရလိမ့်ဦးမယ်"

ညသိုင်းသမားသည် ချင့်ချိန်တွေးဆရင်း တစ်ယောက်တည်း ပြောသလိုနှင့်ပြောလိုက်သည်။

လောင်မီးသိုင်းသမားသည် ကောင်းကင်ပြာသို့ တစ်ချက်မော့ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေပင် အတော်မြင့်နေပြီ ဖြစ်သည်။

ထို့ကြောင့်...

လောင်မီးသိုင်းသမားသည် သူတို့အား လှမ်းကြည့်လိုက်ပြီး

"ကဲ...ကျုပ် သွားစရာရှိသေးတယ်၊ သွားလိုက်ဦးမယ်"

လောင်မီးသိုင်းသမားသည် ပြောပြောဆိုဆိုနှင့် တောအုပ်ထဲပြေးဝင်ပျောက်ကွယ်သွားလေသည်။

ညသိုင်းသမားနှင့် ယိလုံသည် ကြောင်အမ်းအမ်းဖြင့် ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ညသိုင်းသမား သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကဲ အားလုံးလည်းပြန်ကုန်ပြီ၊ ကျုပ်တို့လည်း သွားကြရင်ကောင်းမယ်"

ယိလုံ ခေါင်းညိတ်လိုက်၏။

ထို့နောက်...

နှစ်ယောက်သား ထိုနေရာမှ တရွေ့ရွေ့ ထွက်ခွာသွားကြလေတော့သည်။

♦ ♦ ♦



## ထပ်မံပေါ်ပေါက်လာသော သေမင်းတမာန်

ထိုက်ကျိုးဂိုဏ်းချုပ်၊ ဂူတန်းဂိုဏ်းချုပ်နှင့်ခွန်လွန်အဖွဲ့ ခေါင်းဆောင်တို့သည် လာလမ်းအတိုင်း ပြန်လှည့်ခဲ့ကြသည်။

သူတို့၏မျက်နှာ သုန်မှုန်နေသည်။

ကြားဝင်နှောက်ယှက်ခဲ့သော လောင်မီးသိုင်းသမားအပေါ် မကျေမနပ် ဖြစ်နေကြ၍ပင်။

သူတို့သည် အတန်ကြာ လျှောက်လှမ်းခဲ့မိသောအခါ အလွန်အရိပ်ကောင်းသော တောအုပ်လေးတစ်ခုသို့ ရောက်ရှိလာခဲ့ကြသည်။

သူတို့သည် လွန်စွာပင်ပန်းနွမ်းနယ်လာကြသဖြင့် ထိုနေရာ၌ပင်ထိုင်ချပြီး အပန်းဖြေကြလေသည်။

မကြာပါချေ။

ညသိုင်းသမားနှင့် ယိလုံတို့သည် သူတို့ အပန်းဖြေအနားယူနေကြသည့်နေရာသို့ ရောက်ရှိလာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ညသိုင်းသမားက ထိုက်ကျုံးဂိုဏ်းချုပ်အား တွေ့မြင်လိုက်ရသောအခါ ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

ထိုက်ကျုံးဂိုဏ်းချုပ်ကြီးက လက်နှစ်ဘက်ဆုပ်၍ အသိအမှတ်ပြုလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက် ဘယ်သွားကြမလို့လဲ"

ထိုက်ကျုံးဂိုဏ်းချုပ်ကြီးက သူတို့နှစ်ယောက်အား စူးစမ်းသလိုကြည့်ရင်း မေးလိုက်သည်။

ညသိုင်းသမားက...

"သွေးဘီလူး ဘယ်သူလဲဆိုတာ စုံစမ်းဖော်ထုတ်ဖို့ ဟောဒီမိတ်ဆွေနဲ့အတူ ကျွန်တော်တို့ ခရီးထွက်လာခဲ့ကြတာပါ"

ဟု ဖြေကြားလိုက်သည်။

ထိုက်ကျုံးဂိုဏ်းချုပ် ခေါင်းညိတ်လိုက်၏။

"အင်း..ကောင်းတယ်၊ ကောင်းတယ်၊ အလဟာသအချိန်ဖြုန်းနေမယ့်အတူတူ သိုင်းလောကတစ်ခုလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုနေတဲ့လူကို စုံစမ်းဖော်ထုတ်ဖို့ ကြိုးစားတာဟာ အများကြီးမှန်မြတ်ပါပေတယ်"

ညသိုင်းသမားက ဦးညွှတ်လိုက်လေသည်။

"ဟုတ်ပါတယ်ခင်ဗျာ"

ညသိုင်းသမားသည် ဦးညွှတ်အရိုအသေပြုနေရာမှ ခေါင်းမော့လိုက်၏။

ထို့နောက်...



ထိုက်ကျုံးဂိုဏ်းချုပ်အား ကြည့်လိုက်သည်။

ထိုက်ကျုံးဂိုဏ်းချုပ်ကြီးမှာ အသက်အရွယ်ထောက်နေပြီဖြစ်သည်။

ညသိုင်းသမားသည် ထိုက်ကျုံးဂိုဏ်းချုပ်ကြီးအား အကဲခတ်နေရာမှ ရုတ်တရက်...

"ဟာ"

အထိတ်တလန့် အော်လိုက်မိသည်။

သူ၏မျက်လုံးအစုံလည်း ပြူးကျယ်၍နေပေသည်။

ညသိုင်းသမား အဘယ်ကြောင့် ဤမျှထိတ်လန့်သွားရပါသနည်း။

အကြောင်းမှာ...

ထိုက်ကျုံးဂိုဏ်းချုပ်ကြီး၏ ဝတ်ရုံပေါ်၌ အလွန်တရာ ထူးခြားဆန်းကြယ်လှသော ပန်းချည်းတစ်ခုကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

သူ၏အပြုအမူကို မြင်တွေ့လိုက်ရသော အခြားသိုင်းသမားများသည် သူစိုက်ကြည့်နေရာ ထိုက်ကျုံးဂိုဏ်းချုပ်ကြီး၏ ဝတ်ရုံဆီသို့ ဝိုင်းဝန်းကြည့်လိုက်ကြသည်။

ထိုအခါ...

"ဟင်"

"ဟာ"

အားလုံးသောလူများသည် ထခုန်မိမတတ် ထိတ်လန့်တုန်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်သွားကြလေသည်။

သူတို့ မြင်တွေ့လိုက်ရသော အရာကား...။

◆ ◆ ◆

"ဟာ"

ထိတ်လန့်တုန်လှုပ်စွာ ထွက်ပေါ်လာသော ညသိုင်းသမား၏အသံကြောင့် အားလုံးသောလူများသည် သူ့အား တအံ့တဩ လှည့်ကြည့်မိလိုက်ကြလေသည်။

ညသိုင်းသမား၏ မျက်လုံးအစုံသည် ထိုက်ကျုံးဂိုဏ်းချုပ်ကြီးကျင်းစု၏ ဝတ်ရုံပေါ်သို့ စိုက်ကြည့်နေသည်ကို တွေ့ရသည်။

အားလုံးသောလူများသည် ညသိုင်းသမား စိုက်ကြည့်နေရာသို့ စိတ်ဝင်စားစွာ လိုက်လံကြည့်ရှုမိကြလေသည်။

ထိုအခါ...

အားလုံးသောလူများ၏ မျက်နှာသည် အံ့ဩထိတ်လန့်သာအရိပ်အယောင်များ ယှက်သမ်းသွားခဲ့ရလေတော့သည်။

ထိုက်ကျုံးဂိုဏ်းချုပ်ကြီးသည် အားလုံးက မိမိအား စိုက်ကြည့်နေကြသည်ကို တွေ့ရသောအခါ ကြောင်အမ်းအမ်း ဖြစ်သွားလသည်။

"ဘာတွေ ဖြစ်နေလို့လဲ"

ဟုလည်း မေးလိုက်သည်။



သို့သော်...

မည်သူတစ်ဦးတစ်ယောက်ကမျှ အဖြေမပေးပါချေ။

သူ၏ကိုယ်ပေါ်ရှိ ဝတ်ရုံကိုသာ တအံ့တဩ ကြည့်ရှုနေကြလေသည်။

ထိုက်ကျုံးဂိုဏ်းချုပ် မအောင့်အည်းနိုင်တော့ပါ။

ကပျာကယာပင် ကိုယ့်ကိုယ်ကို ငုံ့ကြည့်လိုက်မိတော့သည်။

ယင်းသို့ ငုံ့ကြည့်မိသည်နှင့် တပြိုင်နက်...

"ဟင်"

သူ၏နှုတ်မှ လွတ်ခနဲ အသံထွက်သွားသည်။

သူ၏မျက်နှာတစ်ခုလုံးမှာလည်း ရုတ်ခြည်းဆိုသလို ဖြူဖပ်ဖြူရော် ဖြစ်သွားရလေသည်။

အကြောင်းမှာ...

သူ၏ဝတ်ရုံပေါ်တွင် အရိုးဆံထိုးတစ်ချောင်း ထိုးစိုက်ထားသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ထိုက်ကျုံးဂိုဏ်းချုပ်သည် တုန်ယင်သော လက်ချောင်းများဖြင့် ဆံထိုးအားနှုတ်ယူလိုက်၏။

ထို့နောက် သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။

ဆံထိုးပေါ်၌ အနီရောင်ဘီလူးတစ်ကောင်ပုံ ရုပ်လုံးဖော်ထားသည်ကို တွေ့မြင်လိုက်ရလေသည်။

ဘီလူးရုပ်သည် အသက်ရှိကဲ့သို့ ထင်မှတ်ရလောက်အောင် ပန်းပုလက်ရာ မြောက်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆံထိုးအား တွေ့မြင်လိုက်ရသောအခါ...

"အရိုးဆံထိုး"

ထိုက်ကျုံးဂိုဏ်းချုပ် အော်လိုက်မိ၏။

သူ၏အသံ တုန်ယင်နေသည်။

ထို့အတူ သူ၏မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော်ဖြစ်ကာ သွေးရောင်ပင် မရှိတော့ချေ။

သိုင်းလောကသားများမှာလည်း အာစေးမိသူများပမာ မျက်လုံးအပြူးသားဖြင့်သာ ကြည့်နေကြပေသည်။

ထိုဆံထိုးသည် သိုင်းလောကသားများက ကြားရရုံဖြင့် ထိတ်လန့်တုန်လှုပ်ရသော အရိုးဆံထိုးဖြစ်နေသည် မဟုတ်ပါလား။

သိုင်းလောကနာမည်ကြီး အရိုးဆံထိုးသည် ထပ်မံပေါ်ပေါက်လာပြန်ချေပြီတည်း။

◆ ◆ ◆

ပတ်ဝန်းကျင်တစ်ခုလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်နေ၏။

လူများအားလုံး၏ နဖူးပေါ်တွင် ချွေးများစို့နေကြလေသည်။

မည်သူမျှ စကားပြောရန် သတိမရကြပေ။

အာစေးမိသူများပမာ အရိုးဆံထိုးအား ပြူးကြောင်ကြောင်



ဖြင့် ကြည့်နေကြသည်။

သိုင်းလောကတွင် သေမင်းတမာန်သဖွယ် သကာင်းကြီးနေသော အရိုးဆံထိုးအား နဖူးတွေ့ဒူးတွေ့မြင်တွေ့နေကြရပြီ ဖြစ်သည်။

ထိုက်ကျုံးဂိုဏ်းချုပ်ကြီးသည် သွေးဘီလူး၏ အထိမ်းအမှတ် အရိုးဆံထိုးအား ဆုပ်ကိုင်ထားသည်။

ယင်းသို့ ဆုပ်ကိုင်ထားရင်းမှ ထိုက်ကျုံးဂိုဏ်းချုပ်ကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ အနည်းငယ် တုန်တုန်ယင်ယင်ဖြစ်လာသည်ကို တွေ့ရသည်။

အားလုံးသောလူများသည် သွေးဘီလူးက ထိုက်ကျုံးဂိုဏ်းချုပ်ကြီးကိုပါ စိန်ခေါ်လိုက်သည်ကို တွေ့မြင်ရသောအခါ များစွာထိတ်လန့်အံ့ဩ ကြလေတော့သည်။

စကားပြောရန်ပင် သတိမရကြတော့ချေ။

ထိုက်ကျုံးဂိုဏ်းသည် သိုင်းလောကတစ်ခုလုံးကို ဦးဆောင်ဦးရွက်ပြုနေသော ဂိုဏ်းအဖွဲ့ကြီးတစ်ခုဖြစ်သည်။

ထို့အပြင်...

ထိုက်ကျုံးဂိုဏ်းတွင် ထိပ်တန်းသိုင်းသမားများ မရေတွက်နိုင်အောင် အများအပြားရှိသည်။

ဤသည်ကို သိုင်းလောကသားအားလုံး သိရှိထားကြလေသည်။

ယခု...

သွေးဘီလူးက အမှုမထား ထိပ်သီးဂိုဏ်းဖြစ်သော ထိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျုံးဂိုဏ်းကိုပါ စိန်ခေါ်လိုက်ခြင်းဖြစ်ရာ အလွန်အံ့သြတုန်လှုပ်ဖွယ်ရာကောင်းသော လုပ်ရပ်တစ်ခုပင် ဖြစ်ပေတော့သည်။

အချိန်များ ကုန်မှန်းမသိ ကုန်ဆုံးသွားသည်။

ထိုက်ကျုံးဂိုဏ်းချုပ် ပင့်သက်ရှိုက်လိုက်သည်။

သူသည် အတတ်နိုင်ဆုံး စိတ်ကိုချုပ်တည်းထားလိုက်၏။

ထို့နောက်...

အေးဆေးတည်ငြိမ်သော လေသံဖြင့်...

"ကျုပ်တို့ ထိုက်ကျုံးဂိုဏ်းဟာ အများအကျိုးဆောင်ရွက်တဲ့ ဂိုဏ်းဆိုတာ လူတိုင်းသိထားပါတယ်"

အားလုံးပင် ခေါင်းညိတ်ပြလိုက်ကြ၏။

ထိုက်ကျုံးဂိုဏ်းချုပ်ကြီးက...

"ကျုပ်တို့ ထိုက်ကျုံးဂိုဏ်းဟာ သွေးဘီလူးနဲ့ ဘယ်လိုရန်ငြိုးမှရှိခဲ့ဖူးတာ မဟုတ်ဘူး၊ အခုတော့ သွေးဘီလူးက ကျုပ်ကိုတိုက်ရိုက်စိန်ခေါ်နေပြီ၊ ကျုပ်တော့ ဘယ်လိုမှတွေးမရအောင် ဖြစ်နေမိပြီ"

ဟု ပြောလာသည်။

ထိုက်ကျုံးဂိုဏ်းချုပ်သည် မည်သို့မျှ စဉ်းစားမရဟန် ထင်ရှားနေသည်။

ညသိုင်းသမားက လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

ထို့နောက်...

နဖူးပေါ်မှချွေးများကို အသာအယာသုတ်ကာ...

"ဟုတ်ပါတယ်ဗျာ၊ ဘယ်လိုကြောင့်ဖြစ်ရတယ်ဆိုတာ ကျွန်



တော်တို့လည်း မတွေးတတ်အောင်ပဲ"

သူက မေးစေ့ကို လက်ဖြင့်ပွတ်ကာ...

"တစ်ခုတော့ ရှိတယ်"

ထိုက်ကျုံးဂိုဏ်းချုပ် ခေါင်းထောင်လာ၏။

ညသိုင်းသမားအား စိုက်ကြည့်ကာ...

"ဘာများလဲ"

ဟု မေးလိုက်သည်။

ညသိုင်းသမားက...

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဂိုဏ်းချုပ်ကြီးကို အကြံပေးချင်လို့ပါ"

ထိုက်ကျုံးဂိုဏ်းချုပ်က ခေါင်းညိတ်လိုက်၏။

"ပြောပါ"

ညသိုင်းသမားက တွေးတွေးဆဆဖြင့်...

"ဂိုဏ်းချုပ်ကြီးဟာ အခုချက်ချင်း ထိုက်ကျုံးဂိုဏ်းဌာနချုပ်ကိုအမြန်ဆုံးပြန်သွားစေချင်တယ်၊ ဌာနချုပ်ကို ပြန်ရောက်တဲ့အခါကျမှ သွေးဘီလူးကို ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ စီစဉ်သင့်ပါတယ်"

ညသိုင်းသမား၏ ဝင်ရောက်အကြံဉာဏ်ပေးမှုကို အားလုံးပင် သဘောကျသွား၏။

ထိုက်ကျုံးဂိုဏ်းချုပ်လည်း ခေါင်းတညိတ်ညိတ်ဖြင့် သက်ခံလိုက်၏။

"ဟုတ်တယ်၊ ဒါဟာ အလုပ်သင့်ဆုံးနည်းလမ်းနဲ့ သိပ်ကောင်းတဲ့အကြံပဲ"

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏အကြံပေးမှုအား လက်ခံလိုက်၍ ညသိုင်းသမား ဝမ်းသာသွားလေသည်။

ထိုက်ကျုံးဂိုဏ်းချုပ် ထရပ်လိုက်၏။

ထို့နောက်...

အားလုံးကို တစ်ချက်ဝေ့ကြည့်ကာ...

"သုံးရက်အတွင်း သွေးဘီလူး ရောက်လာမှာ သေချာတယ်၊ ခင်ဗျားတို့အားလုံး လာနိုင်မယ်ဆိုရင် ကျုပ်ရဲ့ဌာနချုပ်ကို လာခဲ့ကြပါလို့ ကျုပ်က ဖိတ်ခေါ်လိုက်ပါတယ်"

ညသိုင်းသမား လက်နှစ်ဘက်ဆုပ်လိုက်သည်။

"ဟုတ်ကဲ့ခင်ဗျာ၊ သုံးရက်အတွင်း ကျွန်တော်တို့ လာခဲ့ပါ့မယ်"

ဟု ကတိပေးလိုက်၏။

ထိုက်ကျုံးဂိုဏ်းချုပ် ကျေနပ်သွားသည်။

သူက အားလုံးကို နှုတ်ဆက်လိုက်၏။

ထို့နောက်...

ထိုက်ကျုံးဂိုဏ်းချုပ်သည် ဌာနချုပ်ရှိရာသို့ ခြေလှမ်းသုတ်သုတ်ဖြင့် အမြန်ဆုံး ပြန်လည်ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆



## လျှို့ဝှက်ချက်နှင့်ကတိ

လေဝေ့ယမ်း တိုက်ခတ်လာသည်။

ဝန်းကျင်တစ်ခုလုံး အေးစိမ့်သွားသည်။

သို့သော်...

ရှောင်ဖုံး၏တစ်ကိုယ်လုံး ပူစပ်ပူလောင်ဖြစ်နေ၏။

နဖူး၌ ချွေးများပင် စို့ထွက်နေ၏။

သူက မျက်မှောင်ကြီးကြုတ်နေသည်။

တစ်စုံတစ်ရာ အလေးအနက်တွေးတောနေမှန်း သူ၏ပုံစံကိုကြည့်ရုံမျှဖြင့် သိသာနိုင်ပေသည်။

မှန်ပေသည်။

သူက အနီရောင်ဝတ် မိန်းကလေး၏သိုင်းကွက် အမေးကို ချေဖျက်ရန် စဉ်းစားနေခြင်းဖြစ်သည်။

စဉ်းစားလေ ခေါင်းခြောက်လာလေပင်။

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရလွန်းသောကြောင့် သူ၏ဦးခေါင်းတစ်ခုလုံး ပွင့်အန်ပေါက်ကွဲသွားမည်ကဲ့သို့ ခံစားလာရ၏။

အနီရောင်ဝတ် မိန်းကလေးပြောပြသည့် သိုင်းကွက်တစ်ကွက်အား အချိန်အတန်ကြာသည့်တိုင်အောင် သူက ပြန်လည်ချေပနိုင်စွမ်းမရှိခဲ့ပေ။

သူသည် နဖူးပေါ်မှချွေးများကို သုတ်လိုက်ပြီး...

"အင်း သူ ဘယ်သူများပါလိမ့်၊ သိုင်းပညာမှာတော့ အတော်ကို တော်တာပဲ၊ နောက်ပြီး ဒီမိန်းကလေးဟာ ဘာလို့များ သူနဲ့အတော်ကြီးတူနေရပါလိမ့်"

ရှောင်ဖုံးသည် အထက်ပါအတိုင်း တစ်ကိုယ်တည်း တွေးလိုက်မိသည်။

သူ၏မျက်လုံးအစုံကမူ အနီရောင်ဝတ် မိန်းကလေးအား ငေးစိုက်ကြည့်နေမိသည်။

မိန်းကလေးသည် ရှောင်ဖုံးက မိမိအား စိုက်ကြည့်နေသည်ကို တွေ့ရသဖြင့်...

"နေပါဦး၊ ရှင် ဘာဖြစ်လို့ ဒီလောက်စိုက်ကြည့်နေရတာလဲ၊ မဖြေနိုင်ရင်လည်း မဖြေနိုင်တဲ့အကြောင်း ဝန်ခံပြီး အရှုံးပေးလိုက်ပေါ့"

အနီရောင်ဝတ်ထားသော မိန်းကလေး၏ စကားကြောင့် ရှောင်ဖုံး၏မျက်နှာမှာ ရဲခနဲဖြစ်သွားသည်။

ရုတ်တရက်...



သူသည် မမျှော်လင့်ဘဲ သိုင်းကွက်တစ်ခုကို ဖြတ်ခနဲ သတိရလာ၏။

ချက်ချင်းပင်...

"အမုန်းလောကကို မည်သို့မေ့နိုင်မည်နည်း။"

ဟု လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

"ဟင်"

မိန်းကလေး တအံ့တသြဖြစ်သွားသည်။

ရှောင်ဖုံးကိုလည်း မော့ကြည့်လာသည်။

ထို့နောက်...

မိန်းကလေးသည် ကျေနပ်သွားဟန်ဖြင့် ပြုံးပြရင်း ခေါင်းညိတ်လိုက်သည်။

"ရှင် မဆိုးဘူး"

ဟု ချီးကျူးလိုက်၏။

တဆက်တည်းပင် မေးဆက်ပြကာ...

"ကဲ အခု ရှင့်အလှည့်"

ဟု သတိပေးလိုက်သည်။

ရှောင်ဖုံးက အနည်းငယ် စဉ်းစားလိုက်၏။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက ရှောင်ဖုံးထုတ်ဖော်မည့် သိုင်းကွက်ကို စိတ်ဝင်စားစွာ နားစွင့်နေသည်။

အတန်ကြာမှ ရှောင်ဖုံးက သိုင်းကွက်တစ်ကွက်အမည်ကို ရေရွတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လဝန်းပျောက်ကွယ်..ပန်းတွေကြွေ"

မိန်းကလေး ရတ်တရက် မဖြေနိုင်တော့ပါ။

မျက်မှောင်ကုပ်ကာ စဉ်းစားလိုက်၏။

မိန်းကလေး၏အသွင်မှာ ထိုသိုင်းကွက်အား ရတ်ခြည်းပြန်ဖြေရန် အခက်တွေ့နေပုံရသည်။

ထို့ကြောင့်...

ရှောင်ဖုံးက လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

မိန်းကလေးအား တဏောမျှပင်ဖြစ်စေ ဦးနှောက်အလုပ်ပေးထားနိုင်လျှင် သူကျေနပ်ပြီဖြစ်သည်။

သူ၏မျက်လုံးအစုံသည် မိန်းကလေး၏မျက်နှာပေါ်သို့ ထပ်မံရောက်ရှိသွားသည်။

မိန်းကလေး၏ရုပ်သွင်ကို ကြည့်ရသည်မှာ အလွန်အထက်တန်းကျသော မိသားစုထဲမှဖြစ်ဟန်တူသည်။

မိန်းကလေး၏ရုပ်သွင်သည် ပြည့်ရွှန်းသောလဝန်းကဲ့သို့ ကြည်လင်ဝင်းပနေလေသည်။

ဤမိန်းကလေး၏ရုပ်သွင်သည် သူကောင်းစွာ သိကျွမ်းခဲ့ဖူးသော မိန်းကလေးနှင့် လွန်စွာတူနေသည်။

ဤမိန်းကလေးနှင့် ရုပ်ချင်းဆင်သော မိန်းကလေးတစ်ဦးသည် သူ၏အသည်းနှလုံးထဲ၌ ကိန်းအောင်းခဲ့သည် မဟုတ်ပါလော။

သူ့နှလုံးသားအား လွှမ်းမိုးထားသည့် မိန်းကလေးသည် အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးနှင့် ရွှေးမရလောက်



အောင် ရုပ်ချင်းဆင်လှပေသည်။

အနည်းငယ်ကွာခြားသည်မှာ အနီရောင်ဝတ်စုံနှင့် မိန်းကလေးသည် သူ့ရင်ထဲမှ မိန်းကလေးထက် အသက် အနည်းငယ်ကြီးနေခြင်းပင်ဖြစ်သည်။

သူသည် တွေးရင်းတွေးရင်း ဝမ်းနည်းကြေကွဲလာလေသည်။

အကြောင်းမှာ...

သူမြတ်နိုးချစ်ခင်ခဲ့သော မိန်းကလေးသည် သူ့အားခွဲခွာ၍ အခြားသူ၏ ရင်ခွင်ထဲသို့ ဝင်ရောက်နားခိုခဲ့ပြီ ဖြစ်သောကြောင့်တည်း။

သူသည် ယခုအချိန်၌ အတွင်းဒဏ်ရာ ပြင်းထန်စွာရရှိထားသည့်အပြင် သူ၏နှလုံးသားတစ်ခုလုံးမှာလည်း ကြေမွပျက်ပြုန်းနေပြီဖြစ်သည်။

ဆိုးဝါးလှသော ကံကြမ္မာသည် သူ့ဘဝအား မည်မျှကြာအောင်နှိပ်စက်ကလူ ပြုနေသည်မသိ။

သူသည် ထိုသို့ငေး၍ စဉ်းစားနေစဉ်မှာပင် မိန်းကလေးက သူ၏သိုင်းကွက်အား ပြန်လည်ချေပရန် အခြားသိုင်းကွက်အမည်တစ်ခုကို ရေရွတ်လိုက်၏။

"နွေရာသီကုန်ဆုံးလို့ မိုးရာသီရောက်လာ"

ပြန်လည်ဖြေဆိုသော မိန်းကလေး၏သိုင်းကွက်အမည်ကို ကြားလိုက်ရသောအခါ ရှောင်ဖုံးသည် ထိုမိန်းကလေးအား များစွာ

www.burmeseclassic.com

www.burmeseclassic.com



လေးစားသွား၏။

အထင်လည်း ကြီးသွားမိသည်။

သူသည် မိန်းကလေးအားပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

"သိပ်ကောင်းတာပဲ၊ ကဲ ခင်ဗျားရဲ့ ဒုတိယသိုင်းကွက်ကို ပြောပေတော့"

မိန်းကလေးက ပြုံးလိုက်သည်။

"ကျွန်မရဲ့ ဒုတိယသိုင်းကွက်ကတော့...

"တံခါးပိတ်စဉ်းစားပါ"

ကောက်ကာငင်ကာ ပြောလိုက်သော မိန်းကလေး၏သိုင်းကွက်အမည်ကြောင့် ရှောင်ဖုံး မျက်မှောင်ကုပ်သွား၏။

သူသည် ပြန်လည်ချေပရန် သိုင်းကွက်များကို ခေါင်းငုံ့ကာ စဉ်းစားတွေးတော နေမိလေတော့သည်။

◆ ◆ ◆

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ရှောင်ဖုံး၏မျက်နှာ တစ်ခုလုံးမှာ ပို၍မည်းမှောင်လာ၏။

မိုးရွာခါနီး တိမ်ညိုအုံ့ဆိုင်းနေသကဲ့သို့ ဖြစ်သည်။

သိုင်းကွက်အဖြေကို သူမည်သို့မျှ စဉ်းစား၍မရခဲ့ချေ။

အတန်ကြာသွားတော့မှ မိန်းကလေးက ရှောင်ဖုံးကိုကြည့်ရင်း...



"ရှင် ရှုံးသွားပြီ"

ထိုစကားကြားလိုက်ရသည်နှင့် ရှောင်ဖုံး၏ တစ်ကိုယ်လုံး တုန်ခါသွားသည်။

သူ၏မျက်နှာ ရဲခနဲဖြစ်သွားသည်။

မိန်းကလေးက...

"အခု ရှင်ရှုံးသွားတဲ့အတွက် သိုင်းပဝါကို ကျွန်မ ယူသွားတော့မယ်"

သူမသည် ပြောပြီးသည်နှင့် ထိုနေရာမှ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်သည်။ သို့သော်...

"ခဏနေပါဦးဗျာ"

ရှောင်ဖုံးက ဟန့်တားလိုက်၍ မိန်းကလေး၏ခြေလှမ်းများ ရပ်တန့်သွားသည်။

"ရှင် ဘာပြောချင်သေးလို့လဲ"

ရှောင်ဖုံက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒီလိုပါ၊ တစ်လအတွင်း ကျုပ် ခင်ဗျားဆီကိုလာပြီး သိုင်းပဝါပြန်ယူချင်လို့ပါ၊ ဒါကြောင့် ခင်ဗျား ဘယ်မှာနေတယ်ဆိုတာ ကျုပ်ကို ပြောခဲ့ပါလား"

ရှောင်ဖုံး၏စကားကြောင့် မိန်းကလေး ပြုံးလိုက်သည်။

သူမသည် ရှောင်ဖုံးအား တစ်ချက်ကြည့်ရင်း...

"ရပါတယ်၊ ဒါပေမယ့် ရှင်တစ်ခုတော့ ကတိပေးရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံး မျက်မှောင်ကုပ်သွားပြီး မိန်းကလေးအား နားမလည်နိုင်သော အမူအရာဖြင့် ပြန်ကြည့်လိုက်မိသည်။

"ကျူပ် ဘာကတိပေးရမှာလဲဗျ"

မိန်းကလေးက သူ့အားစိုက်ကြည့်လိုက်ပြီး..

"တစ်လအတွင်းမှာ သိုင်းပဝါကို ရှင်ပြန်လာယူမယ်ဆိုရင် ကျွန်မ လိုက်လျောပါ့မယ်၊ ဒါပေမယ့် တစ်လအတွင်းမှာ ရှင်ဘယ်သူ့ကိုမှ မသတ်ရဘူး"

ရှောင်ဖုံး တွေဝေစဉ်းစားလိုက်၏။

အတော်လေးကြာမှ...

"ကတိပေးပါတယ်ဗျာ"

မိန်းကလေး ကျေနပ်သွား၏။

"ကောင်းပြီ၊ ကျွန်မက ယင်းယန့်စန်တောင်က မိုးလေတောင်ကြားမှာနေတယ်၊ အဲဒီကိုလာခဲ့ပါ၊ ဒါပေမယ့် ဘယ်သူ့ကိုမှ ကျွန်မနေရာကို မပြောပြရဘူး"

"စိတ်ချပါဗျာ"

မိန်းကလေးသည် ဘာမှမပြောတော့ဘဲ လျှင်မြန်စွာဖြင့် ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆



## ထိုက်ကျုံးဂိုဏ်း

အရိုးဆံထိုးသည် ထိုက်ကျုံးဂိုဏ်းချုပ်ကြီး၏လက်ထဲသို့ ရောက်ရှိခဲ့ပြီးနောက် ထိုသတင်းသည် သိုင်းလောကတစ်ခုလုံးသို့ တောမီးပမာ ပျံ့နှံ့သွား၏။

ထိုသတင်းသည် သိုင်းလောကတစ်ခုလုံးအား ဆူပွက်ဘုန်းလှုပ်သွားစေခဲ့သည်။

လူတိုင်းလူတိုင်းသည် ထိုကိစ္စကို စိတ်ဝင်စားလာကြသေသည်။

ထို့ကြောင့် သိုင်းလောကသားများသည် ထိုက်ကျုံးဂိုဏ်းတည်ရှိရာသို့ ဦးတည်ထွက်ခွာလာကြသည်။

ထိုသို့ဖြင့် တစ်ရက်နှစ်ရက်အတွင်းမှာပင် ထိုက်ကျုံးဂိုဏ်းအနီးတဝိုက်သို့ သိုင်းလောကသားများ စုဝေးရောက်ရှိလာကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အတင့်ရဲသော သွေးဘီလူးနှင့်သိုင်းလောက ထိပ်သီးထိုက်ကျုံးဂိုဏ်းတို့ ရင်ဆိုင်တွေ့ဆုံမည့်ပွဲကြီးပွဲကောင်းကို စောင့်မျှော်နေကြလေသည်။

ထိုက်ကျုံးဂိုဏ်း အဖွဲ့သားများသည်လည်း သွေးဘီလူး အချိန်မရွေး ရောက်ရှိလာမည်ကို တွန်းလှန်တိုက်ခိုက်ရန် နေ့ညမပြတ် တင်းကြပ်စွာ စောင့်ရှောက်ကြည့်ရှုနေကြလေသည်။

◆ ◆ ◆

အချိန်သည် တဖြည်းဖြည်း ကုန်လွန်သွားသည်။

သို့သော် သွေးဘီလူး၏ အရိပ်အယောင်ကိုပင် တွေ့မြင်ရခြင်းမရှိသေးချေ။

ဤသို့ဖြင့် တတိယမြောက်ညသို့ပင် ရောက်ရှိလာခဲ့လေတော့သည်။

ဝန်းကျင်တစ်ခုလုံးကို အမှောင်ထုက လွှမ်းမိုးထားသည်။

ထိုက်ကျုံးဂိုဏ်းမှ တစ်ချက်ထွက်ပေါ်လာသောအုန်းမောင်းခေါက်သံမှအပ ပတ်ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ၏။

သို့သော်...

ထိုက်ကျုံးဂိုဏ်းချုပ်၏ အတွင်းအပြင်၌မူ ထိုက်ကျုံးဂိုဏ်းအဖွဲ့သားများ၏ သွားလာလှုပ်ရှားနေသံကို ကြားနေရ၏။



သူတို့သည် မအိပ်မနေ စောင့်ကြပ်ခဲ့ရသည်မှာ ယနေ့ဝါဆိုလျှင် (၃)ရက်(၃)တိုင်တိုင် ရှိခဲ့ပြီဖြစ်သည်။

သို့ရာတွင် ယခုအချိန်အထိတိုင် တစ်စုံတစ်ရာထူးခြားခဲ့ခြင်းမရှိသေးပေ။

"ဒေါင်...ဒေါင်"

အုန်းမောင်းခေါက်သံ နှစ်ချက်တိတိ ထွက်ပေါ်လာပြီဖြစ်သည်။

သို့သော် သွေးဘီလူး၏ အရိပ်အယောင်ကို မတွေ့ရသေးချေ။

မည်သို့ပင်ဖြစ်စေကာမူ ထိုက်ကျုံးဂိုဏ်းသားများနှင့် တာဝန်ရှိ ဌာနခွဲမှူးများသည် သူ့အစုနှင့်သူ အဖွဲ့လိုက်ဖွဲ့ကာ ကင်းလှည့်နေကြဆဲဖြစ်သည်။

ထိုစဉ်မှာပင် အနီရောင်လူရိပ်တစ်ခုသည် လေးမှလွှတ်သောမြှား၏ လျင်မြန်ခြင်းမျိုးဖြင့် ထိုက်ကျုံးဂိုဏ်းအနီးသို့ ချဉ်းကပ်ဝင်ရောက်လာလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အနီရောင်လူရိပ်သည် လျှပ်စီးလက်သကဲ့သို့ လျင်မြန်စွာဖြင့် ထိုက်ကျုံးဂိုဏ်းဌာနချုပ်သို့ ချဉ်းကပ်ဝင်ရောက်လာလေတော့သည်။

ထိုလူရိပ်သည် ထိုက်ကျုံးဂိုဏ်းအနီးသို့ ရောက်လာသောအခါ တံခါးဘောင်ကို မော့ကြည့်လိုက်သည်။

တံခါးမကြီးဘောင်ပေါ်တွင် ရွှေစာလုံးဖြင့် 'ထိုက်ကျုံးဂိုဏ်း' ဟူသောအမည်ဖြင့် ဆိုင်းဘုတ်ကို ချိတ်ဆွဲထား၏။

အနီရောင်လူက ထိုဆိုင်းဘုတ်ကို မော့ကြည့်လိုက်ပြီး မထီမဲ့မြင်ပြုံးလိုက်လေသည်။

သူသည် ယင်းသို့ပြုံးလိုက်ပြီးနောက် ပေါ့ပါးသွက်လက်စွာဖြင့် အုတ်နံရံပေါ် ခုန်တက်လိုက်သည်။

ထို့နောက် ထိုက်ကျုံးဂိုဏ်းအတွင်းသို့ ခုန်ဆင်းသွားပြီး သီးခြားအဆောင်တွင်းသို့ ပြေးဝင်သွားလေသည်။

ထိုသီးခြားအဆောင်သည် လက်ရှိဂိုဏ်းချုပ်ကြီးကျင်းစုနေထိုင်သောနေရာပင် ဖြစ်သည်။

ထူးခြားသည်မှာ ကင်းလှည့်နေကြသော ထိုက်ကျုံးဂိုဏ်းသားများနှင့် အဖွဲ့ခေါင်းဆောင်များသည် ထိုအနီရောင်လူရိပ်အားလုံးဝမတွေ့မြင်ကြဘဲ ရှိနေခြင်းဖြစ်သည်။

အနီရောင်လူရိပ်သည် သီးခြားအဆောင်ရှိရာသို့ ပြေးလွှားဝင်ရောက်သွားခိုက်မှာပင် အုန်းမောင်းခေါက်သံ(၃)ချက် ကြည်လင်



ပြတ်သားစွာ ထွက်ပေါ်လာလေတော့သည်။

"ခေါင်...ခေါင်...ခေါင်"

အုန်းမောင်းခေါက်သံ (၃)ချက်တိတိ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် ကင်းလှည့်နေသော ထိုက်ကျုံးဂိုဏ်းသားများနှင့် အဖွဲ့ခေါင်းဆောင်များသည် ကင်းလှည့်နေရာမှ အားလုံးရပ်တန့်သွားကြသည်။

ထို့နောက် ကြိုတင်စီစဉ်ထားသည့်အတိုင်း လူချင်းလဲလှယ်ခါ တာဝန်ကျရောက်သည့်နေရာ၌ အသီးသီးတာဝန်ယူစောင့်ကြပ်နေကြပြန်လေသည်။

ထိုစဉ် အနီရောင်လူရိပ်သည် အမှောင်ထုမှ ထွက်ပြေးလာပြီး သီးခြားအဆောင်ရှိရာသို့ ဆက်လက်ပြေးလွှားသွားလေသည်။

သီးခြားအဆောင်အနီးသို့ ရောက်ရှိလာသည့်အခါတွင် အနီရောင်လူရိပ်သည် ရုတ်ခြည်းဆိုသလို တုံ့ခနဲ ရပ်သွားလေသည်။

အကြောင်းမှာ...

လိမ္မော်ရောင်ဝတ်စုံနှင့် လူတစ်ဦးသည် ပုန်းကွယ်နေရာမှ ထွက်လာပြီး အနီရောင်လူရိပ်အား ဟန့်တားပိတ်ဆို့ထားလိုက်သောကြောင့်ဖြစ်သည်။

ထိုသူ၏ဝတ်စုံကြောင့် ထိုသူသည် အဖွဲ့ခွဲခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း သိသာလေသည်။

"ဟေ့လူ အချိန်မတော် ထိုက်ကျုံးဂိုဏ်းထဲ ခိုးဝင်လာတာ ဘာလုပ်မလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



အနီရောင်လူရိပ်သည် ခြေလှမ်းရပ်တန့်သွားပြီး အဖွဲ့ခွဲခေါင်းဆောင်အား ကြောင်အမ်းအမ်း လှမ်းကြည့်လိုက်မိသည်။

အတန်ကြာမှ အနီရောင်လူရိပ်သည် အေးတိအေးစက်ဖြင့် ရယ်မောလိုက်လေသည်။

"ဒီလောက်နာမည်ကြီးတဲ့ ထိုက်ကျုံးဂိုဏ်းဟာ ဘယ်လောက်အရည်အချင်းရှိတယ်ဆိုတာ သိချင်လို့ ကျုပ်ရောက်လာတာပါ"

အနီရောင်လူရိပ်၏ မယီမှဲ့မြင် စကားကြောင့် အဖွဲ့ခွဲခေါင်းဆောင်က သဘောကျစွာဖြင့် ပြန်လည်ပြုံးပြလိုက်လေသည်။

"ခင်ဗျားက သွေးဘီလူးထင်ပါရဲ့"

"ဟုတ်ပါတယ်"

အနီရောင်လူရိပ်၏စကားကြောင့် အဖွဲ့ခွဲခေါင်းဆောင်သည် မျက်လုံးများပြူးကျယ်သွားသည်။

**အတန်ကြာမှ အနီရောင်လူရိပ်အား မျက်စမှုန်ကုပ်၍ ကြည့်ကာ...**

"သြော်..ခင်ဗျားက သွေးဘီလူးဆိုတာကိုး၊ ခင်ဗျား ကျူးလွန်ခဲ့တဲ့အပြစ်တွေက များလှပြီ၊ ရပ်တန်းကရပ်ပါလို့ ကျုပ်တို့ မေတ္တာရပ်ခံပါတယ်"

သွေးဘီလူးက မဲ့ပြုံးပြုံးလိုက်သည်။

သူ၏မျက်လုံးအစုံသည် တင်းမာခက်ထန်စွာဖြင့် ပြူးကျယ်တောက်ပနေလေသည်။



သူသည် အံတစ်ချက်ကြိတ်ရင်း...

အဖွဲ့ခွဲခေါင်းဆောင်အား ရုတ်တရက် စတင်တိုက်ခိုက်လိုက်လေသည်။

လျှပ်တပြက် တိုက်ခိုက်မှုကြောင့် အဖွဲ့ခွဲခေါင်းဆောင်မှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

သို့သော် သိုင်းလောက အတွေ့အကြုံရှိသူပီပီ ကမန်းကတန်း ရှောင်တိမ်းနိုင်ခဲ့သည်။

သွေးဘီလူးသည် အံတစ်ချက်ကြိတ်ကာ ဓားကိုဆွဲထုတ်လိုက်သည်။

"ကျုပ်ကို ရှောင်တဲ့လူဟာ အသက်ချမ်းသာရာရလိမ့်မယ်၊ ကျုပ်ကိုပြန်ပြီး တိုက်ခိုက်တဲ့လူကတော့ သေရလိမ့်မယ်"

သွေးဘီလူးသည် ယင်းသို့ပြောပြီး ဓားကိုဝှေ့ယမ်းကာ ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

**အဖွဲ့ခွဲခေါင်းဆောင်သည် နောက်သို့လှည့်၍ ရှောင်တိမ်း** ပေးလိုက်၏။

ထို့နောက်...

လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

အဖွဲ့ခွဲခေါင်းဆောင်က ယင်းသို့ လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်နှင့် အမှောင်ထုထဲတွင် ပုန်းကွယ်နေသော ထိုက်ကျုံးဂိုဏ်းသား(၄)ယောက်သည် အလျှိုအလျှို ထွက်ပေါ်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် သွေးဘီလူးထံ လျှောက်လှမ်းလာကြသည်။

ထိုအချိန်မှာပင် နောက်ထပ် ထိုက်ကျိုးဂိုဏ်းသား (၁၄) ယောက်တို့သည်လည်း လက်နက်ကိုယ်စီကိုင်ဆောင်လျှက် သွေးဘီလူးထံ ချဉ်းကပ်လာကြပြီး ဝိုင်းရံထားလိုက်ကြလေတော့သည်။

♦ ♦ ♦

"ရှိုး..ရှိုး..ရှိုး"

သွေးဘီလူး၏ စူးရှသောအချက်ပေးသံသည် ဝန်းကျင်တစ်ခုလုံးကို ပွဲတင်ထပ်သွားသည်။

ထိုက်ကျိုးဂိုဏ်းအနီးတစိုက်၌ ပုန်းအောင်းနေကြသော သိုင်းသမားများ၏နားထဲသို့ပင် တိုးဝင်ရောက်ရှိလာသည်။

သူတို့အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။

ထိုက်ကျိုးဂိုဏ်းအဖွဲ့ချုပ်ထဲသို့ သွေးဘီလူးရောက်နေပြီဖြစ်ကြောင်း သိုင်းသမားအားလုံး နားလည်ရိပ်စားမိလိုက်လေသည်။

ယင်းသို့ ရိပ်စားနားလည်မိကြသည်နှင့် တပြိုင်နက် သူတို့သည် ထိုက်ကျိုးဂိုဏ်းဌာနချုပ်ဝင်းထဲသို့ ပြေးဝင်လာကြလေတော့သည်။ ထိုသိုင်းသမားများထဲ၌ ညသိုင်းသမားနှင့်မိုးထိတောင်သိုင်းသမားယိလိုတို့လည်း ပါဝင်လေသည်။

သူတို့(၂)ယောက်သည် ရှေးဦးစွာ ပြေးထွက်လာကြပြီး ထိုက်ကျိုးအဖွဲ့ချုပ်ဝင်းထဲသို့ ပြေးဝင်လာကြခြင်းဖြစ်သည်။



ထို့အပြင် လောင်မီးသိုင်းသမားသည်လည်း အသင့်ရောက်ရောက်ရှိနေကာ သူတို့နှင့်အတူ ပြေးဝင်လိုက်ပါသွားလေသည်။

သူတို့သည် ထိုက်ကျိုးအဖွဲ့ချုပ်ဝင်းထဲသို့ ဝင်ရောက်မိကြသောအခါ ထိုက်ကျိုးဂိုဏ်းမှ အဖွဲ့ခွဲခေါင်းဆောင်နှင့် ထိုက်ကျိုးဂိုဏ်းသားတို့သည် သွေးဘီလူးအား အထပ်ထပ်ဝိုင်းရံထားသည်ကို တွေ့ရလေသည်။

ထိုမြင်ကွင်းကို မြင်တွေ့လိုက်ရသောအခါ ယိလို သက်ပြင်းချလိုက်သည်။

"ဒီတစ်ခါတော့ သွေးဘီလူး အတွက်မှားသွားပြီ"

ယိလိုမှာ မှတ်ချက်ချသလိုနှင့် ပြောလိုက်သည်။

ညသိုင်းသမားက သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဟုတ်တယ်၊ ထိုက်ကျိုးဂိုဏ်းလို ထိပ်သီးဂိုဏ်းကိုမှလာပြီး စိန်ခေါ်တာကိုး ဗျ၊ ဒုက္ခမရောက်ဘဲ ဘယ်နေပါ့မလဲ"

ထိုစဉ်မှာပင် အေးစိမ့်သောအသံတစ်သံက သူတို့နောက်မှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ကျုပ်က ဘာဖြစ်လို့ ဒုက္ခရောက်ရမှာလဲ"

ထိုစကားကြားလိုက်ရသောအခါ လောင်မီးသိုင်းသမားနှင့် ညသိုင်းသမားတို့သည် ရင်ထိတ်သွားကြကာ နောက်သို့လှည့်ကြည့်လိုက်မိသည်။

သူတို့နောက်တွင် တစ်ကိုယ်လုံး အနီရောင်ဝတ်ဆင်ထားပြီး ဓာပဝါအနီရောင်ကို မျက်နှာပေါ်၌ ဖုံးအုပ်ထားသည့်လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ သိုင်းလောကတွင် နာမည်ကြီးကြားရုံနှင့် ထိတ်လန့်တုန်လှုပ်သွားရသော သွေးဘီလူးပင် ဖြစ်လေတော့သည်။

သူ့အား ရုတ်တရက် တွေ့မြင်လိုက်ရသောအခါ လောင်မီးသိုင်းသမားနှင့် ညသိုင်းသမားတို့၏မျက်နှာတစ်ခုလုံးသည် ထိတ်လန့်အံ့ဩမှုကြောင့် ထူအမ်းသွားရလေတော့သည်။

သူတို့၏မျက်လုံးအစုံသည် ထိုက်ကျိုးဂိုဏ်းသားများ အထပ်ထပ်ဝိုင်းရံထားသော သွေးဘီလူးထံသို့ ရောက်ရှိသွားသည်။

တဖန် သူတို့နောက်မှလူအား လှည့်ကြည့်မိသည်။

သူတို့၏ရင်ထဲတွင် ထိတ်လန့်အံ့ဩမှုဖြင့် လှုပ်ရှားသွားရသလိုပင် သူတို့၏ဦးခေါင်းတစ်ခုလုံးမှာလည်း အတွေးများဖြင့် ချာချာလည်သွားရတော့သည်။

အကြောင်းမှာ သူတို့သည် တစ်ချိန်တည်း တပြိုင်တည်း၌ သွေးဘီလူး(၂)ယောက်အား တွေ့လိုက်ရသောကြောင့် ဖြစ်ပေသည်။

◆ ◆ ◆



## ဘီလူးနှစ်ယောက်

အားလုံးသော သိုင်းသမားများသည် သွေးဘီလူးနှစ်ယောက်အား အံ့ဩစွာဖြင့် တစ်လှည့်စီကြည့်မိကြသည်။

လောင်မီးသိုင်းသမားက သူ့ရှေ့တွင်ရပ်နေသော သွေးဘီလူးအား မယုံသင်္ကာလှမ်းကြည့်လိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ"

လောင်မီးသိုင်းသမား၏ အမေးစကားကြောင့် သူ့ရှေ့ရှိ သွေးဘီလူးက တဟားဟား ရယ်မောလိုက်လေသည်။

"ကျုပ်က သွေးဘီလူးဆိုတာ မေးဖို့လိုသေးသလား"

လောင်မီးသိုင်းသမားသည် ကြောင်အမ်းအမ်းဖြစ်သွားကာ ထိုက်ကျိုးဂိုဏ်းသားများ ဝိုင်းရံထားသည့် သွေးဘီလူးဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဟိုမှာလည်း သွေးဘီလူးတစ်ယောက်ပါလား၊ ခင်ဗျားတို့နှစ်ယောက်စလုံး သွေးဘီလူးတော့မဖြစ်နိုင်ဘူး၊ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကတော့ သွေးဘီလူး အတုပဲဖြစ်ရမယ်”

လောင်မီးသိုင်းသမားသည် ညသိုင်းသမားအား လှည့်ကြည့်လိုက်သည်။

ညသိုင်းသမားကလည်း ယိလုံအား လှည့်ကြည့်လိုက်လေသည်။ ယိလုံ မသိမသာ ခေါင်းညိတ်ပြသည်။

ထိုစဉ် လောင်မီးသိုင်းသမားက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး...

“ကဲ အတုလား၊ အစစ်လားသိရအောင် ကျူပ် ခွဲခြားပြမယ်”

လောင်မီးသိုင်းသမားသည် ပြောပြောဆိုဆိုဖြင့် လက်ဝါးနှစ်ဘက်ဆန့်ထုတ်ကာ သွေးဘီလူး၏ရင်ဝသို့ တွန်းထုတ်လိုက်လေသည်။

တစ်ချိန်တည်းမှာပင် ညသိုင်းသမားနှင့်ယိလုံတို့ကလည်း ညှပ်ပူးညှပ်ပိတ် ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

“ဟား..ဟား..ဟား”

သွေးဘီလူးက ရယ်မောလိုက်လေသည်။

သူသည် ယင်းသို့ ဟက်ဟက်ပက်ပက် ရယ်မောကာ တိုက်ခိုက်လာသော လောင်မီးသိုင်းသမားတို့၏ သိုင်းကွက်များကို အသာအယာပင် ရှောင်တိမ်းလိုက်လေသည်။

ထို့နောက် သူသည် သူ၏ခန္ဓာကိုယ်ကို တစ်ချက်မျှ လှုပ်ရှားလိုက်သည်နှင့် ရုတ်ခြည်းဆိုသလိုပင် လောင်မီးသိုင်းသမားတို့ လူစုနှင့် အတော်ဝေးဝေးနေရာသို့ ရောက်သွားလေသည်။



လောင်မီးသိုင်းသမားတို့လူစုသည် ထပ်မံတိုက်ခိုက်ရန် ထိုသူထံသို့ ထပ်ကြပ်မကွာ ပြေးလိုက်သွားကြသည်။

သို့သော် သွေးဘီလူးသည် တောအုပ်ထဲသို့ ပြေးဝင်သွားလေတော့သည်။

◆ ◆ ◆

ထိုက်ကျူးဂိုဏ်းသားများသည် သွေးဘီလူးအား အထပ်ထပ်ဝိုင်းရံထားလေသည်။

သိုင်းလောကတစ်ခုလုံးအား ထိတ်လန့်တုန်လှုပ်စေခဲ့သော သွေးဘီလူးအား ပြေးပေါက်မရှိအောင် ဝိုင်းဝန်းပိတ်ဆို့ထားလိုက်ကြပြီ ဖြစ်သည်။

ထို့ကြောင့် သွေးဘီလူးသည် ရှေ့မတိုးနိုင် နောက်မဆုတ်နိုင်ဖြစ်နေသည်။

သွေးဘီလူးသည် အထပ်ထပ်ဝိုင်းရံထားသော လူအုပ်ကြီးကိုကြည့်လျက် ချွေးပြန်လာသည်။

ထိုက်ကျူးဂိုဏ်းသားများကမူ သူ့အားဝိုင်းရံထားသည့် နယ်မြေအား တဖြည်းဖြည်းကျဉ်းမြောင်းလာစေရန် ရှေ့သို့ တရွေ့ရွေ့တိုးကပ်လာကြသည်။

ဝိုင်းရံထားသူများသည် တစ်စထက်တစ်စ သွေးဘီလူးနှင့် နီးကပ်လာခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးဘီလူးသည် အခြေအနေမဟန်တော့မှန်း သိရှိလိုက်သောကြောင့် လက်ဝါး(၃)ချက်တိတိ ရိုက်ထုတ်လိုက်သည်။

သို့သော် အထပ်ထပ် ဝိုင်းရံထားသူများအား သူမည်သို့ ထိုးဖောက်ပြေးနိုင်ပါမည်နည်း။

သွေးဘီလူး အကြံအိုက်သွားသည်။

ထိုက်ကျိုးဂိုဏ်းသားများသည် တဖြည်းတဖြည်း သူနှင့် ဝါးတစ်ရိုက်သာသာခန့် အကွာအဝေးသို့ ရောက်ရှိလာနေပြီဖြစ်သည်။

ထိုအခါ သွေးဘီလူးသည် ရုတ်တရက် အကြံတစ်ခုရလိုက်ပြီး လက်ဝါးတစ်ဘက်ကို ပါးစပ်နားကပ်၍ လေချွန်သကဲ့သို့ တရှိန်ရှိန် မှုတ်ထုတ်လိုက်လေသည်။

သူ၏အသံသည်စူးရှ၍ ကြောက်မယ်ဖွယ်ကောင်းလှပေသည်။

သူ့အား ဝိုင်းရံထားကြသော ထိုက်ကျိုးဂိုဏ်းသားများ များစွာထိတ်လန့်တုန်လှုပ်သွားကြလေသည်။

ယင်းသို့ ထိတ်လန့်တုန်လှုပ်ပြီး ကြောင်အမ်းအမ်းဖြစ်နေကြစဉ်...

"ဝုန်း"

ဟူသော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

ထိုအသံသည် ယမ်းပေါက်ကွဲသံဖြစ်သည်။

ယင်းပေါက်ကွဲမှုကြောင့် ထိုက်ကျိုးဂိုဏ်းသား(၃၀-၄၀)ခန့်



ဒဏ်ရာရပြီး အဝေးသို့ လွင့်စဉ်သွားကြသည်။

ယမ်းငွေ့များသည် ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံသွားလေတော့သည်။

အလိပ်လိုက်တက်လာသော ယမ်းငွေ့များကြားမှ စူးရှသောအော်ဟစ်သံများ ထိတ်လန့်တုန်လှုပ်သောအသံများ စသည်တို့သည် ဆူညံစွာထွက်ပေါ်လာလေတော့သည်။

ထိုက်ကျိုးသိုင်းအဖွဲ့ခေါင်းဆောင်သည်...

"အခြေအနေကို အခွင့်ကောင်းယူပြီး သွေးဘီလူး ထွက်ပြေးလိမ့်မယ်"

ဟု သတိပေးလိုက်လေသည်။

သို့သော် သူ၏သတိပေးမှုမှာ နောက်ကျသွားပြီဖြစ်သည်။

အကြောင်းမှာ ထိုသို့ရုတ်ရုတ်သဲသဲဖြစ်သွားသော အချိန်အတွင်းမှာပင် သွေးဘီလူးတစ်ယောက် ပျောက်ချင်းမလှ ပျောက်ကွယ်သွားသည်ကို သတိပြုမိလိုက်ကြသောကြောင့် ဖြစ်သည်။

သူတို့သည် သွေးဘီလူးနောက်သို့ ပြေးလိုက်သွားကြလေသည်။

သို့သော် သွေးဘီလူးအား မတွေ့ရဘဲ လောင်မီးသိုင်းသမားကို ဖေးဝိုင်လျက် ရပ်နေသည်ကို တွေ့ရလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



"မင်း အတော်ရက်စက်ပါလား၊ လောင်မီးသိုင်းသမား"

ယမ်းလုံးကြောင့် ညသိုင်းသမားက ဒေါသကြီးစွာဖြင့် လောင်မီးသိုင်းသမားအား အပြစ်တင်လိုက်သည်။

ယမ်းလုံးပေါက်ကွဲခဲ့သည့်နေရာ၌ ထိုက်ကျိုးဂိုဏ်းသားများသည် ဒဏ်ရာရရှိသောလူအချို့နှင့် သေဆုံးသွားသော အလောင်းများကို ရှင်းလင်းနေသည်။

ညသိုင်းသမား၏စကားကြောင့် ထိုက်ကျိုးသိုင်းသမားအချို့သည် လောင်မီးသိုင်းသမားအနီးသို့ ရောက်ရှိလာပြီး လောင်မီးသိုင်းသမားအား ဝိုင်းရံထားလိုက်ကြလေတော့သည်။

မကြာမီ ထိုက်ကျိုးဂိုဏ်းချုပ်ကြီးကျင်းစုသည် သူ၏သီးခြားအဆောင်မှ ထွက်လာပြီး လောင်မီးသိုင်းသမားအား စိုက်ကြည့်လိုက်လေသည်။

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်တို့လူတွေကို ရက်ရက်စက်စက် တိုက်ခိုက်ရတာလဲ"

လောင်မီးသိုင်းသမားသည် ဒဏ်ရာရရှိသွားသော ထိုက်ကျိုးဂိုဏ်းသားများနှင့် သေဆုံးသွားသော အလောင်းများကိုကြည့်ကာ ရင်ထဲ၌များစွာ ကြေကွဲဝမ်းနည်းသွားသည်။

သူ၏မျက်လုံးအိမ်မှ မျက်ရည်များပင် စီးကျလာသည်။

သူသည် တုန်ယင်အက်ကွဲသောအသံဖြင့်...

"ကျုပ်လက်ချက် မဟုတ်ပါဘူးဗျာ"

ထိုက်ကျိုးဂိုဏ်းချုပ်ကြီးက မျက်မှောင်ကုပ်လိုက်ပြီး လောင်



မီးသိုင်းသမားအား စေ့စေ့ကြည့်လိုက်သည်။

"ယမ်းလုံးဟာ ခင်ဗျားရဲ့ယမ်းလုံး မဟုတ်ဘူးလားဗျ"

ဂိုဏ်းချုပ်ကြီး၏ အမေးစကားကြောင့် လောင်မီးသိုင်းသမား ပို၍စိတ်မကောင်းဖြစ်သွားရသည်။

သူသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် အခုဖောက်ခွဲလိုက်တာ ကျုပ်မဟုတ်ဘူး"

လောင်မီးသိုင်းသမား၏ အဖြေစကားသည် ထိုက်ကျိုးဂိုဏ်းချုပ်ကြီးအား အံ့အားသင့်သွားစေသည်။

ဂိုဏ်းချုပ်ကြီး မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် အဲဒီယမ်းလုံးကို ဘယ်သူဖောက်ခွဲသွားတာလဲ"

"သွေးဘီလူးပါ"

လောင်မီးသိုင်းသမားသည် ယင်းသို့ပြန်ပြောလိုက်ပြီးနောက် ညသိုင်းသမားဘက် လှည့်လိုက်သည်။

"ကျုပ်ပစ်လိုက်တဲ့ ယမ်းလုံးနှစ်လုံးကို သွေးဘီလူးက ဖမ်းယူသွားတယ်ဆိုတာ ခင်ဗျားအမြင်ပဲ မဟုတ်လား"

ညသိုင်းသမားက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်..ဟုတ်တယ်၊ ဒါကို ကျုပ်ကိုယ်တိုင်မြင်လိုက်တာပဲ၊ ဒါဆိုရင် ယမ်းလုံးကိုဖောက်ခွဲလိုက်တာ သွေးဘီလူးပဲဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ရယ်မောသံတစ်သံက ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာလေတော့သည်။

လောင်မီးသိုင်းသမားနှင့် ညသိုင်းသမားတို့သည် မျက်လုံးများပြူးကျယ်သွားပြီး ရယ်မောသံထွက်ပေါ်လာရာသို့ လှည့်ကြည့်လိုက်ကြသည်။

"ညသိုင်းသမားပြောတာ မှန်ပါတယ်၊ စောစောက ပေါက်ကွဲသွားတဲ့ ယမ်းလုံးဟာ ကျူပ်ပစ်လိုက်တာပါ။ ဒါပေမယ့် ဒီယမ်းလုံးဟာ လောင်မီးသိုင်းသမားပိုင်တဲ့ ယမ်းလုံးဆိုတာကိုလည်း မှတ်ထားကြပါဦး"

လောင်မီးသိုင်းသမားနှင့် ညသိုင်းသမားတို့သည် ထိုစကားကြားလိုက်ရသောအခါ လွန်စွာခံပြင်းသွားကြသည်။

ထိုစဉ် အခြားသော ထိုက်ကျုံးဂိုဏ်းသားများသည် အသံရှင်ကို စိတ်ဝင်စားစွာ လှမ်းကြည့်လိုက်မိသည်။

လောင်မီးသိုင်းသမားနှင့် ဝါးနှစ်ရိုက်ခန့်အကွာ၌ တစ်ကိုယ်လုံး အနီရောင်ဝတ်ဆင်ထားသော လူနှစ်ယောက်အား တွေ့မြင်လိုက်ကြရလေသည်။

အားလုံးသောလူများ ပါးစပ်အဟောင်းသားဖြင့် တအံ့တသြဖြစ်သွားကြရလေတော့သည်။

"ဟင်..သွေးဘီလူး(၂)ယောက်ပါလား"

အားလုံးလိုလိုပင် အံ့သြလွန်းသောကြောင့် နှုတ်မှလွတ်ခနဲ့အော်လိုက်မိကြလေသည်။



ထိုက်ကျုံးဂိုဏ်းချုပ်ကျင်းစုကမူ တည်ငြိမ်သောအသံဖြင့် ထိုသူနှစ်ဦးအား လှမ်းပြောလိုက်သည်။

"ဒီမှာ မင်းတို့က ဘာဖြစ်လို့ ထိုက်ကျုံးဂိုဏ်းကိုလာပြီး ရန်ရှာရတာလဲ"

"ဟား..ဟား..ဟား"

သွေးဘီလူးနှစ်ယောက်စလုံး ပြိုင်တူရယ်မောလိုက်ကြလေသည်။

ထိုသို့ ရယ်မောလိုက်ပြီးနောက် သူတို့နှစ်ယောက်သည် ခန္ဓာကိုယ်ကို တစ်ချက်လှုပ်ယမ်းလိုက်ရာ သူတို့နှစ်ယောက်စလုံးသည် ထိုက်ကျုံးဂိုဏ်းခြံဝင်း အုတ်နံရံပေါ်ရောက်သွား၏။

ထို့နောက် တစ်ဘက်သို့ ခုန်ဆင်းသွားကြသည်။

ထိုက်ကျုံးဂိုဏ်းချုပ်ကြီး အပါအဝင် အားလုံးသောလူများသည် ကြောင်အမ်းအမ်းဖြစ်လျက် ကျန်ရစ်ခဲ့ကြလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



သွေးဘီလူးနှစ်ယောက်သည် ထိုက်ကျုံးအဖွဲ့ချုပ် ခြံဝင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြပြီ ဖြစ်လေသည်။

ထိုအခါ...

ထိုက်ကျုံးဂိုဏ်းချုပ်ကျင်းစုသည် လိုအပ်သည်များကို သူ၏တပည့်များအား ညွှန်ကြားအမိန့်ပေးပြီးနောက် သူနေထိုင်ရာ သီးသန့်အဆောင်သို့ ပြန်လည်ထွက်ခွာသွားလေသည်။

ညသိုင်းသမား၊ ယိလုံနှင့် လောင်မီးသိုင်းသမားတို့မှာ ငူငူကြီးရပ်လျက် ငေးငိုင်နေမိကြလေတော့သည်။

◆ ◆ ◆



ထိုက်ကျုံးဂိုဏ်းကြီးသည် ယခုအခါ၌ အစစအရာရာ ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိသွားပြီ ဖြစ်လေသည်။

ထိုက်ကျုံးဂိုဏ်းသားများနှင့် အဖွဲ့ခွဲခေါင်းဆောင်များသည် ဒဏ်ရာရသူများကို ဆေးဝါးကျွမ်းကျင်သည့် သမားတော်များရှိရာ အဆောင်သို့ သယ်ယူသွားကြလေသည်။

ထိုက်ကျုံးဂိုဏ်းသားအချို့မှာမူ သေဆုံးသွားသူသုံးယောက်၏ အလောင်းများကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။

ရှင်းလင်းမှုကိစ္စအရပ်ရပ်သည် မကြာမီ ပြီးဆုံးသွားသည်။

ထိုက်ကျုံးဂိုဏ်းတည်ရှိရာ ခြံဝင်းကြီးမှာလည်း အစစအရာရာငြိမ်သက်သွားပြီဖြစ်၍ အဖွဲ့ခေါင်းဆောင်များသည် မိမိတို့၏ အဆောင်ရှိရာသို့ အသီးသီးပြန်လည်ထွက်ခွာသွားကြကာ အနားယူလိုက်ကြလေသည်။

ထိုက်ကျုံးအဖွဲ့တည်ရှိရာ ခြံဝင်းတစ်ခုလုံးသည် ယခင်ကကဲ့သို့ ပုံမှန်ပြန်လည် တည်ငြိမ်တိတ်ဆိတ်သွားလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## လက်ဝါး

ကြက်တွန်သံများသည် အဆက်မပြတ် ထွက်ပေါ်လာလေသည်။

အခြေအနေအားလုံး ပြန်လည်ကောင်းမွန်သွားပြီဖြစ်၍ ထိုက်ကျုံးဂိုဏ်းတည်ရှိရာ ခြံဝင်းအပြင်ဘက်ရှိ သိုင်းသမားများသည် မိမိတို့နေရာအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

ညသိုင်းသမားနှင့်ယိလိုတို့မှာ နှစ်ညခန့် အိပ်ပျက်ထားသဖြင့် အိပ်ရာပေါ်လှဲချလိုက်သည်နှင့် တပြိုင်တည်းပင် အိပ်မောကျသွားလေတော့သည်။

ထိုစဉ်မှာပင် လူရိပ်တစ်ခုသည် သီးသန့်ဆောင်ဘက်သို့ ဦးတည်သွားနေသည်ကို မည်သူမျှ သိရှိလိုက်ခြင်းမရှိပေ။

ပို၍ထူးခြားသည်မှာ ထိုလူရိပ်၏ဝါး(၃)ရိုက်ခန့်အကွာ၌ အခြားလူရိပ်တစ်ခုက နောက်ယောင်ခံလိုက်နေခြင်းပင် ဖြစ်သည်။

သို့မဟုတ် ထိုသူသည် ရှေ့မှလူရိပ်နှင့်အတူ အဖော်အဖြစ် လိုက်ပါလာခြင်းလော။

◆ ◆ ◆



ရှူးရှသောအသံတစ်ခုသည် တိတ်ဆိတ်သောဝန်းကျင်တစ်ခုလုံးသို့ တမုဟုတ်ချင်း ပျံ့နှံ့သွားလေသည်။

ထိုအသံသည် ကျယ်လွန်းလှသည်မဟုတ်သော်လည်း သိုင်းပညာအဆင့်မြင့်သော ထိုက်ကျုံးဂိုဏ်း၏ လက်ထောက်ဂိုဏ်းချုပ်ဖြစ်သောပေ့ကျုံနှင့်ကျင်းပင်းတို့က ကြားလိုက်ရလေသည်။

သူတို့သည် မိမိတို့၏အခန်းမှ ပြိုင်တူပြေးထွက်လာကြပြီး အသံထွက်ပေါ်လာရာ သီးသန့်ဆောင်ဘက်သို့ အပြေးအလွှားထွက်ခွာလာကြလေသည်။

သူတို့သည် သီးသန့်ဆောင်ဘက်သို့ ရောက်လာကြသည်နှင့် သီးသန့်ဆောင် အခန်းတံခါးပွင့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထူးခြားသော အခြင်းအရာကြောင့်...

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အခန်းထဲသို့ ပြိုင်တူပြေးဝင်လိုက်ကြသည်။

အတွင်းသို့ ရောက်ရှိသွားသည်နှင့် သူတို့၏မျက်လုံးများသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

အကြောင်းမှာ သူတို့သည် ထိုက်ကျုံးဂိုဏ်းချုပ်ကြီးကျင်ဖေ့အား ကြမ်းပေါ်၌ ပုံပျက်ပန်းပျက် လဲလျောင်းအိပ်စက်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ဂိုဏ်းချုပ်ကြီး၏ နှုတ်ခမ်းမှလည်း သွေးများစီးဆင်းကျနေသည်ကို ထိတ်လန့်စွာ တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးကျင်းစုသည် တစ်စုံတစ်ယောက်၏လက်ချက်ကြောင့် ဒဏ်ရာရရှိကြောင်းကို လက်ထောက်ဂိုဏ်းချုပ်ပေ့ကျူး ချက်ချင်းသိလိုက်လေသည်။

သူသည် အနီးသို့ ချဉ်းကပ်သွားပြီး သွေးများရပ်တန့်သွားစေရန် ဂိုဏ်းချုပ်ကြီး၏သွေးကြောများကိုပိတ်မည့်ဟန် ပြင်လိုက်လေသည်။

ထိုစဉ် တည်ငြိမ်အေးစက်သော အသံတစ်သံ ထွက်ပေါ်လာလေသည်။

"သွေးကြောကို မပိတ်နဲ့"

သူ့နောက်မှလူတစ်ယောက်က ဝင်ရောက်ဟန့်တားလိုက်သည့်အသံကြောင့် လက်ထောက်ဂိုဏ်းချုပ်ပေ့ကျူးသည် သွေးကြောကို မပိတ်ဝံ့ဘဲ ကမန်းကတန်း နောက်သို့လှည့်ကြည့်လိုက်မိသည်။ မီးခိုးရောင်အင်္ကျီ ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်က အခန်းဝတွင်ရပ်နေသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရလေသည်။

ပေ့ကျူးက သူ့အား စေ့စေ့ကြည့်လိုက်သည်။

"မင်း ဘယ်သူလဲ"

မီးခိုးရောင်အင်္ကျီဝတ်ဆင်ထားသည့် လူငယ်သည် လက်ထောက်ဂိုဏ်းချုပ်အား ဦးညွှတ်၍အရိုအသေပေးလိုက်သည်။

"ကျွန်တော် ရှောင်ဖုံးပါ"

လက်ထောက်ဂိုဏ်းချုပ်ပေ့ကျူးက မကျေမနပ်ဖြင့် ရှောင်ဖုံးအားကြည့်လိုက်သည်။



ပြီးနောက် အနည်းငယ် ခက်ထန်မာကြောသောလေသံဖြင့်

"သီးသန့်ဆောင်ထဲကို ဂိုဏ်းချုပ်ကြီးရဲ့ ခွင့်ပြုချက်မရဘဲ မဝင်ရဘူး"

လက်ထောက်ဂိုဏ်းချုပ်ပေ့ကျူး၏ စကားကြောင့် ရှောင်ဖုံး ပြုံးလိုက်သည်။

သူသည် လက်ထောက်ဂိုဏ်းချုပ်အား တစ်ချက်လှည့်ကြည့်လိုက်ပြီး...

"ကျွန်တော်က ဝင်ချင်လို့ဝင်လာတာမှ မဟုတ်ဘဲ၊ ဂိုဏ်းချုပ်ရဲ့ဒဏ်ရာကို ကုချင်လို့ ဝင်လာခဲ့တာပါ"

ပေ့ကျူးသည် သူ့အား မျက်မှောင်ကြုတ်၍ကြည့်ကာ...

"ကျုပ်တို့ဂိုဏ်းချုပ်ကြီးဟာ မင်းရဲ့လက်ချက်ကြောင့် ဒဏ်ရာရသွားတာ မဟုတ်လား"

ရှောင်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော့်လက်ချက်ကြောင့် မဟုတ်ရပါဘူး"

ပေ့ကျူးက သူ့ထံသို့ တစ်လှမ်းလှမ်းလိုက်လေသည်။

ပြီးနောက် လွန်စွာခံပြင်းသော မျက်လုံးအစုံဖြင့် ရှောင်ဖုံးအား စိုက်ကြည့်လိုက်ကာ...

"ဒါဖြင့် ဘယ်သူ့လက်ချက်လဲ"

ရှောင်ဖုံးက စကားပြန်မပြောတော့ဘဲ ဂိုဏ်းချုပ်ကြီးထံသို့ ပြေးသွားပြီး ဝတ်ထားသောဝတ်ရုံအား ဆွဲဖြဲလိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ လျှင်မြန်လွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှ ဟန့်တားနိုင်ခြင်းမရှိခဲ့ချေ။

ထို့ပြင်...

ရှောင်ဖုံးသည် ဤမျှရဲတင်းလိမ့်မည်ဟု မျှော်လင့်မထားမိသောကြောင့် လက်ထောက်ဂိုဏ်းချုပ်နှစ်ယောက်စလုံးသည် ဟန့်တားရန်ပင် အချိန်မရလိုက်ချေ။

ရှောင်ဖုံး၏ အပြုအမူကြောင့် လက်ထောက်ဂိုဏ်းချုပ်နှစ်ယောက်သည် ဒေါသတကြီးဖြစ်သွားကာ ရှောင်ဖုံးအား စိုက်ကြည့်လိုက်ကြလေသည်။

"ဟေ့..မင်း..အဲဒါဘာလုပ်တာလဲကွ"

လက်ထောက်ဂိုဏ်းချုပ်၏အသံသည် အဆောင်တစ်ခုလုံးအား ဖုံးလွှမ်းသွားသည်။

ရှောင်ဖုံး ဦးညွှတ်လိုက်သည်။

"အရမ်းစိတ်မဆိုးပါနဲ့ဗျာ၊ ဂိုဏ်းချုပ်ကြီးရဲ့ဒဏ်ရာကို ကြည့်စမ်းပါဦး"

ရှောင်ဖုံး၏စကားကြောင့် လက်ထောက်ဂိုဏ်းချုပ်ပေ့ကျူနှင့်ကျင်းပင်းတို့သည် ဂိုဏ်းချုပ်ကြီးကျုင်းစု၏ရင်ပသို့ လှမ်းကြည့်လိုက်မိကြလေသည်။

ဂိုဏ်းချုပ်ကြီးကျုင်းစု၏ ရင်ဝတွင် နီရဲသောလက်ချောင်းရာနှစ်ခု ပေါ်လွင်ထင်ဟပ်နေသည်ကို အံ့သြစွာ တွေ့မြင်ရလေသည်။

"သွေးဘီလူး"

လက်ထောက်ဂိုဏ်းချုပ် နှစ်ယောက်စလုံးက ထိတ်လန့်ဟာ



ကြားပြိုင်တူ ရေရွတ်လိုက်ကြသည်။

ရှောင်ဖုံး ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ သွေးဘီလူးရဲ့ လက်ချက်ပါပဲ"

လက်ထောက်ဂိုဏ်းချုပ်ပေ့ကျူက ရှောင်ဖုံးအား လှည့်ကြည့်လိုက်သည်။

"ဒါနဲ့နေပါဦး၊ မင်းက ထိုက်ကျုံးဂိုဏ်းထဲကို ဘာကြောင့်ဝင်လာရတာလဲ"

ရှောင်ဖုံး ဦးညွှတ်လိုက်ပြီး...

"ဒီလိုပါဗျာ၊ ကျွန်တော်ဟာ ကိစ္စတစ်ခုနဲ့ ထိုက်ကျုံးခြံဝင်းထဲကို ဝင်လာခဲ့တာပါ။ အဲဒီလို ဝင်လာတုန်း ကျွန်တော့်ရှေ့မှာ သွေးဘီလူးကို တွေ့ရလို့ သူ့နောက်က ခြေရာခံပြီးလိုက်လာခဲ့တာပါ၊ ဒါပေမယ့် ခုလိုဖြစ်သွားတာကိုတော့ ကျွန်တော် ဘယ်လိုမှ မဟန့်တားနိုင်ခဲ့ဘူး"

လက်ထောက်ဂိုဏ်းချုပ်ပေ့ကျူနှင့် ကျင်းပင်းတို့သည်ထိုက်ကျုံးဂိုဏ်းချုပ်ကြီးအားကြည့်ကာ ဝမ်းနည်းကြေကွဲသွားကြလေသည်။

ရှောင်ဖုံးက လက်နှစ်ဘက်ဆုပ်၍ အရိုအသေပြုကာ...

"စိုးရိမ်မနေပါနဲ့ဗျာ၊ ကျွန်တော် ဂိုဏ်းချုပ်ကြီးကို ကုနိုင်ပါတယ်"

လက်ထောက်ဂိုဏ်းချုပ်ပေ့ကျူနှင့်ကျင်းပင်းတို့က ရှောင်ဖုံး၏စကားကို ကြားလိုက်ရသောအခါ စိတ်အားတက်ကြွလာခဲ့ကြလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် သူတို့သည် ရှောင်ဖုံးအားကြည့်ကာ မယုံရဲဖြစ်မိကြသည်။

"မင်း တကယ်ပြောနေတာလား"

လက်ထောက်ဂိုဏ်းချုပ်နှစ်ယောက်က အနည်းငယ် သံသယဝင်ဟန်ဖြင့် လှမ်းမေးလိုက်သည်။

သို့သော် သူတို့နှစ်ယောက်သည် ဂိုဏ်းချုပ်ကြီးအား ကယ်တင်နိုင်ရန်အတွက် ရှောင်ဖုံးကို အားကိုးမိကြသည်။

ရေနစ်သူသည် ကောက်ရိုးမျှင်ကိုပင် အားကိုးတကြီး ဖမ်းဆွဲတတ်သည် မဟုတ်ပါလော။

"တကယ်ပြောတာပါဗျာ၊ ဒါပေမယ့် ကျွန်တော့်ကိုလည်း အကူအညီတစ်ခု ပေးရလိမ့်မယ်"

ပေ့ကျုံ မျက်မှောင်ကုပ်သွားသည်။

ပေ့ကျုံသည် ရှောင်ဖုံးအား တစ်ချက်အကဲခတ်လိုက်ပြီး...

"မင်းက ဘာအကူအညီများ လိုနေလို့လဲ"

ရှောင်ဖုံးသည်ဦးညွှတ်လိုက်ပြီး...

"ဒီလိုပါဗျာ၊ ခင်ဗျားတို့ဂိုဏ်းမှာ လက်ညှိုးနှစ်ချောင်းသိုင်း သင်မယ့်လူရှိတယ် မဟုတ်လား"

ပေ့ကျုံသည် နားမလည်နိုင်သလိုဖြင့် ရှောင်ဖုံးအားကြည့်လိုက်သည်။ ပြီးမှ အသာအယာ ခေါင်းညိတ်ပြလိုက်သည်။

"ရှိတယ် ဘာလုပ်မလို့လဲ"

ရှောင်ဖုံးက ပြုံးလိုက်သည်။



"ရှိရင် ဒီပညာကို ကျွန်တော်လိုချင်လို့ပါ"

ပေ့ကျုံနှင့်ကျင်းပင်းတို့သည် ရှောင်ဖုံး၏စကားသံကြားလိုက်ရသောအခါ နှစ်ယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

သူတို့မျက်နှာပေါ်တွင် ဒေါသ အရိပ်အယောင်များ ရုတ်တရက်ယှက်သမ်းလာကြသည်။

သို့သော် သူတို့သည် ချက်ချင်းဆိုသလိုပင် ထွက်ပေါ်လာသော ဒေါသစိတ်ကို ပြန်လည် ချုပ်တည်းလိုက်ကြသည်။

အတန်ကြာမှ ပေ့ကျုံက ခေါင်းခါယမ်းလိုက်သည်။

"လက်ညှိုးနှစ်ချောင်းသိုင်းဟာ ထိုက်ကျုံးဂိုဏ်းရဲ့ လျှို့ဝှက်ထားတဲ့ သိုင်းပညာတစ်မျိုးပဲဖြစ်တယ်၊ ဒါကြောင့် ဒီလက်ညှိုးနှစ်ချောင်းသိုင်းကို ဘယ်သူ့မှ မပေးနိုင်ဘူး"

ပေ့ကျုံက ခါးခါးသီးသီး ငြင်းဆန်လိုက်သည်။

ရှောင်ဖုံးက ထပ်မံ၍ အလေးအနက် ပြောလိုက်သည်။

"ခင်ဗျားတို့ကို ကျွန်တော် ပြောပါရစေ၊ ဂိုဏ်းချုပ်ကြီးရဲ့ ဒဏ်ရာဟာ သွေးဘီလူးရဲ့ လက်ဝါးချက်မိသွားလို့ အတော်ပြင်းပြင်းထန်ထန် ခံစားနေရပါတယ်၊ ဒါကြောင့် တစ်နာရီထက်ကျော်သွားပြီး အချိန်မီ မကုသရင် ဂိုဏ်းချုပ်ကြီးရဲ့အသက်ကို ဘယ်လိုမှ ကယ်နိုင်မှာ မဟုတ်တော့ပါဘူး"

ပေ့ကျုံနှင့်ကျင်းပင်းတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် မည်သို့ဆိုးဖြတ်ရမည်မသိဘဲ အကြပ်ရိုက်သွားတော့သည်။ သူတို့နှစ်ယောက်၏ အမူအရာကိုကြည့်ပြီး ရှောင်ဖုံးပြုံးလိုက်သည်။

"ကျွန်တော် ကုနိုင်တယ်ဆိုတာ ခင်ဗျားတို့ မယုံဘူးလား"

ရှောင်ဖုံးသည်ထိုသို့ပြောပြီးသည်နှင့် သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ပြီးမှ စကားကိုဆက်လိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားတို့ ယုံကြည်သွားအောင် ကျွန်တော် လက်တွေ့ပြပါ့မယ်"

သူသည် ယင်းသို့ပြောပြီးသည်နှင့် ဂိုဏ်းချုပ်ကြီး၏ကိုယ်ခန္ဓာကို လက်ဝါးဖြင့် (၄-၅)ချက်ခန့် ရိုက်ပုတ်လိုက်လေသည်။

ပေ့ကျူနှင့်ကျင်းပင်းတို့သည် ရှောင်ဖုံး၏ရိုက်ဟန်ကိုကြည့်ကာ အနည်းငယ် အံ့အားသင့်သွားကြလေသည်။

အကြောင်းမှာ ရှောင်ဖုံး၏လက်အနေအထားသည် အဆင့်မြင့်သိုင်းသမားတစ်ဦး၏ လက်အနေအထားဖြစ်ကြောင်း တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ရှောင်ဖုံးက ပြုံးလိုက်ပြီး စကားဆက်လိုက်သည်။

"ကဲ ဂိုဏ်းချုပ်ကြီးကို နှလုံးငြိမ်ဆေး တိုက်လိုက်ပါ၊ သူ သတိရလာပါလိမ့်မယ်"

ပေ့ကျူနှင့်ကျင်းပင်းတို့သည် ချက်ချင်းဆိုသလိုပင် ဂိုဏ်းချုပ်ကြီးအား နှလုံးငြိမ်ဆေး တိုက်ကျွေးလိုက်လေသည်။



ရှောင်ဖုံး ပြုံးလိုက်သည်။

"တော်ကြာ ဂိုဏ်းချုပ်ကြီး သတိရလာပါလိမ့်မယ်၊ ဒါပေမယ့် (၁၅)ရက်အတွင်းမှာ နောက်ထပ်ကုသမှုမပေးရင်တော့ ဂိုဏ်းချုပ်ကြီးဟာ အသက်ရှည်နိုင်မှာမဟုတ်ပါဘူး။ (၁၅)ရက်ကျော်လွန်ပြီးမှ ကျွန်တော့်ကိုလာပြီး ဆေးကုခိုင်းရင် ကျွန်တော်လည်း ဘာမှ တတ်နိုင်မှာ မဟုတ်တော့ဘူး"

ပေ့ကျူသည် မည်ကဲ့သို့ ပြုလုပ်ရမည်ကို မတွေးတတ်နိုင်အောင်ဖြစ်သွားသည်။

ထို့ကြောင့် ကျင်းပင်းအား လှမ်းကြည့်လိုက်သည်။

ကျင်းပင်းသည်လည်း မည်သို့လုပ်ရမည်ကို မသိချေ။

သူတို့နှစ်ယောက် ဝေခွဲမရဖြစ်နေချိန်တွင် ရှောင်ဖုံးက စကားဆက်လိုက်သည်။

"အခုတော့ ဂိုဏ်းချုပ်ကြီးကို (၁၅)ရက်ထိခံနိုင်အောင် ကျွန်တော် ကုသပေးထားပြီးပြီ၊ ကျန်တဲ့အပိုင်းကတော့ ခင်ဗျားတို့အပေါ်မှာမူတည်ပါတယ်၊ (၁၅)ရက်အတွင်း လိုအပ်ရင် အချိန်မရွေး ကျွန်တော့်ဆီလာနိုင်ပါတယ်"

ရှောင်ဖုံးသည် ထိုသို့ပြောပြီးသည်နှင့် တပြိုင်နက် ချာခနဲ လှည့်ထွက်သွားသည်။

ပေ့ကျူနှင့်ကျင်းပင်းတို့မှာ ကြောင်အမ်းအမ်းနှင့်ကျန်ရစ်ခဲ့ကြလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## အတုအစစ်

ရှောင်ဖုံးသည် ထိုက်ကျုံးဂိုဏ်း၏ခြံဝင်းမှ ထွက်ခွာလာသောအခါ ညသိုင်းသမားနှင့်ယိလုံတို့သည် သူ့ရှေ့ခပ်လှမ်းလှမ်းမှလျှောက်လှမ်းသွားနေကြသည်ကို မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် ရှောင်ဖုံးသည် သူတို့ကိုမီအောင် ခပ်သုတ်သုတ်လျှောက်လာခဲ့ပြီး သူတို့ကိုမီလျှင် ပခုံးချင်းယှဉ်၍ ထိုက်ကျုံးဂိုဏ်း၏ခြံဝင်းအတွင်းမှ ထွက်ခွာသွားလေသည်။

သူတို့သည် ထိုက်ကျုံးဂိုဏ်းခြံဝင်းနှင့် ခပ်လှမ်းလှမ်းသို့ရောက်လာသောအခါ...

"ရှီ...ရှီ...ရှီ"

ဟူသောအသံကို ရင်ထိတ်စွာ ကြားလိုက်ရလသည်။

စူးရှခဲ့သောအသံများ ငြိမ်သက်တိတ်ဆိတ်သွားပြီးနောက် အခြားအသံတစ်ခုက ထွက်ပေါ်လာပြန်သည်။

"ရှပ်...ရှပ်...ရှပ်"



ထိုအသံမှာ လူတစ်ယောက်၏ခြေသံ ဖြစ်သည်။

ညသိုင်းသမားနှင့်ယိလုံတို့သည် ထိတ်လန့်စွာဖြင့် ခြေသံလာရာသို့ လှည့်ကြည့်လိုက်မိသည်။

ခြေသံများရပ်တန့်သွားပြီးနောက် သူတို့နှင့် ဝါးတစ်ရိုက်ခန့်အကွာတွင် တစ်ကိုယ်လုံး အနီရောင်လွှမ်းခြုံထားသော လူတစ်ယောက်ရပ်နေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ညသိုင်းသမားတို့လူစုသည် ကျောပြင်တစ်ခုလုံး အေးစိမ့်သွားသည်ဟု ထင်မှတ်ရလောက်အောင် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

သူတို့သည် အံ့ဩထိတ်လန့်စွာဖြင့် ထိုလူအား ကြည့်လိုက်ကြလေသည်။

"ဟင်... သွေးဘီလူးပါလား"

ယိလုံ၏နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်မိခြင်းဖြစ်သည်။

ရှောင်ဖုံးမှာမူ တည်ငြိမ်စွာဖြင့် ထိုလူအား အကဲခတ်ကြည့်နေလေသည်။

"ခင်ဗျားက သွေးဘီလူး ဟုတ်လား"

တစ်ကိုယ်လုံး အနီရောင်လွှမ်းခြုံထားသူက ဟက်ဟက်ဟက်ပက် ရယ်မောလိုက်သည်။

ပြီးမှ ရှောင်ဖုံးအား မျက်မှောင်ကုပ်၍ကြည့်လိုက်လေသည်။

"မေးနေစရာ လိုသေးလားကွ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံးက ထိုလူအား ထပ်မံစိုက်ကြည့်လိုက်သည်။

ထိုလူကလည်း ရှောင်ဖုံးအား ပြန်လည်စူးစိုက်ကြည့်နေလေသည်။

ရှောင်ဖုံးက...

"ဒါဖြင့် ထိုက်ကျူးဂိုဏ်းချုပ်ကြီးကို လုပ်ကြံတာ ခင်ဗျားပေါ့"

သွေးဘီလူးက အသာအယာ ခေါင်းညိတ်ပြလိုက်သည်။

သူသည် ဟက်ခနဲ တစ်ချက်ရယ်မောလိုက်ပြီး..

"ဟုတ်တယ်"

သွေးဘီလူးသည် လုံးဝဂရုမစိုက်သည့်ဟန်ဖြင့် ပြန်ဖြေလိုက်သည်။

ထို့နောက် သူသည် ရှောင်ဖုံးအား စူးရှစွာကြည့်လိုက်လေသည်။

"ထိုက်ကျူးဂိုဏ်းချုပ်ကို အသက်မသေအောင် ဆေးဝင်ကုတာ ခင်ဗျားပေါ့"

ရှောင်ဖုံးက ခေါင်းမော့ကာ ရယ်မောလိုက်သည်။

"သိပ်ဟုတ်တာပေါ့"

ထိုစဉ် ညသိုင်းသမားနှင့် ယိလုံတို့သည် နောက်သို့ မသိမသာဆုတ်သွားကြသည်။

သူတို့သည် ထိုသို့ တဖြည်းဖြည်းဆုတ်ခွာသွားရာ သစ်ပင်တစ်ပင်အနီးသို့ ရောက်သည့်အခါမှ ရပ်တန့်သွားကာ အခြေအနေ



အား အကဲခတ်ကြည့်လိုက်ကြသည်။

ထိုအချိန်တွင်...

သွေးဘီလူးသည် ရယ်မောရင်း ရှောင်ဖုံးထံချဉ်းကပ်သွားလေသည်။

သူလျှောက်သွားသောနေရာများ၌ အနီရောင်ခြေရာများ ထင်ဟပ်ကျန်ရစ်ခဲ့လေသည်။

"ကျုပ်တို့အလုပ်ကို ဝင်ပြီးနှောက်ယှက်တာ သေချင်လို့နဲ့တူတယ်"

ရှောင်ဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

သူသည် အေးစက်တည်ငြိမ်သော မျက်လုံးအစုံဖြင့် သွေးဘီလူးအား ကြည့်လိုက်သည်။

"နေပါဦး၊ ခင်ဗျားက သွေးဘီလူးအစစ်ကော ဟုတ်ရဲ့လား"

သွေးဘီလူးသည် အားပါးတရ ရယ်မောလိုက်သည်။

ထို့နောက် ရှောင်ဖုံးအား ခပ်ပြင်းစွာကြည့်လိုက်သည်။

"ဘာလဲ ကျုပ်ကို သွေးဘီလူးအတုများ မှတ်နေလား"

ရှောင်ဖုံး ပါးစပ်ပိတ်ထားလိုက်သည်။

သူ့တွင် ဘာမှပြောစရာ မရှိတော့ချေ။

သို့သော် သူ့နောက်မှ ချိုလွင်သောအသံတစ်ခု ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟုတ်တယ်၊ ရှင်ဟာ သွေးဘီလူးအတုပဲ"

မိန်းကလေးတစ်ဦး၏အသံပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ထိုအသံသည် သိုင်းပညာအဆင့်မြင့်သည့် မိန်းကလေးတစ်ဦးဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလေသည်။

◆ ◆ ◆

မမျှော်လင့်မိသောအသံကြောင့် ညသိုင်းသမားနှင့်ယိလုံတို့သည် တအံ့တသြဖြစ်ကုန်ကြလေသည်။

သူတို့သည် အသံလာရာသို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြလေသည်။

ရှောင်ဖုံးနောက်တွင် တစ်ကိုယ်လုံး အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှောင်ဖုံးသည် ထိုမိန်းကလေးအား မြင်မိသည်နှင့် ရင်ထဲ၌ လှုပ်ရှားသွားလေသည်။

သူသည် မျက်မှောင်တစ်ချက်ကုပ်ရင်း မိန်းကလေးအား လှမ်းကြည့်လိုက်မိသည်။

"ဘယ့်နှယ်ကြောင့် ဒီမိန်းကလေး ရောက်လာရပြန်တာလဲ"

သူသည် ထိုသို့တွေးနေစဉ်မှာပင်...

သွေးဘီလူးသည် အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးထံသို့ ချဉ်းကပ်သွားပြီး အေးစိမ့်သောလေသံဖြင့်...



"ဒါဖြင့် သွေးဘီလူးအစစ်ကကော ဘယ်သူလဲ"

သွေးဘီလူးဆိုသူက အံတစ်ချက်ကြိတ်လိုက်ရင်း မေးလိုက်လေသည်။

မိန်းကလေးက မထီမဲ့မြင်ပြုံးလိုက်ပြီး...

"ကျွန်မ ပြောပြမှာပေါ့ရှင်၊ သွေးဘီလူးအစစ်ဟာ သူပဲ"

သူမသည် ထိုသို့ပြောလျက် ရှောင်ဖုံးအား လက်ညှိုးညွှန်ပြလိုက်လေသည်။

ယိလုံနှင့်ညသိုင်းသမားတို့သည် ပါးစပ်အဟောင်းသားဖြစ်သွားကြရလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံး ရုတ်တရက် တိတ်ဆိတ်သွားသကဲ့သို့ ထင်မှတ်လိုက်ရသည်။

သတ္တလောကကြီးအတွင်းရှိ အရာခပ်သိမ်းတို့သည် ရုတ်တရက် ရပ်တန့်သွားသည်ဟု ထင်မှတ်လိုက်ရလေသည်။

မိန်းကလေး၏စကားကြောင့် သွေးဘီလူးဆိုသူသာမက ညသိုင်းသမားနှင့် ယိလုံတို့မှာလည်း ထိတ်လန့်အံ့သြကြလေသည်။

ထိုမိန်းမိုးရောင် ဝတ်ဆင်ထားသောလူငယ်မှာ သွေးဘီလူး အစစ်ဖြစ်မည်ဟု မည်သူကမျှ မယုံကြည်နိုင်ကြပါချေ။

သူတို့သည် ရောင်ဖုံးထံမှ ထွက်ပေါ်လာမည့် စကားများကိုသာ စောင့်မျှော်နားစွင့်နေကြလေသည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်က သွေးဘီလူးပါ၊ ဒါပေမယ့် ပထမသွေးဘီလူးတော့ မဟုတ်ပါဘူး၊ ကျုပ်က သွေးဘီလူး အမှတ်နှစ်ပါ၊ သွေးဘီလူး အမှတ်တစ်ကတော့ ကျုပ်ရဲ့ဆရာပါပဲ"

ရောင်ဖုံးသည် ယင်းသို့ပြောလိုက်ပြီး သွေးဘီလူးဆိုသူအား အေးတိအေးစက် ကြည့်လိုက်သည်။

"ကဲ..ခင်ဗျား မှန်မှန်ပြောစမ်း၊ ဘာဖြစ်လို့ ကျုပ်ရဲ့နာမည်ကို အလွဲသုံးစားလုပ်နေရတာလဲ၊ ဘာအကြံအစည် ရှိလို့လဲ"

ထိုစဉ်မှာပင် အဝေးဆီမှ စူးရှသောအသံတစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထိုအသံမှာ...

"ရှီ...ရှီ...ရှီ"



သွေးဘီလူးဆိုသူသည် ယင်းစူးရှသောအသံ ကြားလိုက်ရသည်နှင့် စကားတစ်ခွန်းမျှ မပြောဘဲ အသံထွက်ပေါ်ရာသို့ ရုတ်ခြည်းဆိုသလို ပြေးလွှားထွက်ခွာသွားလေတော့သည်။

ရောင်ဖုံးက...

"ဟေ့...မပြေးနဲ့"

ဟုပြောလိုက်လေသည်။

သို့သော် သွေးဘီလူးအား လုံးဝမတွေ့ရတော့ချေ။

ညသိုင်းသမားနှင့်ယိလုံတို့မှာမူ ကြောက်ရွံ့နေသည့်စိတ်မှာမူ မပြေသေးချေ။

ထို့ကြောင့် ထွက်ပြေးရန်ပင် စိစဉ်လိုက်မိကြလေတော့သည်။

◆ ◆ ◆

ရောင်ဖုံးသည် ပြေးထွက်သွားသော သွေးဘီလူးနောက်သို့ လိုက်မသွားချေ။

သူသည် သိုင်းသမားတိုင်းက ကြောက်ရွံ့နေရသောသွေးဘီလူးဖြစ်သော်လည်း ယခုကဲ့သို့ အချိန်မျိုးတွင် သူ၏အတွင်းအားများသည် လုံးဝဆုတ်ယုတ်လျက်ရှိလေသည်။

အတွင်းအားကို သုံးစွဲနိုင်စွမ်းမရှိသဖြင့် ယှဉ်ပြိုင်တိုက်ခိုက်လာလျှင် မိမိသာ အရေးနိမ့်မည်ဖြစ်ကြောင်း နားလည်ထားသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုသူနောက်သို့ လိုက်မသွားခြင်းဖြစ်သည်။

သူလိုက်သွားလျှင်လည်း မိနိုင်စွမ်းမရှိမှန်း သိသောကြောင့်ပင်ဖြစ်သည်။

သို့သော် ရှောင်ဖုံးနှုတ်ကမူ မခံချိမခံသာဖြင့် အံကြိတ်ရင်း ကြုံးဝါးလိုက်မိလေသည်။

"နေနှင့်ဦးပေါ့ကွာ၊ တစ်နေ့တော့ မင်းတို့ သွေးဘီလူးနှစ်ယောက်ဟာ ဘယ်သူဘယ်ဝါဆိုတာ ပေါ်လာရစေမယ်"

ဟု ကြုံးဝါးလိုက်လေသည်။

◆ ◆ ◆

ရှောင်ဖုံးသည် ကျောက်တုံးတစ်တုံးပေါ်သို့ ထိုင်ချပြီး ဖြစ်ပေါ်လာသည့် အကြောင်းအရာများကို ပြန်လည်ဆင်ခြင်သုံးသပ်မိလေသည်။

သူသည် အမျိုးမျိုးတွေးတောဆင်ခြင်ရင်း အနီရောင်အင်္ကျီဝတ်ထားသော မိန်းကလေးအား မကြာခဏ လှမ်းကြည့်မိလေသည်။

သူ၏ဦးခေါင်းထဲ၌ မေးခွန်းများ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေလေသည်။

ထိုမေးခွန်းများအနက်...

ယခု သူ၏ရှေ့၌ ရှိနေသော မိန်းကလေးမှာ မည်သူဖြစ်



ပါသနည်း။ သူမသည် ထူးခြားပြီး သူ၏ချစ်သူနှင့် ရုပ်ချင်းဆင်သူဖြစ်နေသည်။

မိမိ၏အမည်ကိုလည်းကောင်း၊ မိမိမှာ သွေးဘီလူးအဖြစ်ခံယူခဲ့သည်ကိုလည်းကောင်း သူမက သိရှိနေသည်။

အဘယ်ကြောင့်ပါနည်း။

ထိုမေးခွန်းများအတွက် ရှောင်ဖုံး အဖြေထုတ်နိုင်ခြင်းမရှိခဲ့ပါချေ။

တိတ်ဆိတ်စွာဖြင့် အကဲခတ်နေကြသော ညသိုင်းသမားနှင့် မိုးထိတောင်သိုင်းသမားယိလိုတို့ကလည်း ရှောင်ဖုံးမှာ သွေးဘီလူးဖြစ်ကြောင်း သိလိုက်ရသဖြင့် အံ့ဩထိတ်လန့်နေကြလေသည်။

နှစ်ယောက်သား တိုင်ပင်ထားကြသလို ငြိုင်တွ နောက်ဆုတ်လိုက်ကြလေသည်။

သူတို့ ထွက်သွားသင့်ပြီဖြစ်ကြောင်း နားလည်ထားကြသည်မဟုတ်ပါလား။

"ခဏနေပါဦးဗျာ"

ရှောင်ဖုံးက ဟန့်တားလိုက်လေသည်။

ယိလိုတို့ ခြေလှမ်းရပ်လိုက်ကြသည်။

ရှောင်ဖုံးက...

"ကျုပ်က သွေးဘီလူးဆိုတာ သိသွားလို့ စိတ်ပျက်သွားကြတာလားဗျာ"

"ကျုပ်တို့က..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကျွန်တော့်အကြောင်း ဘယ်သူ့ကိုမှ မပြောစေချင်ပါဘူး"

ယီလုံက...

"စိတ်ချ၊ ကျုပ်တို့ ကတိပေးပါတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ရှောင်ဖုံးက တားဆီးခြင်းမပြုတော့သဖြင့် ယီလုံတို့ ထွက်သွားကြလေတော့သည်။

ရှောင်ဖုံး ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

ပထမပိုင်းပြီး၏။

ဒု-စာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြွယ်

# သိုင်းပိုးမှုဝါ

(ဒုတိယပိုင်း-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၂၂၃၀၃၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၆၆၀၄၁၂

၂၀၁၂ ခုနှစ်၊
ပထမအကြိမ် အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ရန်ကုန်မြို့။

မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်သူ

ရှောင်ဖုံးသည် ယိလုံနှင့် ညသိုင်းသမားတို့ ပျောက်ကွယ်သွားသည်အထိ ငေး၍ ကြည့်ပြီးမှ မိန်းကလေးဘက်သို့ လှည့်လိုက်လေသည်။

"ခင်ဗျား ဘယ်သူလဲ"

မိန်းကလေး ပြုံးလိုက်သည်။

"အခု ကျွန်မ မပြောချင်သေးဘူး"

ရှောင်ဖုံးက မျက်မှောင်ကုပ်သွားသည်။

သူသည် မိန်းကလေးအား စူးစမ်းသလို လှမ်းကြည့်လိုက်သည်။

"ဒါဖြင့် ကျုပ် သေွးဘီလူးမှန်း ခင်ဗျားက ဘာကြောင့် သိထားရတာလဲ"

မိန်းကလေးက သဘောကျစွာဖြင့် ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို သွေးဘီလူးဆိုတာ သိယုံမကဘူး၊ ရှင့်ဘဝ ဇာတ်လမ်းကိုလဲ ကျွန်မက သိသင့်သလောက် သိထားပါသေးတယ်"

မိန်းကလေး၏စကားကို ကြားလိုက်ရသောအခါ ရှောင်ဖုံး တစ်ကိုယ်လုံးမှာ မသိမသာ တုန်ခါသွားသည်။

"ကျုပ်ရဲ့ဘဝကို သိတယ် ဟုတ်လား"

ရှောင်ဖုံးက တအံ့တဩဖြင့် ပြန်လည်မေးလိုက်သည်။

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

ရှောင်ဖုံးက မယုံကြည်နိုင်သော အကြည့်ဖြင့် မိန်းကလေးအား စူးစိုက်ကြည့်လိုက်မိသည်။

"ဒါဖြင့် ဟုတ်မဟုတ်ဆိုတာ သိရအောင် ကျုပ်အကြောင်း တစ်ချို့တစ်ဝက်ကို ပြောပြစမ်းပါဦး"

မိန်းကလေး ပြုံးလိုက်သည်။

ထို့နောက် သူမသည် ရှောင်ဖုံးအား မျက်လုံးပင့်၍ ကြည့်လိုက်ပြီး...

"ကောင်းပြီလေ၊ ကျွန်မပြောပြမယ်၊ တကယ်လို့ ကျွန်မပြောတာ မှန်ရင် ရှင်ဘာပေးမလဲ"

မိန်းကလေး၏စကားကြောင့် ရှောင်ဖုံး ကွက်ခနဲ မျက်နှာပျက်သွားသည်။

အကြောင်းမှာ ရှောင်ဖုံးသည် အသက်နှင့်ထပ်တူထပ်မျှ



တန်ဖိုးထား၍ သိမ်းဆည်းထားသော သိုင်းပဝါ ဆုံးရှုံးသွားရသည်ကို သတိရလိုက်သောကြောင့် ဖြစ်သည်။

ရှောင်ဖုံးသည် မိန်းကလေးအား ပြန်ကြည့်လိုက်ရင်း...

"ခင်ဗျားပြောတာ မမှန်ခဲ့ယင် ကျုပ်ရဲ့သိုင်းပဝါ ပေးမယ်၊ ဘယ့်နှယ်လဲ"

မိန်းကလေးက...

"ဘယ်ဆိုးလို့တုန်း၊ ဒီတခါ ရှင်က အရေးမစိုက်ဘဲ လောင်းကစားတယ်ပေါ့"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဒီလိုပေါ့လေ၊ သူ့အလှည့် ကိုယ့်အလှည့်ဆိုတာ ကြုံရတတ်ပါတယ်"

မိန်းကလေးက ပြုံးလိုက်သည်။

ထို့နောက် ရှောင်ဖုံးအား စေ့စေ့ကြည့်လိုက်သည်။

"ရပါတယ်ရှင်၊ ကျွန်မက ခုချင်းပြောပြမယ်၊ ဟုတ်ရင် ဟုတ်တယ်လို့ ရှင်အမှန်အတိုင်း ဝန်ခံရမယ်"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"စိတ်ချ၊ ကျုပ်ဟာ အမှန်တရားကို မြတ်နိုးတဲ့ လူတစ်ယောက်ပါ"

မိန်းကလေးက...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဒါဆို ကျွန်မပြောတော့မယ်"

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

မိန်းကလေးက ပြောလိုက်သည်။

"ရှင့်အဖေဟာ ကံကော်သိုင်းသမား ရှောင်ချမ်းမင်း မဟုတ်လား"

ကောက်ကာငင်ကာ ပြောချလိုက်သော စကားကြောင့် ရှောင်ဖုံးသည် မယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားမိလေသည်။

"ခင်ဗျားက ဘယ်လိုသိတာလဲ"

မိန်းကလေးက ပြုံးလိုက်သည်။

"ကျွန်မ ဘယ်လိုသိတယ်ဆိုတာ မမေးနဲ့ ဟုတ်တယ် မဟုတ်ဘူးဆိုတာကိုပဲ ဖြေပါ"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ရှောင်ဖုံးသည် သက်ပြင်းတချက်ချရင်း ဝန်ခံလိုက်ရလေသည်။ မိန်းကလေးက စကားဆက်လိုက်ပြန်သည်။

"ရှင့်ရဲ့အဖေက လွန်ခဲ့တဲ့ အနှစ်(၂၀)လောက်တုန်းက သိုင်းပညာရှင်တစ်ယောက် ဖြစ်တဲ့ ချမ်းမိုးမွန်ဆိုတဲ့အမျိုးသမီးက အတင်းအဓမ္မ ခေါ်သွားတာမို့ ရှင်ဟာ မျက်နှာငယ်နဲ့ ကျန်ရစ်ခဲ့ရတယ် ဟုတ်



တယ် မဟုတ်လား"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဆက်ပြောပါ"

မိန်းကလေးက စကားဆက်လိုက်ပြန်သည်။

"အဲဒီတုန်းက ရှင်ဟာ အခါလယ်သားပဲ ရှိသေးတယ်၊ ရှင့်အမေဟာလဲ အတော်စိတ်ထိခိုက်ရတယ်၊ ဒါပေမယ့် ရှင့်ကို ကြီးပြင်းလာအောင် ကျွေးမွေးရဦးမယ်ဆိုတဲ့ အသိတရားရလာတာမို့ ရှင့်ကို တစ်နေရာခေါ်ပြီး နေထိုင်ခဲ့တယ်"

ထို့နောက် ရှောင်ဖုံးအား ကြည့်ကာ စကားဆက်လိုက်၏။

"ရှင့်အမေဟာ ရှင့်အဖေ သူ့ကို စွန့်ပစ်ရကောင်းလား ဆိုပြီး ခံပြင်းလာတယ်၊ ဒါကြောင့် ရှင်ကြီးပြင်းလာတဲ့အခါ သူ့ကို ဒုက္ခပေးခဲ့တဲ့ ချမ်းမိုးမွန်နဲ့ ရှင့်အဖေကို ပြန်သတ်ခိုင်းဖို့ ရည်ရွယ်ထားခဲ့တယ်၊ ဒါကော မှန်တယ် မဟုတ်လား"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

မိန်းကလေးက ကျေနပ်စွာ ပြုံးလိုက်သည်။

ထို့နောက် ထပ်ပြောလိုက်သည်။

"ရှင့်အဖေနဲ့ ချမ်းမိုးမွန်ကို အနိုင်ရဖို့အတွက် ရှင့်ကို ထိပ်တန်းသိုင်းပညာ တတ်မြောက်အောင်ဆိုပြီး ရှင့်အမေက ထိုက်ကျိုးဂိုဏ်းကို သွားပြီး သိုင်းကျမ်းကို ခိုးတယ်၊ ထိုက်ကျိုးဂိုဏ်းသားတွေက

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းတိုက်ခိုက်လို့ ရှင့်အမေ ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့တယ်"

မိန်းကလေးက စကားကို ဖြတ်ပြီး ရှောင်ဖုံးအား မေးလိုက်သည်။ ရှောင်ဖုံးက ခေါင်းညိတ်လိုက်သည်။

မိန်းကလေးက စကားကို ဆက်လိုက်သည်။

"ဒါပေမယ့် ရှင့်အမေဟာ စိတ်မပျက်သေးဘူး၊ နောက်တစ်ခါ ဝူတန်ဂိုဏ်းဆီကို သိုင်းပညာပုရပိုက် သွားခိုးသေးတယ်၊ မအောင်မြင်ပြန်ဘူး၊ ဝူတန်ဂိုဏ်းသားတွေ လက်ချက်နဲ့ နောက်ထပ် ဒဏ်ရာရလာပြန်တယ်"

မိန်းကလေး သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင့်အမေက ဒဏ်ရာရပေမယ့် ခွန်လွန်ဂိုဏ်းကို သွားပြန်တယ်၊ အဲဒီမှာပဲ အသက်ပါ ဆုံးရှုံးသွားခဲ့ရရှာတယ်"

ဟု ပြောလိုက်လျှင် ရှောင်ဖုံး မျက်ရည်များ ကျဆင်းလာ၏။

◆ ◆ ◆



အတန်ကြာ တိတ်ဆိတ်နေ၏။

မိန်းကလေးသည် ရှောင်ဖုံးအား ကြည့်ကာ များစွာ စိတ်မကောင်း ဖြစ်နေမိသည်။

သူမသည် သက်ပြင်းတစ်ချက် ရှည်လျားစွာ ချလိုက်လေတော့သည်။

"ဒါတွေကို ကျွန်မပြောပြလို့ ရှင်စိတ်ထိခိုက်သွားမယ်၊ ကျွန်မ မပြောတော့ပါဘူး"

ရှောင်ဖုံးက မျက်ရည်စများကို မျက်တောင်တဖျတ်ဖျတ်ခတ်ရင်း ဖယ်လိုက်၏။ ထို့နောက် အံကို တင်းတင်းကြိတ်လိုက်ပြီး...

"ခင်ဗျားသိထားတာ ရှိသေးရင် ဆက်ပြောပါ"

မိန်းကလေးက သူ့အား ဂရုဏာသက်စွာ ကြည့်လိုက်သည်။ ထို့နောက် မသိမသာ သက်ပြင်းချလိုက်ရင်း...

"ဒါတွေ ပြန်ပြောနေမယ်ဆိုရင် အတိတ်ဟာ အသစ် ဖြစ်လာမှာပေါ့၊ ဒီလိုဆိုရင် ရှင်ပိုပြီး နာကျည်းလာပါလိမ့်မယ်၊ ဒါကြောင့် မပြောတာဘဲ ကောင်းပါတယ်ရှင်၊ အခုလောက်ဆိုရင် ကျွန်မ ရှင့်အကြောင်း သိထားတယ်ဆိုတာ လုံလောက်ရောပေါ့"

ရှောင်ဖုံးက ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ပြောမှာသာ ဆက်ပြောပါ"

မိန်းကလေးက...

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အမေ သေခါနီးမှာ ရှင့်ကို ချမ်းမိုးမွန်နဲ့ ရှင့်အဖေကို လက်စားချေပေးဖို့ ကတိတောင်းခဲ့တယ် မဟုတ်လား"

ရှောင်ဖုံးက ခေါင်းမညိတ်ဘဲ နှုတ်ခမ်းမဲ့လိုက်လေသည်။

သူ့အသွင်သည် ခံစားမှုမရှိသော လူတစ်ယောက်ကဲ့သို့ ဖြစ်သွားသည်။

မိန်းကလေးက ပြုံးလိုက်သည်။

"ရှင့်အနေနဲ့ ချမ်းမိုးမွန်ကို သတ်ဖို့ ဝန်မလေးပေမယ့် ရှင့်အဖေကိုတော့ ရှင် ဘယ်သတ်ရက်ပါ့မလဲ"

ရှောင်ဖုံးက ခေါင်းညိတ်လိုက်သည်။

မိန်းကလေးက စကားဆက်လိုက်ပြန်သည်။

"ရှင့်အမေ သေဆုံးသွားပြီးတဲ့နောက် သူမှာထားတဲ့ အတိုင်း ရှင်က ရှင့်အမေရဲ့မိတ်ဆွေ ကြူးဝမ်တေးဆီ သွားနေခဲ့တယ် မဟုတ်လား"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဒါပေမယ့် ရှင့်အားကိုးတကြီးထားသလောက် ကြူးဝမ်တေးဆီ ရောက်သွားတဲ့အခါမှာ ရှင့်စိတ် အကြီးအကျယ် ပျက်ခဲ့ရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကြူးဝမ်တေးဟာ ရှင့်အမေ မျှော်လင့်ထားသလို ရှင့်အပေါ် မကောင်းခဲ့ဘူး"

မိန်းကလေးက စကားဆက်လိုက်ပြန်သည်။



"ကြူးဝမ်တေးက ရှင့်ကို အထင်သေးခဲ့တယ်၊ နှိပ်စက်တယ်၊ ဒါပေမယ့် သူ့သမီးကြူးလျှံက ရှင့်အပေါ် ကြင်နာခဲ့တယ်၊ ဂရုဏာထားခဲ့တယ်၊ ရှင်ကလဲ သူ့အပေါ် မေတ္တာရှိခဲ့တာမို့ အစစအရာရာ သည်းခံပြီးနေနိုင်တယ်"

မိန်းကလေး၏စကားကြောင့် ရှောင်ဖုံးသည် မိမိငယ်စဉ်ဘဝတုန်းက ကြူးလျှံနှင့် နေထိုင်ချစ်ခင်ခဲ့ပုံများကို ပြန်လည်သတိရလာလေသည်။

ကြူးလျှံ၏လှပသော ချစ်စဖွယ် မျက်နှာလေးကိုလည်း ပြန်လည်မြင်ယောင်မိခဲ့လေသည်။

သူသည် ကြူးဝမ်တေး၏နှိပ်စက်မှုဒဏ်ကို လုံးဝသည်းမခံနိုင်တော့သည့်အတွက် အသက်(၁၇)နှစ် ပြည့်သောနေ့တွင် ကြူးဝမ်တေး၏နေအိမ်မှ ထွက်ပြေးလေတော့သည်။

နေ့ဘက်၌ ထွက်ပြေးရန် မလွယ်ကူသောကြောင့် ညဘက်ရောက်သည့်အခါမှ ကြူးဝမ်တေး အိမ်မှ တိတ်တဆိတ် ခိုးထွက်ခဲ့ခြင်း ဖြစ်လေသည်။

ထိုတစ်ညကို သူမေ့မရပါ။ သူ့ဘဝတစ်သက်တာတွင် မေ့မရသော ညတစ်ည ဖြစ်လေ သည်။ ထိုညသည် လသာသောည ဖြစ်သည်။

လဝန်းကြီးသည် ပြည့်ဖွန်းထိန်လင်းလျက် ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကြူးဝမ်တေး၏အိမ်မှ ထွက်ပြေးခဲ့ရာ ကြူးလျှံက သူ့အား ရွာထိပ်အထိ လိုက်ပို့ခဲ့သည်။

လမ်းတွင် သုံးစွဲရန်နှင့်စရိတ်အဖြစ် သူမ၏ရွှေလက်ကောက်နှင့် ရွှေဆံထိုးကို ရှောင်ဖုံးအား ပေးအပ်သည်။

ထို့နောက်...

"တစ်နေ့ကျရင် အစ်ကိုပြန်လာရမယ်နော်၊ ကျွန်မ အစ်ကို့ကို စောင့်နေမယ် သိလား"

သူမ၏ဆို့နင့်ကြေကွဲဖွယ် စကားသံများကိုလည်း ယနေ့တိုင် နားထဲ၌ ကြားယောင်နေမိလေသည်။

သူ့ရင်ထဲ၌ တစ်စုံတစ်ခုဖြင့် ဖျစ်ညှစ်ချေမွခံရသကဲ့သို့ ခံစားခဲ့ရလေသည်။

ကြူးလျှံ၏လှပသော မျက်နှာလေးသည် သူ့အမြင်အာရုံ၌ ပြန်လည်ထင်ဟပ်လာ၏။

ဆည်လည်းသံကဲ့သို့ သာယာသော ကြူးလျှံ၏အသံကိုလည်း ပြန်လည်ကြားယောင်မိလေသည်။

ထို့ကြောင့် သူ့ရှေ့ရှိ မိန်းကလေးက ဘာတွေ ပြောနေသည်ကိုပင် လုံးဝမကြားရတော့ချေ။

◆ ◆ ◆



အနီရောင်ဝတ်စုံနှင့်မိန်းကလေးသည် ပြောလက်စ စကားကို ဖြတ်လိုက်သည်။

ထို့နောက် ရှောင်ဖုံးအား ကြည့်ကာ...

"ကျွန်မပြောတာ ရှင်ကြားမှ ကြားရဲ့လား"

သို့သော် ရှောင်ဖုံးသည် မလှုပ်မယှက်ပင် ဖြစ်နေ၏။

အနီရောင်ဝတ်စုံနှင့်မိန်းကလေးက မျက်မှောင်ကုပ်လိုက်လေသည်။

"ဒီမှာရှင့်၊ ကျွန်မပြောတာ ကြားရဲ့လား"

အနီရောင်ဝတ်စုံနှင့်မိန်းကလေးက ခပ်ကျယ်ကျယ်လေး အော်ပြောလိုက်သည်။

ယင်းသို့ အော်ပြောမှ ရှောင်ဖုံး သတိပြန်ဝင်လာသည်။

"ကြားပါတယ်၊ ပြောစရာရှိတာ ဆက်ပြောပါ"

မိန်းကလေးက ပြုံးလိုက်သည်။

ထို့နောက် ရှောင်ဖုံးကို ကြည့်ကာ စကားဆက်လိုက်သည်။

"ရှင် ကြူးဝမ်တေးအိမ်က ထွက်လာပြီးတဲ့နောက် ဘယ်ကို သွားရမှန်းမသိဘဲ ယောင်ချာချာ ဖြစ်နေခဲ့တယ်၊ ဒါကြောင့် ခြေဦးတည့်ရာသွားနေရာက နောက်ဆုံး ခရီးစရိတ်ပြတ်ပြီး ဘုံကျောင်းပျက်တစ်ခုကို ရောက်သွားတယ်၊ အဲဒီ အချိန်ကစပြီး ရှင့်ဘဝဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

မိန်းကလေးက ပြုံးလိုက်သည်။

"အဲဒီ ဘုံကျောင်းပျက်ထဲမှာ ရှင်ဟာ ကျန်းနန်းအဖွဲ့ရဲ့ (၁၂) ယောက်မြောက်ခေါင်းဆောင် 'ယန်ရွှေ့မင်း' ကျန်ရစ်ခဲ့တဲ့ သိုင်းစာအုပ်ကို ရရှိခဲ့တယ်၊ ဒါကြောင့် ရှင်ဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျန်းနန်းအဖွဲ့ရဲ့ (၁၃)ယောက်မြောက် ခေါင်းဆောင်နေရာကို ဆက်ခံရလိမ့်မယ်"

ရှောင်ဖုံးသည် မိန်းကလေးအား အံ့ဩနေမိလေသည်။

မိန်းကလေးက ပြုံးလိုက်သည်။

"ရှင်သိပ်အံ့ဩသွားပြီ ထင်တယ်"

ရှောင်ဖုံးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်အကြောင်းကို ဘယ်သူမှ သိကြတာ မဟုတ်ဘူး။ ဒါပေမယ့် ခင်ဗျားအားလုံး အတွင်းကျကျ သိထားလို့ အံ့ဩမိတာပါ"

အနီရောင်မိန်းကလေးက...

"ကျန်သေးတယ်၊ ကျွန်မဆက်ပြောဦးမယ်"

အနည်းငယ် နားပြီး စကားဆက်လိုက်သည်။

"ရှင် အဲဒီ ဘုံကျောင်းပျက်က ထွက်လာပြီးတဲ့နောက် ခြေဦးတည့်ရာ ထွက်သွားပြန်ရော၊ ဒီလိုနဲ့ အရိုးဖြူတောင်ကို ရောက်သွား



တယ်၊ အရိုးဖြူတောင် ရောက်တော့ သွေးဘီလူးနဲ့ တွေ့ပြန်ရော မဟုတ်လား"

ရှောင်ဖုံးက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်"

မိန်းကလေးက စကားဆက်လိုက်သည်။

"ဒါပေမယ့် ရှင် အရိုးဖြူတောင် ရောက်သွားတဲ့ အချိန်မှာ သွေးဘီလူးဟာ လိုဏ်ဂူထဲ ပိတ်မိနေတယ်၊ သူ့ကို လိုဏ်ဂူထဲ ပိတ်ထားတဲ့ လူကတော့ အဓိပတိသိုင်းရာဇာ ဝမ်းကျင်းစန်းပဲ၊ သူဟာ ထူးဆန်းတဲ့ သော့နဲ့ ပိတ်ထားလို့ သွေးဘီလူးက မထွက်နိုင်ဘဲ ဖြစ်နေတယ်၊ ဒါကြောင့်လဲ ရှင် သွေးဘီလူးကို တွေ့ခဲ့တာပဲ မဟုတ်လား"

မိန်းကလေးက စကားဆက်လိုက်သည်။

"ရှင့်ရဲ့ စေတနာကို သွေးဘီလူးက ကောင်းကောင်းကြီး သိခဲ့ပါတယ်၊ ဒါကြောင့် ရှင့်ကို သူ့ရဲ့ပညာအားလုံးကို သင်ပေးခဲ့တယ်၊ ဒါပေမယ့် သူ့ရဲ့သိုင်းပညာတတ်မြောက်ခဲ့ရင် လူ(၈)ယောက်ကိုသတ်ပေးရမယ်လို့ ကတိခံခိုင်းတယ်၊ နောက်ပြီး အဓိပတိသိုင်းရာဇာဝမ်းကျင်းစန်းဆီက သော့တောင်းခဲ့ရမယ်လို့လဲ ပြောလိုက်တယ်"

ဟု ပြောကာ စကားကို ဆက်လိုက်သည်။

"အင်း ဒီလိုနဲ့ ရှင်ဟာ သိုင်းပညာတတ်မြောက်ပြီး အရိုးဖြူတောင်က ထွက်ခွာဖို့ ပြင်ဆင်တော့ သူက ရှင့်ကို သိုင်းပဝါပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား။ လူသတ်တဲ့အခါကျရင်လဲ (၃)ရက် ကြိုတင်ပြီး အရိုးဆံထိုး ပို့ပေးရမယ်လို့ မှာလိုက်သေးတယ်"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခင်ဗျာ"

မိန်းကလေးက စကားဆက်လိုက်ပြန်သည်။

"ရှင်ဟာ သိုင်းလောကထဲ ခြေချလိုက်တာနဲ့ တပြိုင်နက် သွေးဘီလူး မှာကြားတဲ့အတိုင်း လူ(၇)ယောက်ကို သတ်ခဲ့တယ်၊ ဒါကြောင့် ရှင့်ရဲ့ အရိုးဆံထိုးဟာ သိုင်းလောကကို ဂယက်ရိုက်သွားစေခဲ့တယ်၊ အဲဒီအချိန်မှာ ရှင်က ယို့ဝါးဆိုတဲ့မိန်းကလေးနဲ့ တွေ့ဆုံခဲ့ တယ်"

သူမသည် ပြောပြီး စကားရပ်လိုက်သည်။

"ယို့ဝါးဟာ ရှင့်အပေါ် တဖက်သတ် ချစ်ခဲ့တယ်၊ ဒါပေမယ့် ရှင်က ကြူးလျှံကိုသာ ချစ်တော့ ယို့ဝါးကို ဂရုမစိုက်ခဲ့ဘူး၊ ဒါနဲ့ ကြူးလျှံ အိမ်ထောင်ကျသွားတဲ့သတင်းကို ကြားတော့ ရှင်စိတ်ပျက်ခဲ့တယ်၊ ဒါနဲ့ပဲ ရှင်ဟာ ယို့ဝါးရဲ့ ချစ်မြတ်နိုးမှုကို သိမြင်လာတယ်"

ဟု ပြောလျှင် ရှောင်ဖုံး အံ့သြသွားသည်။

"ဒီလိုနဲ့ တစ်နေ့မှာ ရှင် အတွင်းအားလေ့ကျင့်နေခဲ့တယ်၊ အဲဒီအချိန်မှာပဲ ယို့ဝါးဟာ နောက်ကနေ တိတ်တဆိတ်ရောက်လာပြီး ရှင့်ကို သိုင်းဖက်လိုက်တယ်၊ ဒီလိုလုပ်လိုက်တဲ့အတွက် ရှင့်ရဲ့သွေးကြောတွေပိတ်ဆို့ပြီး အတွင်းအားတွေ ရပ်ဆိုင်းသွားခဲ့တယ် ဟုတ်



တယ် မဟုတ်လား"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

မိန်းကလေးက သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်လေ၏။

"သူ့ကြောင့် ရှင်ဒုက္ခရောက်သွားတာကို သိလိုက်ရတဲ့အတွက် ယို့ဝါးဟာ ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်သွားရှာတယ်၊ စိတ်ထဲမှာလဲ အရမ်းဝမ်းနည်းမိတယ်၊ နောက်ဆုံး ယို့ဝါးဟာ တစ်ယောက်ထဲ ဂူမီးတောင်ကို ထွက်သွားတော့တယ်၊ သူ့ရဲ့ရည်ရွယ်ချက်ကတော့ ရှင့်ရဲ့အတွင်းအား ပိတ်ဆို့မှုကို ဂူမီးတောင်က ဆေးမြစ်တစ်မျိုးနဲ့ ကုသပေးဖို့ပါပဲ"

ထိုစကားကြားလျှင် ရှောင်ဖုံး အံ့သြသွားသည်။

"ဗျာ ယို့ဝါးက ဂူမီးတောင်ကို ထွက်သွားတယ် ဟုတ်လား"

မိန်းကလေးက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ ရှင့်အတွက်ဆိုရင် ယို့ဝါးဟာ အသက်ကို စွန့်ချင်စွန့်ရပါစေ၊ ဆေးမြစ်ကို ရအောင် ရှာမယ်ဆိုပြီးတော့ ထွက်သွားတာပဲ"

ရှောင်ဖုံး စိတ်ထိခိုက်သွားလေသည်။

"အင်း အဲဒီနေရာက သိုင်းသမားတွေ ပြည့်နေတာပဲ၊ သူကတော့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါတွေ ထားလိုက်ပါတော့"

ရှောင်ဖုံး ဒေါသထွက်သွားလေသည်။

မိန်းကလေးက...

"ရှင် အဲဒီလို အတွင်းအားပိတ်ဆို့ပြီး ဒုက္ခဖြစ်နေတဲ့ အချိန်မှာ အရိုးဆံထိုး ဆက်တိုက်ပေါ်ထွက်လာပြီး လူရှစ်ယောက်တိတိကို သတ်သွားခဲ့တယ်၊ ဒါကို ကြားတော့ ရှင်ဟာ သွေးဘီလူးအတုနောက်ကို ခြေရာခံလိုက်ခဲ့တာ မဟုတ်လား"

ရှောင်ဖုံး လက်ကာပြလိုက်သည်။

"တော်ပါပြီ၊ ဆက်မပြောပါနဲ့တော့"

ရှောင်ဖုံးက လှမ်းအော်လိုက်သည်။

"ခင်ဗျား ဘာကြောင့် ကျုပ်အကြောင်းကို ဒီလောက် သိနေရတာလဲ"

မိန်းကလေး ပြုံးလိုက်သည်။

"ဒါ မဆန်းပါဘူးရှင်၊ ဘာဖြစ်လို့လဲဆိုတော့ ရှင့်နောက်ကျွန်မက တစ်ချိန်လုံး ခြေရာခံလိုက်ခဲ့တာကိုး"

ရှောင်ဖုံး မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်နောက်ကို တကောက်ကောက်လိုက်နေရတာလဲဗျ"

မိန်းကလေးက ပြောလိုက်သည်။



"ဒါတော့ မပြောပါရစေနဲ့"

ရှောင်ဖုံးက...

"နေပါဦး၊ ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ရဲ့ သိုင်းပဝါကို ခိုးရတာလဲ"

အနီရောင်နှင့်မိန်းကလေးက...

"ကျွန်မဆရာက ခိုးခိုင်းလို့ ခိုးမိတာပါ"

ဟု ပြောလျှင် ရှောင်ဖုံးက...

"ခင်ဗျားဆရာက ဘယ်သူလဲ"

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"ခုလောလောဆယ်မှာ ကျွန်မ ဘာမှမပြောနိုင်တာ ဝမ်းနည်းပါတယ်ရှင်"

ရှောင်ဖုံးအား ပြုံးပြကာ စကားဆက်လိုက်သည်။

"ကျွန်မ ဘယ်မှာ ရှိတယ်ဆိုတာ ပြောပြပြီးပြီပဲ၊ ဒါပေမယ့် ရှင့်ရဲ့ အခုလက်ရှိ သိုင်းပညာနဲ့ဆိုရင် ကျွန်မကိုတောင် ယှဉ်နိုင်မှာ မဟုတ်ဘူး၊ အဲဒီတော့ ကျွန်မဆရာဆီက ဒီသိုင်းပဝါကို ပြန်တောင်းဖို့ဆိုတာ မလွယ်ဘူးရှင့်"

ရှောင်ဖုံး အံကြိတ်လိုက်သည်။

"ခင်ဗျားက ကျုပ်ကို သိပ်ပြီး အထင်သေးတာကိုး၊ ခင်ဗျားဆီလာပြီး သိုင်းပဝါကို လာယူပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ပြုံးလိုက်သည်။

"ကျွန်မကလဲ ဒီလိုပဲ မျှော်လင့်ပါတယ်၊ ကဲ ကျွန်မကို သွားခွင့်ပြုပါ"

သူမသည် ကောက်ကာငင်ကာ ပြောပြီး ထွက်သွား၏။

ရှောင်ဖုံး ငေးငိုင်၍ ကျန်ခဲ့လေသည်။

♦ ♦ ♦



## လက်ညှိုးနှစ်ချောင်းသိုင်း

ရှောင်ဖုံးသည် မိန်းကလေး ကွယ်ပျောက်သွားသည်အထိ ငေးမောကြည့်ရှုနေမိသည်။

ထိုစဉ် သူ့နောက်မှ အသံတစ်သံ ထွက်ပေါ်လာသည်။

"မင်းကို လိုက်ရှာတာ ခုမှပဲ တွေ့တော့တယ်"

ထိုအသံကြောင့် ရှောင်ဖုံး လှမ်းကြည့်လိုက်ရာ ထိုက်ကျူး ဂိုဏ်း လက်ထောက်ဂိုဏ်းချုပ် ကျင်းပင်း ဖြစ်နေသည်ကို တွေ့ရှိရလေသည်။

သူသည် လက်နှစ်ဘက်ဆုပ်၍ အရိုအသေပေးလိုက်လေသည်။

"ဘာကိစ္စရှိလို့ပါလဲ ခင်ဗျာ"

ကျင်းပင်းက သူ့အား လှမ်းကြည့်လိုက်ပြီး သက်ပြင်း တစ်

www.burmeseclassic.com

www.burmeseclassic.com



ချက်ချလိုက်သည်။

"မင်းတောင်းဆိုတဲ့ကိစ္စကို ငါတို့ လက်ခံတယ်ဆိုတဲ့ အကြောင်း လာပြောတာ၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးကို ဆေးကုဖို့ တစ်ပါတည်း လိုက်ခဲ့ပေတော့"

သူသည် ကျင်းပင်းကို အရိုအသေပေးရင်း...

"ကျွန်တော် အခုလို အကြပ်ကိုင်တာလဲ မလွဲမရှောင်သာလို့ပါ၊ ဒါကြောင့် ကျွန်တော့်ကို ခွင့်လွှတ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်ဗျာ"

ကျင်းပင်းက ခေါင်းတညိတ်ညိတ်ဖြင့် ပြန်ဖြေလိုက်၏။

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ အမှန်တော့ ငါတို့ ထိုက်ကျိုးဂိုဏ်းဟာ ဘယ်သူ့ကိုမဆို ကူညီရမယ့်ဝတ္တရား ရှိနေပါတယ်၊ ဒါကြောင့် မင်း ကျူပ်နဲ့ လိုက်ခဲ့ပါ"

ဟု ပြောကာ ခေါ်သွားလေသည်။

◆ ◆ ◆



ရှောင်ဖုံးသည် ထိုက်ကျိုးဂိုဏ်းချုပ်ကြီး၏ဒဏ်ရာများ ကုသရန် စစ်ဆေးကြည့်ရှုလိုက်သည်။

ထိုသို့ စစ်ဆေးကြည့်ရှုသည့်အခါတွင် သွေးဘီလူးအတု၏ သိုင်းပညာမှာ မိမိတတ်မြောက်ထားသော သိုင်းပညာနှင့် ထပ်တူထပ်မျှ ဖြစ်နေသည်ကို အလွန်အံ့ဩစွာ စစ်ဆေးတွေ့ရလေသည်။

ထိုက်ကျိုးဂိုဏ်းတွင် ထိပ်တန်းသိုင်းပညာရှင်များ ပြည့်လျှက် ရှိနေသည် ဖြစ်သော်လည်း သွေးဘီလူး၏ သွေးလက်ဝါးသိုင်းဒဏ်ရာကို မည်သည့်သိုင်းသမားကမျှ ကုသပေးနိုင်မည် မဟုတ်ပါ။

သို့သော် ထိုက်ကျိုးဂိုဏ်းချုပ်၏ဒဏ်ရာကို ရှောင်ဖုံးက ကောင်းစွာ ကုသပေးနိုင်ခဲ့သည်။

(၃)ရက်ခန့် ကြာသွားသောအခါ ထိုက်ကျိုးဂိုဏ်းချုပ်ကြီး၏ ဒဏ်ရာမှာ လုံးဝပျောက်ကင်းသက်သာသွားလေတော့သည်။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီးက ကျေးဇူးတုန့်ပြန်သော အနေဖြင့် သူ၏လက်ညှိုးနှစ်ချောင်းသိုင်းကို အသုံးပြုလျှက် ရှောင်ဖုံး၏ ပိတ်ဆို့နေသော သွေးကြောများကို ပြန်လည်ဖွင့်ပေးလိုက်လေသည်။

ထိုက်ကျိုးဂိုဏ်းချုပ်၏ လက်ညှိုးသည် ရှောင်ဖုံး၏ 'ကျင်ထိုင်'သွေးကြောကို တို့ထိလိုက်သည်။

ထိုအခါ အပူငွေ့တစ်ခုသည် တစ်ကိုယ်လုံးရှိ သွေးကြောနေ

www.burmeseclassic.com

www.burmeseclassic.com



ရာများကို ထိုးဖောက်ဝင်ရောက်သွားလေသည်။

ထိုက်ကျုံးဂိုဏ်းချုပ်ကြီးသည် ထမင်းအိုးကျက်ခန့် အချိန်ကုန်ခဲ့ပြီး ကုသလိုက်သောအခါ ရောင်ဖုံး၏ပိတ်နေသော သွေးကြောများကို ယခင်ပုံမှန်အတိုင်း ပြန်လည်ပတ်သွားနိုင်တော့သည်။

ယခု သူ၏အတွင်းအားများ လိုသလို အသုံးပြုနိုင်ပြီ ဖြစ်လေသည်။

သို့သော် သူသည် ထိုက်ကျုံးဂိုဏ်းချုပ်အား ကျေးဇူးတင်စကား မပြောပါ။

ထို့နောက် ထိုက်ကျုံးဂိုဏ်း၏ ခြံဝင်းအတွင်းမှ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားလေတော့သည်။

ထိုအချိန်၌ အရှေ့ဘက်မှ အရုဏ်ဦး၏ ရောင်ခြည်များသည် လောကဓာတ်တခွင်လုံးအား နှုတ်ခွန်းဆက်သနေပြီ ဖြစ်သည်။

◆ ◆ ◆

ရောင်ဖုံးသည် ထိုက်ကျုံးဂိုဏ်းမှ ထွက်ခွာလာခဲ့ပြီးနောက် (၃-၄)ရက်ခန့် အကြာတွင် အရိုးဆံထိုးသည် (၁၈)ကြိမ်မြောက် ထပ်မံထွက်ပေါ်လာသည့် သတင်းကို ကြားရလေသည်။

ထို့ကြောင့် ရောင်ဖုံးသည် အရိုးဆံထိုး လက်ခံရရှိခဲ့သည့်လူ



နေထိုင်ရာ စိုင်းဟုန်မြို့သို့ ဦးတည်ထွက်ခွာလာလေတော့သည်။

◆ ◆ ◆

စိုင်းဟုန်မြို့နှင့် (၁၀)မိုင်ခန့် အကွာတွင် ရွာကလေးတစ်ရွာ ရှိသည်။

ထိုရွာကလေးသည် အိမ်ခြေပေါင်း (၁၄-၅) အိမ်မျှသာ ရှိသော ရွာငယ်ကလေး ဖြစ်သည်။

၎င်းရွာကလေး၏တောင်ဘက်တွင် သစ်လုံးဖြင့် တည်ဆောက်ထားသော အိမ်ကလေးတစ်လုံး ရှိလေသည်။

ထိုအိမ်၏ပိုင်ရှင်မှာ အသက်(၂၀)ကျော်ခန့်သာ ရှိသော လူငယ်တစ်ယောက် ဖြစ်သည်။

ထိုလူငယ်၏အမည်မှာ ကွမ်းမင်း ဟူ၍ ဖြစ်ပေသည်။

ကွမ်းမင်းသည် (၁၈)ကြိမ်မြောက် အရိုးဆံထိုးကို လက်ခံရရှိခဲ့သူ ဖြစ်သည်။

ထို့ကြောင့် ကွမ်းမင်းသည် ကံဆိုးသော လူတစ်ယောက်ဟု ဆိုရပေတော့သည်။

ထိုရွာကလေးသို့ ရောင်ဖုံး ရောက်လာသောအခါ ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံးသည် အဆိုပါ ရွာကလေးကို ရောက်လျှင် ရောက်ချင်း ကွမ်းမင်း၏နေထိုင်ရာ သစ်လုံးအိမ် အနီးသို့ ရောက်သောအခါ ကပျာကယာ ချဉ်းကပ်သွားလေသည်။

သစ်လုံးအိမ်လေး အနီးသို့ ရောက်သောအခါ ရှောင်ဖုံးသည် အိမ်နှင့်ကပ်လျက်ရှိသော သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက် ပြတင်းပေါက်နှင့်နီးရာ သစ်ကိုင်းသို့ ခုန်ကူးလိုက်သည်။

ထိုမှတဆင့် အိမ်ထဲသို့ လှမ်းကြည့်လိုက်လေတော့သည်။

အိမ်ထဲ၌ မီးရောင်များဖြင့် ထိန်ထိန်လင်းလျက် ရှိနေ၏။

သို့သော် တစ်အိမ်လုံး ခြောက်သွေ့တိတ်ဆိတ်နေပြီး လူရိပ်လူရောင်ကို လုံးဝတွေ့မြင်ရခြင်း မရှိပါချေ။

သူသည် ရင်ထိတ်သွားသည်။

ထိုအိမ်ရှင်မှာ သွေးဘီလူးအတု၏လက်ချက်ကြောင့် သေဆုံးသွားပြီလားဟု စိုးရိမ်မကင်း ဖြစ်မိလေသည်။

ထို့ကြောင့် သစ်ပင်ပေါ်မှ ပြန်လည်ဆင်းသက်ခဲ့လေသည်။

ထို့နောက် အိမ်အနီးသို့ ချဉ်းကပ်သွားလေတော့သည်။

တခဏမျှ အကဲခတ်ပြီးနောက် ရှောင်ဖုံးသည် တံခါးကို အသာကုန်တွန်းကာ ဖွင့်မိလိုက်လေတော့သည်။



အခန်းတံခါးမှာ မင်းတုံးချထားခြင်း မရှိသောကြောင့် အလွယ်တကူပင် ပွင့်သွားလေသည်။

ထို့ကြောင့် ရှောင်ဖုံးသည် အခန်းတွင်း ခြေတစ်ဖက် လှမ်းဝင်လိုက်ပြီး ခေါင်းလျှိုကြည့်လိုက်လေသည်။

ထိုစဉ်မှာပင် အေးစိမ့်သော ဓားတစ်လက်သည် သူ၏လည်ဂုတ်ပေါ်သို့ ရုတ်တရက် ထောက်ထားလိုက်သည်။

တဆက်တည်းမှာပင် လူတစ်ယောက်၏အေးစက်မာကြောသော အသံကို ကြားလိုက်ရ၏။

"မလှုပ်နဲ့ သေသွားမယ်"

ဟူ၍ ဖြစ်သည်။

ရှောင်ဖုံးသည် လုံးဝမလှုပ်ရှားဝံ့ဘဲ ငြိမ်နေလိုက်လေသည်။

ထို့နောက်...

"ခင်ဗျားက ဘယ်သူလဲ"

ဟု မေးလိုက်ပြန်သည်။

အသံရှင်က...

"ကျုပ်က ဒီအိမ်ရဲ့အိမ်ရှင် 'ကွမ်းမင်း'ပါပဲဗျာ"

ဟု ပြောလိုက်သည်။

ထိုစကားကြားလိုက်ရသောအခါ ရှောင်ဖုံးသည် စိတ်သက်သာရာရသွားပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ဗျာ"

ဟု ပြောလိုက်သည်။

သူ့နောက်မှ လူသည် ဓားကို ရှေ့သို့ ထိုးလိုက်ပြီး ခတ်ဆတ်ခတ် မေးလိုက်သည်။

"ခင်ဗျား ဘာကို ဆိုလိုတာလဲဗျာ"

ဟု ပြန်မေးလိုက်သည်။

ရှောင်ဖုံးက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကျုပ်က ခင်ဗျားကို သွေးဘီလူး လာသတ်သွားပြီလို့ ထင်နေတာ၊ အခု မသေသေးဘူးဆိုတော့ ဝမ်းသာစရာပေါ့ဗျာ"

ကွမ်းမင်းက...

"ဘယ်လို ခင်ဗျားက သွေးဘီလူး မဟုတ်ဘူးလား"

ကွမ်းမင်းက မျက်မှောင်ကုတ်၍ ပြန်မေးလိုက်သည်။

သူ၏အမေးကြောင့် ရှောင်ဖုံးသည် ဘာပြောရမှန်း မသိဘဲ ခပ်ကြောင်ကြောင် ဖြစ်သွားသည်။

နောက်မှ ခေါင်းကို အသာခါယမ်းလိုက်ပြီး...

"မဟုတ်ရပါဘူးဗျာ"

သူ့နောက်မှလူသည် ဓားကို ပြန်လည်ရုပ်သိမ်းလိုက်လေသည်။

ထို့ကြောင့် ရှောင်ဖုံးက တဖြည်းဖြည်း နောက်သို့လှည့်



လိုက်လေသည်။

သူ့အား ဓားဖြင့် ထောက်ထားသော လူမှာ အသက်(၂၀) ကျော်ခန့် ရှိသော လူငယ်တစ်ယောက် ဖြစ်နေသည်ကို တွေ့ရလေသည်။

ရှောင်ဖုံးသည် ထိုလူငယ်အား မြင်တွေ့လိုက်ရသောအခါ စိတ်ထဲ၌ စနိုးစနောင့် ဖြစ်သွားရသည်။

အကြောင်းမှာ ထိုလူငယ်၏ရုပ်ရည်သည် မိန်းကလေးတစ်ဦးကဲ့သို့ ချောမောနေသောကြောင့် ဖြစ်လေတော့သည်။

ရှောင်ဖုံးက မျက်မှောင်ကုတ်မိသည်။

"ကွမ်းမင်းဆိုတာ ခင်ဗျားပဲ ထင်မယ်"

ဟု ပြောလိုက်သည်။

ကွမ်းမင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဟု ဖြေလိုက်သည်။

ရှောင်ဖုံးက သူ့အား အကဲခတ်သလို လှမ်းကြည့်ပြီး သက်ပြင်းချလိုက်လေသည်။

"အရိုးဆံထိုးကို ခင်ဗျားရထားတယ်ဆို"

ကွမ်းမင်း ခေါင်းညိတ်လိုက်သည်။

သူ၏မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်သည့် အရိပ်အ

www.burmeseclassic.com

www.burmeseclassic.com



ရောင်များ ယှက်သန်းပေါ်လွင်နေလေသည်။

"ကျုပ်က သွေးဘီလူးနဲ့ ရန်ငြိုးရှိခဲ့တာမှ မဟုတ်ဘဲ၊ ဘာဖြစ်လို့ ကျုပ်ကိုလာပြီး ရန်ရှာရတယ်ဆိုတာ ဘယ်လိုမှတွေးလို့ မရအောင် ဖြစ်မိတယ်"

ကွမ်းမင်း စိတ်ရှုပ်ထွေးစွာဖြင့် ပြောလိုက်သည်။

ရောင်ဖုံးက သက်ပြင်းတစ်ချက်ချမိလေသည်။

"အင်း ကိုယ်နဲ့ ရန်ငြိုး မရှိတဲ့ လူဆီကို အရိုးဆံထိုး ပို့လိုက်တာဆိုတော့ သွေးဘီလူးဟာ စိတ်မှ ကောင်းရဲ့လား မသိဘူး"

ထိုစဉ် လူရိပ်တစ်ခုသည် အခန်းထဲသို့ ရုတ်တရက် လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထို့ကြောင့် ရောင်ဖုံးက လျှပ်တပြက် နောက်လှည့်လိုက်ပြီး

"ဘယ်သူလဲ"

ရောင်ဖုံးသည် ယင်းသို့ လှမ်းမေးလိုက်ပြီး တဆက်တည်းမှာပင် အခန်းထဲ ဝင်လာသည့်လူ၏ လက်ကောက်ဝတ်ကို ဖမ်းချုပ်လိုက်သည်။

ထို့နောက် ထိုလူအား လှမ်းကြည့်လိုက်လေတော့လေသည်။

သူ၏တစ်ကိုယ်လုံးကို မိုးကြိုးပစ်ချခြင်း ခံလိုက်ရသကဲ့သို့ တစ်ကိုယ်လုံး ထုံကျဉ်တောင့်တင်းသွားရလေတော့သည်။



ရောင်ဖုံး၏မျက်လုံးအစုံမှာ ပြူးကျယ်သွားပြီး နှုတ်မှ လွှတ်ကနဲ ယောင်ယမ်းရေရွတ်မိလိုက်မိလေတော့သည်။

"ဟင်"

ထို့အတူ အခန်းထဲ ဝင်ရောက်လာသူကလည်း မျက်လုံးများ ပြူးကျယ်သွားကာ အံ့သြထိတ်လန့်စွာဖြင့် နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်မိလေသည်။

ရောင်ဖုံးသည် ထိုလူ၏လက်ကောက်ဝတ်အား ဆုပ်ကိုင်ထားခြင်းမှ ရုတ်တရက် လွှတ်ချလိုက်လေတော့သည်။

သူ၏ခြေလှမ်းမှာလည်း နောက်သို့ (၃)လှမ်းခန့် ဆုတ်သွားမိလေသည်။

ရောင်ဖုံး မြင်တွေ့ရသော လူရိပ်မှာ မည်သည့်အခါမျှ မေ့၍ရနိုင်မည် မဟုတ်သော သူ၏ငယ်ချစ် 'ကြူးလျှံ'ပင် ဖြစ်ပေတော့သည်။

သူသည် အထစ်ထစ်အငေါ့ငေါ့ဖြင့်...

"မင်း..မင်း"

ရောင်ဖုံးသည် ဆက်၍ မပြောနိုင်တော့လောက်အောင် အံ့သြတကြီး ဖြစ်နေမိလေတော့သည်။

သူတို့နှစ်ယောက်၏ ကြောင်စီစီ အပြုအမူကြောင့် 'ကွမ်းမင်း'က မနေသာတော့ဘဲ ဝင်ရောက်ပြောဆိုလိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ၊ သူက ကျုပ်ဇနီးပါ"

ကွမ်းမင်းက အနီးသို့ ချဉ်းကပ်လာပြီး ပြောလိုက်ခြင်း ဖြစ်သည်။

ထိုစကားသည် ရှောင်ဖုံး၏နားထဲသို့ မိုးကြိုးပစ်လိုက်သည့် အလား 'အုန်းခနဲ' ဖြစ်သွားသည်။

ထိုတခဏ် အချိန်ကလေး အတွင်း၌ ဒေါသထွက်ခြင်း၊ ခံပြင်းခြင်း၊ နာကျည်းခြင်း၊ မယုံကြည်နိုင်ခြင်း စသည့် ခံစားချက်များသည် တပြိုင်နက်တည်း ပေါ်ပေါက်ခံစားလိုက်ရသည်။

သို့ရာတွင် ကွမ်းမင်းသည် ရှောင်ဖုံး ဣန္ဒြေပျက်သွားသည်ကို လုံးဝသတိပြုမိလိုက်ခြင်း မရှိသောပေ။

သူသည် ရှောင်ဖုံးအား ကြူးလျှံနှင့် မိတ်ဆက်ပေးလိုက်လေသည်။

"ဒီမှာ ညီမ သူက.."

ကွမ်းမင်းသည် စကားတန်းလန်းနှင့် ရှောင်ဖုံးအား လှမ်းကြည့်လိုက်သည်။

ထိုအချိန်၌ ရှောင်ဖုံးမှာ အနည်းငယ် စိတ်တည်ငြိမ်နေခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် အလိုက်သင့်ပင် ဝင်ပြောပြလိုက်လေတော့သည်။



"ဟုတ်ကဲ့၊ ကျုပ်ရဲ့နာမည်က ရှောင်ဖုံးပါဗျာ"

ရှောင်ဖုံးက ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်လေတော့သည်။

ကွမ်းမင်းက ပြုံးလိုက်ပြီး ဇနီးသည်ဘက် လှည့်၍ လှမ်းပြောလိုက်သည်။

"တို့ကံကောင်းတာပဲ၊ သွေးဘီလူး ရောက်မလာမီ ငါတို့ကို ကူညီမယ့်လူ ရောက်လာတာ အားရှိစရာပဲကွ"

ဟု ပြောလိုက်သည်။

သို့သော်...

ကြူးလျှံသည် ကွမ်းမင်း၏စကားကို အလေးမထားနိုင်ဘဲ ဖြစ်နေရသည်။

သူမသည် ရှောင်ဖုံးအား ငေးမော၍ ကြည့်နေမိလေသည်။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲနေ၏။

သို့သော် ရစ်ဝဲလာသော မျက်ရည်များကို ကွမ်းမင်း မသိအောင် မျက်တောင်ခတ်၍ ဖယ်ရှားလိုက်သည်။

ထို့နောက်...

သူမသည် ဟန်ဆောင်အပြုံးမျိုးကို ပြုံးပြလိုက်ကာ...

"ဟုတ်ကဲ့၊ အခုလို လာပြီး ကူညီတာကို ကျွန်မဖြင့် ဘယ်လိုဝမ်းသာမိတယ်ဆိုတာ ပြောမပြတတ်အောင်ပါပဲရှင်၊ ကျွန်မတို့ကို ကူညီပါလို့ အနူးအညွတ် တောင်းပန်ပါတယ်ရှင်၊ ကူညီပါ"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဟန်လုပ်၍ ပြောသာ ပြောလိုက်ရလေသည်။

သို့သော်...

သူမ ရင်ထဲ၌ ကြေကွဲဆို့နင့်နေသည်ကို သူမကိုယ်တိုင်မှ လွဲ၍ မည်သူမျှ သိနိုင်တော့မည် မဟုတ်ပါချေ။

သူမ၏ရင်ထဲ၌ ငယ်စဉ်ဘဝက ပုံရိပ်များ စီးမိုးလာကာ ငိုချင်စိတ်များကို မနည်းပင် ချုပ်တည်းထားရလေသည်။

ရှောင်ဖုံးအား ကြည့်ကာ ကိုယ့်ကိုကိုယ် အပြစ်တင်နေမိလေသည်။

သူမအား ရှောင်ဖုံးမှာ အမုန်းကြီး မုန်းနေပြီ ဖြစ်ပေတော့မည်။

ရှောင်ဖုံးသည် သူမအား သစ္စာမရှိသော မိန်းမဟု အပြစ်တင်တော့မည်။

ရှောင်ဖုံးမှာမူ တစ်ခွန်းတစ်ပါဒမျှပင် မပြောနိုင်တော့ပေ။

သူ့ရင်ထဲ၌ အလွန်နာကျည်းသော ဝေဒနာများကို လှိုက်လှိုက်လှဲလှဲ ခံစားနေရသည်။

ကြူးလျှံသည် သူ့အား စိတ်ကုန်သွားသောကြောင့်ပင် ဖြစ်သည်။

ဟုတ်ပါသည်။

အိမ်မရှိ၊ ယာမရှိ၊ ဆွေမျိုးမရှိသော သူ့လိုလူကို မည်သူက



လိုချင်ပါမည်နည်း။

သူသည် ဒေါသထွက်လာလေသည်။

တဆက်တည်းပင် မနာလိုဝန်တိုစိတ်နှင့် ခံပြင်းစိတ်များ ပြိုင်တူ ထွက်ပေါ်လာလေ၏။

ထို့နောက်...

"မင်းလို သစ္စာမရှိတဲ့ မိန်းမကို ငါက ဘာလို့ ကူညီရမှာလဲ၊ သွေးဘီလူး သတ်သွားတာပဲ ကောင်းတယ်"

ရှောင်ဖုံးသည် စိတ်ထဲ၌ ယင်းသို့ တွေးမိလိုက်ကာ ကိုယ့်ကိုကိုယ် ကျေနပ်စွာ ပြုံးလိုက်မိလေသည်။

ထို့ကြောင့် ကွမ်းမင်းနှင့် ကြူးလျှံတို့ဘက် လှည့်ကာ ပြောလိုက်လေသည်။

"ခင်ဗျားတို့ကိုတော့ ကူညီချင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်မှာ အရေးကြီးတဲ့ကိစ္စ ရှိနေသေးလို့ ကျုပ်ကို ခွင့်ပြုပါဦး"

ရှောင်ဖုံး၏စကားကို ကြားလိုက်ရသောအခါ ကွမ်းမင်းနှင့် ကြူးလျှံတို့မှာ တအံ့တဩဖြင့် နားမလည်နိုင်အောင် ဖြစ်သွားကြသည်။

အနည်းငယ် စိတ်အားငယ်သလိုလည်း ခံစားလိုက်ကြ၏။

ရှောင်ဖုံးသည် အဘယ်ကြောင့် ဤမျှ စိတ်ထားပြောင်းအလဲ မြန်ဆန်သွားရသည်ကို ကွမ်းမင်း မတွေးတတ်အောင် ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



ရလေတော့သည်။

သို့သော် ကြူးလှို့သည် ရှောင်ဖုံးမှာ မိမိအား စိတ်နာနေကြောင်းကို ကောင်းစွာ ရိပ်စားမိလိုက်လေသည်။

သူမ အနေဖြင့် မျက်ရည်ကျသည်မှ လွဲ၍ ဘာများတတ်နိုင်ပါမည်နည်း။

ယခုအချိန်၌ ရှောင်ဖုံး နားလည်အောင် သူမ မည်သို့ ရှင်းပြရမည်နည်း။

အခြေအနေမပေးသဖြင့် ရှောင်ဖုံး၏တစ်ဘက်သတ်အမုန်းကို သူမ လည်စင်းခံရပါတော့မည် ဖြစ်ပါသည်။

သူမသည် ရှောင်ဖုံးအား မည်သို့ ရှင်းပြရမည် ဖြစ်ပါသနည်း။

သူမသည် ရစ်ဝဲလာသည့် မျက်ရည်များကို ကွမ်းမင်း မသိအောင် အကြိမ်ကြိမ် သုတ်ပစ်လိုက်ရလေသည်။

ကွမ်းမင်းက သက်ပြင်းတစ်ချက်ချရင်း ရှောင်ဖုံးအား အကူအညီတောင်းသည့် မျက်လုံးများဖြင့် လှမ်းကြည့်လိုက်၏။

ထို့ကြောင့်...

"ကျုပ်တောင်းပန်ပါတယ်ဗျာ၊ တစ်ညလောက်ဖြစ်ဖြစ်ပဲ ကျုပ်တို့ဆီမှာပဲ နေပါလားဗျာ၊ ကျုပ်တောင်းပန်ပါတယ်၊ ဒီမှာ တစ်ညလောက်တော့ နေလိုက်ပါနော်"



ကွမ်းမင်းက တောင်းပန်သလို ပြောလိုက်သော်လည်း...

ရှောင်ဖုံးသည် ပြတ်သားစွာပင် ငြင်းပယ်လိုက်လေသည်။

"မဖြစ်နိုင်လို့ပါ၊ ကဲ ကျုပ်ကို သွားခွင့်ပြုပါဦး"

ဟု ပြောလိုက်သည်။

သူသည် တစ်ဘက်သို့ လှည့်ကာ အိမ်ခန်းထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်သည်။

သူသည် စိတ်နာကြည်းစွာဖြင့် ပြန်လည်လှည့်ကြည့်လိုက်သည်။

ထိုစဉ်မှာပင်...

ကြူးလှို့က သူ့အား ဟန့်တားထားလိုက်သည်။

"နေပါဦးရှင့်၊ ကျွန်မတို့ အိမ်က ရှင်နဲ့ မတန်ဖူးထင်လို့ မနေတာလား"

ဟု ပြတ်ပြတ်ပင် ပြောလိုက်လေတော့သည်။

ထိုစကားကြားလိုက်ရသောအခါ ရှောင်ဖုံး၏ဒေါသများသည် အဆုံးထိအောင် ပေါက်ကွဲသွားလေသည်။

ထို့ကြောင့် သူသည် မဲ့ပြုံးပြုံးလိုက်ပြီး ကြူးလှို့အား စိုက်ကြည့်ကာ ဒေါသများ အလိပ်လိပ် ထွက်လာလေသည်။

ထို့နောက် ခံပြင်းစိတ်ကို ထိန်းချုပ်ကာ ပြောလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ကျုပ်က ခင်ဗျားတို့ အိမ်နဲ့ မတန်လို့ပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျုပ်သွားတော့မယ်"

ဟု ပြောကာ ခြေလှမ်းကျဲကျဲဖြင့် ထွက်လာလေတော့သည်။

သူ့ရင်ထဲ၌ ဒေါသစိတ်များသာ ဖုံးလွှမ်းလျက် ရှိနေပါသည်။

အဘယ်ကြောင့် ဤသို့ ဒေါသတကြီး ဖြစ်နေသည်ကို သူ မသိချေ။

ထို့ကြောင့် သူသည် ထွက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် ရုတ်တရက်ဆိုသလိုပင် ကလေးငယ်တစ်ဦး၏ ငိုသံကို ကြားလိုက်ရလေသည်။

အဘယ်ကြောင့်မှန်းမသိ သူ၏ခြေလှမ်းများသည် ရုတ်တရက်ဆိုသလို ချက်ချင်းပင် တုံ့ခနဲ ရပ်သွားလေသည်။

ရှောင်ဖုံးသည် နောက်သို့ လှည့်ကြည့်လိုက်လေသည်။

ထို့နောက်...

"ခင်ဗျားတို့က ကလေးတောင် ရနေကြပြီကိုး"

ဟု ပြောလိုက်သည်။

ထို့နောက် အားရပါးရ ရယ်မောလိုက်လေတော့သည်။

"ဟား..ဟား..ဟား၊ ကောင်းတယ်..ကောင်းတယ်"

ကွမ်းမင်းသည် ရှောင်ဖုံး၏အပြုအမူများကို လုံးဝနား



မလည်နိုင်ဘဲ ကြောင်အမ်းအမ်း ဖြစ်နေမိသည်။

ရှောင်ဖုံးသည် ကြူးလျှံအား မြင်လိုက်သည့် အချိန်မှစ၍ ဒေါသတကြီး ဖြစ်နေလေသည်။

အဘယ်ကြောင့် ဒေါသတကြီး ဖြစ်နေသည်ကို သူ မသိချေ။ မနာလိုခြင်းလော သို့မဟုတ် ဝန်တိုခြင်းလော သူ မသိချေ။

ကွမ်းမင်းသည် ရှောင်ဖုံးအား ကြည့်ကာ ပြောလိုက်သည်။

"မိတ်ဆွေကို ကြည့်ရတာ တစ်မျိုးကြီးပဲ၊ ကျုပ်တို့မှာ ကလေးတစ်ယောက် ရနေပါပြီ"

သူသည် ယင်းသို့ ပြောပြီးလျှင် ကြူးလျှံအား လှမ်းကြည့်ကာ...

"ကလေး နိုးနေပါပြီ၊ သွားချော့လိုက်ပါဦး၊ တော်ကြာ ထပ်ငိုနေဦးမယ်"

ဟု ပြောလိုက်လေသည်။

ကြူးလျှံက ရှောင်ဖုံးအား ကြည့်ကာ အခန်းတွင်းဘက်သို့ လှမ်းဝင်သွားလေတော့သည်။

သူမသည် နောင်တစ်ချိန်၌ အသေအချာ ရှင်းပြရမည်ဟု နားလည်ထားလေသည်။

ထို့ကြောင့် သူမသည် ရှောင်ဖုံးအား အလွန်သနားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံးသည် သူမအပေါ် သစ္စာရှိသလောက် သူမသည် ရှောင်ဖုံးအပေါ် သစ္စာမရှိခဲ့သောကြောင့်ပင် ဖြစ်သည်။

ကွမ်းမင်းသည် ကြောင်အမ်းအမ်း ရပ်နေသော ရှောင်ဖုံးအား ကြည့်ကာ…

"ကဲ မိတ်ဆွေ၊ ဒီမှာ တစ်ညလောက် နေပေးမယ် မဟုတ်လား"

ဟု ပြောလိုက်သည်။

ရှောင်ဖုံးသည် သတိဝင်လာပြီး ချက်ချင်းပင် ခေါင်းကို ဆတ်ခနဲခါယမ်းလိုက်သည်။

"မနေဘူး၊ ခင်ဗျားတို့ အိမ်မှာ ခဏလေးတောင် မနေချင်ဘူး"

သူသည် ယင်းသို့ ပြောပြီးနောက် အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား…ဟား…ဟား"

ကွမ်းမင်းသည် ဘာမျှ နားမလည်နိုင်တော့ဘဲ ပြူးကျယ်သော မျက်လုံးအစုံဖြင့် ရှောင်ဖုံးအား စိုက်ကြည့်နေမိတော့သည်။

ရှောင်ဖုံးသည် တဟားဟား ရယ်မောရင်း အခန်းထဲမှ ထွက်ခွာသွားသည်။

သူ၏ရယ်မောသံမှာ ဝမ်းနည်းကြေကွဲရာမှ ပေါ်ပေါက်လာသော ရယ်မောသံပင် ဖြစ်ကြောင်း ကွမ်းမင်း ရိပ်စားနားလည်မိလေသည်။

◆ ◆ ◆

"ရှီ…ရှီ…ရှီ"

စူးရှသော အော်မြည်သံတစ်ခုသည် တိတ်ဆိတ်သော ဝန်းကျင်တစ်ခုလုံးအား ထိုးဖောက်ထွက်ပေါ်လာလေသည်။

ရှောင်ဖုံးသည် ရှေ့သို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားနေစဉ် ထိုစူးရှသော အသံများ ထွက်ပေါ်လာခြင်း ဖြစ်သည်။

အသံသည် အဆက်မပြတ် ထွက်ပေါ်လာ၏။

ရှောင်ဖုံးသည် ရှေ့သို့ လှမ်းနေရင်းမှ စူးရှစွာ ထွက်ပေါ်လာသော အသံကို နားစွင့်လိုက်မိလေတော့သည်။

အသံသည် ပိုမိုကျယ်လောင်လာသည်။

သွေးဘီလူးများ ရောက်ရှိနေပြီ ဖြစ်ကြောင်း သိနိုင်လေသည်။

အဘယ်ကြောင့်ဆိုသော်…

ထိုအသံသည် သွေးဘီလူး၏ရှေ့ပြေးသင်္ကေတတစ်ခု ဖြစ်ကြောင်း ရှောင်ဖုံး သိရှိလိုက်သောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် ကွမ်းမင်းတို့အား စိုးရိမ်သွားလေသည်။

သို့သော်...

သူသည် ကြူးလျှံ၏မျက်နှာကို မြင်ယောင်မိသောအခါ ဒေါသထွက်လာလေသည်။

"မင်းတို့တွေ သေမှအေးမယ်"

ဟု ကျိန်ဆဲလိုက်လေသည်။

ထို့နောက် သူသည် မဲ့ပြုံးတစ်ချက် ပြုံးလိုက်လေသည်။

"ကောင်းတယ်၊ ခင်းတို့ကို သွေးဘီလူး သတ်ပြီးတော့မှ ငါ တစ်ခေါက် လာပြန်ကြည့်မယ်"

သူသည် ယင်းသို့ စိတ်ထဲ၌ တွေးလိုက်မိလေတော့သည်။

သို့သော်...

သူသည် ငယ်စဉ်ဘဝက ကြူးလျှံသည် သူ့အား ဂရုစိုက်ခဲ့ပုံ၊ ကြင်နာခဲ့ပုံကို မြင်ယောင်ကာ ဝေခွဲရမရ ဖြစ်သွားလေသည်။

ထို့ကြောင့် သက်ပြင်းချလိုက်လေသည်။

သူ၏ရင်ထဲ၌ ချက်ချင်းလိုလိုပင် ဒေါသစိတ်များ ဝင်ရောက်လာလေသည်။

ထို့ကြောင့်...

"သူတောင်မှ ငါ့အပေါ်မှာ သစ္စာမှ မရှိတာ၊ ငါက ဘာကူ



ညီစရာ ရှိလို့လဲ၊ သူတို့ဟာ သူတို့ ဘာပဲဖြစ်ဖြစ် ငါနဲ့ ဘာဆိုင်လို့လဲ"

ဟု ရေရွတ်မိပြန်သည်။ သို့သော် ချက်ချင်းပင် သူ့စိတ်ထဲ၌ အသိတရား ဝင်ရောက်လာလေသည်။

"အင်း သူတို့ဆီမှာ ကလေး ရှိတာပဲ၊ ငါ ဘယ်လိုလုပ်ရမှာလဲ"

သူသည် ဝေခွဲမရ ဖြစ်နေလေသည်။

"အင်း ကလေး မရှိတော့လဲ ကောင်းတာပါပဲလေ"

သူသည် ယင်းသို့ တွေးမိသော်လည်း စိတ်ထဲ၌ ဘဝင်မကျ ဖြစ်နေလေသည်။

ထိုစဉ် အိမ်ထဲမှ ကလေးငိုသံသဲ့သဲ့ကို သူကြားလိုက်ရလေသည်။ ကလေးငိုသံသည် သူ့နှလုံးသားအား ကျောက်တုံးကြီးနှင့် ထုချလိုက်သလို နင့်ခနဲ ဖြစ်သွားစေသည်။

"ဟာ သူတို့နှစ်ယောက် သေသွားတာ အကြောင်းမဟုတ်ဘူး၊ ကလေးငယ်မှာ အပြစ်မရှိဘဲ သေရတာကိုတော့ ငါကြည့်မနေနိုင်ဘူး"

ရှောင်ဖုံးသည် ယင်းသို့ တွေးမိလိုက်သည်နှင့် တပြိုင်နက် လှမ်းနေသော ခြေထောက်များသည် အလိုအလျောက် ရပ်တန့်သွားလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံးသည် မှောင်အတိကျနေ၏။

ကွမ်းမင်းသည် ဓားကို ဆွဲထုတ်လိုက်ပြီး ရောက်ရှိလာမည့် သွေးဘီလူးအား စောင့်နေ၏။

အတန်ကြာမှ...

"ရှပ်..ရှပ်..ရှပ်"

ဟူသော ခြေသံတစ်ခုကို ကြားလိုက်ရလေသည်။

ထိုခြေသံကို ကြားလိုက်ရသည်နှင့် ကွမ်းမင်း၏တစ်ကိုယ်လုံးမှာ တုန်တုန်ယင်ယင် ဖြစ်သွားရလေတော့သည်။

သူ၏နဖူးပေါ်၌လည်း ချွေးသီးချွေးပေါက်များ စီးဆင်းကျနေလေသည်။

သူသည် ဓားကို တင်းကြပ်စွာ ဆုပ်ကိုင်ထားပြီး ခြေသံလာရာသို့ စူးစိုက်စွာ ကြည့်နေမိသည်။

မကြာပါချေ။

ခြေသံများ ရပ်တန့်သွားသည်။

တဒင်္ဂအတွင်းမှာပင် တစ်ကိုယ်လုံး အနီရောင်ဝတ်ဆင်ထားသော လူတစ်ယောက်သည် သူ၏ရှေ့၌ ထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

သွေးဘီလူး ရောက်ရှိလာပြီ ဖြစ်သည်။

သွေးဘီလူးသည် ကွမ်းမင်းထံသို့ တဖြည်းဖြည်း လျှောက်



လှမ်းလာလေသည်။

ယင်းသို့ လျှောက်လှမ်းခဲ့ရင်းမှ...

"မိတ်ဆွေရဲ့ဇနီးလဲ မတွေ့ပါလား"

ကွမ်းမင်းသည် ထိုစကားကြားလိုက်ရသောအခါ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရလေတော့သည်။

ထိုအချိန်မှာပင် အေးစိမ့်သော အသံတစ်သံ ထွက်ပေါ်လာသည်။

"သည်မှာ သွေးဘီလူး၊ ခင်ဗျား သူ့ဇနီးကို တွေ့ချင်ရင် ခင်ဗျားခေါင်းမှာ ခြုံထားတဲ့ မျက်နှာဖုံးကို ချွတ်လိုက်ပါလားဗျာ"

ကွမ်းမင်းသည် ယင်းစကားကို ကြားလိုက်သည်နှင့် နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

သူဝမ်းသာသွား၏။

အကြောင်းမှာ သူ့ထံသို့ ရောက်ရှိလာသူမှာ ရှောင်ဖုံး ဖြစ်နေသောကြောင့်တည်း။

သူသည် ဟန်ပင် မဆောင်နိုင်တော့ဘဲ စိတ်လှုပ်ရှားစွာဖြင့် လှမ်းပြောလိုက်မိ၏။

"ဝမ်းသာလိုက်တာ ရှောင်ဖုံးရယ်"

ရှောင်ဖုံးက ခေါင်းညိတ်လိုက်သည်။

"ကဲ ကွမ်းမင်း၊ ကျုပ် သူ့ကို စောင့်ကြည့်ပြီး ဟန့်တားထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်၊ ခင်ဗျားက ခင်ဗျားဇနီးကို အမြန်ဆုံး သွားခေါ်ထုတ်ခဲ့ပါ"

သူသည် သွေးဘီလူးအတု၏ အကြောင်းများကို ကောင်းစွာ သိထားခဲ့သူ ဖြစ်သည်။

ထိုသွေးဘီလူးအတုသည် မည်သည့်အခါမျှ တစ်ယောက်တည်းမလာ အမြဲတမ်းလိုလို နှစ်ယောက်တွဲ၍ လာတတ်သည်။

တစ်ယောက်က ရှေ့မှ ဟန်ပြပြီး အာရုံပြောင်းပေးသည်။

အခြားတစ်ယောက်က နောက်မှဝင်၍ လုပ်ကြံသည်။

သွေးဘီလူးအတု၏ လုပ်နည်းလုပ်ဟန်ကို ရှောင်ဖုံးကောင်းစွာ သိရှိထားပြီ ဖြစ်သည်။

ထို့ကြောင့်...

ရှောင်ဖုံးက ကွမ်းမင်းအား ကြူးလျှံကို ခေါ်ထုတ်ခိုင်းလိုက်ခြင်း ဖြစ်သည်။

သို့သော်...

ကွမ်းမင်းက အိမ်ထဲ ဝင်မည်အပြုတွင်...

"ကျွန်မ သည်မှာ ရှိပါတယ်"

ကြူးလျှံသည် ကလေးငယ်အား ကျောပိုး၍ လက်ထဲ၌ ဓားတစ်လက်ကို ကိုင်ကာ ထွက်လာလေသည်။

ထို့ကြောင့်...

ကွမ်းမင်းသည် ထိုနေရာမှ ထွက်ခွာခြင်း မပြုတော့ဘဲ ရပ်



မြဲရပ်နေလိုက်သည်။

သွေးဘီလူးက မဲ့ပြုံးပြုံးလိုက်လေသည်။

"ကောင်းတယ်ဟေ့၊ အားလုံး လူစုံတော့ ကျုပ်တို့ သက်သာသွားတာပေါ့"

သွေးဘီလူးအတုသည် ယင်းသို့ ပြောပြီးသည်နှင့် ကွမ်းမင်းထံသို့ တစ်လှမ်းချင်း လှမ်းသွားလိုက်လေသည်။

တစ်ယောက်နှင့်တစ်ယောက် ခြေလှမ်းတစ်ရာခန့် အကွာတွင် ရပ်လိုက်သည်။

သူတို့သည် မျက်နှာချင်းဆိုင် ရပ်တန့်နေကြခြင်း ဖြစ်သည်။

ရှောင်ဖုံးက အေးတိအေးစက်ဖြင့်...

"ခင်ဗျားက သွေးဘီလူးအမည်ကို အလွဲသုံးစားလုပ်ပြီး သောင်းကျန်းနေတာ အတော်ယုတ်မာပါတယ်၊ ခင်ဗျား မရှက်ဘူးလား"

သွေးဘီလူးအတုက သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်သည်။

ပြီးမှ ရှောင်ဖုံးအား စေ့စေ့ကြည့်လိုက်ပြီးနောက်...

"ခင်ဗျားကလဲ သွေးဘီလူးအစစ် မဟုတ်ပါဘူး။ ဒါကြောင့် ခင်ဗျား ဘာမှပြောပိုင်ခွင့် မရှိဘူး"

ရှောင်ဖုံးက စကားမပြောတော့ဘဲ သွေးဘီလူးထံသို့ ဝင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တိုက်ခိုက်လိုက်လေသည်။

သွေးဘီလူးက အညှံမခံဘဲ ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုသည် တဒင်္ဂအတွင်း အရှိန်အဟုန် ပြင်းထန်လာလေတော့၏။

ရှောင်ဖုံးသည် သွေးကြောများ လည်ပတ်နိုင်ပြီ ဖြစ်ရာ ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ လွန်စွာမှပင် ဖျတ်လတ်နေတော့သည်။ သူ၏တိုက်ခိုက်မှုမှာလည်း အားမာန်ပြင်းထန်နေရလေသည်။

သွေးဘီလူးအတုသည်လည်း မခေပါ။

သူသည် ပေါ့ပါးသွက်လက်စွာဖြင့် ရှောင်တိမ်းရင်း ပြန်လည်တိုက်ခိုက်နေလေသည်။

ကွမ်းမင်းနှင့် ကြူးလျံတို့မှာမူ ယမ်းလုံးကိုသာ ဆုပ်ကိုင်ထားလျက် အခြေအနေ မဟန်လျှင် ပစ်ဖောက်ရန် အသင့်ပြင်ဆင်ထားကြလေသည်။

သို့သော် ရှောင်ဖုံးနှင့် သွေးဘီလူးတို့မှာ အလွန်လျင်မြန်စွာ တိုက် ခိုက်နေကြသောကြောင့် မည်သူက ရှောင်ဖုံး၊ မည်သူက သွေးဘီလူးဟုပင် ခွဲခြား၍ မရနိုင်တော့ပါချေ။

သူတို့သည် လျင်မြန်လှသော အဟုန်ဖြင့် သဲသဲမဲမဲ တိုက်ခိုက်နေကြလေသည်။

◆ ◆ ◆



တိုက်ပွဲသည် ပြင်းထန်လှပေသည်။

ရှောင်ဖုံးသည် သိုင်းပညာအရာ၌ သွေးဘီလူးအတုထက် ပိုမိုရင့်ကျက်နေသည်။

သူ၏သိုင်းကွက်များသည် တစ်ကွက်ပြီးတစ်ကွက် ဆင့်ကဲဆင့်ကဲ ပေါ်ထွက်လာသည်။

မကုန်နိုင် မခမ်းနိုင်လောက်အောင် စဉ်တိုက်ဆက်တိုက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထို့ကြောင့်...

သိုင်းကွက်တစ်ရာကျော်မျှ ယှဉ်ပြိုင်တိုက်ခိုက်ပြီးသောအခါ သွေးဘီလူးအတု၏ ခုခံတိုက်ခိုက်မှုသည် တစ်စထက်တစ်စ နှေးကွေးလာလေတော့သည်။

ထို့ကြောင့် ရှောင်ဖုံးသည် သူ၏လက်သီးနှင့် လက်ဝါးကို ပိုမိုသွက်လက်စွာ လှုပ်ရှားလိုက်၏။

အခွင့်အရေး သာလာသည်နှင့် တပြိုင်နက် ရှောင်ဖုံးသည် လက်ဝါး၌ အတွင်းအားစုစည်းကာ တအားရိုက်ထုတ်လိုက်သည်။

"ဝုန်း"

ဟူသော အသံနှင့်အတူ ခန္ဓာကိုယ်တစ်ခုသည် အဝေးသို့ လွင့်စဉ်သွားသည်ကို တွေ့ရသည်။

သွေးဘီလူးအတုပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးဘီလူးအတု၏ခန္ဓာကိုယ်သည် ရှောင်ဖုံး၏လက်ချက်ဖြင့် တစ်လံခန့် အကွာသို့ လဲကျသွား၏။

ရှောင်ဖုံးသည် လျှပ်တပြက် ပြေးဝင်သွားပြီးလျှင် သွေးဘီလူး၏မျက်နှာပေါ်မှ ဖုံးအုပ်ထားသော အနီရောင်စာပဝါကို ဆွဲဖြုတ်လိုက်သည်။

သူသည် သိချင်စိတ် ပြင်းပြစွာဖြင့် သွေးဘီလူးအတု၏မျက်နှာကို လှမ်းကြည့်လိုက်၏။

ရှောင်ဖုံး၏မျက်လုံးအစုံသည် အံ့သြမှုကြောင့် ဝိုင်းစက်ပြူးကျယ်သွားရလေတော့သည်။

"ယောဗျာ"

သူသည် ယင်းသို့ ထိတ်လန့်စွာဖြင့် လွှတ်ခနဲ ရေရွတ်လိုက်သည်။

သူ၏ခြေလှမ်းများသည်လည်း နောက်သို့ သုံးလှမ်းခန့် ဆုတ်သွားမိလေသည်။

အကြောင်းမှာ...

◆ ◆ ◆



ရှောင်ဖုံးသည် သူ့မျက်စိကိုပင် သူ မယုံနိုင်လောက်အောင် ဖြစ်သွားသည်။

မြင်ရသည့် မြင်ကွင်းကလည်း မယုံကြည်နိုင်ဖွယ် ကောင်းလောက်အောင် ထူးခြားနေသည်။

အကြောင်းမှာ ကြောက်မက်ဖွယ်ရာကောင်းပြီး ရက်စက်ကြမ်းကြုတ်သည့် သွေးဘီလူးအတုသည် အလွန်တရာ ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ရှောင်ဖုံးသည် အံ့သြတကြီးဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

အကယ်၍သာ သွေးဘီလူးအတုမှာ နုနယ်ပျိုမျစ်သော မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း စောစီးစွာက ကြိုတင်သိခဲ့လျှင် သူသည် ဤမျှ ရက်စက်စွာ တိုက်ခိုက်ခဲ့မည် မဟုတ်ပါ။

သူသည် တအံ့တသြဖြင့် ကြောင်အမ်းအမ်း ဖြစ်နေစဉ်မှာပင်...

"ရှီး..ရှီး..ရှီ"

ဟူသော စူးရှသည့် အသံများသည် ထပ်မံထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်လေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံးသည် စူးရှသော အသံလာရာဘက်သို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ အနီရောင်လူရိပ်တစ်ရိပ်သည် လျှင်မြန်သောအဟုန်ဖြင့် ပြေးဝင်လာပြီး လဲကျနေသော သွေးဘီလူးအတုအားဖေးမလိုက်လေသည်။

ပြေးဝင်လာသူ၏မျက်နှာပေါ်တွင် အနီရောင်ဇာပဝါများလွှမ်းခြုံထားသည်။

ထို့အပြင် တစ်ကိုယ်လုံးမှာလည်း အနီရောင်အဝတ်အစားများကို ဝတ်ဆင်ထား၏။

ထိုသူသည်လည်း သွေးဘီလူးအတုပင် ဖြစ်၏။

ထိုသူသည် ပထမ သွေးဘီလူးအတုအား ဖေးမလိုက်ပြီးနောက် အသာပြန်ချလိုက်သည်။

သူ၏အပြုအမူမှာ များစွာ စိတ်ထိခိုက်နေကြောင်း ပေါ်လွင်နေလေသည်။

ရှောင်ဖုံးသည် ထိုသူအား ကြောင်အမ်းအမ်း ငေးကြည့်နေမိသည်။

ထိုစဉ် ဒုတိယ သွေးဘီလူးအတုသည် ရုတ်တရက်ဆိုသလိုရှောင်ဖုံးအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ရှောင်ဖုံးသည် ထိတ်ခနဲ ဖြစ်သွားပြီး ကပျာကယာ ရှောင်



တိမ်းလိုက်ရလေသည်။

ထိုသို့ ရှောင်တိမ်းလိုက်စဉ် ဒုတိယ သွေးဘီလူးအတုကဒဏ်ရာရနေသော ပထမ သွေးဘီလူးအတုအား ပွေ့ချီပြီး ပြေးလွှားထွက်ခွာသွားလေသည်။

"သည်လို ပြေးလို့ လွတ်မယ်တဲ့လား"

ရှောင်ဖုံးက ကြုံးဝါးလိုက်ရင်း နောက်မှ ပြေးလွှားလိုက်ပါသွားသည်။

ဒုတိယ သွေးဘီလူးအတုမှာ သူ့အဖော်အား ထမ်းပိုးပြေးလွှားရသောကြောင့် ထင်သလောက် ခရီးမတွင်ပါချေ။

ထို့ကြောင့် မကြာမီ အချိန်အတွင်း၌ ရှောင်ဖုံးမှာ သူတို့အားမီလာလေသည်။

"ကဲ ဘယ်ပြေးမလဲ"

သွေးဘီလူးအတုက ပြေးနေရာမှ ရပ်တန့်လိုက်သည်။

ထို့နောက် ဒဏ်ရာရရှိနေသော ပထမ သွေးဘီလူးအတုအား မြေပေါ်၌ ခေတ္တထိုင်စေလေသည်။

ရှောင်ဖုံးသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး—

"ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ဆရာရဲ့ နာမည်ကိုအလွဲသုံးစား လုပ်ရတာလဲ"

ဒုတိယ သွေးဘီလူးအတုက မဲ့ပြုံးပြုံးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သွေးဘီလူးက ခင်ဗျားရဲ့ဆရာဆိုတာ သေချာပြီပေါ့"

ရှောင်ဖုံးက နှုတ်ခမ်းမဲ့လိုက်သည်။

"ကျုပ်ဆရာမို့ ကျုပ်ဆရာလို့ ပြောတာပေါ့"

ဒုတိယ သွေးဘီလူးအတုက သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

"ဒါဖြင့် အတော်ပဲ၊ ကျုပ်က သူ့ကို လိုက်ရှာနေတာ"

ဒုတိယ သွေးဘီလူးအတု၏စကားကြောင့် ရှောင်ဖုံးကလည်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ခင်ဗျားလို လူကများ ကျုပ်ဆရာကို လိုက်ရှာတယ်ဆိုတာ"

ဒုတိယ သွေးဘီလူးက ခါးထောက်လိုက်လေသည်။

"သည်မှာ ကျုပ်ရှင်းရှင်းပြောမယ်၊ တခြားလူတွေက ခင်ဗျားကို ကြောက်ပေမယ့် ကျုပ်က ခင်ဗျားကို လုံးဝဂရုမစိုက်ဘူး"

ဒုတိယ သွေးဘီလူးက နှုတ်ခမ်းမဲ့၍ ပြောလိုက်သည်။

"ဟား..ဟား..ဟား"

ရှောင်ဖုံးက အားရပါးရ ရယ်မောလိုက်သည်။

"ကျုပ်ကို မကြောက်ဘူးဆိုရင် ကြောက်သွားအောင်တော့ ဆုံးမရဦးမှာပေါ့"



သူသည် ယင်းသို့ ပြောပြီးသည်နှင့် သွေးဘီလူးအတုထံသို့ ချဉ်းကပ်သွားလေသည်။

သွေးဘီလူးအတုက လက်ကာပြလိုက်သည်။

"ခဏနေဦး ကျုပ်တို့ သိုင်းပညာချင်း မယှဉ်ပြိုင်မီ လောင်းကြေးတစ်ခုတော့ ရှိသင့်တယ် ထင်ပါတယ်"

သွေးဘီလူးအတုက မထီတရီ ပြုံးရင်း လှမ်းပြောလိုက်သည်။

ရှောင်ဖုံးက ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ကောင်းသားပဲ၊ ဘယ်လိုလောင်းမယ်ဆိုတာသာ ပြောပါ"

ရှောင်ဖုံးက မဲ့ပြုံးပြုံးရင်း ပြန်ပြောလိုက်သည်။

ဒုတိယ သွေးဘီလူးအတုက...

"တကယ်လို့ ခင်ဗျားရှုံးသွားရင် ကျုပ်တို့ ကိစ္စကို နောက်ဘယ်တော့မှ ဝင်မစွက်ဖက်ပါဘူးလို့ ကတိပေးရမယ်"

သွေးဘီလူးအတု၏စကားကြောင့် ရှောင်ဖုံးက ရယ်မောလိုက်သည်။

ထို့နောက်...

သွေးဘီလူးအား မျက်မှောင်ကုပ်၍ ကြည့်လိုက်ပြီး...

"ခင်ဗျားပြောတာကို ကျုပ်သဘောတူတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားရှုံးသွားရင်ကော”

ရှောင်ဖုံးက ပြန်မေးလိုက်ခြင်း ဖြစ်သည်။

“တကယ်လို့ ကျုပ်ရှုံးသွားရင် ခင်ဗျားစိတ်ကြိုက် ကျုပ်တို့နှစ်ယောက်စလုံးကို လုပ်ချင်ရာ လုပ်နိုင်တယ်”

သွေးဘီလူးအတုက ပြန်ပြောလိုက်၏။

“ကောင်းပြီ၊ ကျုပ်သဘောတူတယ်”

ရှောင်ဖုံးက ယင်းသို့ ပြောပြီးသည်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

“ခဏနေဦး၊ နောက်တစ်ခု ပြောရဦးမယ်”

သွေးဘီလူးအတုက လက်ကာပြရင်း ဟန့်တားလိုက် သည်။

ရှောင်ဖုံးက မျက်မှောင်ကုပ်ရင်း ပြန်ကြည့်လိုက်၏။

“ဘာများလဲဗျ”

“ကျုပ်တို့ လက်ဝါးတစ်ချက်ချင်းပဲ ပြိုင်မယ်၊ ခြေလှမ်းနောက်ဆုတ်သွားတဲ့ လူကို ရှုံးတယ်လို့ သတ်မှတ်ရမယ်”

“ကောင်းပြီ”

ရှောင်ဖုံးက ယင်းသို့ ပြောကာ ရှေ့တစ်လှမ်း တိုးလိုက်လေသည်။

သို့သော်...

သွေးဘီလူးအတုက ထပ်မံ၍ လက်ကာပြလိုက်ပြန်သည်။



“ခဏနေဦး၊ တကယ်လို့ ကျုပ်တို့နှစ်ယောက်လုံး ဘယ်သူကမှ အရှုံးအနိုင် မရှိရင် ကိုယ့်လမ်းကိုယ် လျှောက်ကြဖို့ပဲ ရှိတယ်၊ ဘယ်သူမှ ယှဉ်ပြိုင်မှုမပြုရဘူး”

ရှောင်ဖုံးက ရင်ကော့လိုက်သည်။

“စိတ်ချ၊ ကျုပ်ကသာ နောက်တစ်လှမ်း ဆုတ်သွားမယ်ဆိုရင် ခင်ဗျားတို့ကိစ္စကို ကျုပ် ဘယ်တော့မှ ဝင်ပြီးမစွက်တော့ဘူး”

ဒုတိယ သွေးဘီလူးအတုက ခေါင်းညိတ်လိုက်လေသည်။

“ကောင်းပါပြီဗျာ”

ယင်းသို့ ပြောပြီးသည်နှင့် သူတို့နှစ်ယောက်သည် ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ကြသည်။

အတန်ကြာ စိုက်ကြည့်နေပြီးနောက် သူတို့နှစ်ယောက်သည် ရုတ်တရက်ဆိုသလို လက်ဝါးဆန့်၍ တွန်းထုတ်လိုက်ကြသည်။

“ဝုန်း”

လက်ဝါးချင်း ထိတွေ့သံသည် ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လာသည်။

မိုးချုန်းသံကြီး ထွက်ပေါ်လာသည့်အလား ထင်မှတ်ကြရလေသည်။

ထိုအသံနှင့်အတူ ရှောင်ဖုံး၏ခန္ဓာကိုယ်သည် နောက်သို့ ခြေတစ်လှမ်းခန့် ဆုတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အံ့သြစွာဖြင့် ဒုတိယ သွေးဘီလူးအတုအား လှမ်းကြည့်လိုက်သည်။

ဒုတိယ သွေးဘီလူးအတုမှာလည်း ခြေလှမ်းတစ်လှမ်းခန့် ဆုတ်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ထို့အပြင်...

ဒုတိယ သွေးဘီလူးမှာ မိမိထက်ပင် ပညာအနည်းငယ်သာ လျက် ရှိကြောင်း နားလည်သိရှိလိုက်ရသည်။

ထို့ကြောင့် ရှောင်ဖုံးသည် ထိတ်လန့်အံ့သြသွားမိသည်။

ဒုတိယ သွေးဘီလူးအတုက အေးတိအေးစက် လေသံဖြင့်

"ကဲ ကျုပ်တို့ ကတိထားခဲ့ကြတဲ့အတိုင်း ကျုပ်ကိစ္စကို ခင်ဗျား ဘယ်တော့မှ ဝင်မစွက်နဲ့တော့၊ တကယ်လို့ ခင်ဗျား မကျေနပ်သေးဘူးဆိုရင် နောင်တွေ့တဲ့အခါ ထပ်ပြီး ယှဉ်ပြိုင်ကြတာပေါ့"

သူသည် ထိုသို့ ပြောပြီးသည်နှင့် ပထမ သွေးဘီလူးအတုအား ပွေ့ချီကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆



## အထင်မှားခြင်း

ကွမ်းမင်းနှင့် ကြူးလျှံတို့သည် ကျောချင်းကပ်လျက် ရပ်တန့်နေကြသည်။

သူတို့သည် သွေးဘီလူးတို့ ထွက်ခွာသွားကြသည်ကို တွေ့ရှိရတော့မှ စိတ်သက်သာရာရသွားပြီး ဟင်းခနဲ သက်ပြင်းချလိုက်မိကြသည်။

သူတို့၏အသက်များသည် သေရွာမှ တစ်ခေါက် ပြန်လာသကဲ့သို့ ထင်မှတ်ခံစားလိုက်ရသည်။

ကွမ်းမင်းက ရှေ့သို့ ခပ်သုတ်သုတ် လျှောက်လာပြီး ရှောင်ဖုံးအား ဦးညွှတ်အရိုအသေပြုလိုက်လေသည်။

"ကျုပ်တို့မိသားစုရဲ့ အသက်ကို အခုလို ကယ်တင်လိုက်တဲ့အတွက် ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ"

ရှောင်ဖုံးက လက်နှစ်ဖက်ဆုပ်ကာ ပြန်လည်အလေးပြု

www.burmeseclassic.com



လိုက်လေသည်။

"သည်လို မပြောပါနဲ့ဗျား၊ ဒါဟာ သိုင်းသမားတိုင်းရဲ့ ပြု ကျင့်အပ်တဲ့ ကိစ္စတစ်ခုပါ၊ သစ္စာရှိတဲ့ သိုင်းသမားဟာ ဒုက္ခရောက်နေတဲ့လူကို ကူညီဖို့ တာဝန်ရှိပါတယ်"

ရှောင်ဖုံးသည် ယင်းသို့ ပြောရင်း ကြူးလျှံအား လှမ်းကြည့်လိုက်သည်။

ကြူးလျှံက ခေါင်းကို မော့လိုက်ပြီး သူ့အား ပြန်ကြည့်လိုက်လေသည်။

သူမ၏မျက်ဝန်းအစုံတွင် ဝမ်းနည်းဝမ်းသာ ဖြစ်နေသည့် အရိပ်အရောင်များ ပေါ်လွင်နေလေသည်။

ရှောင်ဖုံး၏ရင်ထဲ၌မူ စောစောကကဲ့သို့ နာကျည်းမုန်းတီးစိတ်များ ရှိမနေတော့ချေ။

ချစ်ခဲ့ဖူးသူတစ်ယောက်အား အသက်နှင့်ရင်း၍ ကယ်တင်နိုင်ခဲ့သည့်အတွက် သူ့ရင်ထဲ၌ ဝမ်းသာပီတိ ဖြစ်နေမိတော့သည်။

ချစ်ခြင်းမေတ္တာသည် ရယူခြင်းထက် ပေးဆပ်ခြင်းက ပို၍ မှန်မြတ်သည်ဟု လိုက်လျှော့စွာ နှလုံးသွင်းလိုက်မိလေသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကဲ တော်ကြာ ကလေး အအေးမိသွားဦးမယ်၊ အိမ်ထဲကို ဝင်ကြပါတော့ဗျာ"



ကွမ်းမင်းက သူ့အား ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်တို့ဆီမှာ တစ်ရက် နှစ်ရက်လောက်တောင် မနေတော့ဘူးလား"

ရှောင်ဖုံးက ပြုံးပြလိုက်သည်။

"ဝမ်းနည်းပါတယ်၊ ကျုပ်မှာ အရေးကြီးတဲ့ ကိစ္စ ရှိလို့ အမြန်ဆုံး သွားရမှာမို့ပါ"

ထိုစဉ်မှာပင် သူ့နောက်မှ ချိုလွင်သော အသံတစ်သံ ထွက်ပေါ်လာလေသည်။

"သည်လောက်လဲ လောမနေပါနဲ့ရှင်၊ ကိုယ့်ချစ်သူဟောင်းနဲ့ တွေ့တုန်းဆုံတုန်း တစ်ရက် နှစ်ရက်လောက်တော့ နေသင့်တာပေါ့"

◆ ◆ ◆

ရှောင်ဖုံးသည် မမျှော်လင့်သော စကားသံကို ကြားလိုက်ရသောအခါ တစ်ကိုယ်လုံး တုန်ခါသွားရှာလေသည်။

သူသည် တအံ့တသြဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ ကဝေမက ပြုံး၍ သူ့နောက်တွင် ရပ်နေသည်ကို တွေ့မြင်လိုက်ရတော့သည်။ ကွမ်းမင်း၏ရင်ထဲ သံသယစိတ်များ ပွံ့နှံ့သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကဝေမအား မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

"ခင်ဗျားရဲ့ စကားကို ပြန်ပြောစမ်းပါဦး"

ကဝေမသည် ရှောင်ဖုံးအား ပြုံးပြလိုက်သည်။

ရှောင်ဖုံး၏မျက်နှာသည် ပြိုတော့မည့် မိုးကဲ့သို့ အုံ့မှိုင်းနေသည်။

"သူများက မေးနေပြီ၊ ကျွန်မပြောပြလိုက်ရမလား"

ကဝေမက လှောင်ပြုံးတစ်ချက် ပြုံးလိုက်သည်။

ရှောင်ဖုံးက သူမအား မကျေမနပ် စိုက်ကြည့်လိုက်သည်။

"နင်က ငါ့အကြောင်း ဘယ်လောက်များ သိထားလို့လဲ"

ကဝေမက ပခုံးတစ်ချက် တွန့်လိုက်၏။

"အစတုန်းကတော့ ရှင်နဲ့ ပတ်သက်ပြီး ကျွန်မ ဘာမှ မသိပေမယ့် ခုတော့ ကျွန်မ အားလုံးသိခဲ့ရပြီ၊ ရှင် မယုံရင် ကျွန်မပြောပြမယ်လေ"

ကွမ်းမင်းက ကြားဖြတ်ဝင်ပြောလိုက်သည်။

"ကဲဗျာ၊ စောစောက စကားကို ခပ်မြန်မြန်လေး ပြန်ပြောစမ်းပါဗျာ"

ရှောင်ဖုံးက လက်ကာပြလိုက်သည်။

"သည်မှာ ကဝေမ၊ မင်း ဘာမဟုတ်တာ ပြောမလို့လဲ"



ကဝေမက သူ၏စကားကို ဂရုမစိုက်ဘဲ ကွမ်းမင်းအား ပြောလိုက်သည်။

"စိတ်ချပါရှင်၊ ရှင်က သည်လောက် သိချင်နေရင်လဲ ပြောပြပါမယ်၊ ရှင့်ဇနီး ကြူးလျှံဟာ တစ်ချိန်တုန်းက သူ့ရဲ့ချစ်သူပါပဲ"

ထိုစကားကို ကြားလိုက်ရသောအခါ ကွမ်းမင်း၏တစ်ကိုယ်လုံးသည် သိသိသာသာပင် တုန်ခါသွားလေသည်။

သူသည် ကြူးလျှံဘက်သို့ လှည့်ကြည့်လိုက်ပြီး....

"သူပြောတာ ကြားတယ် မဟုတ်လား၊ ကဲ မင်း ဘာပြောချင်သေးလဲ"

ကြူးလျှံသည် လုံးဝစကားမပြောဘဲ ခေါင်းငုံ့ထားလိုက်သည်။ ကွမ်းမင်းသည် ဒေါသလျှမ်းမိုးနေသော မျက်လုံးအစုံဖြင့် ရှောင်ဖုံးအား စေ့စေ့ကြည့်လိုက်လေသည်။

"ခင်ဗျားက ကျုပ်တို့အပေါ် စေတနာကောင်းပါတယ်လို့ မှတ်နေတာ၊ လက်စသတ်တော့ ခင်ဗျားရဲ့ အချစ်ဟောင်းအတွက် လာပြီး ကူညီနေတာကိုး၊ အတော်စိုးကျူးရောင်းတာပဲ၊ အခု ခင်ဗျားတွေ့ချင်နေတဲ့သူကို တွေ့ရပြီ မဟုတ်လား၊ သည်တော့ ခင်ဗျားတို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေခဲ့ကြပေတော့ ကျုပ် သွားမယ်"

သူသည် ပြောပြောဆိုဆိုနှင့် ကြူးလျှံအား လှည့်မကြည့်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

ကြူးလျှံသည် ကြောင်၍ ရပ်နေရာမှ သတိပြန်ဝင်လာပြီး ကွမ်းမင်းနောက်သို့ ကမန်းကတန်း ပြေးလိုက်သွားသည်။

သူမသည် ကွမ်းမင်း၏ခြေအစုံအား လှမ်းဖက်လိုက်ပြီး...

"မသွားပါနဲ့ အစ်ကို၊ ကျွန်မဖြေရှင်းတာကို အရင်နား ထောင်ပါဦး"

ကွမ်းမင်းသည် သူ့ခြေထောက်အား ဖက်ထားသည့် ကြူး လျှံကို တွန်းဖယ်ကန်ကျောက်လိုက်လေသည်။

"မင်း ငါ့အနား မကပ်နဲ့"

ကွမ်းမင်း၏အညာအတာ ကင်းမဲ့မှုကို တွေ့မြင်လိုက်ရ သောအခါ ရှောင်ဖုံးသည် ဒေါသအမျက်ချောင်းချောင်း ထွက်သွား လေသည်။

"ခင်ဗျား အတော်ရမ်းတဲ့ လူတစ်ယောက်ပါလား"

ကွမ်းမင်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး ခြေလှမ်းကျဲကြီး ဖြင့် ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆



## မိုးပြာအဖွဲ့

ရှောင်ဖုံးသည် ဒေါသကြီးစွာဖြင့် ကဝေမဘက်သို့ လှည့် လိုက်လေသည်။

ကဝေမက သူ့အား ပြုံး၍ ကြည့်နေသည်။

ရှောင်ဖုံးသည် ကဝေမအား ရှုံ့မှုန်းစွာ စိုက်ကြည့်လိုက်ပြီး

"မင်း အတော်ယုတ်မာပါလား"

ကဝေမက ပြုံးပြလိုက်လေသည်။

"ကျွန်မက အမှန်တွေချည်းပဲ ပြောလိုက်တာပါ၊ မဟုတ် မဟပ်ဆိုလို့ တစ်ခွန်းမှ မပါပါဘူး"

ရှောင်ဖုံးက သူမထံသို့ ခြေလှမ်းလှမ်းလိုက်သည်။

"မင်းနဲ့မဆိုင်တဲ့ ကိစ္စကို ဘာဖြစ်လို့ ဝင်စွက်ရတာလဲ"

သူသည် ပြောပြောဆိုဆိုဖြင့် ကဝေမ၏ရင်ဝကို လက်ဝါး နှစ်ဘက်ဖြင့် တွန်းထုတ်လိုက်သည်။

ကဝေမသည် ရှောင်ဖုံးအား ယခင်ကကဲ့သို့ပင် အတွင်း

www.burmeseclassic.com

www.burmeseclassic.com



အား လုံးဝမရှိဟု ထင်မှတ်နေမိခဲ့သည်။

ထို့ကြောင့်...

ရှောင်ဖုံး၏တိုက်ခိုက်မှုကို ပေါ့ပေါ့တန်တန်ပင် ရှောင်တိမ်းပေးလိုက်သည်။

သို့သော် ယင်းသို့ ရှောင်တိမ်းရင်းမှ အခြေအနေ မဟန်မှန်းရုတ်ခြည်းသိရှိလိုက်သည်။

သူမသည် ရှောင်ဖုံး၏လက်ဝါးရိုက်ချက်ကို အထိတ်တလန့်ဖြင့် အစွမ်းကုန် ရှောင်တိမ်းလိုက်၏။

မည်သို့ပင် ရှောင်တိမ်းစေကာမူ သူမ များစွာ နောက်ကျသွားသည်။

ရှောင်ဖုံး၏လက်ဝါးတစ်ဘက်က သူမ၏ဝဲဘက်ပခုံးကို ပြင်းထန်စွာ ရိုက်မိသွားသည်။

"ဝုန်း"

သူမ၏ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွားသည်။

ရိုက်ချက်မှာ ပြင်းထန်လွန်းသောကြောင့် ဝါးတစ်ရိုက်သာသာ အကွာအဝေးသို့ ကျရောက်သွားသည်။

ထိုနေရာ၌ အဘိုးအို ဆယ်ဦး ရပ်လျက်ရှိသည်။

ထိုအဘိုးအို ဆယ်ဦးစလုံး အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားကြသည်။



ကဝေမသည် ထိုအဘိုးအို ဆယ်ဦး ရှေ့သို့ ရောက်သွားခြင်းဖြစ်လေသည်။

◆ ◆ ◆

အပြာရောင်ဝတ်ဆင်ထားသော အဘိုးအို ဆယ်ယောက်သည် သူတို့ ရှေ့သို့ လွင့်စဉ်ကျလာသော ကဝေမအား ဖေးမဆွဲထူထားလိုက်ကြသည်။

ထို့နောက်...

အဘိုးအို ဆယ်ယောက်အနက် ခေါင်းဆောင်ဖြစ်ဟန်တူသော အဘိုးအိုက ရှောင်ဖုံးအား စိုက်ကြည့်လိုက်ပြီး...

"ဟေ့ သူငယ်၊ မင်း အတော်ရက်စက်ပါလားကွ"

ရှောင်ဖုံးက ဒေါသများကို ချုပ်တီးနိုင်စွမ်း မရှိတော့ဘဲ...

"ခင်ဗျားတို့နဲ့ ဘာဆိုင်လို့လဲဗျ"

ထိုအဘိုးအိုက ပြုံးလိုက်လေသည်။

အဘိုးအိုသည် မဲ့ပြုံးပြုံးရင်း လေသံမာမာဖြင့် ပြန်အော်လိုက်သည်။

"ဆိုင်တာပေါ့၊ သည်မိန်းကလေးဟာ ကျုပ်တို့ မိုးပြာအဖွဲ့ရဲ့ အဖွဲ့သားတစ်ယောက်ပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံးကလည်း ဒေါသတကြီးဖြင့် ပြန်အော်လိုက်လေ၏။

"ခင်ဗျားတို့ မိုးပြာအဖွဲ့ မကာ့လို့ ဘာပဲဖြစ်ဖြစ် ကျုပ်ကိစ္စကို ဝင်စွက်ရင် ကျုပ်သည်းမခံနိုင်ဘူး"

"ဟား..ဟား..ဟား"

ထိုအဘိုးအိုက ရယ်မောလိုက်သည်။

"မင်းလားကွ၊ ငါတို့ကို သည်စကား ပြောတာ"

သူသည် ယင်းသို့ ပြောပြီး လက်တစ်ချက် မြှောက်ပြလိုက်ရာ ကျန်ရှိသော အဘိုးအို ကိုးယောက်တို့သည် ရှောင်ဖုံးအား တိုက်ခိုက်ရန် ရှေ့သို့ တိုးလာကြလေသည်။

ရှောင်ဖုံးသည် တစ်ယောက်နှင့် အများ ဖြစ်နေသည့်အတွက် အခြေအနေ မဟန်မှန်း သိလိုက်သည်။

ထို့ကြောင့် သူသည် အိတ်ထဲမှ ယမ်းလုံးတစ်လုံးအား နှိုက်ယူလိုက်ပြီး မြှောက်ပြလိုက်သည်။

"ကဲ သတ္တိရှိရင် တက်ခဲ့စမ်း၊ ကျုပ်ရဲ့ ယမ်းလုံးအကြောင်းကို သိရစေမယ်"

ထိုအဘိုးအိုသည် ရှောင်ဖုံး၏လက်ထဲမှ ယမ်းလုံးအား တွေ့မြင်လိုက်ရသည်နှင့် မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူသည် ယမ်းလုံးကို စိုက်ကြည့်ရင်း သူ့အဖော်များအား အော်ဟစ်သတိပေး လိုက်လေတော့သည်။



"ဟေ့ သူ့လက်ထဲမှာ ယမ်းလုံးကိုင်ထားတယ်၊ အားလုံး နောက်ဆုတ်ကြ"

ထိုအဘိုးအို၏စကားကြောင့် ကျန်ရှိသော အဘိုးအိုတို့သည် ကဝေမအား ပွေ့ချီကာ ထိုနေရာမှ လျင်မြန်စွာ ဆုတ်ခွာသွားကြတော့သည်။

◆ ◆ ◆

ထိုနေရာ၌ ကြူးလျှံနှင့် ရှောင်ဖုံးသာ နှစ်ယောက်တည်း ကျန်ရစ်သည်။

ကြူးလျှံသည် မြေပေါ်မှ ထလိုက်လေသည်။

သူမ၏မျက်ဝန်းအစုံတွင် မျက်ရည်များ တသွင်သွင် စီးကျနေ၏။

ရှောင်ဖုံးသည် ကြူးလျှံအား စိတ်မကောင်းစွာ လှမ်းကြည့်လိုက်ရင်း သက်ပြင်းချလိုက်မိသည်။

"သိပ်လဲ ဝမ်းနည်းမနေပါနဲ့ ညီမရယ်၊ အခု သူ အထင်လွဲပြီး ထွက်သွားပေမယ့် ဒေါသပြေသွားတဲ့ တစ်နေ့မှာ သူ ညီမဆီ ပြန်လာမှာပါ"

ကြူးလျှံသည် ရှောင်ဖုံးအား မော့ကြည့်လိုက်သည်။

www.burmeseclassic.com



ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

"ကွမ်းမင်းက အထင်လွဲပြီး ထွက်သွားတာပါ။ သူ မကြာခင် ပြန်ရောက်လာပါလိမ့်မယ်၊ သွေးဘီလူးကလဲ ပြန်လာစရာအကြောင်း မရှိတော့ပါဘူး။ သည်တော့ သည်အိမ်ကပဲ စောင့်နေပါ။ ကွမ်းမင်း မကြာခင်မီ ပြန်လာပါလိမ့်မယ်"

ရှောင်ဖုံးက ကြူးလျှံအား နှစ်သိမ့်အားပေးလိုက်လေသည်။

ကြူးလျှံသည် သူ့အား မော့ကြည့်လိုက်သည်။

"အစ်ကိုက ဘယ်သွားမလို့လဲ"

လွန်စွာ အားငယ်နွမ်းလျသော လေသံဖြင့် ကြူးလျှံက မေးလိုက်ခြင်း ဖြစ်သည်။

ရှောင်ဖုံးက ပြုံးလိုက်လေသည်။

"အစ်ကို့မှာ အရေးကြီးတဲ့ကိစ္စ ရှိလို့ သွားရဦးမယ်"

သူသည် ယင်းသို့ ပြောပြီးသည်နှင့် သူမအား နှုတ်ဆက်ကာ ထိုနေရာမှ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

ကြူးလျှံမှာ သူ့အား ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

◆ ◆ ◆



## ဆေးမြစ်

နေရောင်ခြည်သည် ထူထပ်သော တောအုပ်ပေါ် ကျရောက်နေ၏။

ရှောင်ဖုံးသည် တောအုပ်ထဲမှ ဖြတ်၍ လျှောက်သွားသည်။

သူသည် လမ်းခရီးတစ်လျှောက်လုံး ကြူးလျှံနှင့် ပတ်သက်ခဲ့သည့် အတိတ်ဖြစ်ရပ်များကို ပြန်လည်တွေးတောရင်း ရင်ထဲ၌ ဆွေးမြေ့နေမိ၏။

သူသည် ယင်းသို့ တွေးတောနေစဉ်မှာပင် တောအုပ်၏ တစ်နေရာမှ တိုက်ခိုက်နေသည့် အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ထိုအသံများသည် တစ်စထက်တစ်စ ဆူညံစွာ ထွက်ပေါ် လာလေတော့၏။

ရှောင်ဖုံးသည် မျက်မှောင်ကုပ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အသံဗလံများကို သေချာစွာ နားစွင့်လိုက်မိသည်။

တိုက်ခိုက်သော အသံများကို ပို၍ ပီပြင်စွာ ကြားလိုက်ရုံ သာမက မိန်းကလေးတစ်ယောက်၏ အော်သံကိုပါ ကြားလိုက်ရလေ သည်။

သူသည် အဘယ်ကြောင့်မှန်းမသိ ထိုအသံများ ထွက်ပေါ် လာရာဆီသို့ ကမန်းကတန်း ဦးတည်ပြေးလွှားသွားမိလေသည်။

◆ ◆ ◆

လူခြောက်ယောက်…။

မီးခိုးရောင်အင်္ကျီများ ဝတ်ဆင်ထားသည့် ယောကျ်ားကြီး ခြောက်ယောက်က အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ် ယောက်အား ဝိုင်းရံတိုက်ခိုက်နေကြသည်။

မိန်းကလေး၏အင်္ကျီပေါ်တွင် သွေးများ မြင်မကောင်း အောင် စွန်းထင်းနေသည်ကို ထောက်ချင့်ခြင်းအားဖြင့်…

ထိုမိန်းကလေးသည် ဒဏ်ရာပြင်းထန်စွာ ရရှိနေကြောင်း သိသာထင်ရှားလှသည်။

မိန်းကလေး အခြေအနေမှာလည်း လွန်စွာ ဆိုးရွားနေပြီ ဖြစ်လေသည်။



အကယ်၍သာ ယခု ပုံစံအတိုင်း ဆက်လက်ယှဉ်ပြိုင် တိုက် ခိုက်နေမည်ဆိုပါက မိန်းကလေးသည် အဆိုပါ လူခြောက်ယောက်၏ လက်ချက်ဖြင့် သေဆုံးသွားနိုင်ပေသည်။

လွန်စွာ အကျည်းတန်လှသော တဘက်သတ် အနိုင်ကျင့်မှု ကို မြင်တွေ့လိုက်ရသောအခါ ရှောင်ဖုံးသည် မိမိနှင့် လုံးဝသက်ဆိုင် ခြင်း မရှိသော်လည်း ဥပေက္ခာပြုမထားနိုင်ချေ။

တစ်ယောက်နှင့်အများ မတရား တိုက်ခိုက်နေသည့် နေ ရာသို့ ရှောင်ဖုံး လျင်မြန်စွာ ပြေးသွားလေသည်။

သူတို့ အနီးသို့ ရောက်ရှိသွားသောအခါ သွေးအလိမ်းလိမ်း ပေကျံနေသည့် မိန်းကလေး၏မျက်နှာကို ထင်ရှားစွာ တွေ့မြင်လိုက် ရလေသည်။

သွေးအလူးလူးဖြင့် မြင်မကောင်းအောင် ဖြစ်နေသော် လည်း ထိုမိန်းကလေးကို ရှောင်ဖုံး ကောင်းစွာ တွေ့ရာ မှတ်မိလိုက် ၏။

သူသည် ထိုမိန်းကလေးအား မမျှော်လင့်ဘဲ ရုတ်တရက် မြင်တွေ့လိုက်ရသောကြောင့် သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွား လေတော့သည်။

"ယွိဝါး"

ရှောင်ဖုံးသည် အံ့သြတကြီးဖြင့် နှုတ်မှလွှတ်ခနဲ ရေရွတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိလေသည်။

ထိုမိန်းကလေးမှာ မိမိအတွက် ဂူမီးတောင်သို့ ဆေးမြစ်ဆေးဝါးများ ရှာဖွေရန် ထွက်ခွာသွားသော မိန်းကလေး ဖြစ်သည်။

ထိုမိန်းကလေးအား သိုင်းသမားခြောက်ယောက်က သဲသဲမဲမဲ တိုက်ခိုက်နေခြင်း ဖြစ်သည်။ ထို့ကြောင့်...

စိုးရိမ်တကြီး လှမ်းအော်ကာ ရှေ့သို့ ခုန်ဝင်လိုက်လေသည်။

"ရပ်လိုက်"

သူ၏ကျယ်လောင်သော အသံကြောင့် ယို့ဝါးအား ဝိုင်းဝန်းတိုက်ခိုက်နေကြသော သိုင်းသမားခြောက်ယောက်တို့မှာ ကြောင်အမ်းအမ်း ဖြစ်သွားပြီး တိုက်ခိုက်နေကြရာမှ ရုတ်တရက် ရပ်တန့်သွားလေသည်။

ထိုလူခြောက်ယောက်အနက် ပိန်ပိန်ရှည်ရှည် လူတစ်ယောက်က ရှောင်ဖုံးအား စိုက်ကြည့်လိုက်သည်။

"မင်းက ဘယ်သူလဲ"

ရှောင်ဖုံးက ပြုံးလိုက်သည်။

"ကျုပ်နာမည် ရှောင်ဖုံးပါ"

ထိုသူက ရှောင်ဖုံးအား မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

"မင်းနဲ့ မဆိုင်တဲ့ ကိစ္စမှာ ဘာဖြစ်လို့ ဝင်စွက်ချင်ရတာလဲ"



ရှောင်ဖုံးက မထိတရီ ပြုံးပြလိုက်သည်။

"ခင်ဗျားတို့လို ယောကျ်ားရင့်မကြီး ခြောက်ယောက်ကအားနွဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ခုလို ဝိုင်းပြီး တိုက်ခိုက်နေကြတာ မရှက်ဘူးလား"

ပိန်ပိန်ရှည်ရှည်သူက တဟားဟား ရယ်မောလိုက်သည်။

"သည်မိန်းကလေးက ကျုပ်တို့ တောင်ပေါ်လာပြီး အဖိုးတန်လှတဲ့ ဆေးမြစ်တွေကို တူးဖော်ခိုးယူနေတာဗျ။ ဒါကြောင့် ကျုပ်တို့က သူ့ကို မှတ်လောက်အောင် ဆုံးမဖို့ ဝိုင်းပြီး ဖမ်းနေတာ၊ အဲဒါဘာဖြစ်သလဲ"

ရှောင်ဖုံးက ပြုံးလိုက်သည်။

"လူ့အသက်တစ်ချောင်းကို သတ်ပစ်ရလောက်အောင် ခင်ဗျားတို့ ဆေးဝါးက ဘယ်လောက်များ တန်ဖိုး ရှိနေလို့လဲ"

ထိုလူခြောက်ယောက်အနက် ဝဝတုတ်တုတ်ရှိသော လူတစ်ယောက်က စိတ်မရှည်နိုင်တော့ဘဲ ကြားဖြတ်ဝင်ပြောလိုက်သည်။

"မိတ်ဆွေ စကားမရှည်နဲ့ အသက် မသေချင်ရင် သည်နေရာက အမြန်ဆုံး ထွက်သွားပါ"

လူဝကြီး၏ရန်လိုလှသော မာဆတ်ဆတ်စကားကြောင့် ရှောင်ဖုံးသည် မဲ့ပြုံးတစ်ချက် ပြုံးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



“ကျုပ်လာတာက သည်နေရာက ပြန်ထွက်သွားဖို့မှ မဟုတ်ဘဲ”

ရှောင်ဖုံး၏စကားကြောင့် လူဝကြီးသည် ခေါင်းဆောင်ဖြစ်ဟန်တူသော လူဘက်သို့ လှည့်လိုက်သည်။

“ကြားတယ် မဟုတ်လား”

ခေါင်းဆောင်ဖြစ်ဟန်တူသူက ရှောင်ဖုံးအား စိုက်ကြည့်လိုက်သည်။

ထိုသူက မျက်မှောင်ကုပ်လိုက်ရင်း...

“မင်းကြည့်ရတာ နည်းနည်းပါးပါး ပညာမပေးယင် စိတ်ပျော့သွားမယ့်လူ မဟုတ်ဘူး ထင်ပါတယ်”

ရှောင်ဖုံးက ခေါင်းဆောင်ဖြစ်ဟန်တူသူအား တစ်ချက်စိုက်ကြည့်လိုက်သည်။

ပြီးမှ ပမာမခန့် လေသံဖြင့်...

“ဟုတ်ကဲ့ သည်သဘောပါပဲ”

ရှောင်ဖုံး၏စကားအဆုံးတွင်...

“ယား”

လူဝကြီးသည် ယင်းသို့ ညာသံပေး အော်ဟစ်လိုက်ပြီး ရှောင်ဖုံးထံသို့ တရှိန်ထိုး ခုန်ဝင်လိုက်လေသည်။

ရှောင်ဖုံးက ပြုံးလိုက်သည်။



သူသည် ယင်းသို့ တစ်ချက်ပြုံးလိုက်ပြီး သူ့ထံသို့ခုန်ဝင်လာသည့် လူဝကြီးအား လက်ဝါးဖြင့် ဘွန်းထုတ်လိုက်သည်။

ခုန်ဝင်လာသော အရှိန်နှင့် လက်ဝါး၏ဘွန်းအားတို့ ထိတွေ့မိသည့်အခါ...

“ဝုန်း”

ဟူသော အသံကြီးသည် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ အရှိန်နှင့် ဝင်လာသော လူဝကြီး၏ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွားလေသည်။

မထင်မှတ်သော မြင်ကွင်းကြောင့် ကျန်ရှိသော လူများက ထိတ်လန့်အံ့သြသွားကြသည်။

သူတို့သည် လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ပြီး ရှောင်ဖုံးအား ဝိုင်းရံထားလိုက်ကြသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသူက မျက်ရိပ်ပြလိုက်သည်နှင့် ကျန်လူများက ညာသံပေးကာ တပြိုင်တည်း ဝင်ရောက်တိုက်ခိုက်လိုက်ကြပြန်သည်။

ရှောင်ဖုံးက ပြုံးလိုက်သည်။

သူသည် ယင်းသို့ ပြုံးနေရင်း ခြေလက်များကို သွက်လက်စွာ တစ်ချက်လှုပ်ရှားလိုက်လေသည်။

လှုပ်ရှားမှုက မြန်ဆန်လှ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့မည်ပုံ လှုပ်ရှားလိုက်သည်ကိုပင် မသိလိုက်ကြရချေ။

"ဝုန်း...ဝုန်း...ဝုန်း"

ဟူသော အသံများ ထွက်ပေါ်လာပြီး လူနှစ်ယောက်သည် မြေပေါ်သို့ ထပ်မံလဲကျသွားလေသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသောလူက အခြေအနေ မဟန်မှန်း သိလိုက်သဖြင့် မျက်စိမျက်နှာ ပျက်သွားသည်။

သူသည် ခံပြင်းစွာ အံကြိတ်ရင်း လက်တစ်ချက် ဝှေ့ယမ်း၍ အချက်ပြလိုက်သည်။

ချက်ချင်းဆိုသလို သူ၏လူများသည် ထိုနေရာမှ လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားကြလေတော့သည်။

◆ ◆ ◆



မည်မျှအချိန် ကြာသွားမှန်း မသိချေ။

ပြင်းထန်စွာ ခုခံတိုက်ခိုက်မှု အရှိန်ကြောင့် သတိလစ်မေ့မြော်သွားသော ယို့ဝါးသည် ပြန်လည်သတိရလာသည်။

သူမသည် မျက်လုံးများကို ဖြည်းညှင်းစွာ ဖွင့်ကြည့်လိုက်သည်။ သူမသည် အနားခြံထိုင်လျက် သူမအား ကြည့်နေသော ရှောင်ဖုံးကို တွေ့လိုက်ရသောအခါ အတိုင်းမသိ အံ့သြဝမ်းသာသွားလေသည်။

"အစ်ကိုနဲ့ တွေ့ရတာ ဝမ်းသာလိုက်တာရှင်"

သူမသည် ဝမ်းသာအားရဖြင့် တုန်တုန်ယင်ယင် ပြောလိုက်ရှာသည်။

ရှောင်ဖုံး ပြုံးပြလိုက်သည်။

"အစ်ကိုလဲ ဝမ်းသာပါတယ်"

ယို့ဝါးသည် အိတ်ထဲမှ ဆေးမြစ်တစ်ခုကို ထုတ်ယူလိုက်ပြီး ရှောင်ဖုံးအား လှမ်းပေးလိုက်သည်။

"အစ်ကိုရယ်၊ ကျွန်မကြောင့် အစ်ကို့ရဲ့ သွေးကြောတွေ ပိတ်ဆို့ပြီး အတွင်းအား မလည်ပတ်နိုင်တော့ဘူး မဟုတ်လား၊ ဒါကြောင့် ကျွန်မ အသက်စွန့်ပြီး အစ်ကို့ရဲ့ဒဏ်ရာကို ကုသနိုင်အောင် သည်ဆေးမြစ်သွားတူးခဲ့ပါတယ်၊ ယူပါ အစ်ကို"

ယို့ဝါးသည် ရှောင်ဖုံးအား ဆေးမြစ်တစ်ခုကို ကမ်းပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ရောင်ဖုံး၏ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားချက်တစ်ခုကို ခံစားလိုက်ရသည်။

ယို့ဝါးသည် သူ့အပေါ်၌ ဤမျှ သက်စွန့်ဆံဖျား ဂရုတစိုက် ရှိလိမ့်မည်ဟု သူလုံးဝ မထင်မှတ်မိခဲ့ချေ။

"ဩော် ညီမရယ် ဘာကြောင့် သည်လောက်တောင် ဒုက္ခ ရှာရတာလဲ"

ရောင်ဖုံးက ကြင်နာစွာနှင့် ပြန်ပြောလိုက်သည်။

ယို့ဝါးက ခေါင်းကို ခါးယမ်းလိုက်သည်။

"ဒုက္ခရှာတာ မဟုတ်ပါဘူး အစ်ကို၊ ကျွန်မကြောင့် အစ်ကို ဒုက္ခရောက်ခဲ့ရတာပဲ၊ ဒါကြောင့် အစ်ကိုနဲ့ ပတ်သက်ပြီး အစစအရာ ရာ တာဝန်ရှိနေတာပေါ့"

ရောင်ဖုံးက ပြုံးလိုက်သည်။

"အစ်ကို့ရဲ့ ဒဏ်ရာက လုံးဝပျောက်သွားပါပြီ၊ ဘာပဲဖြစ်ဖြစ် လေ အခုလို အစ်ကို့အပေါ်မှာ ဂရုတစိုက်နဲ့ စေတနာထားခဲ့တာကို သိရတဲ့အတွက် ယို့ဝါးကို အစ်ကို ဘယ်လို ကျေးဇူးတင်ရမယ်ဆိုတာ ပြောမပြတတ်တော့ပါဘူး"

ရောင်ဖုံးက လှိုက်လှဲစွာ ပြောလိုက်ခြင်း ဖြစ်လေသည်။

ယို့ဝါးသည် ထလိုက်ပြီး ရောင်ဖုံး၏လက်ထဲသို့ ဆေးမြစ်



ထည့်ပေးလိုက်သည်။

ရောင်ဖုံး သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် လက်မခံပါရစေနဲ့"

ရောင်ဖုံး၏စကားကြောင့် ယို့ဝါး၏မျက်နှာကလေး သနား ဖွယ် ညှိုးငယ်သွားသည်။

သူမသည် တုန်ယင်အက်ကွဲသော လေသံကလေးဖြင့်...

"အစ်ကို လက်မခံဘူးဆိုရင် ကျွန်မ ဘယ်လိုလုပ်ပြီး စိတ် ကောင်းနိုင်မှာလဲ အစ်ကိုရယ်၊ ဘာပဲဖြစ်ဖြစ် သည်ဆေးမြစ်ကိုတော့ သက်ခံပါနော်"

ယို့ဝါးသည် ကလေးငယ်တစ်ဦးပမာ ဆေးမြစ်ကို အတင်း ဆိုးထည့်ပေးရင်း ဆို့ဆို့နင့်နင့် ပြောလိုက်သည်။

ရောင်ဖုံးသည် မတတ်သာတော့ဘဲ ဆေးမြစ်ကလေးကို သက်ခံလိုက်ရလေတော့သည်။

"ဒါနဲ့ ယို့ဝါး၊ မင်းရဲ့ဒဏ်ရာ ဘယ့်နှယ်နေသေးလဲ"

ယို့ဝါးက ပြုံးလိုက်သည်။

"ကြီးကြီးကျယ်ကျယ် ဒဏ်ရာမရှိပါဘူး၊ ခဏလေးနဲ့ ပျောက်သွားမှာပါ"

ယို့ဝါးသည် သွေးအလိမ်းလိမ်း ဖြစ်နေခြင်းကို ဂရုမထားဘဲ ခပ်ပြုံးပြုံးပင် ပြန်ဖြေလိုက်၏။

www.burmeseclassic.com



ရောင်ဖုံးက သူမအား ပြုံးပြလိုက်သည်။

"ဒါဖြင့် အစ်ကို့ကို သွားခွင့်ပြုပါကွယ်"

ရောင်ဖုံး၏စကားကြောင့် ယို့ဝါး မျက်နှာပျက်သွားသည်။

ရောင်ဖုံးကို သူမသည် တစ်စုံတစ်ရာ ပြန်ပြောနိုင်ခြင်း မရှိတော့ဘဲ လေးလေးပင်ပင်နှင့် ခေါင်းညိတ်ပြလိုက်ရလေတော့သည်။

ထိုစဉ်မှာပင် အဘွားအိုတစ်ဦးသည် ရောင်ဖုံး၏နောက်ဘက်သို့ ရုတ်တရက် ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရတော့သည်။

◆ ◆ ◆



ထိုအဘွားအိုသည် အသက်ခုနစ်ဆယ်ခန့် ရှိမည်ဟု ထင်ရသည်။

ထိုအဘွားအို၏လက်ထဲတွင် ဝါးဖြင့် ပြုလုပ်ထားသော တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသည်။

ရောင်ဖုံးသည် သူ၏နောက်ဘက်သို့ ရုတ်တရက် ရောက်ရှိလာသော အဘွားအိုအား လှည့်ကြည့်လိုက်လေသည်။

ထို့နောက်...

တအံ့တသြဖြင့် အဘွားအိုအား တစ်ချက်အကဲခတ်လိုက်မိသည်။

အဘွားအို၏မျက်လုံးအစုံသည် လျှပ်စီးလက်သည့်ပမာ ဖြတ်ခနဲ ဖြတ်ခနဲ တောက်ပနေပေသည်။

"အင်း သည်သူငယ်ကတော့ အတော့်ကို အသည်းမာတဲ့ သူငယ်ပါလား၊ ကိုယ့်ချစ်သူကို ရက်ရက်စက်စက် ပစ်သွားရက်ပါပေ့ကွယ်"

ရောင်ဖုံးသည် အဘွားအို၏စကားကို ကြားလိုက်ရသော အခါ မျက်နှာတစ်ခုလုံး ရဲခနဲ နီသွားလေသည်။

"ဘွားဘွားဟာ ဘယ်သူလဲ၊ ကျွန်တော့်ကို ဘာဖြစ်လို့ အပြစ်တင် ပြောဆိုနေရတာလဲ"

ရောင်ဖုံးက မနှစ်မြို့သော လေသံဖြင့် အဘွားအိုအား

www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြောလိုက်သည်။

ယို့ဝါးက ကြားဖြတ်လိုက်သည်။

"ဘွားဘွားရယ် အစ်ကို့မှာ တကယ် အရေးကြီးတဲ့ကိစ္စ ရှိလို့ သွားရမှာပါ၊ သူ့ကို သည်လို မပြောပါနဲ့"

အဘွားအိုက ယို့ဝါးအား တစ်ချက်ကြည့်လိုက်သည်။

အဘွားအို၏အကြည့်သည် စူးရှလှသည်။

ယို့ဝါးက မျက်လွှာချထားလိုက်သည်။

"မိန်းကလေး မင်းအဖေဟာ ဝမ်းလျှံ မဟုတ်လား"

အဘွားအို၏စကားကြောင့် ယို့ဝါးက အံ့သြသွားသည်။

သူမသည် ကြောင်အမ်းအမ်းဖြင့် အဘွားအိုအား ပြန်ကြည့်လိုက်မိသည်။

"ဟုတ်ပါတယ်၊ ဘွားဘွားက ဖေဖေ့ကို သိနေလို့လား"

အဘွားအိုသည် အဖြေမပေးဘဲ ရှောင်ဖုံးအား လှည့်ကြည့်လိုက်သည်။

"မင်းက သွေးဘီလူး မဟုတ်လား"

ရှောင်ဖုံးသည် အံ့သြစွာဖြင့် အဘွားအိုအား ငေးမောကြည့်လိုက်မိသည်။

အဘွားအိုက အေးတိအေးစက် လေသံဖြင့် ထပ်မံပြောဆိုလိုက်သည်။



"မင်းအံ့သြနေတယ် မဟုတ်လား၊ ငါပြောတာ မှားနေလို့လား"

ရှောင်ဖုံးက ခေါင်းခါယမ်းလိုက်သည်။

"မမှားပါဘူး၊ မှန်နေလို့ တအံ့တသြ ဖြစ်နေမိတာပါ"

အဘွားအိုက ကျေနပ်သွားဟန်ဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

"ဒါဆို အတော်ပဲ၊ မင်းကို ငါတွေ့ချင်လို့ လိုက်ရှာနေတာ"

အဘွားအို၏ကောက်ကာငင်ကာ ပြောလိုက်သော စကားကြောင့် ရှောင်ဖုံးက ပို၍ အံ့သြသွားသည်။

သူသည် နားမလည်နိုင်သော မျက်လုံးအစုံဖြင့် အဘွားအိုအား ပြန်ကြည့်လိုက်မိသည်။

"ဘွားဘွားက ဘာကိစ္စ ရှိလို့ ကျွန်တော့်ကို လိုက်ရှာတာလဲ"

အဘွားအိုက သူ့အား စိုက်ကြည့်လိုက်ပြီး တည်ငြိမ်သော လေသံဖြင့် ပြန်ပြောလိုက်သည်။

အဘွားအို၏လေသံတွင် ခက်ထန်မာကြောမှုများ ရောယှက်နေသည်။

"မင်းက ဘာကြောင့် သွေးဘီလူးရဲ့နာမည်ကို အလွဲသုံးစားလုပ်ရတာလဲ"

ရှောင်ဖုံးသည် အဘွားအို၏စကားကို ကြားလိုက်ရသော

www.burmeseclassic.com

www.burmeseclassic.com



အခါ ဒေါသထွက်သွားသည်။

ခံပြင်းစိတ်များသည်လည်း သူ့ရင်ထဲမှ ထုထည်ကြီးမားစွာ ထွက်ပေါ်လာသည်။

"ဘွားဘွားက ဘာကြောင့် ကျွန်တော့်ကို သွေးဘီလူးအတု လို့ စွပ်စွဲနေရတာလဲ"

အဘွားအိုက မဲ့ပြုံးပြုံးလိုက်သည်။

သူမသည် ရွံရှာစက်ဆုပ်သော အကြည့်ဖြင့် ရှောင်ဖုံးအား စိုက်ကြည့်လိုက်လေသည်။

"သည်မှာ သူငယ်၊ သွေးဘီလူးအစစ်ဟာ မင်းလို အရွယ်မျိုး မဟုတ်ဘူး။ အနည်းဆုံး အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ် လောက် ရှိလိမ့်မယ်၊ သည်တော့ လိမ်မယ်ဆိုရင်လဲ ယုတ္တိရှိအောင် လိမ်ဖို့ လိုတယ်ကွယ့်"

ရှောင်ဖုံးက ပြုံးလိုက်သည်။

"သူက ကျွန်တော့်ဆရာပါ၊ ကျွန်တော်က သူ့ခွင့်ပြုချက် အရ သွေးဘီလူးအမည်ကို အသုံးပြုနေတာပါ"

အဘွားအိုသည် သူ့အား မျက်လုံးပြူးကျယ်စွာဖြင့် စိုက် ကြည့်လိုက်လေသည်။

"သြော် မင်းက သူ့တပည့် ဖြစ်နေတာကိုး၊ ဒါနဲ့ မင်းဆရာ ကော"



ရှောင်ဖုံးက အနည်းငယ် စဉ်းစားလိုက်ပြီး...

"သူသေသွားပါပြီ"

ရှောင်ဖုံး၏စကားကြောင့် အဘွားအို၏မျက်လုံးအစုံမှာ ပိုမို ပြူးကျယ်သွားလေသည်။

"ဘာပြောတယ်"

အဘွားအိုသည် တအံ့တသြဖြင့် ပြန်မေးလိုက်သည်။

အဘွားအို၏လေသံမှာ စိတ်လှုပ်ရှားမှုကြောင့် အနည်းငယ် တုန်ယင်အက်ကွဲနေလေသည်။

ရှောင်ဖုံးက ထပ်မံပြောဆိုလိုက်သည်။

"ဟုတ်ပါတယ်၊ ဆရာ သေသွားပါပြီ"

ရှောင်ဖုံးက လိမ်လည်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

သူ့စကားကြောင့် အဘွားအိုသည် ဘာပြောရမှန်း မသိဘဲ ငေးငိုင်သွားသည်။ အတန်ကြာမှ အဘွားအိုက သူ့အား စူးရှစွာ စိုက်ကြည့်သည်။

"မှန်မှန်ပြောစမ်း၊ မင်းဆရာ သေသွားတယ်ဆိုတာ တကယ်ပဲလား"

အဘွားအိုက မယုံသင်္ကာ ဖြစ်သော မျက်လုံးအစုံဖြင့် ကြည့် ၍ လှမ်းမေးလိုက်၏။

ရှောင်ဖုံး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ တကယ် သေသွားတာပါ။ သူ မသေမီတုန်းက ရှိခဲ့သမျှ အရှုပ်အရှင်းတွေကို ကျွန်တော်က တာဝန်ယူပြီး ဖြေရှင်းပေးဖို့ သူက မှာသွားပါတယ်"

ရှောင်ဖုံးက ယုတ္တိရှိအောင် ထပ်မံလိမ်လည်ပြောဆိုလိုက်သည်။

အဘွားအိုက နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။

"မင်းက တကယ်ကော တာဝန်ယူနိုင်ပါ့မလား"

ရှောင်ဖုံးက ခေါင်းညိတ်လိုက်သည်။

"ဘယ်လောက်ကြီးတဲ့ ကိစ္စပဲဖြစ်ဖြစ် ကျွန်တော်တာဝန်ယူရဲပါတယ်"

အဘွားအိုသည် စကားမပြောတော့ဘဲ လက်ထဲမှ တောင်ဝှေးဖြင့် လျှပ်တပြက် တိုက်ခိုက်လိုက်တော့သည်။

ရုတ်တရက် တိုက်ခိုက်လိုက်သောကြောင့် ရှောင်ဖုံးသည် ထိတ်လန့်တုန်လှုပ်သွားပြီး အကယ်၍ တိုက်ခိုက်လာပါက ပြန်လည်ခုခံရန် အသင့်ပြင်ထားလိုက်သည်။

သို့သော်...

အဘွားအိုက တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ပြီးမှ ရပ်တန့်လိုက်သည်။

ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ချေ။



အဘွားအိုသည် ခေါင်းကို တွင်တွင်ခါယမ်းလိုက်လေသည်။

"မဖြစ်ဘူး၊ မင်းက ငါ့ထက် အများကြီး အဆင့်ငယ်သေးတယ်"

ရှောင်ဖုံးက ပြုံးလိုက်သည်။

"ကျွန်တော့်အသက်ငယ်တာ မှန်ပေမယ့် တစ်နေ့မှာ ကျွန်းနန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ် ဖြစ်လာမှာ အမှန်ပဲဗျ"

အဘွားအိုက လက်ကာပြလိုက်သည်။

"ထားပါတော့လေ၊ မင်းဆရာက မင်းကို လူသတ်ဖို့ မှာလိုက်သေးလား"

ရှောင်ဖုံးက ခေါင်းညိတ်လိုက်သည်။

သူ၏စိတ်ထဲ၌လည်း ထိုအဘွားအိုသည် မိမိဆရာနှင့် လွန်စွာ သိကျွမ်းရင်းနှီးသူ ဖြစ်ရမည်ဟု မှတ်ချက်ချမိသည်။

သူသည် အဘွားအိုအား အကဲခတ်သလို လှမ်းကြည့်နေမိ၏။

အဘွားအိုက...

"ဒါဖြင့် မင်း အခု လူ ဘယ်နှစ်ယောက် သတ်ခဲ့ပြီးပြီလဲ"

ရှောင်ဖုံးက လက်ချောင်းခုနစ်ချောင်း ထောင်ပြလိုက်သည်။

အဘွားအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းက ခုနစ်ယောက်သာ သတ်တယ်ဆိုပေမယ် ဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ မင်းသတ်ခဲ့တဲ့ လူပေါင်း ဆယ့်ခုနစ်ယောက် ဆယ့်ရှစ်ယောက်လောက် ရှိနေပြီလို့ သတင်းပျံ့နေပါလား"

ရှောင်ဖုံး ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒါကတော့ သွေးဘီလူးအတုနှစ်ယောက်က သတ်သွားတာပါ။ ကျွန်တော် ခုနစ်ယောက်ပဲ သတ်ပါတယ်"

အဘွားအိုက အနည်းငယ် စဉ်းစားလိုက်ပြီး ခေါင်းပေါ်မှ ဆံထိုးတစ်ချောင်းနုတ်၍ ပေးလိုက်၏။

"မင်းဆရာက မင်းကို အရိုးဆံထိုး ကြိုတင်ပေးပြီးမှ လူသတ်နိုင်းတာဆိုရင် သည်အရိုးဆံထိုးအကြောင်းကို မင်းသိထားမှာပေါ့"

ရှောင်ဖုံးသည် အရိုးဆံထိုးအား ယူ၍ သေချာစွာ ကြည့်လိုက်သည်။

ထိုအရိုးဆံထိုးအား ယူ၍ သေချာစွာ ကြည့်လိုက်သည်။

ထိုအရိုးဆံထိုးအား မြင်လိုက်ရသည်နှင့် ရှောင်ဖုံးသည် ထိတ်ခနဲ ရင်တစ်ချက် ခုန်သွားသည်။

အကြောင်းမှာ ထိုအရိုးဆံထိုးမှာ အလွန်လက်ရာမြောက်သော သွေးဘီလူးတစ်ကောင် ထုလုပ်ထားသည်ကို အံ့သြဖွယ်ရာ မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ထိုအရိုးဆံထိုးသည် မိမိဆရာက ပေးလိုက်သော အရိုးဆံ



ထိုးနှင့် ခွဲခြားမရအောင် လွန်စွာ တူလှပေ၏။

သူသည် ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ သည်အရိုးဆံထိုးနဲ့ ပတ်သက်ပြီး ကျွန်တော့်ဆရာက ဘာမှ ပြောပြမသွားပါဘူးဗျာ"

အဘွားအိုက မဲ့ပြုံးပြုံးလိုက်လေသည်။

"ဒါနဲ့ မင်းက မင်းဆရာရဲ့ အရှုပ်အရှင်းကို တာဝန်ယူဖြေရှင်းနိုင်တယ်ဆို"

ရှောင်ဖုံးသည် ပါးစပ်ပိတ်ထားလေတော့သည်။

သူသည် မည်သို့ ပြန်ပြောရမည်ကို စဉ်းစားနေချိန်မှာပင် အဘွားအိုက သက်ပြင်းတစ်ချက် လေးလေးတွဲ့တွဲ့ ချလိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားတော့သည်။

ထိုအခါမှ ရှောင်ဖုံးသည် ယို့ဝါးဘက်သို့ လှည့်လိုက်မိသည်။

ယို့ဝါးက သူ၏ရင်ခွင်ထဲသို့ ပြေးဝင်လိုက်ပြီး ငိုကြွေးနေတော့သည်။

ရှောင်ဖုံးသည် သူမ၏ပခုံးနှစ်ဖက်အား အသာအယာ ဆုပ်ကိုင်ထားလိုက်သည်။

"မငိုပါနဲ့ ယို့ဝါးရယ်၊ အစ်ကိုကိစ္စ ပြီးသွားတာနဲ့ ညီမဆီ ပြန်လာခဲ့မယ်ဆိုတာ အစ်ကို ကတိပေးပါတယ်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## အရိုးဖြူတောင်ကုန်း

ဤနေရာသည် အရိုးဖြူတောင်ကုန်း ဖြစ်သည်။

အကြောင်းမှာ ထိုနေရာတဝိုက် အတွင်းရှိ တောင်ကုန်းကလေးများသည် အခြားတောင်ကုန်းများနှင့် မတူဘဲ တမူထူးခြားနေသောကြောင့် ဖြစ်သည်။

ယင်းတောင်ကုန်းပေါ်တွင် မြက်တစ်ပင်မျှ မပေါက်ပါချေ။

ကျောက်တုံးကျောက်ခဲများနှင့် ကျောက်မြေများသာ ရှိသော တောင်ကုန်း ဖြစ်သည်။

ထို့ကြောင့်…

အနီးတစ်ဝိုက်တွင် နေထိုင်ကြသောလူများက ယင်းတောင်ကုန်းများအား အရိုးဖြူတောင်ကုန်းဟု ခေါ်တွင်ကြခြင်း ဖြစ်သည်။



ယခုအခါ ရှောင်ဖုံးသည် အရိုးဖြူတောင်ကုန်းသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်သည်။

သူသည် ကျောက်သားချောမွတ်သော လိုဏ်ဂူတစ်ခု အနီးသို့ ရောက်ရှိနေသည်။

ထိုကျောက်သား ချောမွတ်သည့် လိုဏ်ဂူတွင် လူတစ်ယောက် ဦးခေါင်းခန့်အရွယ်ရှိသော အပေါက်ကလေးတစ်ပေါက်ရှိသည်။

ယင်းအပေါက်ကလေးမှတဆင့် လိုဏ်ဂူအတွင်းသို့ လှမ်းကြည့်လိုက်လျှင် ဆံပင်ဖြူဖွေးသော အဘိုးအိုတစ်ယောက် ရှိသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

ထိုအဘိုးအိုသည်ကား ဤလိုဏ်ဂူထဲ၌ နှစ်ပေါင်းအတော်ကြာအောင် ပိတ်လှောင်ထားခြင်းခံရသော သွေးဘီလူးပင် ဖြစ်သည်။

ရှောင်ဖုံးသည် ယင်းအပေါက်မှတစ်ဆင့် အတွင်းဘက်သို့ မျှော်ကြည့်လိုက်ပြီး ခပ်တိုးတိုး လှမ်းခေါ်လိုက်သည်။

"ဆရာ"

သူ၏အသံသည် လိုဏ်ဂူထဲ၌ ပဲ့တင်ရိုက်ခတ်သွား၏။

သွေးဘီလူးက ခေါ်သံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လေဝင်ပေါက်၏အဝ၌ ရှောင်ဖုံး၏မျက်နှာကို မြင်တွေ့လိုက်ရသည်။

သွေးဘီလူးသည် ရှောင်ဖုံးအား မျက်မှောင်ကုပ်၍ ကြည့်ယင်း...

"ရှောင်ဖုံး၊ ငါ့ကို ဆရာလို့ မခေါ်နဲ့လို့ ဘယ်နှစ်ခါ ပြောရမလဲ"

ရှောင်ဖုံး ဝမ်းနည်းသွား၏။

"ဘာဖြစ်လို့လဲ ဆရာရယ်"

သွေးဘီလူးက သူ့အား တစ်ချက်စိုက်ကြည့်လိုက်ပြီး...

"သည်မှာ ရှောင်ဖုံး၊ ငါတို့ ဟိုတုန်းက တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ကတိထားခဲ့ကြတဲ့အတိုင်း ငါက မင်းကို သိုင်းပညာသင်ပေးမယ်၊ မင်းက ငါ့အတွက် လူရှစ်ယောက် သတ်ပေးရမယ်၊ ဒါပဲ မဟုတ်လား"

သွေးဘီလူး၏ ခပ်ထန်ထန် စကားကြောင့် ရှောင်ဖုံးသည် များစွာ စိတ်မကောင်း ဖြစ်သွားသည်။

သူသည် ဆို့နင့်သော လေသံဖြင့်...

"ဘာပဲဖြစ်ဖြစ် ဆရာဟာ ဆရာပါပဲလေ"

သွေးဘီလူးက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

သူသည် လေဝင်ပေါက်မှ ခေါင်းပြူကြည့်နေသော ရှောင်ဖုံး



အား ခပ်ယဲ့ယဲ့ ပြုံးပြလိုက်သည်။

"ဘယ်တူပါ့မလဲကွာ၊ မင်းဟာ တစ်နေ့မှာ ကျန်းနန်းပိုဏ်းချုပ်ရဲ့နေရာကို ဆက်ခံမယ့်သူပဲ၊ ငါ့ဆီမှာ တပည့်ခံဖို့ မသင့်တော်ပါဘူး၊ ဒါကြောင့် ငါ့ကို ချစ်ခင်လေးစားတယ်ဆိုရင် နောက်ငါ့ကို ဘယ်တော့မှ ဆရာလို့ မခေါ်ပါနဲ့"

သွေးဘီလူး၏စိတ်ရင်းစေတနာကို သိရှိလိုက်ရသောကြောင့် ရှောင်ဖုံးသည် တလေးတစားဖြင့် ဦးညွှတ်လိုက်မိသည်။

"ဟုတ်ကဲ့၊ ကျွန်တော်နာခံပါ့မယ်"

သွေးဘီလူးက ခေါင်းညိတ်လိုက်သည်။

"သည်လိုပဲ ဖြစ်ရမှာပေါ့"

သွေးဘီလူးက ကျေနပ်သွားဟန်ဖြင့် ရှောင်ဖုံးအား ပြုံးပြလိုက်သည်။

ရှောင်ဖုံးက...

"ကျွန်တော့်မှာ ပြောပြစရာလေး နည်းနည်းရှိနေပါတယ်"

သွေးဘီလူးက မျက်မှောင်ကုပ်လိုက်မိသည်။

"ကဲ ဆိုစမ်းပါဦး၊ ဘာများလဲ"

"သိုင်းလောကမှာ သွေးဘီလူးအတုနှစ်ယောက် ပေါ်နေတယ်ဗျ"

ရှောင်ဖုံး၏စကားကြောင့် သွေးဘီလူးမှာ မယုံကြည်နိုင်

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် အံ့ဩသွားသည်။

သူသည် လေဝင်ပေါက် အနီးသို့ တိုးကပ်လာပြီး…

"ဟုတ်လား။ သူတို့က ဘယ်သူတွေလဲ"

သွေးဘီလူးက သိချင်စိတ်ဖြင့် အလောတကြီး မေးလိုက်သည်။

"သူတို့တွေ ဘယ်သူလဲဆိုတာ ကျွန်တော် မသိပါဘူး"

သွေးဘီလူးအတု မည်သူမည်ဝါမှန်း မသိသော်လည်း ရှောင်ဖုံးသည် သွေးဘီလူးနှစ်ယောက် အကြောင်းကို တိတ်တဆိတ် ပြောပြလိုက်သည်။

သွေးဘီလူးသည် ရှောင်ဖုံး၏စကားဆုံးသွားသည်အထိ စိတ်ရှည်လက်ရှည် နားထောင်နေမိလေ၏။

ရှောင်ဖုံး၏စကားဆုံးသွားသည့်အခါတွင်မှ မျက်မှောင်ကုပ်ယင်း သူသိချင်သည့် ကိစ္စကို လှမ်းမေးလိုက်သည်။

"ဒါနဲ့ မင်း ငါ့အတွက် လူရှစ်ယောက် သတ်ပေးမယ်ဆိုတာ သတ်ခဲ့ပြီးပြီလား"

ရှောင်ဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်ကဲ့၊ ခုနစ်ယောက်တော့ သတ်ခဲ့ပြီးပါပြီ၊ တစ်ယောက် ထဲပဲ ကျန်ပါတော့တယ်"

"ဘယ်သူကျန်ခဲ့တာလဲ"



"ချမ်းဟိုက်နယ်က အဓိပတိသိုင်းရာဇာပါ"

သွေးဘီလူးသည် မျက်မှောင်ကုပ်လိုက်မိသည်။

"မင်းက ဘာဖြစ်လို့ သူ့ကို မသတ်ရတာလဲ"

ရှောင်ဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူဟာ တရားမျှတတဲ့ သိုင်းသမားလို့ အားလုံးက ပြောနေကြလို့ပါ၊ အဲသည်လို မှန်ကန်ဖြောင့်မတ်ပြီး သစ္စာရှိတဲ့ သိုင်းသမားမျိုးကို ကျွန်တော် မသတ်ရက်ပါဘူး"

"ဟား…ဟား…ဟား"

ရှောင်ဖုံး၏စကားကြောင့် သွေးဘီလူးသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

သူ၏ရယ်မောသံသည် လိုဏ်ဂူတစ်ခုလုံး မြဲတင်ရိုက်ခတ်သွားလေသည်။

"သည်မှာ ရှောင်ဖုံး၊ ချမ်းဟိုက်နယ်က အဓိပတိသိုင်းရာဇာဟာ ကြောင်သူတော်ကြွက်သူခိုးပါကွ၊ အပြင်ကနေကြည့်ရင် သူဟာ အလွန်ရိုးသားပြီး သစ္စာရှိတဲ့ သိုင်းသမားတစ်ယောက်လို့ ထင်ရမှာပဲ၊ ဒါပေမယ့် သူဟာ တကယ့်ကို ယုတ်မာကောက်ကျစ်တဲ့ သိုင်းသမားတစ်ယောက်ပါ"

သွေးဘီလူးက အံကို တင်းတင်းကြိတ်ရင်း စက်ဆုပ်ရွံရှာစွာ ပြောချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံးက သက်ပြင်းတစ်ချက်ချလိုက်မိသည်။

"ဒါဖြင့် ကျွန်တော်သွားသတ်ပါ့မယ်"

သွေးဘီလူး ခေါင်းညိတ်လိုက်သည်။

သူသည် ယခုမှ ဘဝင်ကျသွားဟန်ဖြင့် ရှောင်ဖုံးအား ကျေနပ်စွာ ပြုံးပြလိုက်လေသည်။

"သည်လိုမှပေါ့၊ ဒါနဲ့ တခြားကိစ္စ ရှိသေးလို့လား"

ရှောင်ဖုံးက ခေါင်းညိတ်လိုက်သည်။

ထို့နောက်...

သူသည် လေဝင်ပေါက် အနီးသို့ ပိုမိုတိုးကပ်လိုက်ကာ...

"ဟုတ်ကဲ့၊ အရေးကြီးတဲ့ ကိစ္စတစ်ခု ရှိပါသေးတယ်"

ရှောင်ဖုံး၏စကားကြောင့် သွေးဘီလူး မျက်မှောင်ကုပ်လိုက်မိသည်။

"ဘာများ အရေးကြီးတဲ့ကိစ္စ ရှိနေလို့လဲ"

"ရှိပါတယ် ခင်ဗျာ"

"ဒါဖြင့် ပြောလေ"

သွေးဘီလူးက စိတ်မရှည်ဟန်ဖြင့် လှမ်းပြောလိုက်၏။

ရှောင်ဖုံးက အနည်းငယ် စဉ်းစားဟန်ဖြင့် ခေတ္တမျှ တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေမိသည်။

အတန်ကြာမှ ရှောင်ဖုံးက...



"ဦးပေးလိုက်တဲ့ အရိုးဆံထိုးဟာ စုစုပေါင်း ဘယ်နှစ်ချောင်း ရှိပါသလဲဗျာ"

သွေးဘီလူးက လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်လေသည်။

"မင်းကို ပေးလိုက်တဲ့ ဆံထိုးတစ်ချောင်းထဲပဲပေါ့"

ရှောင်ဖုံးက ခေါင်းခါယမ်းလိုက်သည်။

သွေးဘီလူးက နားမလည်နိုင်သလိုဖြင့် မျက်မှောင်ကုပ်လိုက်မိသည်။

"အရိုးဆံထိုးက တစ်ချောင်းထဲ ရှိတာပဲ၊ အဲဒါ ဘာဖြစ်လို့လဲ"

သွေးဘီလူးက နားမလည်နိုင်သလိုဖြင့် ထပ်မံပြောလိုက်သည်။

ရှောင်ဖုံးက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"အရိုးဆံထိုးတစ်ချောင်းထဲ မဟုတ်ပါဘူး၊ အဘွားကြီးတစ်ယောက်ဆီက ကျွန်တော် အရိုးဆံထိုးတစ်ချောင်း ရခဲ့တယ်၊ အဲသည် အရိုးဆံထိုးဟာ ကျွန်တော့်မှာ ရှိတဲ့ အရိုးဆံထိုးအတိုင်းပဲ"

ထိုစကား ကြားလိုက်ရသောအခါ သွေးဘီလူးသည် အကြီးအကျယ် မျက်စိမျက်နှာပျက်သွားသည်။

သူသည် အလွန်တရာ အံ့သြသွားဟန်ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ အဲသည် အရိုးဆံထိုး ငါ့ကို ပြစမ်း"

ရှောင်ဖုံးသည် အဘွားအိုထံမှ ရရှိခဲ့သည့် အရိုးဆံထိုးကို အိတ်ထဲမှ ထုတ်ယူပြီး လေဝင်ပေါက်ကလေးမှတစ်ဆင့် အတွင်းသို့ ထိုးပေးလိုက်သည်။

သွေးဘီလူးက စိတ်လှုပ်ရှားစွာဖြင့် အရိုးဆံထိုးကို လှမ်းယူလိုက်သည်။

သူသည် ရှောင်ဖုံး လှမ်းပေးလိုက်သည့် အရိုးဆံထိုးကို လက်ထဲ၌ ကိုင်၍ မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

အတန်ကြာ စူးစိုက်ကြည့်ပြီးသည့်အခါမှ သွေးဘီလူးသည် သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။

"သူ..သူ..ဘယ်မှာလဲ"

ရှောင်ဖုံးက ခေါင်းခါယမ်းလိုက်သည်။

"သူ မရှိတော့ပါဘူး၊ ဘယ်ကို ထွက်သွားမှန်းလဲ ကျွန်တော် မသိပါဘူး"

ရှောင်ဖုံး၏စကားကြောင့် သွေးဘီလူး မျက်နှာပျက်သွားလေသည်။

ရုတ်ခြည်းဆိုသလိုပင် သူ၏အမူအရာမှာ ဆောက်တည်ရာမရသကဲ့သို့ ဖြစ်သွားသည်။

"ငါ သည်မှာ ဆက်ပြီး မနေနိုင်တော့ဘူး၊ ငါ့ကို သည်လိုဏ်



ဂူထဲက ထွက်နိုင်အောင် ကြံစမ်းပါဦးကွာ"

သွေးဘီလူးက လွန်စွာ စိတ်လှုပ်ရှားသော အသံနှင့် ညည်းညူလိုက်သည်။

ရှောင်ဖုံးမှာ ဘာဆက်ပြောရမှန်း မသိဘဲ ဖြစ်သွားလေသည်။

ထိုအချိန်တွင် သွေးဘီလူးသည် ဂဏှာမငြိမ် ဖြစ်နေပြီး လိုဏ်ဂူထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။

အတန်ငယ်ကြာမှ ရှောင်ဖုံးက...

"ကျွန်တော် ဝမ်းနည်းစရာ သတင်းတစ်ခု ပြောဖို့ ကျန်နေပါသေးတယ်"

ရှောင်ဖုံး၏စကားကြောင့် သွေးဘီလူးသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ လေဝင်ပေါက်အနီးသို့ တိုးကပ်လာခဲ့သည်။

"ဘာများလဲ ပြောပါ"

ရှောင်ဖုံးက စိတ်မချမ်းမြေ့ဟန်ဖြင့် သက်ပြင်းချလိုက်လေသည်။

"သည်လိုပါ ဦးပေးလိုက်တဲ့ သိုင်းပဝါ..."

ရှောင်ဖုံးသည် စကားကို ဆုံးအောင် ဆက်မပြောဝံ့ဘဲ တစ်ပိုင်းတန်းလန်းနှင့် ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးဘီလူးက မျက်မှောင်ကုပ်ရင်း သူ့အား လှမ်းကြည့်လိုက်သည်။

"သိုင်းပဝါ ဘာဖြစ်လဲ ဆက်ပြောလေ"

ရှောင်ဖုံးသည် မနေ့သာတော့ဘဲ သိုင်းပဝါ ဆုံးရှုံးသွားခဲ့ရပုံကို ပြောပြလိုက်သည်။

အမည်မသိ အနီရောင်ဝတ်ရုံနှင့်မိန်းကလေးထံ လောင်းကြေး ပြုလုပ်၍ နှုတ်ဖြင့် သိုင်းကွက်ချင်း ယှဉ်ပြိုင်ရင်း ဆုံးရှုံးခဲ့ရပုံကို အသေးစိတ် ပြောပြလိုက်သည်။

သူ့စကား ဆုံးသွားသည်နှင့် သွေးဘီလူးက ဒေါသတကြီး လှမ်းအော်လိုက်တော့၏။

"ဘာကွ၊ ဒါဆို သည်မိန်းကလေးနောက် သိုင်းပဝါ ပါသွားပြီပေါ့"

သွေးဘီလူး၏အသံက လိုဏ်ဂူထဲ၌ ဟိန်းထွက်သွားသည်။

ရှောင်ဖုံးက တုန်တုန်ယင်ယင်ဖြင့်...

"ဟုတ်...ဟုတ်ပါတယ် ခင်ဗျာ"

"သည်မှာ ရှောင်ဖုံး၊ အဲသည် သိုင်းပဝါကို ဆယ့်ငါးရက်အတွင်းရအောင် ဖြစ်တဲ့နည်းနဲ့ ပြန်ယူခဲ့၊ မဟုတ်ရင်..."

သွေးဘီလူးသည် စကားကို တစ်ပိုင်းတစ်စဖြင့် ဖြတ်ထားလိုက်ပြီး အကြီးအကျယ် ဒေါသထွက်သည့် မျက်လုံးများဖြင့် ရှောင်



ဖုံးအား စိုက်ကြည့်လိုက်သည်။

ရှောင်ဖုံး ဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့ ခင်ဗျာ၊ သိုင်းပဝါရအောင် ပြန်ယူလာပါ့မယ်"

ရှောင်ဖုံးက ညှိုးငယ်စွာဖြင့် ရှိရှိသေသေ ပြန်ပြောလိုက်သည်။

ထို့ကြောင့်...

သွေးဘီလူးသည် အနည်းငယ် စိတ်ပြေသွားကာ...

"ဒါနဲ့ ဝမ်းကျင်းစန်းကိုရော ရှာလို့ တွေ့ရဲ့လား"

ရှောင်ဖုံးက ခေါင်းခါယမ်းလိုက်သည်။

ဝမ်းကျင်းစန်းမှာ သွေးဘီလူးအား ဤလိုဏ်ဂူထဲ၌ ပိတ်လှောင်ထားခဲ့သူ ဖြစ်သည်။

"သူက နေရာတကျ နေထိုင်တာ မဟုတ်တဲ့အတွက် အခုထိရှာလို့ မတွေ့သေးပါဘူး ခင်ဗျာ"

ရှောင်ဖုံးက ပြန်ဖြေလိုက်ခြင်း ဖြစ်သည်။

သွေးဘီလူးက အနည်းငယ် စဉ်းစားလိုက်လေသည်။

ခေတ္တမျှ နှုတ်ဆိတ်သွားသည်။

ရှောင်ဖုံးသည် သွေးဘီလူး ဆက်ပြောသည့် စကားကို နားစွင့်နေမိ၏။ အတန်ကြာမှ သွေးဘီလူးက...

"ကောင်းပြီလေ၊ မင်းသွားနိုင်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



သွေးဘီလူးသည် ယင်းသို့ ပြောလိုက်၏။

ထို့နောက် တစ်ဘက်သို့ ပြန်လှည့်လိုက်လေ၏။

ရှောင်ဖုံးကလည်း ချက်ချင်းပင် ခေါင်းညိတ်လိုက်လေသည်။ ထို့နောက်...

လိုဏ်ဂူအနီးမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆



## အရိုးဆံထိုး

လောင်မီးသိုင်းသမားသည် ရှောင်ဖုံးအား ကတိပေးထားခဲ့သည့်အတိုင်း တောင်ပင်လယ်သို့ သွားရန် ထွက်ခွာလာခဲ့သည်။

သူသည် နှုတ်ဖြင့် သိုင်းကွက်ခြင်း ယှဉ်ပြိုင်ရာမှ ရှောင်ဖုံးအား ရှုံးနိမ့်ခဲ့ရသည်။

ထို့ကြောင့်...

ကတိစကားအတိုင်း အေးစိမ့်မားကို ယူဆောင်ရန် တောင်ပင်လယ်သို့ ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ ထွက်ခွာလာခဲ့ရာ တတိယမြောက်သောနေ့တွင် ချီကြူးမြို့သို့ ရောက်ရှိလာခဲ့၏။

ချီကြူးမြို့သည် ကျန်းနူးနယ်၏မြို့များအနက် အကြီးဆုံးနှင့် အစည်ကားဆုံးသော မြို့တစ်မြို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လောင်မီးသိုင်းသမားသည် မြို့ထဲသို့ ရောက်လျှင် ရောက်ချင်းပင် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်၍ အစားအသောက်များ မှာယူစားသောက်နေခဲ့သည်။

စားသောက်ပြီးသည့်အခါ လောင်မီးသိုင်းသမားသည် ခရီးဆက်ရန် ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ထိုအချိန်မှာ ညနေပိုင်း အချိန်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

တောင်အကွယ်၌ နေစွယ်ကျိုးပြီ ဖြစ်၍ မှောင်စပင် ပျိုးနေလေပြီ။

လမ်းမပေါ်တွင် မီးရောင်များမှာ ထိန်လင်းလာသည်။

လမ်းသွားလမ်းလာများဖြင့် ချိုကြူးမြို့ကလေးမှာ အတော်ပင် စည်ကားနေလေသည်။

လောင်မီးသိုင်းသမားသည် လူစည်ကားသည့် လမ်းမကြီးပေါ်၌ သွားချင်လာချင်စိတ် မရှိသောကြောင့် လူရှင်းသည့် လမ်းဘက်သို့ ချိုးကွေ့၍ လျှောက်သွားလေသည်။

တဖြည်းဖြည်းနှင့် လျှောက်လှမ်းခဲ့ရာ မကြာမီ မြို့စွန်သို့ ရောက်ရှိလာလေတော့သည်။

မကြာမီ သူသည် လူရှင်းသည့် လမ်းကွေ့တစ်ခုသို့ ရောက်ရှိသွား၏။

ထိုအခါ...



အဘိုးအိုသုံးယောက်သည် ရုတ်တရက်ဆိုသလို သူ၏ရှေ့၌ ဝိတ်ဆို့ရပ်တန့်လိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။

လောင်မီးသိုင်းသမား ရှေ့သို့ လျှောက်လှမ်းနေရာမှ ခြေလှမ်းများကို ရပ်တန့်လိုက်သည်။

ထို့နောက် သူသည် အဘိုးအိုသုံးယောက်အား မျက်မှောင်ကုပ်၍ ကြည့်လိုက်မိသည်။

အဘိုးအိုသုံးယောက်က သူ့ထံသို့ တဖြည်းဖြည်း ချဉ်းကပ်လာလေသည်။

"ခင်ဗျားတို့ ဘယ်လိုလူတွေလဲဗျ"

လောင်မီးသိုင်းသမားက စတင်မေးလိုက်လေသည်။

ထိုအဘိုးအိုသုံးယောက်အနက် အလယ်၌ ရပ်နေသော အဘိုးအိုက စတင်ပြော၏။

လောင်မီးသိုင်းသမားအား စူးရှသော မျက်လုံးဖြင့် စေ့စေ့ကြည့်လိုက်ပြီး...

"လောင်မီးသိုင်းသမားဆိုတာ ခင်ဗျား မဟုတ်လား"

ဟု မေး၏။

လောင်မီးသိုင်းသမားကလည်း ခေါင်းညိတ်လိုက်၏။

ပြီးမှ...

"ဟုတ်တယ်၊ ခင်ဗျားတို့ကကော ဘယ်သူတွေလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်မေးလိုက်သည်။

တဆက်တည်း အဘိုးအိုသုံးယောက်အား တစ်ချက်စွေ၍ အကဲခတ်လိုက်သည်။

အစွန်ဆုံးမှ ရပ်နေသော အဘိုးအိုက...

"ကျုပ်တို့က မိုးပြာအဖွဲ့က ဌာနခွဲမှူးတွေပဲ ဖြစ်တယ်"

လောင်မီးသိုင်းသမားက သူတို့အား နားမလည်နိုင်သော မျက်လုံးအစုံဖြင့် လှမ်းကြည့်လိုက်လေသည်။

"ခင်ဗျားတို့က ဘာကိစ္စနဲ့ ကျုပ်သွားမယ့် လမ်းကို ပိတ်ထားရတာလဲ"

ဟု မေးလိုက်၏။

အလယ်တွင် ရပ်နေသော အဘိုးအိုက လက်ကာပြလိုက်သည်။

"ပြောမှာပေါ့ဗျာ၊ ခင်ဗျားတပည့်က ယမ်းလုံးကို အသုံးပြုပြီး ကျုပ်တို့လူတွေကို ခြိမ်းခြောက်ခဲ့တာ ခင်ဗျားသိမှာပေါ့"

ဟု ပြော၏။

လောင်မီးသိုင်းသမားက ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ် မသိဘူး"

ဝဲဘက်မှာရပ်နေသော အဘိုးအိုက မဲ့ပြုံးပြုံးလိုက်လေသည်။



"လောင်မီးသိုင်းသမားဟာ လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ၊ ကိုယ့်တပည့် လုပ်သွားတဲ့ ကိစ္စကို ကိုယ်တိုင်မသိတာ တကယ့်ကို အံ့ဩစရာပဲ"

ဟု ပြော၏။

လောင်မီးသိုင်းသမားက ဒေါသထွက်လာလေသည်။

"ဘာလဲ ခင်ဗျားတို့က ကျုပ်ကို သက်သက်မဲ့ ရန်စနေကြတာလား"

ဝဲဘက်မှာ ရပ်နေသော အဘိုးအိုက ရယ်မောလိုက်လေသည်။

"ထင်ချင်သလို ထင်နိုင်ပါတယ်"

ထိုအဘိုးအိုက ပြောပြောဆိုဆိုနှင့် လက်ဝါးဖြင့် တွန်းထုတ်လိုက်သည်။

ကျန်ရှိသော အဘိုးအိုနှစ်ယောက်ကလည်း လက်ဝါးဖြင့် ပြိုင်တူတွန်းလိုက်ကြသည်။

လောင်မီးသိုင်းသမားသည် အခြေအနေမဟန်မှန်း သိလိုက်သဖြင့် နောက်သို့ ကျွမ်းပစ်ကာ ရှောင်တိမ်းလိုက်ရသည်။

အဘိုးအိုသုံးယောက်တို့သည် ထပ်မံတိုက်ခိုက်ရန် ရှေ့သို့ တိုးလာကြသည်။

ထိုအခါ...

www.burmeseclassic.com

www.burmeseclassic.com



လောင်မီးသိုင်းသမားက ယမ်းလုံးတစ်လုံးကို ထုတ်လိုက်သည်။

လက်မှလည်း ကိုင်မြှောက်ထားလိုက်၏။

နှုတ်မှလည်း လှမ်းအော်လိုက်၏။

"သေချင်ရင် ရှေ့တိုးခဲ့ကြ"

အဘိုးအိုသုံးယောက်တို့သည် ယမ်းလုံးကို တွေ့မြင်လိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားပြီး နောက်သို့ ကမန်းကတန်းဆုတ်လိုက်ကြသည်။

လောင်မီးသိုင်းသမားသည် ရုတ်တရက် ရှေ့သို့ ပြေးဝင်သွားပြီး လက်ဝါးတစ်ဘက်ဖြင့် တွန်းထုတ်လိုက်သည်။

လောင်မီးသိုင်းသမားက ထိုသို့ တိုက်ခိုက်လာမည်ဟု အဘိုးအိုးသုံးယောက်က မထင်မှတ်ခဲ့မိချေ။

ထို့ကြောင့်...

သူတို့အားလုံး ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ထိုစဉ်မှာပင် လောင်မီးသိုင်းသမား၏လက်ဝါးသည် အလယ်တွင် ရပ်နေသော အဘိုးအို၏ပခုံးကို ထိမှန်သွားလေသည်။

"ဝုန်း"

ဟူသော အသံနှင့်အတူ အဘိုးအိုသည် နောက်သို့ ခြေလှမ်း လေး ငါးလှမ်းခန့် ယိမ်းယိုင်သွားလေသည်။



ကျန်ရှိသော အဘိုးအိုနှစ်ယောက်သည် ချက်ချင်းဆိုသလိုပင် လောင်မီးသိုင်းသမားထံသို့ ပြိုင်တူ ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

သို့သော်...

သူတို့၏တိုက်ခိုက်မှုမှာ အချည်းနှီး ဖြစ်သွား၏။

လောင်မီးသိုင်းသမားသည် သူတို့ထက် လက်မြန်လေ၏။

သူသည် လက်နှစ်ဘက်ကို တစ်ပြိုင်တည်း ဆန့်ထုတ်လိုက်သည်။

သူ၏လက်သီးချက်များသည် အဘိုးအိုနှစ်ယောက်အား ထိမှန်သွား၏။

"ဝုန်း"

"ဝုန်း"

အဘိုးအိုနှစ်ယောက်သည် နောက်သို့ ယိမ်းယိုင်သွားကြကုန်၏။

သူတို့သည် လောင်မီးသိုင်းသမားအား မယှဉ်ပြိုင်နိုင်မှန်း ရိပ်မိသွားကြသည်။

ဆက်၍ တိုက်ခိုက်ရန် အခြေအနေ မဟန်တော့မှန်း သိရှိသွားကြသည်။

အဘိုးအိုများသည် လောင်မီးသိုင်းသမားအား မကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



သော အကြည့်များဖြင့် ကြည့်လိုက်ကြ၏။

ထို့နောက်...

နောက်ဘက်သို့ လှည့်ကာ တရှိုးတည်း ပြေးလွှားထွက်ခွာသွားကြလေတော့သည်။

◆ ◆ ◆

"ဟား..ဟား..ဟား"

"ဟား..ဟား..ဟား"

ရယ်မောသံများ ထွက်ပေါ်လာ၏။

ထိုရယ်မောသံများသည် လမ်းကလေး၏ တစ်ဘက်တစ်ချက်မှနေ၍ ထွက်ပေါ်လာခြင်းပင် ဖြစ်ပေသည်။

လောင်မီးသိုင်းသမားသည် မိုးပြာအဖွဲ့သားများ ထပ်မံရောက်ရှိလာကြသည်ဟု စိတ်ထဲ၌ ထင်မှတ်မိလိုက်သည်။

ထို့ကြောင့်...

သူက ထပ်မံတိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားလိုက်သည်။

ရယ်မောနေသော အသံများသည် အတန်ကြာလျှင် ရပ်တန့်သွား၏။

ထို့နောက်...



လမ်းကလေး၏တစ်ဘက်မှ လူသုံးယောက် ထွက်ပေါ်လာသည်။

ထိုလူသုံးယောက်သည် လောင်မီးသိုင်းသမားထံသို့ တဖြည်းဖြည်းနှင့် ချဉ်းကပ်လာလေတော့သည်။

ထိုအခါမှ...

ထိုလူသုံးယောက်အား လောင်မီးသိုင်းသမားက ကောင်းစွာ မြင်တွေ့လိုက်ရ၏။

ထိုလူသုံးယောက်မှာကား...

ညသိုင်းသမား၊ မိုးထိတောင်သိုင်းသမားယိလုံနှင့် ချုန်းဟိုက်နယ်မှ အဓိပတိသိုင်းရာဇာတို့ပင် ဖြစ်လေသည်။

သူတို့သုံးယောက်အား တွေ့မြင်လိုက်ရသောအခါ လောင်မီးသိုင်းသမားသည် အနည်းငယ် ရင်ထိတ်သွားသည်။

သူတို့သည် တစ်စုံတစ်ခုသော ကိစ္စဖြင့် ခရီးထွက်လာကြဟန်တူသည်။

သူတို့အား ကြည့်ရသည်မှာ အနည်းငယ် ထူးခြားသည်ဟု ထင်မှတ်မိ၏။

လောင်မီးသိုင်းသမားသည် မျက်မှောင်တစ်ချက်ကုပ်လိုက်ယင်း...

"ခင်ဗျားတို့သုံးယောက်က ဘယ်သွားကြမလို့လဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

လောင်မီးသိုင်းသမားက မေးလိုက်သည်ကို ချမ်းဟိုက်နယ် အမိပတိသိုင်းရာဇာက ရယ်မောလိုက်လေသည်။

"ကျုပ်တို့သုံးယောက်က ကျွန်းနန်းအဖွဲ့ရဲ့ ဌာနချုပ်ကို သွားကြမလို့၊ ခင်ဗျားကော ဘယ်သွားမလို့လဲ"

ဟု မေး၏။

လောင်မီးသိုင်းသမားက တစ်ချက်ပြုံးလိုက်လေသည်။

"ကျုပ်ကတော့ တောင်ပင်လယ်မှာ အေးစိမ့်အား သွားပူမလို့ပဲဗျ"

ဟု ပြောလိုက်၏။

ချမ်းဟိုက်သိုင်းရာဇာက ခေါင်းညိတ်လိုက်လေသည်။

ထို့နောက်...

လောင်မီးသိုင်းသမားက ပြုံးပြလိုက်ကာ...

"ဟုတ်လား၊ ကဲ သွားစရာရှိရင် မြန်မြန်သာ သွားပေတော့"

ချမ်းဟိုက်သိုင်းရာဇာက ရယ်ရယ်မောမော ပြောဆိုရင်း ခရီးဆက်သွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော်...

ချမ်းဟိုက်သိုင်းရာဇာက ခြေတစ်လှမ်းလောက်သာ ရှေ့သို့ လှမ်းရသေး၏။



ထိုစဉ်...

လောင်မီးသိုင်းသမားက...

"ခဏနေဦး"

ဟု ဟန့်တားလိုက်သည်။

လောင်မီးသိုင်းသမား၏ ဟန့်တားလိုက်သောကြောင့် ချမ်းဟိုက်သိုင်းရာဇာသည် လှမ်းနေသော ခြေလှမ်းကို ရပ်တန့်လိုက်သည်။

သူသည် ကြောင်အမ်းအမ်းဖြင့် လောင်မီးသိုင်းသမားအား လှမ်းကြည့်လိုက်သည်။

ထို့အတူပင် လောင်မီးသိုင်းသမား၏ အပြုအမူကြောင့် ညသိုင်းသမားနှင့် ယိလုံတို့သည်လည်း အံ့ဩသွားကြ၏။

ညသိုင်းသမားက မျက်မှောင်ကုပ်၍ သွားလေသည်။

"ခင်ဗျားက ဘာဖြစ်လို့လဲဗျ"

"ဟုတ်တယ်"

"ဘယ်လို ဖြစ်သွားရတာလဲ လောင်မီးသိုင်းသမား"

ဟု သူတို့သုံးယောက်စလုံး ပြိုင်တူ လှမ်းမေးလိုက်ကြသည်။

လောင်မီးသိုင်းသမားက ချမ်းဟိုက်သိုင်းရာဇာ၏ရင်ဝကို ညွှန်ပြလိုက်သည်။

"ဟောသည်မှာ ကြည့်၊ ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

လောင်မီးသိုင်းသမားက မေးလိုက်သည်ကို ချမ်းဟိုက်နယ် အစိပတိသိုင်းရာဇာက ရယ်မောလိုက်လေသည်။

"ကျုပ်တို့သုံးယောက်က ကျုန်းနန်းအဖွဲ့ရဲ့ ဌာနချုပ်ကို သွားကြမလို့၊ ခင်ဗျားကော ဘယ်သွားမလို့လဲ"

ဟု မေး၏။

လောင်မီးသိုင်းသမားက တစ်ချက်ပြုံးလိုက်လေသည်။

"ကျုပ်ကတော့ တောင်ပင်လယ်မှာ အေးစိမ့်အား သွားပယူမလို့ပဲဗျ"

ဟု ပြောလိုက်၏။

ချမ်းဟိုက်သိုင်းရာဇာက ခေါင်းညိတ်လိုက်လေသည်။

ထို့နောက်...

လောင်မီးသိုင်းသမားက ပြုံးပြလိုက်ကာ...

"ဟုတ်လား၊ ကဲ သွားစရာရှိရင် မြန်မြန်သာ သွားပေတော့"

ချမ်းဟိုက်သိုင်းရာဇာက ရယ်ရယ်မောမော ပြောဆိုရင်း ခရီးဆက်သွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော်...

ချမ်းဟိုက်သိုင်းရာဇာက ခြေတစ်လှမ်းလောက်သာ ရှေ့သို့ လှမ်းရသေး၏။



ထိုစဉ်...

လောင်မီးသိုင်းသမားက...

"ခဏနေဦး"

ဟု ဟန့်တားလိုက်သည်။

လောင်မီးသိုင်းသမား၏ ဟန့်တားလိုက်သောကြောင့် ချမ်းဟိုက်သိုင်းရာဇာသည် လှမ်းနေသော ခြေလှမ်းကို ရပ်တန့်လိုက်သည်။

သူသည် ကြောင်အမ်းအမ်းဖြင့် လောင်မီးသိုင်းသမားအား လှမ်းကြည့်လိုက်သည်။

ထို့အတူပင် လောင်မီးသိုင်းသမား၏ အပြုအမူကြောင့် ညသိုင်းသမားနှင့် ယိလုံတို့သည်လည်း အံ့သြသွားကြ၏။

ညသိုင်းသမားက မျက်မှောင်ကုပ်၍ သွားလေသည်။

"ခင်ဗျားက ဘာဖြစ်လို့လဲဗျ"

"ဟုတ်တယ်"

"ဘယ်လို ဖြစ်သွားရတာလဲ လောင်မီးသိုင်းသမား"

ဟု သူတို့သုံးယောက်စလုံး ပြိုင်တူ လှမ်းမေးလိုက်ကြသည်။

လောင်မီးသိုင်းသမားက ချမ်းဟိုက်သိုင်းရာဇာ၏ရင်ဘတ်ကို ညွှန်ပြလိုက်သည်။

"ဟောသည်မှာ ကြည့်၊ ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်နေ၏။

အားလုံးသော လူများသည် ဆွံ့အနေသူများပမာ နှုတ်ဆိတ်သွားကြသည်။

မည်သူကမျှ စကားပြောဆိုခြင်း မပြုကြဘဲ ကျောက်ရုပ်ကြီးပမာ ငူငူကြီး ရပ်နေမိကြသည်။

အတန်ကြာမှ…

ချမ်းဟိုက်သိုင်းရာဇာက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"သည်အရိုးဆံထိုးဟာ ကျူပ်လက်ထဲ ရောက်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်မိခဲ့ဘူး"

သူ၏စကားကြောင့် အားလုံးသော လူများသည် စိတ်မကောင်း ဖြစ်သွားကြသည်။

ချမ်းဟိုက်သိုင်းရာဇာနှင့် ညသိုင်းသမားတို့သည် ကျုန်းနန်းတောင်သို့ သွားရန် မူလက စီစဉ်ထားခဲ့ကြသည်။

သို့သော်…

ယခုအခါ၌ အရိုးဆံထိုး ရောက်ရှိလာသောကြောင့် မူလအစီအစဉ်ကို မလွဲမရှောင်သာ ဖျက်သိမ်းလိုက်ရတော့သည်။

သူတို့သည် အရိုးဆံထိုးပိုင်ရှင် သွေးဘီလူးနှင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်ကြသည်။



နောက်တစ်နေ့တွင် သူတို့သည် လုယန်းမြို့သို့ ရောက်ရှိလာကြကာ တည်းခိုခန်း၌ ညစာ စားသောက်ကြရင်း အရိုးဆံထိုးနှင့် ပတ်သက်ပြီး အလေးအနက်ထား၍ ဆွေးနွေးကြလေသည်။

ညသိုင်းသမားက တွေးတွေးဆဆဖြင့် ပြောလိုက်သည်။

ချမ်းဟိုက်သိုင်းရာဇာက မျက်မှောင်ကုပ်လိုက်ပြီး…

"ဘယ်သူ့ကို ပြောတာလဲ"

"လောင်မီးသိုင်းသမားဆီက ယမ်းလုံးသုံးလုံးကို ယူသွားတဲ့ လူငယ်ကို ပြောတာ"

ညသိုင်းသမားက မရေမရာ ပြန်ပြောလိုက်သည်။

ထိုစဉ် ယိလုံက တစ်နေရာသို့ စိုက်ကြည့်လိုက်ရင်း…

"ခင်ဗျားတို့ပြောတဲ့ လူငယ်က ဟိုမှာမဟုတ်လား"

ယိလုံ ညွှန်ပြသော နေရာသို့ ကြည့်လိုက်သောအခါ သူတို့နှင့် စားပွဲသုံးလုံးခန့် အကွာ၌ မီးခိုးရောင်အကျီဝတ်ဆင်ထားသော လူငယ်သည် တစ်ယောက်တည်းထိုင်၍ စားသောက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူငယ်ကား ရှောင်ဖုံးပင် ဖြစ်လေသည်။

ညသိုင်းသမားက လေသံတိုးတိုးဖြင့်…

"အရိုးဆံထိုးကို သူအမှတ်တမဲ့ ထိုးစိုက်သွားတာ ဖြစ်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ အခုလာပြီး ထိုင်လိုက်တာ အနှောက်အယှက် မဖြစ်ပါဘူးနော်"

ရှောင်ဖုံးက ခေါင်းမော့ပြီး တစ်ချက်လှမ်းကြည့်လိုက်သည်။

"ရပါတယ်"

ရှောင်ဖုံးက ယင်းသို့ ပြောပြီး ခေါင်းကို ငုံ့ကာ စားလက်စ အစားအသောက်ကို ဆက်လက်စားသောက်နေလေသည်။

သူ့အနီး၌ မိန်းကလေးနှစ်ဦး ရှိနေသည်ကိုပင် လုံးဝမသိရှိသည့်အလား စားသောက်နေခြင်း ဖြစ်၏။

"အစ်မလေးတို့ ဘာတွေ စားကြမှာလဲ"

ဆိုင်လုလင်၏အမေးစကားကြောင့် မိန်းကလေးနှစ်ဦးမှာ ရုတ်တရက် မည်သည့်ဟင်းလျာ မှာယူရမည်ကို မသိနိုင်ဘဲ ဖြစ်သွားသည်။ အတန်ကြာမှ ရှောင်ဖုံး မြင်ဖူးသည့် မိန်းကလေးက ရှောင်ဖုံး၏ဟင်းလျာများကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"သည်အတိုင်းပဲ ပေးပါ"

မိန်းကလေးက ရှောင်ဖုံး၏ဟင်းခွက်များကို ကြည့်ရင်း မှာကြားလိုက်သည်။

ဆိုင်လုလင်က ပြုံးပြီး ထွက်ခွာသွားသည်။

ညသိုင်းသမားတို့သည် ထိုမိန်းကလေးနှစ်ယောက်အား အကဲခတ်ကြည့်ရှုနေမိသည်။



ထိုမိန်းကလေးနှစ်ယောက်အား အကဲခတ်ကြည့်ရှုနေရာမှ ညသိုင်းသမား မျက်မှောင်ကုပ်သွားသည်။

"သည်ဘက်က ဝိန်ဝိန်သွယ်သွယ်နဲ့ မိန်းကလေးကို ကျုပ် မြင်ဖူးသလိုပဲဗျ"

ညသိုင်းသမား၏စကားကြောင့် ချမ်းဟိုက်သိုင်းရာဇာနှင့် ယိလုံတို့သည် ထိုမိန်းကလေးအား သေချာစွာ သတိပြုကြည့်လိုက်မိကြသည်။

"ဟုတ်တယ်၊ ကျုပ်တို့လဲ မြင်ဖူးသလိုပဲ၊ သူနဲ့ ဘယ်မှာတွေ့ခဲ့မှန်း မသိဘူးဗျ"

ထိုစဉ်

ဆိုင်လုလင်က ဟင်းလျာများ လာရောက်ပို့ဆောင်သွားလေ၏။

မိန်းကလေးနှစ်ယောက်မှာ စားပွဲပေါ်ရှိ အစားအသောက်များကိုသာ တစ်ချက်လှမ်းကြည့်လိုက်၏။

ထိုမိန်းကလေးနှစ်ဦးအနက် ဝိန်ဝိန်သွယ်သွယ်နှင့် မိန်းကလေးက ရှောင်ဖုံးကိုသာ စိုက်ကြည့်နေလေသည်။

ရှောင်ဖုံးသည် တစ်ချိန်လုံး ခေါင်းငုံ့ပြီး စားသောက်နေသည်ကို တွေ့ရသဖြင့်...

"အားနာလိုက်တာ အစ်မရယ်၊ သူ့ခမြာ ခေါင်းတောင်

www.burmeseclassic.com



“ကျွန်မတို့ အခုလာပြီး ထိုင်လိုက်တာ အနှောက်အယှက် မဖြစ်ပါဘူးနော်”

ရှောင်ဖုံးက ခေါင်းမော့ပြီး တစ်ချက်လှမ်းကြည့်လိုက်သည်။

“ရပါတယ်”

ရှောင်ဖုံးက ယင်းသို့ ပြောပြီး ခေါင်းကို ငုံ့ကာ စားလက်စ အစားအသောက်ကို ဆက်လက်စားသောက်နေလေသည်။

သူ့အနီး၌ မိန်းကလေးနှစ်ဦး ရှိနေသည်ကိုပင် လုံးဝမသိရှိသည့်အလား စားသောက်နေခြင်း ဖြစ်၏။

“အစ်မလေးတို့ ဘာတွေ စားကြမှာလဲ”

ဆိုင်လုလင်၏အမေးစကားကြောင့် မိန်းကလေးနှစ်ဦးမှာ ရုတ်တရက် မည်သည့်ဟင်းလျာ မှာယူရမည်ကို မသိနိုင်ဘဲ ဖြစ်သွားသည်။ အတန်ကြာမှ ရှောင်ဖုံး မြင်ဖူးသည့် မိန်းကလေးက ရှောင်ဖုံး၏ဟင်းလျာများကို တစ်ချက်လှမ်းကြည့်လိုက်သည်။

“သည်အတိုင်းပဲ ပေးပါ”

မိန်းကလေးက ရှောင်ဖုံး၏ဟင်းခွက်များကို ကြည့်ရင်း မှာကြားလိုက်သည်။

ဆိုင်လုလင်က ပြုံးပြီး ထွက်ခွာသွားသည်။

ညသိုင်းသမားတို့သည် ထိုမိန်းကလေးနှစ်ယောက်အား အကဲခတ်ကြည့်ရှုနေမိသည်။



ထိုမိန်းကလေးနှစ်ယောက်အား အကဲခတ်ကြည့်ရှုနေရာမှ ညသိုင်းသမား မျက်မှောင်ကုပ်သွားသည်။

“သည်ဘက်က ဝိန်ဝိန်သွယ်သွယ်နဲ့ မိန်းကလေးကို ကျုပ် မြင်ဖူးသလိုပဲဗျ”

ညသိုင်းသမား၏စကားကြောင့် ချမ်းဟိုက်သိုင်းရာဇာနှင့် ယိလုံတို့သည် ထိုမိန်းကလေးအား သေချာစွာ သတိပြုကြည့်လိုက်မိကြသည်။

“ဟုတ်တယ်၊ ကျုပ်တို့လဲ မြင်ဖူးသလိုပဲ၊ သူနဲ့ ဘယ်မှာ တွေ့ခဲ့မှန်း မသိဘူးဗျ”

ထိုစဉ်

ဆိုင်လုလင်က ဟင်းလျာများ လာရောက်ပို့ဆောင်သွားလေ၏။

မိန်းကလေးနှစ်ယောက်မှာ စားပွဲပေါ်ရှိ အစားအသောက်များကိုသာ တစ်ချက်လှမ်းကြည့်လိုက်၏။

ထိုမိန်းကလေးနှစ်ဦးအနက် ဝိန်ဝိန်သွယ်သွယ်နှင့် မိန်းကလေးက ရှောင်ဖုံးကိုသာ စိုက်ကြည့်နေလေသည်။

ရှောင်ဖုံးသည် တစ်ချိန်လုံး ခေါင်းငုံ့ပြီး စားသောက်နေသည်ကို တွေ့ရသဖြင့်...

“အားနာလိုက်တာ အစ်မရယ်၊ သူ့ခမြာ ခေါင်းတောင်

www.burmeseclassic.com



မမော့ရဲရှာဘူး"

အနည်းငယ် အသက်ကြီးသော မိန်းကလေးက ရယ်မော လိုက်သည်။

"သူ့ကို ကြည့်ရတာ ရှက်တတ်ပေမယ့် ဒေါသကတော့ ကြီး တယ်"

ဝိန်ဝိန်သွယ်သွယ်နှင့် မိန်းကလေးက ပြုံးလိုက်သည်။

"အစ်မကြီးက သူ့အကြောင်း သိထားပုံရတယ်"

ဟု ပြော၏။ အသက်အနည်းငယ်ကြီးသော မိန်းကလေးက ရှောင်ဖုံး အား ငေါ့ကြည့်ရင်း သဘောကျစွာ ရယ်မောလိုက်သည်။

"သိတာပေါ့ကွယ်၊ အူကြောင်ကြောင်တစ်ယောက်ပါ။ ကြည့် ပါလား၊ ထုံထိုင်းထိုင်းနဲ့ ဘာတွေ စဉ်းစားနေမှန်းမှ မသိဘဲ"

မိန်းကလေးနှစ်ယောက်သည် သူတစ်ခွန်း ငါတစ်ခွန်းဖြင့် ရှောင်ဖုံးအား မခံချိ မခံသာအောင် ပြောဆိုနေကြလေတော့သည်။

သူတို့ စကားလုံးများက သက်သက်မဲ့ စော်ကားသကဲ့သို့ ဖြစ်နေရာ ရှောင်ဖုံးမှာ သည်းမခံနိုင်လောက်အောင် ဖြစ်လာရလေ သည်။

"ခင်ဗျားတို့ စကားကြည့်ပြောရင် ကောင်းမယ် ထင်တယ်"

ရှောင်ဖုံးက စားသောက်နေရာမှ ခေါင်းမော့ကြည့်၍ ပြော လိုက်သည်။



အသက်အရွယ်ကြီးသော မိန်းကလေးက ရယ်မောလိုက် လေသည်။

"ငါပြောတာ မမှန်ဘူးလား၊ သူ အခု ဒေါသထွက်လာပြီ"

အသက်ငယ်သော မိန်းကလေးကမူ အားတုံ့အားနာ ဖြစ် သွားလေသည်။

"သူစိတ်ဆိုးတတ်ရင်လဲ မပြောပါနဲ့တော့ အစ်မရယ်"

ထို့ကြောင့် အသက်အနည်းငယ်ကြီးသော မိန်းကလေးက စကားမပြောတော့ဘဲ ခေါင်းငုံ့၍ စားသောက်နေလိုက်လေတော့ သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ညသိုင်းသမားသည် ရှောင်ဖုံးအား အတန်ကြာ အကဲခတ်ကြည့်နေမိ၏။

ယင်းသို့ ကြည့်ရှုနေကြရင်းမှ ညသိုင်းသမားသည် ရုတ်တရက် အကြံတစ်ခု ရလာလေသည်။

"ကျုပ်အကြံတစ်ခုရပြီ"

ညသိုင်းသမားက အဆက်အစပ်မရှိ ထအော်လိုက်သည်။

ချမ်းဟိုက်သိုင်းရာဇာက မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုအကြံများလဲဗျ"

ညသိုင်းသမားက လက်ညှိုးတစ်ချောင်း ထောင်လိုက်လေသည်။

"သူဟာ အရိုးဆံထိုး လာချတဲ့လူ ဟုတ် မဟုတ် သိရအောင် သူ့ဆီသွားပြီး တီးခေါက်ကြည့်မယ်"

ယိလုံသည် နားမလည်နိုင်သလိုဖြင့် ညသိုင်းသမားအား လှမ်းကြည့်လိုက်သည်။

"ဘယ်လိုတီးခေါက်ကြည့်မှာလဲ"

ညသိုင်းသမားက ပြုံးပြလိုက်သည်။

"ချမ်းဟိုက်သိုင်းရာဇာမှာ အရိုးဆံထိုးရထားတဲ့အကြောင်း ပြောပြီး သူ့ကို အကူအညီတောင်းမယ်၊ သူက လက်ခံမယ်ဆိုရင် အရိုးဆံထိုးချထားတာ သူ မဖြစ်နိုင်ဘူး"



ယိလုံက မျက်မှောင်ကုပ်လိုက်သည်။

"တကယ်လို့ သူက အကူအညီ မပေးနိုင်ဘူးဆိုရင်ကော"

ညသိုင်းသမားက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒါဆို သူဟာ တရားခံအစစ်ဆိုတာ ထင်ရှားနေတာပေါ့"

ညသိုင်းသမား၏ယူဆချက်ကို ချမ်းဟိုက်သိုင်းရာဇာ ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

"ဒီအကြံကောင်းသားပဲ၊ စမ်းကြည့်ကြတာပေါ့"

ထို့ကြောင့် ညသိုင်းသမားက ထိုင်ရာမှ ထလိုက်သည်။

"ကဲ ကျုပ်သွားပြီး တီးခေါက်ကြည့်လိုက်ဦးမယ်"

ညသိုင်းသမားသည် ထိုသို့ ပြောဆိုပြီးနောက် ရှောင်ဖုံးရှိရာ စားပွဲသို့ သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်...

"ဝုန်း"

ဟူသော အသံတစ်ခုကို ကြားလိုက်ရလေတော့သည်။

သူသည် အသံထွက်ပေါ်လာရာသို့ တအံ့တဩ လှမ်းကြည့်လိုက်မိလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံးသည် တစ်စုံတစ်ခုကို သတိရလာပြီး ထိုင်ရာမှ ထလိုက်သည်။

ယင်းသို့ ထလိုက်ပြီးနောက် သူသည် စားပွဲအား ဒေါသကြီးစွာ ရိုက်ချလိုက်သည်။

ထို့ကြောင့် စားပွဲမှာ ကျိုးပဲ့သွားကာ စားပွဲပေါ်ရှိ ပန်းကန်များ မြေပေါ်သို့ လွင့်စဉ်ကျကွဲသွားလေသည်။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေး(၂)ယောက်က ကမန်းကတန်း နောက်သို့ ဆုတ်သွားလေသည်။

"ရှင် အရူးထတာတော့ မဟုတ်ပါဘူးနော်"

ပိန်ပိန်သွယ်သွယ်မိန်းကလေးက မထီတရီ ပြုံးပြရင်း လှမ်းမေးလိုက်သည်။

ရှောင်ဖုံး၏မျက်လုံးအစုံသည် ထိုမိန်းကလေးအား စူးစူးစိုက်စိုက်ကြည့်နေမိသည်။

သူ၏အကြည့်သည် ထိုမိန်းကလေးအား ထိုးဖောက်သွားတော့မည့်အလား ထင်မှတ်ရသည်။

အတန်ကြာ စိုက်ကြည့်ပြီးနောက် ရှောင်ဖုံးသည် နှာခေါင်းတစ်ချက်ရှုံ့လိုက်သည်။

"လက်စသတ်တော့ မင်းကိုး၊ အခုမှ ငါမှတ်မိတယ်"

ရှောင်ဖုံးသည် ပိန်ပိန်သွယ်သွယ် မိန်းကလေးအား ခံပြင်း



သောလေသံဖြင့် လှမ်းပြောလိုက်သည်။

အသက်အနည်းငယ်ကြီးသော မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီလိုတော့လဲ ရှင်က မှတ်ဉာဏ်ကောင်းသားပဲ"

ရှောင်ဖုံးသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

အတန်ကြာ ရယ်မောပြီးမှ မိန်းကလေးနှစ်ယောက်အား မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

"ကဲ ကျုပ်တို့ကြုံတုန်း စာရင်းရှင်းရလိမ့်မယ်"

ရှောင်ဖုံး၏စကားကြောင့် အသက်အနည်းငယ်ကြီးသော မိန်းကလေးက အေးတိအေးစက် ပြုံးလိုက်သည်။

"ရှင် ကျွန်မတို့ကို ရန်ရှာလို့လဲ အကျိုးမရှိပါဘူးရှင်၊ ပြီးတော့ ဒီနေ့ ညမှာလဲ ချမ်းဟိုက်သိုင်းရာဇာကို ရှင်လုပ်ကြံရဦးမယ် မဟုတ်လား"

ထိုစကားကြားသောအခါ ရှောင်ဖုံးသည် အကြီးအကျယ် ထိတ်လန့်အံ့သြသွားရလေတော့သည်။

သူသည် ချမ်းဟိုက်သိုင်းရာဇာထံ အရိုးဆံထိုးကို လျှို့ဝှက်စွာ ထိုးထားသည်ကို ထိုမိန်းကလေးနှစ်ဦးသည် မည်သည့်နည်းဖြင့် သိရှိထားခဲ့ကြပါသနည်း။

သူသည် လုံးဝမတွေးတောတတ်အောင် ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပုံစံအတိုင်းဆိုလျှင် သူ၏လျှို့ဝှက်ချက်အားလုံးမှာ လုံခြုံမှုရှိရန် စိတ်မချရတော့ချေ။

မိန်းကလေး(၂)ယောက်က သူ့အတွေးကို သိထားသည့်ပမာ ပြုံးပြလိုက်လေသည်။

"အရိုးဆံထိုးပေးခဲ့တဲ့လူဟာ ကျွန်မနဲ့ ရှင်က လွဲလို့ ဘယ်သူရှိမှာလဲ၊ ဒါကြောင့် ကျွန်မတို့ပေးတာ မဟုတ်ရင် ရှင်ပေးတာပဲ ဖြစ်ရတော့မှာပေါ့"

အသက်အနည်းငယ်ကြီးသည့် မိန်းကလေးက သရော်ပြုံးပြုံးရင်း ပြောလိုက်သည်။

ရှောင်ဖုံးသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး...

"ဒါတွေ ထားလိုက်ပါ၊ သွေးဘီလူးအမည်ကို အလွဲသုံးစားလုပ်တဲ့အတွက် ဆုံးမရလိမ့်မယ်"

အသက်အနည်းငယ်ကြီးသော မိန်းကလေးက အသက်ငယ်သော ရှည်ရှည်သွယ်သွယ် မိန်းကလေးအား လှမ်းကြည့်လိုက်သည်။

"ကဲ သွားကြပါစို့ ညီမရယ်၊ တော်ကြာ ဒီက အိုးခွက်ပန်းကန်တွေ ထပ်ကွဲသွားလို့ ထပ်ပြီး လျော်နေရဦးမယ်"

သူမသည် ပြောပြီးသည်နှင့် ထွက်ခွာရန် ဟန်ပြင်လိုက်လေသည်။

ရှောင်ဖုံးက ထိုမိန်းကလေးနှစ်ယောက်၊ရှေ့မှ ပိတ်ဆို့ဟန့်



တားလိုက်သည်။

"ဒီလို သွားလို့ ရရိုးလား"

ရှောင်ဖုံးက အံကြိတ်ရင်း ခပ်ပြင်းစွာ ပြောလိုက်သည်။

အသက်အနည်းငယ်ကြီးသော မိန်းကလေးက သူ့အား တင်းမာသော မျက်နှာထားနှင့် ပြန်ကြည့်လိုက်သည်။

"ရှင်က ဘာလုပ်ချင်လဲ"

ရှောင်ဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့ ဘာဖြစ်လို့ သွေးဘီလူးအမည်ကို အလွဲသုံးစားလုပ်ရတယ်ဆိုတာ ပြောပြရမယ်"

အသက်ကြီးသည့် မိန်းကလေးက မျက်မှောင်ကုပ်ရင်း ရှောင်ဖုံးအား ပြန်ကြည့်လိုက်သည်။

ထို့နောက် ခါးထောက်လိုက်ပြီး...

"ကျွန်မတို့ မပြောနိုင်ဘူးဆိုရင်ကော"

ထိုမိန်းကလေးက လေသံမာမာဖြင့် ပြန်ပြောလိုက်သည်။

ရှောင်ဖုံးက အံကြိတ်ရင်း ပြောလိုက်သည်။

"မင်းတို့ ငါ့အကြောင်း သိသွားမှာပေါ့"

အသက်အနည်းငယ်ကြီးသည့် မိန်းကလေးက ပြက်လုံးတစ်ခု ကြားလိုက်ရသကဲ့သို့ အူလှိုက်သည်းလှိုက် ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မတို့နဲ့ ရန်ဖြစ်ချင်နေပုံရတယ်၊ ကနေ့ည အုန်းမောင်း(၃)ချက် ခေါက်တဲ့အချိန်မှာ မြို့အရှေ့ဘက်(၃)မိုင်အကွာမှာ ရှိတဲ့ ဘုံကျောင်းပျက်ကို လာခဲ့ပါ။ ကျားနဲ့ ဆင် လယ်ပြင်မှာ တွေ့ကြတာပေါ့"

အသက်အနည်းငယ်ကြီးသည့် မိန်းကလေးက မခိုးမခန့် ပြန်ပြောလိုက်သည်။

ရှောင်ဖုံးက မဲ့လိုက်သည်။

"ဒီလို မလိုမဲ့တပတ်လုပ်လို့ ဘယ်ရမှာလဲ၊ ချိန်းထားပြီး လာကြမှာ မဟုတ်ဘဲနဲ့ အပိုစကားတွေ မပြောနဲ့"

ရှောင်ဖုံး၏စကားကြောင့် အသက်အနည်းငယ်ကြီးသည့် မိန်းကလေးမှာ ရှူးရှူးရှဲရှဲ ဒေါသထွက်သွားသည်။

သူမသည် မခံမရပ်နိုင်သော အသံဖြင့် ပြန်ပြောလိုက်သည်။

"ရှင့်ကို ကြောက်မယ်လို့များ ထင်နေသလား"

ရှောင်ဖုံးက ထိုမိန်းကလေးအား မတီတရိ ပြုံးပြလိုက်လေသည်။

"ပြောနေတာ ကြာပါတယ်၊ အခုပဲ စာရင်းရှင်းကြရအောင်"

ရှောင်ဖုံးက ပြောပြောဆိုဆိုဖြင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။



မိန်းကလေးက လက်ကာပြလိုက်သည်။

"ဒီမှာ ရန်ဖြစ်ရင် သူများပစ္စည်းတွေ ကွဲရှကုန်လိမ့်မယ်"

ရှောင်ဖုံးက မျက်မှောင်ကုပ်လိုက်သည်။

သူသည် တစ်စထက်တစ်စ စိတ်မရှည်နိုင်အောင် ဖြစ်လာတော့၏။

ရှောင်ဖုံးက ထိုမိန်းကလေးနှစ်ယောက်အား သွေးဘီလူးအယောင်ဆောင်နေခြင်းအတွက် များစွာ ရွံမုန်းနေမိပြီး စိစိညက်ညက် ချေပစ်ချင်ပြီ ဖြစ်သည်။

သို့သော် ရန်သူမှာ အမျိုးသမီးများ ဖြစ်နေသောကြောင့် ရှောင်ဖုံးအတွက် အခက်အခဲများစွာ တွေ့နေရသည်။

ရှောင်ဖုံးသည် စိတ်ထဲ၌ မချင့်မရဲ ဖြစ်နေမိကာ...

"ဒါဖြင့် မင်းတို့ ဘယ်မှာ ယှဉ်ပြိုင်ချင်လဲပြော"

ရှောင်ဖုံးက စိတ်မရှည်နိုင်သလိုဖြင့် လှမ်းပြောလိုက်သည်။

မိန်းကလေးက ပြုံးပြလိုက်သည်။

သူမသည် ယင်းသို့ ပြုံးပြလိုက်ရင်းမှ ဆိုင်ပြင်သို့ ထွက်ရန် ခြေလှမ်းလှမ်းလိုက်သည်။

နှုတ်မှလည်း...

"ကျွန်မနောက်ကို လိုက်ခဲ့ပါ"

မိန်းကလေးက ပြောပြောဆိုဆိုနှင့် ဆိုင်ပြင်သို့ ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝိနဲဝိနဲသွယ်သွယ် မိန်းကလေးကလည်း သူမနောက်သို့ လိုက်ပါသွားသည်။

ရှောင်ဖိုးသည် ငွေတုံးကလေးတစ်တုံး ထုတ်ယူလိုက်ပြီး ဆိုင်လုလင်ထံ ပစ်ပေးလိုက်သည်။

ထို့နောက် မိန်းကလေးနှစ်ယောက် နောက်သို့ ခပ်သုတ်သုတ် ပြေးလိုက်သွားလေသည်။

◆ ◆ ◆



ညသိုင်းသမားတို့သည် ရှောင်ဖိုးနှင့် မိန်းကလေး(၂)ယောက်တို့ အချီအချ ပြောဆိုနေသည်ကို မြင်တွေ့နေရသည်။

သို့သော် မည်သည့်ကိစ္စကို ပြောဆိုနေကြောင်း ကြားသိရခြင်း မရှိချေ။

မည်သို့ဆိုစေ သူတို့၏ အမူအရာနှင့် မျက်နှာရိပ် မျက်နှာကဲကို ကြည့်ခြင်းအားဖြင့် သူတို့သည် တစ်နေရာသို့ သွားရောက်ယှဉ်ပြိုင်ကြလိမ့်မည်ဖြစ်ကြောင်း အကဲခတ်လိုက်မိကြသည်။

ညသိုင်းသမားက မျက်မှောင်ကုပ်၍ အတန်ကြာ စဉ်းစားနေလိုက်၏။

ပြီးမှ...

"ဒီမိန်းကလေးကို ကျုပ်မှတ်မိပြီ"

ယီလုံက အံ့ဩသွားဟန်ဖြင့် ညသိုင်းသမားအား လှမ်းကြည့်လိုက်သည်။

ချမ်းဟိုက်သိုင်းရာဇာက စိတ်ဝင်စားသွားသည်။

"ဟုတ်လား။ ဘယ်သူများပါလိမ့်"

ယီလုံက သိချင်စိတ်ဖြင့် လှမ်းမေးလိုက်သည်။

ချမ်းဟိုက်သိုင်းရာဇာက နားစွင့်နေမိသည်။

ညသိုင်းသမားက...

"ဒီမိန်းကလေးနှစ်ယောက်က သွေးဘီလူးအတု မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား"

ညသိုင်းသမားက ပြောလိုက်တော့မှ ယိလုံလည်း ဆက်စပ်တွေးတောမိလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်သားပဲ၊ ဒါကြောင့် သူ့ကို တွေ့ဖူးတယ်လို့ ထင်နေမိတာ"

ချမ်းဟိုက်သိုင်းရာဇာက ထိုင်ရာမှ ထလိုက်သည်။

"ကဲ သူတို့နောက် လိုက်သွားကြရအောင်"

◆ ◆ ◆



ဤနေရာသည် တောအုပ်တစ်ခု ဖြစ်သည်။

ရှောင်ဖုံးနှင့် အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက်သည် ထိုတောအုပ်အစပ်သို့ ရောက်ရှိလာသည့်အခါ မျက်နှာချင်းဆိုင်၍ ရပ်လိုက်ကြသည်။

တစ်ယောက်ကိုတစ်ယောက် လုံးဝစကားမပြောနိုင်ဘဲ ရပ်နေကြခြင်း ဖြစ်သည်။

အတန်ကြာမှ ရှောင်ဖုံးက စတင်ပြောဆိုလိုက်သည်။

"ကဲ ပြောစမ်း။ မင်းတို့ ဘာကြောင့် သွေးဘီလူးနာမည်ကို အလွဲသုံးစား လုပ်ရတာလဲ"

အသက်အနည်းငယ်ကြီးသော မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မတို့ မပြောဘူးဆိုရင်ကော"

ရှောင်ဖုံးက ရှေ့သို့ တလှမ်းတိုးလိုက်သည်။

သူ့မျက်နှာသည် ဒေါသကြောင့် နီရဲသွားသည်။

သူသည် ထိုမိန်းကလေးအား စေ့စေ့ကြည့်လိုက်ကာ ပြောလိုက်သည်။

"မင်းတို့ကို သတ်ပစ်မယ်"

အသက်အနည်းငယ်ကြီးသော မိန်းကလေးက အားရပါးရရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

သူမသည် အသက်ငယ်သော မိန်းကလေးဘက်သို့ လှည့်လိုက်သည်။

"ဟိုတစ်နေ့က ညီမကို ဒဏ်ရာရအောင် လုပ်လိုက်တာ ဒီလူလား"

အသက်အနည်းငယ်ကြီးသော မိန်းကလေးက ရှောင်ဖိုးအား ညွှန်ပြရင်း မေးလိုက်သည်။

"ဟုတ်တယ်"

အသက်အနည်းငယ်ကြီးသော မိန်းကလေးက ရှောင်ဖိုးအား စူးရှစွာ စိုက်ကြည့်လိုက်သည်။

ယင်းသို့ ကြည့်ရင်း သူမသည် ရှေ့သို့ ခြေတလှမ်းတိုးလိုက်သည်။

ထို့ကြောင့် အသက်ငယ်သော မိန်းကလေးမှာ စိုးရိမ်ထိတ်လန့်သွားသည်။

"မမ သူ့ကို သတ်မလို့လား"

အသက်အနည်းငယ်ကြီးသော မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

သူမသည် ရန်လိုသော မျက်လုံးဖြင့် ရှောင်ဖိုးအား စိုက်ကြည့်လိုက်သည်။



"ဟုတ်တယ်၊ ညီမအတွက် ကလဲ့စားချေရမယ်"

ထိုစကားကြောင့် အသက်ငယ်ရွယ်သော မိန်းကလေးမှာ ပိုမို၍ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

သူမသည် ခေါင်းငုံ့ထားလိုက်မိသည်။

အသက်အနည်းငယ်ကြီးသော မိန်းကလေးက နားမလည်နိုင်သော မျက်လုံးဖြင့် သူမထက် အသက်ငယ်သော မိန်းကလေးအား အတန်ကြာ စိုက်ကြည့်လိုက်မိတော့သည်။

သူမသည် ချက်ချင်းဆိုသလိုပင် ညီမဖြစ်သူ၏ စိတ်သဘောထားကို နားလည်လိုက်လေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကြာလာသည်နှင့်အမျှ ရှောင်ဖုံးည် စိတ်မရှည်နိုင်အောင် ဖြစ်လာရတော့သည်။

"ပြောနေတာ မကြားဖူးလား"

သူက ခပ်ဆတ်ဆတ်ကလေး လှမ်းမေးလိုက်သည်။

အသက်အရွယ်ကြီးသော မိန်းကလေးက ပြုံးလိုက်လေသည်။

"ရှင့်နာမည်က ဘယ်လိုခေါ်ပါသလဲ"

ထိုမိန်းကလေးသည် ရှောင်ဖုံး၏စကားကို လုံးဝဂရုမစိုက်ဘဲ မေးခွန်းပြန်လုပ်လိုက်၏။ ရှောင်ဖုံးက မျက်မှောင်ကုပ်သွားသည်။

"မင်းတို့နဲ့ ငါက ယှဉ်ပြိုင်တိုက်ခိုက်ကြရတော့မှာပဲ၊ မေးနေစရာ လိုသေးသလား"

အသက်အနည်းငယ်ကြီးသော မိန်းကလေးက ရယ်မောလိုက်သည်။

"ယှဉ်ပြိုင်တိုက်ခိုက်ရမှာမို့ မေးရတာပေါ့ရှင်၊ နို့မဟုတ်ရင် ကျွန်မတို့က ဘယ်သူ့ကို နိုင်ခဲ့တယ်၊ ရှုံးခဲ့တယ်ဆိုတာ ဘယ်လိုလုပ်ရှင်းပြရမှာလဲ"

ရှောင်ဖုံးက ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့်လဲ ပြောရတာပေါ့၊ ငါ့နာမည်က ရှောင်ဖုံးပါ၊ ကဲ မင်းတို့နှစ်ယောက်ရဲ့ နာမည်တွေကကော"



အသက်ငယ်ရွယ်သော မိန်းကလေးက ကြားဖြတ်ဝင်ပြောလိုက်လေသည်။

"ကျွန်မနာမည်က ချီးခြေ၊ ကျွန်မအစ်မရဲ့နာမည်က ချီးပင်းပါ"

မိန်းကလေးက ယင်းသို့ ဝင်ပြောလိုက်သည့်အတွက် အစ်မဖြစ်သူ ချီးပင်းသည် အပြစ်တင်သော အကြည့်ဖြင့် ညီမဖြစ်သူ ချီးခြေအား လှမ်းကြည့်လိုက်သည်။

ထိုအကြည့်ကြောင့် ညီမဖြစ်သူ ချီးခြေမှာ ရင်ထိတ်သွားလေသည်။

"ကျွန်မပြောတာ မှားသွားသလား မမ"

ချီးခြေက မလုံမလဲဖြင့် အစ်မဖြစ်သူအား လှမ်းမေးလိုက်သည်။

ချီးပင်းက အေးတိအေးစက် လေသံဖြင့် သရော်သလို ပြန်ပြောလိုက်၏။

"မှားတယ်လို့ ငါ မပြောရသေးပါလား"

ချီးခြေသည် ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းကလေးကို ငုံ့ထားလိုက်မိတော့သည်။

ရှောင်ဖုံးက ထိုညီအစ်မ အချီအချ ပြောနေကြသည်ကို စိတ်မရှည်နိုင်ဟန်ဖြင့် ဝင်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ အချင်းချင်း နောက်မှ ရှင်းကြ၊ ငါ မစောင့်နိုင်တော့ဘူး"

ချိုးပင်း ရယ်မောလိုက်သည်။

"သည်မှာ ရှောင်ဖုံး။ ရှင် အခုနေ ကျွန်မတို့နဲ့ ရန် မဖြစ်တာဟာ ရှင့်အတွက် အကောင်းဆုံး ဖြစ်လိမ့်မယ်"

ရှောင်ဖုံးက မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

ချိုပင်းက မဲ့ပြုံးပြုံးလိုက်လေသည်။

"ရှင့်ကို ရန်ရှာမယ့်လူတွေ ရောက်လာနေကြလို့ပါ"

"ဘာ"

ရှောင်ဖုံးသည် ယင်းစကား ကြားလိုက်ရသောအခါ မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူသည် ဝန်းကျင်သို့ တစ်ချက် ဝေ့ကြည့်လိုက်မိသည်။

ယင်းသို့ ကြည့်လိုက်မိသည်နှင့် သူ့ရင်အစုံသည် ထိတ်ခနဲ တုန်လှုပ်သွားသည်။

အကြောင်းမှာ အဘိုးအိုငါးယောက်သည် တောအုပ်တွင်းမှ ထွက်ပေါ်လာပြီး သူ့ထံသို့ တဖြည်းဖြည်း ချဉ်းကပ်လာနေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုမိန်းကလေးနှစ်ယောက်သည် သူ့အား ဤနေရာသို့



ဉာဏ်ဆင်ကာ လာရောက်ခိုင်းခြင်း ဖြစ်မည်ဟု စိတ်ထဲ၌ ထင်မှတ်လိုက်သည်။

ထို့ကြောင့်...

သူသည် အံကို တင်းတင်းကြိတ်လိုက်ပြီး...

"မင်းတို့အကြံ ဒါပဲလား"

သူသည် ယင်းသို့ ပြောပြီးသည်နှင့် မိန်းကလေးနှစ်ဦးအား စတင်တိုက်ခိုက်လိုက်တော့သည်။

ချိုးပင်းက မဲ့ပြုံးပြုံးလိုက်ပြီး ပြန်လည်တိုက်ခိုက်လေသည်။

ထိုစဉ်မှာပင်...

"ဟေ့ ရပ်လိုက်"

ရုတ်တရက် လူတစ်ယောက်၏အသံက ဟိန်းထွက်၍ လာလေသည်။ ရှောင်ဖုံးသည် တိုက်ခိုက်နေရာမှ ကမန်းကတန်း နောက်ဆုတ်လိုက်ပြီး အသံလာရာဆီသို့ လှမ်းကြည့်လိုက်မိသည်။

သံမဏိတောင်ဝှေးတစ်ချောင်း ကိုင်ဆောင်ထားသော အဘိုးအိုတစ်ယောက် သူ့ထံ လျှောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုအဘိုးအိုသည် ရှောင်ဖုံး ရှေ့၌ ရပ်တန့်လိုက်လေသည်။

"ရှောင်ဖုံးဆိုတာ မင်းလား"

အဘိုးအိုက ယင်းသို့ မေးနေစဉ် ကျန်အဘိုးအိုလေးယောက်

www.burmeseclassic.com

www.burmeseclassic.com



က ရှောင်ဖုံးအား ဝိုင်းရံထားလိုက်ကြသည်။

ချိုးပင်းက ပခုံးတစ်ချက်တွန့်ပြီး ပြုံးပြလိုက်သည်။

"ကဲ မိတ်ဆွေကြီးရှောင်ဖုံး။ ကျွန်မတို့ သွားလိုက်ပါဦးမယ်"

ချိုးပင်းသည် ပြောပြောဆိုဆိုဖြင့် ချိုးခြေ၏လက်ကို ဆွဲကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆



ရှောင်ဖုံးသည် မိန်းကလေးနှစ်ယောက် ထွက်ခွာသွားသည်ကို တွေ့လိုက်ရသောအခါ ဒေါသအမျက်ချောင်းချောင်း ထွက်လာသည်။

"မင်းတို့ ပြေးလို့ လွတ်မှာတဲ့လား"

သူသည် ထိုသို့ အော်ဟစ်ရင်း ထွက်ခွာသွားသည့် မိန်းကလေးနှစ်ယောက်နောက်သို့ လိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော်...

သူက မိန်းကလေးနှစ်ယောက် နောက်သို့ လိုက်လာနိုင်ခြင်း မရှိပေ။

အဘိုးအိုငါးယောက်က သူ့အား ဟန့်တားထားလိုက်သောကြောင့် ဖြစ်သည်။

ရှောင်ဖုံးက သူတို့အား တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ"

အဘိုးအိုတစ်ယောက်က ပြန်ဖြေလိုက်သည်။

"ငါတို့ မိုးပြာအဖွဲ့က ဌာနခွဲမှူးတွေပဲ"

ထိုအဘိုးအို၏စကားကြောင့် ရှောင်ဖုံးက မျက်မှောင်ကုပ်သွားသည်။

သူသည် သူ့အား ဝိုင်းရံထားသည့် အဘိုးအိုငါးယောက်ကို ရှော်လုံးဝေ့၍ ကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဘာဖြစ်လို့ ကျုပ်ကို နောက်ယှက်နေကြရတာလဲ"

အဘိုးအိုတစ်ယောက်က မဲ့ပြုံးပြုံးလိုက်လေသည်။

ထိုအဘိုးအိုသည် ရှောင်ဖုံးအား တစ်ချက်စိုက်ကြည့်လိုက်ပြီး ရှေ့သို့ ခြေလှမ်းတိုးလိုက်သည်။

"ငါတို့ လက်ထောက်ခေါင်းဆောင်က မင်းကို တွေ့ချင်လို့ လာခေါ်ခိုင်းလိုက်တာပဲ"

ရှောင်ဖုံး မျက်မှောင်ကုပ်သွားသည်။ သူ့အား ယခုကဲ့သို့ ပြုမူဆက်ဆံလာခြင်းကို များစွာခံပြင်းမိသည်။

"ခင်ဗျားတို့ မိုးပြာအဖွဲ့က ခေါ်တိုင်း ကျုပ်က လိုက်ရမှာလား"

ရှောင်ဖုံးက လေသံမာမာဖြင့် ပြန်ပြောလိုက်လေသည်။

ထိုအဘိုးအိုငါးယောက်အနက် ခပ်ဝဝနှင့် အရုပ်ပုပြတ်ပြတ် ရှိသော အဘိုးအိုက သရော်ပြုံးပြုံးလိုက်သည်။

"ငါတို့ မိုးပြာအဖွဲ့ဟာ မကြာမီ အချိန်ကာလမှာပဲ သိုင်းလောကတစ်ခုလုံးရဲ့ အကြီးအကဲဆိုတာ မင်းအတွက် ဂုဏ်ယူရမယ့် ကိစ္စတစ်ခုလို့ မှတ်လိုက်ပါ"

ထိုအဘိုးအို၏စကားကြောင့် ရှောင်ဖုံးသည် နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်။



သူသည် ခေါင်းကို တွင်တွင်ခါယမ်းလိုက်မိလေသည်။

"ခင်ဗျားတို့ မိုးပြာအဖွဲ့ဟာ ဘာရည်ရွယ်ချက်နဲ့ တည်ထောင်ထားတယ်ဆိုတာ တခြားလူတွေ မသိပေမယ့် ကျုပ်ကတော့ ကောင်းကောင်းသိထားပါတယ်"

ထိုအဘိုးအိုငါးယောက်အနက် ပိန်ပိန်ရှည်ရှည်ရှိသော အဘိုးအိုက သဘောကျသွားဟန်ဖြင့် ပြုံးပြလိုက်သည်။

"မင်းသိထားရင် ပိုကောင်းတာပေါ့။ တစ်နေ့ မင်းလဲ တို့ဂိုဏ်းအဖွဲ့ထဲမှာ ရာထူးရာခံ ရစရာအကြောင်း ရှိပါတယ်"

ရှောင်ဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

"တိုင်းပြည်နဲ့ လူမျိုးကို သစ္စာဖောက်ပြီးမှ ရာထူးရာခံရမယ်ဆိုရင် အဲသည် ရာထူးရာခံကို ကျုပ်က မစင်ထက် ပိုပြီး ရွံမယ့်သူပဲ၊ သည်ကိစ္စအတွက် ကျုပ်ကို ဘယ်တော့မှ လာပြီး မစည်းရုံးနဲ့"

ရှောင်ဖုံးက စိတ်ဆိုးမာန်ဆိုးဖြင့် ပြောချလိုက်လေသည်။

ခပ်ဝဝနှင့် အရုပ်ပုပြတ်ပြတ် ရှိသော အဘိုးအိုက လေပြေထိုးလိုက်သည်။

"မင်းဟာ ဖျတ်ဖျတ်လတ်လတ်နဲ့ သိုင်းပညာလဲ ထိပ်တန်းအဆင့်ရှိတဲ့ လူငယ်တစ်ယောက်မို့ ငါတို့အဖွဲ့က အခုလို လာပြီး စည်းရုံးရတာပဲ၊ မင်းအတွက် အကျိုးမယုတ်စေရပါဘူး"

ရှောင်ဖုံးက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သည်မှာ ကျုပ်ရှင်းရှင်းပြောမယ်၊ ကျုပ်ဟာ ခင်ဗျားတို့အဖွဲ့ထဲ ဝင်ဖို့ မပြောနဲ့ ဖြစ်နိုင်ရင် ခင်ဗျားတို့အဖွဲ့ကိုတောင် ကျုပ်က စိစိညက်ညက်ကြေအောင် ဖြိုခွဲပစ်ချင်နေတာ"

ရှောင်ဖုံး၏စကားကြောင့် ထိုအဘိုးအိုငါးယောက်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

အတန်ကြာမှ ပိန်ပိန်ရှည်ရှည်နှင့်အဘိုးအိုက...

"ကဲ တို့အဖွဲ့ရဲ့ ထုံးစံအတိုင်း စည်းရုံးရတဲ့လူကို စည်းရုံးမယ်၊ စည်းရုံးလို့ မရတဲ့လူကိုတော့ လူ့ပြည်မှာ မထားဘူး၊ သည်ကောင်ကို အမှိုက်သရိုက် ရှင်းသလို ရှင်းပစ်ရမယ်"

သူသည် ယင်းသို့ ပြောပြီးသည်နှင့် ရှောင်ဖုံးအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ပိန်ပိန်ရှည်ရှည်အဘိုးအိုက ထိုသို့ စတင်တိုက်ခိုက်သည်နှင့် တစ်ပြိုင်နက် ကျန်ရှိသော အဘိုးအိုလေးယောက်တို့ကလည်း ဝဲယာညပ်၍ ဝိုင်းဝန်းတိုက်ကြလေတော့သည်။

◆ ◆ ◆



တိုက်ပွဲသည် ရှတ်ခြည်းဆိုသလိုပင် ထင်မှတ်ထားသည်ထက် ပိုမိုပြင်းထန်လာသည်။

ရှောင်ဖုံးသည် တစ်ယောက်နှင့် အများ တိုက်ခိုက်နေရခြင်းဖြစ်သော်လည်း အနည်းငယ်မျှ စိုးရိမ်ကြောင့်ကြခြင်း မရှိပေ။

သူ့အား တိုက်ခိုက်နေကြသည့် အဘိုးအိုများမှာ တစ်ယောက်နှင့် အများ တိုက်ခိုက်ရသောကြောင့် အလွယ်တကူ အနိုင်ရလိမ့်မည်ဟု မျှော်လင့်ထားခဲ့ကြသည်။

သို့သော် တကယ် တိုက်ခိုက်ရသောအခါ သူတို့ ထင်နေသကဲ့သို့ မလွယ်ကူလှကြောင်း ချက်ချင်းရိပ်မိသွားကြသည်။

ထို့ကြောင့် သူတို့သည် ပေါ့ပေါ့ဆဆ မတိုက်ရဲတော့ဘဲ သတိထား၍ ပိုင်ပိုင်နိုင်နိုင် ထိထိမိမိ တိုက်ခိုက်လျက်ရှိသည်။

ရှောင်ဖုံးမှာလည်း အကွက်စိပ်စိပ်ဖြင့် တရစပ် တိုက်ခိုက်နေသည်ကို သွေးဘီလူး သင်ပေးသည့် ပညာရပ်ဖြင့် ပြန်လည်တိုက်ခိုက်လျက် ရှိသည်။

သူတို့၏တိုက်ပွဲမှာ တဖြည်းဖြည်းနှင့် ကြောက်မက်ဖွယ်ကောင်းလောက်အောင် ပြင်းထန်လာတော့သည်။

ထိုစဉ်...

"ရပ်လိုက်"

ကြည်လင်ပီသ၍ စူးရှလှသော အသံတစ်သံကို သူတို့အား

www.burmeseclassic.com

www.burmeseclassic.com



လုံး ကြားလိုက်ကြရသည်။

ထိုအသံကို ကြားလိုက်သည်နှင့် တပြိုင်နက် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြသော အဘိုးအိုငါးယောက်သည် တိုက်ခိုက်ရာမှ ရုတ်ချည်းရပ်တန့်လိုက်ကြသည်။

ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် ရှောင်ဖုံးမှာ ပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်သွားသည်။

အဘိုးအိုငါးယောက်စလုံးသည် လက်နှစ်ဘက် ဘေးချပြီး မတ်မတ်ရပ်နေကြသည်။

အကယ်၍ သူတို့အား ရှောင်ဖုံးကသာ ဝင်ရောက်တိုက်ခိုက်မည်ဆိုလျှင် ထိုအဘိုးအိုငါးယောက်စလုံး သက်သက်မဲ့ သေကြရုံသာရှိတော့မည်။

သူတို့အားလုံး အဘယ်ကြောင့် ဤသို့ ဖြစ်သွားရသည်ကို ရှောင်ဖုံးမှာ လုံးဝနားမလည်နိုင်အောင် ဖြစ်သွားရသည်။

ထို့ကြောင့်…

ရှောင်ဖုံးသည် အသံလာရာဆီသို့ တစ်ချက် လှမ်းကြည့်လိုက်မိသည်။

တစ်ကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်သည် မည်သည့်အချိန်က ရောက်ရှိလာမှန်းမသိ သူတို့နောက်နား၌ ရပ်လျက်ရှိသည်။



ရှောင်ဖုံးသည် အလွန်တစ်ရာ အံ့သြသွားသည်။

ထိုအဘိုးအိုငါးယောက်နှင့် မည်မျှ ပြင်းထန်စွာ တိုက်ခိုက်နေရသည်ဖြစ်စေ သူတို့အနီးသို့ အခြားသူတစ်ယောက် ထပ်မံရောက်ရှိလာမည်ဆိုလျှင် မည်သည့်နည်းနှင့်မဆို သိနိုင်သည်။

ယခု ထိုအမျိုးသမီးသည် ကိုယ်ဖော့ပညာရပ်၌ များစွာကျွမ်းကျင်သည့် ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်ကြောင်း ချက်ချင်းပင် ခန့်မှန်းမိလိုက်သည်။

ရှောင်ဖုံးသည် ထိုအမျိုးသမီးအား သေချာစွာ အကဲခတ်လိုက်သည်။

ထိုအမျိုးသမီးသည် အသက်လေးဆယ်ကျော်ခန့် ရှိပြီး ဩဇာအာဏာ ကြီးမားသည့် ဥပမိရုပ်ရှိသည်။

အဘိုးအိုငါးယောက်သည် ထိုအမျိုးသမီးအား တွေ့မြင်လိုက်ရသည်နှင့် ရိုသေကြောက်ရွံ့သည့် အမူအရာမျိုးဖြင့် မတ်တပ်ရပ်နေသည်ကို တွေ့မြင်ရသည်။

အမျိုးသမီးက အဘိုးအိုငါးယောက်အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး…

“ရှင်တို့ ဌာနခွဲမှူးငါးယောက်က လူငယ်တစ်ယောက်ထဲကို တောင် နိုင်အောင် မတိုက်နိုင်ရင် ရှေ့ဆက် လုပ်ရမယ့် အလုပ်တွေကို ဘယ်လိုလုပ်ပြီး တာဝန်ကျေပွန်အောင် လုပ်နိုင်ကြမှာလဲ”

www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားကြောင့် အဘိုးအိုငါးယောက်တို့မှာ မျက်နှာ တစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

ရှောင်ဖုံးက မဲ့ပြုံးပြုံးလိုက်လေသည်။

"နေပါဦး၊ ခင်ဗျားက ဘယ်သူလဲ"

အမျိုးသမီးက ရှောင်ဖုံးအား တစ်ချက်စိုက်ကြည့်လိုက် သည်။

ထိုအကြည့်သည် စူးရှတောက်ပလှ၏။

အတန်ကြာမှ အမျိုးသမီးက ခပ်ယဲ့ယဲ့ ပြုံးပြလိုက်ပြီး...

"ငါက မိုးပြာအဖွဲ့ရဲ့ လက်ထောက်ခေါင်းဆောင်ပါ"

ဟု ပြော၏။

ထို့နောက် ရှောင်ဖုံးအား တစ်ချက် စိုက်ကြည့်လိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"မင်းက ဒုတိယ သွေးဘီလူး မဟုတ်လား"

ရှောင်ဖုံးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့် မင်းရဲ့ဆရာ သွေးဘီလူး အခု ဘယ်မှာလဲ"

အမျိုးသမီးကြီးက ရှောင်ဖုံးအား အကဲခတ်ကြည့်လိုက် သည်။

ရှောင်ဖုံးကလည်း အမျိုးသမီးကြီးကို စေ့စေ့ပြန်ကြည့်



သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အပြန် အလှန် စိုက်ကြည့်နေမိကြသည်။

အတန်ကြာမှ...

ရှောင်ဖုံးက ခေါင်းခါယမ်းလိုက်သည်။

"ပြောမပြနိုင်လို့ ဝမ်းနည်းပါတယ်ဗျာ"

အမျိုးသမီးက နှုတ်ခမ်းမဲ့လိုက်လေသည်။

"မင်း မပြောလဲ ကိစ္စမရှိပါဘူး။ တို့နည်း တို့ဟန်နဲ့ ရှာလို့ တွေ့နိုင်ပါတယ်"

ရှောင်ဖုံးက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားက ကျုပ်ဆရာကို ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

ရှောင်ဖုံးက စူးစမ်းသလိုဖြင့် လှမ်းမေးလိုက်လေသည်။

အမျိုးသမီးက သူ့အား ကြည့်ရင်း မဲ့ပြုံးပြုံးလိုက်လေ သည်။

"နေပါစေ၊ သူ ဘယ်နည်းနဲ့မှ တို့လက်က မလွတ်နိုင်ပါဘူး"

သူမသည် ယင်းသို့ ပြောပြီးနောက် ခပ်သုတ်သုတ် ထွက် ခွာသွားရာ အဘိုးအိုငါးယောက်တို့မှာလည်း သူမ၏နောက်မှ လိုက် ပါသွားကြတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံးသည် ထိုအမျိုးသမီးနှင့် အဘိုးအိုတို့ ထွက်ခွာသွားကြသည်ကို အကြောင်းသား ငေးစိုက်ကြည့်နေမိသည်။

သူတို့အားလုံး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိခြင်း ဖြစ်သည်။

သူတို့အားလုံး တောအုပ်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားသည့်အခါမှ ရှောင်ဖုံးသည် သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

သူ့တွင် ဆောင်ရွက်ရမည့် တာဝန် အများအပြား ရှိနေသည်။

သို့သော် မည်သည့်တာဝန်များကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း သူဝေခွဲမရနိုင်အောင် ဖြစ်မိသည်။

ပြဿနာများက ပိုရှုပ်ထွေး၍လာသည်။

သူ နားမလည်သော ပြဿနာတွေက တပုံတပင်ကြီး ရှိနေသည်။

သူသည် တွေးရင်းနှင့် ဦးနှောက်ခြောက်လာလေသည်။

ထိုစဉ်မှာပင် အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် သူ့ထံ လျှောက်လာသည်ကို တွေ့မြင်လိုက်ရပြန်သည်။

ထိုမိန်းကလေးအား မြင်တွေ့လိုက်ရသည်နှင့် ရှောင်ဖုံး၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။



အကြောင်းမှာ ထိုမိန်းကလေးသည် သူ့ထံမှ သိုင်းပဝါ လုယူသွားသောကြောင့် ဖြစ်သည်။

ထိုမိန်းကလေးသည် ယခု သူ့ထံသို့ လျှောက်လှမ်းလာနေပြီ ဖြစ်သည်။

ရှောင်ဖုံးသည် မျက်မှောင်ကုပ်လိုက်မိ၏။

"ဘယ်လိုလဲ ခင်ဗျားက သိုင်းပဝါ လာပြန်ပေးတာလား"

မိန်းကလေးက ခေါင်းတွင်တွင် ခါယမ်းလိုက်လေသည်။

"မဟုတ်ဘူး၊ အဲသည် သိုင်းပဝါကို ရှင့်ကို ပြန်ပေးဖို့ နေနေသာသာ ကျွန်မလက်ထဲမှာတောင် မရှိတော့ဘူး"

"ဘာ"

ရှောင်ဖုံးက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

သူသည် ထိုမိန်းကလေးအား ပြူးကျယ်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်ရင်း...

"ဘယ်လို သိုင်းပဝါ မရှိတော့ဘူး ဟုတ်လား"

မိန်းကလေး ပြုံးပြလိုက်သည်။

"သိပ်လဲ စိုးရိမ်မသွားပါနဲ့၊ သိုင်းပဝါဟာ ကျွန်မဆရာ လက်ထဲမှာ ရှိပါတယ်"

မိန်းကလေး၏စကားကြောင့် ရှောင်ဖုံးမှာ စိတ်သက်သာရာ ရသွားဟန်ဖြင့် သက်ပြင်းချလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက သူ့အား တစ်ချက်စိုက်ကြည့်လိုက်ပြီး စကားကို ဆက်လိုက်ပြန်သည်။

"အခု အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောစရာရှိတယ်၊ ရှင် ကျန်းနန်းတောင်ကို အမြန်ဆုံး ပြန်သွားပါ"

သူမ၏စကားကြောင့် ရှောင်ဖုံးမှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထို့ကြောင့်...

မျက်မှောင်တစ်ချက်ကုပ်ရင်း ပြန်မေးလိုက်မိသည်။

"ဘာဖြစ်လို့လဲဗျ"

မိန်းကလေး၏မျက်နှာက လေးနက်တည်ကြည်လာလေသည်။

သူမသည် ရှောင်ဖုံးအား စေ့စေ့ကြည့်လျက် စကားကို ခပ်ဖြည်းဖြည်း ပြောချလိုက်သည်။

"ကျန်းနန်းအဖွဲ့ကို မိုးပြာအဖွဲ့ရဲ့ လက်အောက်မှာ သစ္စာခံဖို့ အကြောင်းကြားစာ ပို့ထားတယ်၊ တကယ်လို့ ကျန်းနန်းအဖွဲ့က လက်မခံဘူးဆိုရင် မိုးပြာအဖွဲ့က လာပြီးတိုက်ခိုက်လိမ့်မယ်လို့ စာထဲမှာ ရေးထားတယ်၊ ဒါကြောင့် ကျန်းနန်းဂိုဏ်းချုပ် ဖြစ်လာမယ့် ရှင်က ကျန်းနန်းတောင်ကို အမြန်ဆုံးသွားဖို့ လိုအပ်နေပြီ"

ရှောင်ဖုံးသည် မိန်းကလေး၏စကားကို ကြားလိုက်ရသော



အခါ ထိတ်ခနဲ ရင်တစ်ချက် ခုန်သွား၏။

သူသည် မျက်မှောင်တစ်ချက် ကုပ်လိုက်ပြီး...

"သည်သတင်း ခင်ဗျား ဘယ်က ကြားရတာလဲဗျ"

ရှောင်ဖုံးက မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ပြန်မေးလိုက်သည်။

မိန်းကလေးက သူ့အား ပြုံးပြလိုက်လေသည်။

"ရှင် ဘယ်ချောင်ထဲ သွားအိပ်နေတာလဲ"

"သည်သတင်းဟာ သိုင်းလောကတစ်ခုလုံး ပျံ့နှံ့နေတဲ့ ဥစ္စာ၊ သည်လောက် သတင်းကြီးနေတဲ့ ကိစ္စကိုတောင် ရှင်လုံးဝ မသိဘူးဆိုရင် ရှင်ဟာ အတော်ထုံထိုင်းတဲ့ လူတစ်ယောက်ပဲ"

မိန်းကလေးက ရှောင်ဖုံးအား လှောင်ပြုံးတစ်ချက် ပြုံးပြရင်း ပြောလိုက်သည်။

ရှောင်ဖုံးမှာ ဘာမှဆက်မပြောတော့ဘဲ ထိုနေရာမှ ချာကနဲ လှည့်ထွက်သွားတော့သည်။

မိန်းကလေး မျက်မှောင်ကုပ်လိုက်မိသည်။

"ရှင် ဘယ်သွားမလို့လဲ"

ရှောင်ဖုံးက ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်၏။

ထို့နောက် မိန်းကလေးအား လှည့်ကြည့်လိုက်လေသည်။

"ကျုပ်က ကျန်းနန်းတောင်ကို အမြန်ဆုံး ပြန်မလို့"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံးသည် ယင်းသို့ လေးလေးပင်ပင် ပြောလိုက်ပြီး နောက် ချာခနဲ ပြန်လှည့်ကာ ထိုနေရာမှ ခပ်သုတ်သုတ် လျှောက် လှမ်းထွက်ခွာသွားလေတော့သည်။

ရှောင်ဖုံး၏စိတ်အစဉ်သည် နောက်ကျိရှုပ်ထွေးနေ၏။

သူသည် ခြေလှမ်းသွက်သွက်ဖြင့် ရှေ့သို့သာ လျှောက်လှမ်း နေသည်။

မည်သည့်နေရာကို မည်သို့ ဖြတ်သန်းလာခဲ့ရသည်ကိုပင် သူ သတိမပြုမိခဲ့ချေ။

သူ့စိတ်သည် ကျန်းနန်းဂေါင်းသို့သာ ရောက်ရှိနေသည်။

စိုးရိမ်စိတ်များသည် သူ့ရင်ထဲ၌ ပြည့်လျှံနေ၏။

ကျန်းနန်းဂိုဏ်းအား ရန်သူ၏တိုက်ခိုက် ချေမှုန်းမှုမှ မည်သို့ မည်ပုံ ကာကွယ်ရမည်ကိုသာ သူက တစ်လမ်းလုံး တွေးလာမိသည်။

ထို့ကြောင့်...

အနီရောင်လူရိပ်တစ်ခုက သူ့နောက်မှ ထပ်ကြပ်မကွာ လိုက်ပါလာသည်ကို သူလုံးဝသတိမထားလိုက်မိချေ။

ရှောင်ဖုံးသည် အတွေးပေါင်း မြောက်များစွာဖြင့် ရှေ့သို့ သာ အစဉ်တစိုက် လျှောက်လှမ်းနေခဲ့လေသည်။

ယင်းသို့ဖြင့် တောင်ကုန်းငယ်တစ်ခု အနီးသို့ ရောက်ရှိလာ သည့်အခါ ရုတ်ခြည်းဆိုသလိုပင် သူ၏ပခုံးပေါ်ရှိ သွေးကြောတစ်ခု



အား လာရောက်ထိကပ်ခြင်းကို ခံစားလိုက်ရလေသည်။

ထိုသွေးကြောကိုသာ ရိုက်မိလျှင် သူ့အနေဖြင့် ဘာမှ တတ်နိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့်...

သူသည် နောက်သို့ လှည့်ကြည့်ပြီး ရှောင်တိမ်းရန် ဟန်ပြင် လိုက်လေသည်။

သို့သော် သူ များစွာ နောက်ကျသွားလေသည်။

ရှောင်ဖုံးက ရှောင်တိမ်းရန် ဟန်ပြင်လိုက်စဉ်မှာပင် ရန်သူ က သူ၏သွေးကြောများကို ပိတ်လိုက်လေတော့သည်။

"ဝုန်း"

မမျှော်လင့်ဘဲ ရန်သူ၏သွေးကြောပိတ်ခြင်း ခံလိုက်ရသော ကြောင့် ရှောင်ဖုံး တစ်ကိုယ်လုံးမှာ ပျော့ခွေသွားပြီး မြေပေါ်သို့ ပုံ လျက်သား လဲကျသွားလေတော့သည်။

သူသည် လဲကျနေရာမှ သူ့အား အလစ်ဝင်ရောက် တိုက် ခိုက်လိုက်သူကို မော့ကြည့်လိုက်မိသည်။

သူ့အား တိုက်ခိုက်လိုက်သူမှာ အခြားသူ မဟုတ်ပါချေ။

သွေးဘီလူးအတု 'ချီးပင်း'ပင် ဖြစ်လေသည်။

ချီးပင်းသည် မြေပေါ်၌ လဲကျနေသော ရှောင်ဖုံးအား စေ့ စေ့ကြည့်လိုက်သည်။

www.burmeseclassic.com



ဒေါသ ဖြစ်လွန်းသောကြောင့် သူသည် အံကို တင်းနေအောင် ကြိတ်ထားမိသည်။ ချိုးပင်းကမူ အပြုံးမပျက်ဘဲ...

"ရှင့်ကို ကြည့်ရတာ အတော် မကျေမနပ် ဖြစ်နေပုံရတယ်၊ ရန်သူကိုတိုက်တဲ့ နေရာမှာ ဘယ်လိုပဲ တိုက်တိုက် နိုင်ဖို့က အဓိက မဟုတ်လား"

ချိုးပင်းသည် ယင်းသို့ ပြောပြီး တဟားဟား ရယ်မောလိုက်သည်။ ရှောင်ဖုံးမှာ မကျေမနပ်ဖြင့် အံကြိတ်နေရုံမှ လွဲ၍ ဘာများ တတ်နိုင်ပါမည်နည်း။

"သည်မယ်၊ ရှင်က ကျွန်မကို မတရားတဲ့နည်းတဲ့ တိုက်တယ်လို့ ပြောချင်နေတယ် မဟုတ်လား၊ တရားတာ မတရားတာ အရေးမကြီးပါဘူး၊ ရန်သူအပေါ် လက်ဦးမှု ရဖို့က ပိုအရေးကြီးတယ် မဟုတ်လား"

ချိုးပင်းက အသာစီးရထားသူပီပီ ခပ်ဝင့်ဝင့်ကလေး ပြောလိုက်ပြန်သည်။

ထိုစဉ် သူမ၏ညီမ ဖြစ်ဟန်တူသော ချိုးခြေ့က သူတို့အနီးသို့ ပြေးလွှားရောက်ရှိလာလေသည်။

ချိုးခြေ့သည် မြေပေါ်၌ လဲကျနေသော ရှောင်ဖုံးအား တွေ့မြင်လိုက်ရသောအခါ အကြီးအကျယ် မျက်နှာပျက်သွားရတော့သည်။



သူမသည် နားမလည်နိုင်ဟန်ဖြင့် ချိုးပင်းဘက်သို့ လှည့်လိုက်သည်။

"မမ သူ့ကို ဘာဖြစ်လို့ အခုလို လုပ်လိုက်ရတာလဲ"

ချိုးပင်းက မဲ့ပြုံးပြုံးလိုက်သည်။

"သတ်မလို့လေ"

ချိုးပင်း၏စကားကြောင့် ချိုးခြေ့မှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

သူမသည် စိုးရိမ်ထိတ်လန့်စွာဖြင့် ချိုးပင်းအား လှမ်းကြည့်လိုက်မိသည်။

"မလုပ်ပါနဲ့ မမရယ်"

ချိုးခြေ့က တောင်းတောင်းပန်ပန် ပြောဆိုလိုက်လေသည်။

ချိုးပင်းသည် ချိုးခြေ့အား အံ့ဩစွာ ကြည့်လိုက်မိသည်။

"ညီမ ဘာဖြစ်လို့ သူ့အတွက် တောင်းပန်နေရတာလဲ"

ချိုးပင်း၏စကားကြောင့် ချိုးခြေ့မှာ ဘာဆက်ပြောရမှန်း မသိတော့ဘဲ ခေါင်းကလေးကိုသာ ငုံ့ထားလိုက်မိတော့သည်။

"ညီမ သူ့ကို မေတ္တာရှိနေပြီ မဟုတ်လား"

ချိုးပင်းက တဲ့တိုးပင်မေးလိုက်သည်။

ချိုးခြေ့သည် ရှက်စိတ်ကြောင့် မျက်နှာတစ်ခုလုံး ရဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မည်သည့် စကားမျှ မပြောတော့ဘဲ ပါးစပ်ပိတ်ထားလိုက်တော့သည်။

ချိုးပင်းသည် ချိုးခြေ့အား အတန်ကြာ ကြည့်လိုက်ပြီးမှ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခက်တာပဲ ညီမရယ်၊ ဆရာ ဘာစိတ်ကူးပေါက်လို့ မိုးပြာအဖွဲ့ထဲ ဝင်ရောက်သွားမှန်း မသိဘူး"

ချိုးခြေ့က ခေါင်းမော့ကြည့်လိုက်သည်။

"ဟုတ်တယ်မမ၊ ဆရာကိုယ်တိုင်က မိုးပြာအဖွဲ့ထဲ ရောက်နေတာဆိုတော့ ညီမတို့လဲ သူတို့ပေးတဲ့ အမိန့်အတိုင်း တသွေမတိမ်း လိုက်လုပ်နေကြရတာပဲ၊ မလုပ်ချင်ဘဲ လုပ်နေရတာ ဘယ်လောက်ဒုက္ခရောက်သလဲ"

ချိုးခြေ့က ခပ်ညည်းညည်းကလေး ပြောလိုက်သည်။

ချိုးပင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် မြေပေါ်သို့ လဲကျနေသော ရှောင်ဖုံးအား စိုက်ကြည့်လိုက်သည်။

သူမ၏အကြောပိတ်ဆို့မှုကြောင့် ရှောင်ဖုံးမှာ သတိလစ်နေပြီ ဖြစ်သည်။

"အခုလဲ မိုးပြာအဖွဲ့ရဲ့ တာဝန်ပေးချက်အရ သူ့ကို သတ်ဖို့ ထွက်လာခဲ့ကြတာပဲ မဟုတ်လား"



ချိုးပင်းက သတိမေ့နေသော ရှောင်ဖုံးအား တစ်ချက်စိုက်ကြည့်ရင်း ပြောလိုက်သည်။

ချိုးခြေ့က စိတ်မသက်သာစွာဖြင့် ခေါင်းညိတ်လိုက်လေသည်။ ချိုးပင်းက စကားကို ဆက်လိုက်ပြန်သည်။

"သည်တော့ တို့ သူ့ကို မသတ်လို့ ဖြစ်ပါ့မလား"

ချိုးခြေ့က ခေါင်းကိုသာ တွင်တွင်ခါယမ်းလိုက်၏။

"ဟင့်အင်း မသတ်ရဘူး"

သူမသည် အကြောက်အကန် ငြင်းဆန်လိုက်မိသည်။

"သူ့ကို မသတ်ဘဲထားရင် ငါတို့ အပြစ်ပေးခံရမှာပေါ့"

ချိုးခြေ့က အကြံတစ်ခုကို တွေးလိုက်မိဟန်ဖြင့်…

"သည်လိုလုပ်ရင် မကောင်းဘူးလား မမ၊ သူ့ကို လွှတ်ပေးလိုက်ပြီး မိုးပြာအဖွဲ့ကို လိမ်ပြောလိုက်မယ်လေ"

ချိုးပင်း အနည်းငယ် စဉ်းစားလိုက်မိသည်။

မိုးပြာအဖွဲ့က သူမ ပြောသည့် စကားကို ယုံနိုင် မယုံနိုင် စဉ်းစားချင့်ချိန်နေခြင်း ဖြစ်သည်။

ထိုစဉ် အေးမြ၍ ချိုလွင်သာယာလှသော ရယ်မောသံ တစ်ခုကို ချိုးပင်းတို့ညီအစ်မ ကြားလိုက်ရလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောမေတ္တာ

အေးမြရှိုးလွင်သော ရယ်မောသံ ထွက်ပေါ်လာ၏။

"သည်လို လိမ်ပြောလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကျုပ်တစ်ယောက်လုံး သက်သေရှိနေတာပဲ"

ရယ်မောသံနှင့်အတူ ရုတ်တရက် ထွက်ပေါ်လာသော စကားသံကြောင့် ချိုးဝင်းနှင့် ချိုးခြေ့မှာ အံ့သြတကြီးဖြင့် ထိတ်လန့်တုန်လှုပ်သွားကြ၏။

အသံလာရာဘက်သို့ ပြိုင်တူ လှည့်ကြည့်လိုက်မိကြသည်။

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်က ရယ်မောရင်း သူမတို့ထံ လာနေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမိန်းကလေးမှာ ကဝေမ ဖြစ်သည်။



ကဝေမသည် မိုးပြာအဖွဲ့မှ အရေးပါသော ဝိဇ္ဇာဝင်တစ်ယောက် ဖြစ်နေသည် မဟုတ်ပါလော။

ကဝေမက...

"ညည်းတို့ညီအစ်မဟာ ကျုပ်တို့အဖွဲ့က သိပ်ပြီး အလိုရှိနေတဲ့ တရားခံကို လွှတ်ပေးဖို့ ကြိုးစားကြတယ်ပေါ့လေ၊ ဒါဟာ ကြီးလေးတဲ့ အပြစ်ပဲ"

ဟု ခနဲ့သလို လေသံဖြင့် ပြောလိုက်သည်။

တိတ်ဆိတ်စွာ နားထောင်နေသည့် ချိုးခြေ့မှာ စိတ်မရှည်ဟန်ဖြင့်...

"မမ ဘာမှမပြောနေနဲ့တော့၊ သူ့ကို သတ်လိုက်၊ ဒါဆို ဘာပြဿနာမှရှိမှာ မဟုတ်တော့ဘူး"

ကဝေမက မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဘာပြောတယ်၊ ကျုပ်ကို သတ်မလို့ ဟုတ်လား"

ကဝေမက တအံ့တသြ ပြန်မေးလိုက်သည်။

ချိုးခြေ့က ဘာမှ ဆက်မပြောတော့ဘဲ ကဝေမထံသို့ ချဉ်းကပ်သွားလေသည်။

"ဟုတ်တယ်၊ ညည်းသေသင့်တာ အတော်ကြာပြီ"

သူမသည် ယင်းသို့ ပြောပြီးသည်နှင့် လက်ဝါးကမ်းဘက်ကို စက်ဝိုင်းပုံသဏ္ဌာန် ဝှေ့ယမ်းလိုက်ပြီး ကျန်လက်တစ်ဘက်က စက်

www.burmeseclassic.com



ဝိုင်း၏ အလယ်ဗဟိုမှ ထိုးဖောက်ထွက်လာကာ ကဝေမ၏ရင်ဝသို့ လျှပ်တပြက် ထိုးသွင်းလိုက်သည်။

ကဝေမသည် အတွေ့အကြုံ လွန်စွာ ရင့်ကျက်သော သိုင်းသမားတစ်ဦး ဖြစ်သည်။

သူမသည် နောက်သို့ ဆုတ်လိုက်ပြီး လက်နှစ်ဘက်ကို အပေါ်သို့ မြှောက်လျက် အားယူလိုက်သည်။

ချက်ချင်းဆိုသလိုပင် သူမ၏ခန္ဓာကိုယ်သည် အပေါ်ဘက်သို့ ထိုးတက်သွား၏။

တဆက်တည်းမှာပင် သူမ၏ခန္ဓာကိုယ်သည် ပျံလွှားတစ်ကောင်ပမာ ချိုးခြေ၏ခေါင်းပေါ်မှ ကျော်၍ မြေပေါ်သို့ ပြန်ကျလာသည်။

သူမ၏ခြေထောက်နှစ်ဖက် မြေပေါ်သို့ ချမိလိုက်သည်နှင့် သူမ၏လက်သီးနှစ်လုံးသည် ဝဲယာဝိုက်၍ ချိုးခြေ၏ကျောပြင်ပေါ်သို့ ထိုးချလိုက်လေသည်။

သို့ရာတွင်...

ချိုးခြေက နောက်သို့ပင် လှည့်မကြည့်ပါ။

သူမ၏ယာဘက် ခြေထောက်သည် ကန့်လန့်ဖြတ် ရွေ့လျားသွားပြီး ခန္ဓာကိုယ် အပေါ်ပိုင်း နောက်သို့ လှည့်လိုက်သည်။

တဆက်တည်းမှာပင် သူမ၏လက်ဝါးနှစ်ဘက်သည် ဓား



သွားပမာ ကန့်လန့်အနေအထားဖြင့် နောက်သို့ ဝိုက်၍ ခုတ်ချလိုက်သည်။

လွန်စွာ ကြောက်မက်ဖွယ်ကောင်းသော တိုက်ကွက် ဖြစ်သည်။

သို့သော် ချိုးခြေ့တို့က လက်တွဲရင်ဆိုင်လိုက်ကြလျှင်...

“ဝှီး”

“ဝုန်း”

“အမယ်လေး”

ချိုးခြေ့တို့ ညီအစ်မနှစ်ယောက်တို့၏ တိုက်ခိုက်မှုကြောင့် ကဝေမ လွင့်စဉ်ကာ မြေပေါ်လဲကျသွားသည်။

ချိုးခြေ့သည် ကဝေမကို တိုက်ခိုက်ပြီးသည်နှင့် ချိုးပင်အား ဆက်လက်တိုက်ခိုက်လိုက်လေသည်။

“အမယ်လေး”

ချိုးပင်း လဲကျသွားလေသည်။

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် အားလုံး အံ့သြသွားကြလေသည်။ ပုန်းကွယ်ရာမှ ပြေးထွက်လာကြသည်။

ချမ်းဟိုက်သိုင်းရာဇာ၊ ညသိုင်းသမား၊ လောင်မီးသိုင်းသမားနှင့် ယိလုံတို့ ပြေးထွက်လာကြလေသည်။

ချိုးခြေ့က...

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကျွန်မတို့ မိုးပြာအဖွဲ့ဟာ သိုင်းပဝါကို ရရှိဖို့နဲ့ သိုင်းလောကကို လွှမ်းမိုးဖို့ လှို့ဝှက်ကြိုးစားနေခဲ့တာ ကြာပါပြီ၊ ကျွန်မတို့ဟာ သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေအပေါ် မူတည်ပြီး အားလုံး ခွေးကွဲအောင်၊ မဖြစ်သင့်တာတွေ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ခဲ့ကြပါတယ်"

အားလုံးက သူမ၏စကားကို စိတ်ဝင်စားစွာ နားထောင်နေကြလေသည်။

ချိုးခြေ့က...

"သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို ကျွန်မတို့ မိုးပြာအဖွဲ့က ဖန်တီးနေတယ်ဆိုတာကို ဘယ်သူမှ မသိကြပါဘူး"

သိုင်းလောက၌ ပြဿနာများစွာ ဖြစ်ပေါ်နေခဲ့သည်။

အထူးသဖြင့်...

သိုင်းလောကမှာ ပျောက်ကွယ်နေကြသော သိုင်းသမားများ ပြန်လည်ပေါ်ထွက်လာခဲ့သည်။

ဥပမာ...

ချွေးဘီလူး၊ လောင်မီးသိုင်းသမားတို့ ဖြစ်သည်။

ချိုးခြေ့က...

"တစ်ချိန်က အင်မတန် ကြောက်စရာကောင်းခဲ့တဲ့ လူထူး



ဆန်းသိုင်းသမား(၃)ယောက်ထဲက တခွေအရိုင်ခေါ်တဲ့ ချမ်းမိုးမွန်ဟာ သူ့ရဲ့ချစ်သူနဲ့ ပတ်သက်ပြီး လူတွေ အများကြီး သတ်ခဲ့တယ်ဆိုတာ အားလုံးသိကြပါတယ်"

လောင်းမီးသိုင်းသမားက...

"ချမ်းမိုးမွန်ရဲ့ချစ်သူဟာ ချွေးဘီလူးပဲ မဟုတ်လား"

ချိုးခြေ့က...

"ဟုတ်ပါတယ်ရှင်၊ သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ သတင်းစကားတွေဟာ အမှန်ပါပဲ"

သိုင်းလောက လူထူးဆန်းများ ဖြစ်သော တခွေအရိုင် ချမ်းမိုးမွန်နှင့် ချွေးဘီလူးတို့သည် မမျှော်လင့်ဘဲ တွေ့ဆုံကာ ချစ်သူများ ဖြစ်ခဲ့ကြလေသည်။

နှစ်ယောက်လုံးသည် အလွန်မာနကြီးသူများ ဖြစ်ကြလေသည်။

ချွေးဘီလူးသည် ကံကော်သိုင်းသမား ရှောင်ချမ်းမင်း ဟူ၍ လူသိများသူ ဖြစ်သည်။

သို့သော်...

ရှောင်ချမ်းမင်းမှာ ချွေးဘီလူး ဖြစ်နေသည်ဟု မည်သူကမျှ မသိခဲ့ကြချေ။

တစ်နေ့ ရှောင်ချမ်းမင်းသည် ခရီးထွက်ရင်း ယုန်လေးဆို

www.burmeseclassic.com



သော မိန်းကလေးနှင့်တွေ့ဆုံကာ မဖျော့်လင့်ဘဲ အိမ်ထောင်ကျခဲ့သည်။

တစ်နေ့...

မိုးသက်မုန်တိုင်းကျသော တစ်ညတွင် တစ္ဆေအရိပ်က ရှောင်ချမ်းမင်း(ဝါ)သွေးဘီလူးအား ခေါ်ဆောင်သွားခဲ့လေသည်။

ထိုအချိန်တွင် တစ္ဆေအရိပ်၏ သိုင်းပညာမှာ ရှောင်ချမ်းမင်းထက် မြင့်မားနေ၏။

ရှောင်ချမ်းမင်းက လိုက်ပါသွားခဲ့ရသော်လည်း လမ်းခရီး၌ ထွက်ပြေးခဲ့လေသည်။

သို့သော် သူက သွေးဘီလူး ဖြစ်နေခြင်းကြောင့် သိုင်းလောကသို့ မပြန်နိုင်တော့ပါ။

ဇနီးသည်နှင့် သားဖြစ်သူကိုလည်း မဆက်သွယ်နိုင်တော့ချေ။

ရှောင်ချမ်းမင်းက သူ့အား သွေးဘီလူးဟု အားလုံး သိသွားပြီဟု ယူဆကာ ဆက်လက် ဆိုးသွမ်းသောင်းကျန်းနေခဲ့လေသည်။

ထို့နောက်...

အဓိပတိသိုင်းရာဇာနှင့် တွေ့ဆုံကာ ဒုက္ခရောက်ခဲ့လေ၏။

ကံကြမ္မာက အံ့သြစရာ ကောင်းလှသည်။

သွေးဘီလူး(ဝါ)ရှောင်ချမ်းမင်းသည် သားဖြစ်သူ ရှောင်ဖုံး



နှင့် တွေ့ဆုံခဲ့ရပြီး သူ၏သိုင်းပညာကို လက်ဆင့်ကမ်းပေးနိုင်ခဲ့လေသည်။

သို့သော် သားအဖနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် မသိခဲ့ကြချေ။

ချီးချေ့ကလည်း ထိုအကြောင်းကို ပြောပြသည် မဟုတ်ပါချေ။

သွေးဘီလူးသည် လိုဏ်ဂူတံခါးကို ချိုးဖျက်ကာ ထွက်လာပြီးနောက် ဝမ်းကျင်းစန်းနှင့် ရင်ဆိုင်ရင်း နှစ်ယောက်စလုံး သေဆုံးသွားသည့် သတင်းကိုလည်း ချီးချေ့က ပြောပြမည် မဟုတ်ပါ။

မိုးပြာအဖွဲ့သည် သိုင်းလောကအား လွှမ်းမိုးဖို့ အစီအစဉ်ရှိသည့်အတိုင်း ချီးချေ့တို့က အားလုံးကို သိရှိနေသည်။

ချီးချေ့က...

"သိုင်းလောကမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေ ရပ်တန့်သွားစေချင်ရင် မိုးပြာအဖွဲ့ကို တားဆီးဖို့ လိုပါလိမ့်မယ်"

ညသိုင်းသမားက...

"ကျုပ်တို့ သဘောပေါက်ပြီ မိန်းကလေး၊ ရှောင်ဖုံးကို..."

ချီးချေ့က...

"စိတ်ချပါရှင်၊ သူ့ကို ဒုက္ခမပေးတော့ပါဘူး"

သူတို့အားလုံး ရှောင်ဖုံးကို ကြည့်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင်…

"ဟင်"

"ဟာ"

အားလုံး တအံ့တသြ ဖြစ်သွားကြလေသည်။

အကြောင်းမှာ ရှောင်ဖုံး ပျောက်ဆုံးသွားခြင်းကြောင့် ဖြစ်လေသည်။ ရှောင်ဖုံး မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

"ရှောင်ဖုံး ဘယ်ရောက်သွားတာလဲ"

"သူ့ကို တစ်ယောက်ယောက် ခေါ်သွားတာ ဖြစ်မယ်"

သူတို့အားလုံး ရှောင်ဖုံးအား လိုက်လံရှာဖွေရန် ဟန်ပြင်လိုက်စဉ်…

"ဟူး..ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူရိပ်တစ်ခု လျင်မြန်စွာ ပြေးလွှားရောက်ရှိလာလေ၏။

"ဟင်"

ချီးခြေ့ ထိတ်လန့်သွားလေသည်။

ရောက်လာသူမှာ မိုးပြာအဖွဲ့မှ လက်ထောက်ဂိုဏ်းချုပ် ဖြစ်နေသည် မဟုတ်ပါလား။ ချီးခြေ့က…

"ရှင်တို့ မြန်မြန်ထွက်သွားကြပါရှင်"



ညသိုင်းသမားတို့အား သတိပေးလိုက်လေသည်။

မိုးပြာအဖွဲ့၏လက်ထောက်ဂိုဏ်းချုပ်သည် အနက်ရောင် ဝတ်ထားသော အမျိုးသမီးကြီးတစ်ဦး ဖြစ်လေသည်။

သူမ ဒေါသချောင်းချောင်း ထွက်နေသည်။

"ချီးခြေ့၊ ညည်းသေချင်နေပြီကိုး"

ဟု ဝေါက်လိုက်လေသည်။

ချီးခြေ့က မြေပေါ် ဒူးထောက်ချလိုက်လေသည်။

မိုးပြာအဖွဲ့၏ လက်ထောက်ဂိုဏ်းချုပ် အမျိုးသမီးကြီး၏ အမည်မှာ လိန်ကူး ဖြစ်လေသည်။

လိန်ကူးက…

"ရှောင်ဖုံးကို သတ်ပစ်ရမယ်လို့ ညည်းတို့ကို အမိန့်ပေးထားတယ် မဟုတ်လား" ချီးခြေ့က…

"ကျွန်မတာဝန်ကို မဆောင်ရွက်နိုင်တဲ့အတွက် အပြစ် ရှိပါတယ်"

လိန်ကူးက…

"နေပါဦး၊ ညည်းက ဘာကြောင့် ရှောင်ဖုံးကို မသတ်ချင်ရတာလဲ ပြောပါဦး"

ချီးခြေ့က…

"ရှောင်ဖုံးဟာ.."

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ရှောင်ဖုံးကို တဘက်သတ် မေတ္တာသက်ဝင်နေမိသည်။

ရှောင်ဖုံး ကြုံတွေ့ခဲ့ရသော ခါးသီးလှသည့် ဘဝကို စာနာမိသည်။ ထို့ကြောင့် ရှောင်ဖုံးအား မသတ်ရက်တော့ခြင်း ဖြစ်လေသည်။

ရှောင်ဖုံးအား ကူညီခဲ့ခြင်းကြောင့် ကြီးလေးသည့် အပြစ်ဒဏ်ခံရမည် ဖြစ်ကြောင်းလည်း သူမ နားလည်ထားပါတော့သည်။

လိန်ကူးက...

"ညည်း ဘယ်လို အပြစ်ပေးခံရမယ်ဆိုတာကို သိတယ်မဟုတ်လား"

ချီးခြေ့က...

"ဟုတ်ကဲ့ သိပါတယ်"

"ကောင်းပြီ၊ ညည်းကိုယ်ညည်း အဆုံးစီရင်လိုက်ပေတော့"

လိန်ကူးက ပြတ်သားစွာ ပြောလိုက်လေသည်။

ချီးခြေ့လည်း ဓားတစ်လက်ထုတ်ကာ သူမ၏ရင်ဝကို ပြန်လည်ထိုးစိုက်ချရန် ဟန်ပြင်လိုက်လေသည်။ ထိုစဉ်...

"ရပ်လိုက်"

ညသိုင်းသမားက ဟန့်တားလိုက်လေသည်။

လိန်ကူး မကျေမနပ် ဖြစ်သွားလေသည်။



"ကိုယ်နဲ့ မဆိုင်ရင် ဝင်မရှုပ်ပါနဲ့"

ညသိုင်းသမားက...

"ခင်ဗျားတို့ မိုးပြာအဖွဲ့ဟာ သွေးဘီလူးအတုတွေ ဖန်တီးတယ်၊ သိုင်းလောကမှာ ပြဿနာအမျိုးမျိုး ဖြစ်ပေါ်လာအောင် နောက်ကွယ်ကနေ ဖန်တီးတယ်၊ သွေးထိုးလှုံ့ဆော်တယ်၊ ခင်ဗျားတို့ကို တားဆီးရမှာပေါ့ဗျာ"

ချုန်းဟိုက်သိုင်းရာဇာက...

"ဟုတ်တယ်၊ မိုးပြာဂိုဏ်းဟာ သိုင်းလောကသားတွေကို စိတ်ဝမ်းကွဲအောင် သွေးချောင်းစီး တိုက်ပွဲတွေ ဖြစ်ပေါ်လာအောင် ဖန်တီးပြီး သိုင်းလောကကို သိမ်းပိုက်ဖို့ ကြံစည်နေတယ်ဆိုတာ ကျုပ်တို့ သဘောပေါက်ထားပါပြီ၊ ဒါကြောင့် ခင်ဗျားတို့ကို တားဆီးရတော့မှာပါပဲ"

လိန်ကူး ရယ်မောလိုက်လေသည်။

"ကျွန်မက ရှင်တို့ကို ကြောက်နေမယ်များ ထင်နေသလား"

သူမသည် ဓားတစ်လက် ဆွဲထုတ်ကာ စတင်တိုက်ခိုက်လိုက်လေသည်။

ချုန်းဟိုက်သိုင်းရာဇာကလည်း ပြန်လည်တိုက်ခိုက်လိုက်ရာ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



## ယို့ဝါး

"ဟူး..ဟူး"

အဝတ်အစား လေတိုးသံများ ထွက်ပေါ်နေ၏။

လူရိပ်တစ်ခုသည် လျင်မြန်စွာ ပြေးလွှားလာရင်း တောင်ကြားတစ်ခုသို့ ရောက်ရှိလာလေသည်။

တောင်ကြားထဲ လှမ်းဝင်လိုက်သည်နှင့်...

"ယို့ဝါး၊ မင်းပြန်လာပြီလား"

အဘိုးအိုတစ်ယောက်၏စကားသံ ထွက်ပေါ်လာလေသည်။

တောင်ကြားထဲ ဝင်ရောက်လာသူမှာ ယို့ဝါး ဖြစ်လေသည်။

ယို့ဝါးက လူတစ်ယောက်ကို ပခုံးပေါ်ထမ်းကာ ခေါ်လာလေသည်။



ယို့ဝါး ခေါ်လာသူမှာ ရှောင်ဖုံး ဖြစ်လေသည်။

ယို့ဝါးက ရှောင်ဖုံးကို အောက်သို့ ချကာ စကားသံ ထွက်ပေါ်လာရာဘက်သို့ မျက်နှာမူပြီး ဦးညွှတ်လိုက်သည်။

"ကျွန်မ ပြန်လာပါပြီ ဆရာ"

ကျောက်တုံးကျောက်ခဲများကြားမှ အဘိုးအိုတစ်ယောက် လှမ်းထွက်လာလေသည်။

အဘိုးအို၏ဆံပင်များ၊ မုတ်ဆိတ်များသာမက မျက်ခုံးမွေးများပါ ဖြူဖွေးနေ၏။

ထိုအဘိုးအိုမှာ တစ်ချိန်က သိုင်းလောက၌ ထင်ရှားကျော်ကြားခဲ့သော နဂါးနိုင်သိုင်းသမားကြီး ချူးထင်း ဖြစ်လေသည်။

ချူးထင်းအား သိုင်းလောကတစ်ခုလုံးက သိရှိထားကြပါသည်။

သိုင်းလောက၌ ထင်ရှားခဲ့ကြသော သွေးဘီလူး၊ လောင်မီးသိုင်းသမားနှင့် တစ္ဆေအရိပ်တို့သည် ဆရာကြီးချူးထင်း၏ တပည့်များပင် ဖြစ်နေပါသည်။

ဆရာကြီးချူးထင်းသည် တပည့်မိုက်များကြောင့် အရှက်ရကာ သိုင်းလောကကို ကျောခိုင်းလိုက်ခြင်း ဖြစ်လေသည်။

တစ်ချိန်တွင် ယို့ဝါးသည် ရှောင်ဖုံးအတွက် ဆေးမြစ်ရှာဖွေရင်း တောင်ကြားထဲသို့ ရောက်ရှိလာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယို့ဝါးနှင့် ဆရာကြီးချူးထင်းတို့ မမျှော်လင့်ဘဲ တွေ့ဆုံမိခဲ့ကြလေသည်။

ဆရာကြီးချူးထင်းသည် ယို့ဝါးထံမှ သိုင်းလောက အကြောင်းသိရှိခဲ့ပြီး ယို့ဝါးကို တပည့်အဖြစ်လက်ခံကာ ဆေးမြစ်ပေးလိုက်သကဲ့သို့ သိုင်းပညာလည်း သင်ကြားပေးခဲ့သည်။

ထို့နောက် ယို့ဝါးက အနီရောင်မိန်းကလေးအဖြစ် သိုင်းလောကသို့ဆင်းကာ ရှောင်ဖုံးနှင့် တွေ့ဆုံခဲ့ခြင်း ဖြစ်လေသည်။

ယခု ယို့ဝါးက ရှောင်ဖုံးကို ကယ်တင်ခဲ့ပြန်ပြီ ဖြစ်လေသည်။

ဆရာကြီးချူးထင်းက ရှောင်ဖုံးကို တစ်ချက်ကြည့်လိုက်လေသည်။ တဖန် ယို့ဝါးကို မေးလိုက်လေသည်။

"သူက ရှောင်ဖုံး ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ကောင်းတယ်၊ ကျုပ်လဲ သူ့ကို တွေ့ချင်နေတာနဲ့ အတော်ပဲ၊ ကဲ သူ့ကို ခေါ်ခဲ့ပါ"

"ကောင်းပါပြီ ဆရာ"

ဆရာကြီးချူးထင်း ထွက်သွားလျှင် ယို့ဝါးက ရှောင်ဖုံးကို ခေါ်ကာ လိုက်ပါသွားလေတော့သည်။

◆ ◆ ◆



ရှောင်ဖုံး သတိရလာပြီ ဖြစ်လေသည်။

ယို့ဝါးက ရှောင်ဖုံးအား ဆရာကြီးချူးထင်းနှင့် မိတ်ဆက်ပေးလိုက်လေသည်။ ရှောင်ဖုံး ဦးညွှတ်လိုက်သည်။

"ကျွန်တော် ရှောင်ဖုံး ဂါရဝပြုပါတယ် ခင်ဗျာ"

ဆရာကြီးချူးထင်းက...

"ရှောင်ဖုံး၊ မင်းဟာ ဒုတိယ သွေးဘီလူး ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

ရှောင်ဖုံး ဝန်ခံလိုက်လေသည်။

ဆရာကြီးချူးထင်းက...

"သွေးဘီလူးက မင်းကို သိုင်းပညာ သင်ပေးခဲ့တယ်၊ ပြီးတော့ သူ့ရဲ့ရန်သူတွေကို သုတ်သင်ရှင်းလင်းနိုင်းခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကောင်းပြီ"

ဆရာကြီးချူးထင်းက ဦးခေါင်းတချက်ညိတ်ပြီး ဆက်ပြောသည်။

"သွေးဘီလူးခိုင်းလို့ မင်းလုပ်ကြံခဲ့တဲ့ လူတွေဟာ လူကြီးလူကောင်းဟန်ဆောင် မျက်နှာဖုံးစွပ်ထားတဲ့ လူဆိုးလူယုတ်မာကြီးတွေ ဖြစ်နေတာ မင်းသိပ်ကောင်းသွားတယ် လူကောင်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုသာ သတ်ခဲ့မိရင် သိုင်းလောကမှာ ဆက်ပြီး နေထိုင်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ဘူး"

"ဟုတ်ကဲ့၊ ကျွန်တော်သဘောပေါက် နားလည်နေပါပြီ ခင်ဗျာ"

ရှောင်ဖုံးက ဝန်ခံရင်း ခေါင်းငုံ့ထားလိုက်လေသည်။

ဆရာကြီးချူးထင်းက...

"သွေးဘီလူးဟာ မင်းနဲ့ ဘယ်လို ပတ်သက်နေသလဲဆိုတာကော မင်းသိသလား"

"ကျွန်တော့်ဆရာပါ"

"မဟုတ်ဘူးကွဲ့"

"ဗျာ"

"သူဟာ မင်းရဲ့အဖေပဲ"

"ဗျာ"

ရှောင်ဖုံး ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။ ဆရာကြီးချူးထင်းကို မယုံနိုင်စွာ ကြည့်လိုက်သည်။

"သွေးဘီလူးဟာ ကျွန်တော့်အဖေ ဟုတ်လား"

ဆရာကြီးချူးထင်းက...

"ဟုတ်တယ်၊ မင်းအဖေကို လာခေါ်သွားတဲ့ ချမ်းမိုးမွန်ဆိုတဲ့ အမျိုးသမီးဟာ တချွေအရိပ်ပဲ"



ရှောင်ဖုံးက ဆရာကြီးချူးထင်းအား တအံ့တသြ ငေးမော ကြည့်နေမိလေသည်။

ဆရာကြီးချူးထင်းက...

"တချွေအရိပ်၊ လောင်မီးသိုင်းသမားနဲ့ သွေးဘီလူးတို့ဟာ ငါ့တပည့်တွေပဲ၊ သူတို့သုံးယောက်ကို ငါက အပြစ်ပေးဖို့ စီစဉ်တာကြောင့် သူတို့ သိုင်းလောကထဲက ပျောက်သွားကြတာ၊ တချွေအရိပ်က မင်းရဲ့အဖေကို တစ်ဘက်သတ် မေတ္တာသက်ဝင်နေပြီး တစ်ချိန်မှာ အမွေလာခေါ်သွားတာ၊ တချွေအရိပ်ရဲ့ သိုင်းပညာက အမြင့်ဆုံးဆိုတော့ မင်းအဖေက မင်းတို့သားအမိအတွက် စိုးရိမ်ပြီး လိုက်သွားရတာ၊ အခွင့်အရေးရတဲ့ အချိန်မှာ သူထွက်ပြေးလာပြီး မင်းတို့ကို လိုက်ရှာခဲ့ပေမယ့် မတွေ့ရတော့ဘူး၊ ဒါနဲ့ သူလဲ စိတ်ရိုင်းဝင်ပြီး သိုင်းလောကမှာ ပြန်ပြီး ဆိုးသွမ်းသောင်းကျန်းခဲ့တာ"

ရှောင်ဖုံးက...

"ဖေဖေဟာ..."

"မင်းအဖေ မရှိတော့ပါဘူး"

"ဗျာ"

"သူက ကျောက်ဂူထဲက ထိုးဖောက်ထွက်လာခဲ့တယ်၊ ဝင်နှာကျင်းစန်းနဲ့ ရင်ဆိုင်ခဲ့တယ်၊ နောက်ဆုံး သူတို့နှစ်ယောက်စလုံး သေဆုံးသွားကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံး ခေါင်းငိုက်စိုက်ကျသွားတော့သည်။

ဆရာကြီးချူးထင်းက...

"ခုဆိုရင် တချွေအရိပ်ဟာ သိုင်းလောကကို ဖျက်ဆီးမယ့် လူတစ်ယောက် ဖြစ်နေပြီ"

ယို့ဝါးက...

"တချွေအရိပ်ဆိုတဲ့ ချမ်းမိုးမွန်ဟာ မိုးပြာအဖွဲ့ ခေါင်းဆောင်ပဲ"

မိုးပြာအဖွဲ့သည် သိုင်းလောကအား ဖျက်ဆီးဖို့ ကြိုးစားနေသော ဂိုဏ်းတစ်ခု ဖြစ်ကြောင်း ရှင်းပြလိုက်လေသည်။

ရှောင်ဖုံး ခံပြင်းသွားလေသည်။

ချမ်းမိုးမွန်မှာ သူ၏ဖခင်အား မတရားခေါ်ဆောင်သွားသူ ဖြစ်ပေသည်။ သူမကြောင့် အေးချမ်းသာယာနေသော သူတို့၏မိသားစုဘဝလေး ပြိုကွဲပျက်စီးခဲ့ရသည်။

သူ၏မိခင်ကြီးမှာလည်း ကြမ္မာဆိုးကြုံခဲ့ရလေသည်။

ရှောင်ဖုံးသည် ချမ်းမိုးမွန်အား ဘယ်သောအခါမှ ခွင့်လွှတ်နိုင်မည် မဟုတ်ပါ။

"ကျွန်တော် ချမ်းမိုးမွန်နဲ့ ရင်ဆိုင်မယ်"

ဆရာကြီးချူးထင်း ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူးကွယ့်"



"ဘာကြောင့်များလဲ ခင်ဗျာ"

"သူ့ကို မင်းအဖေတောင် မယှဉ်နိုင်ဘူး"

ရှောင်ဖုံး ပို၍ ခံပြင်းသွားလေသည်။

ဆရာကြီးချူးထင်းက...

"ငါ့တပည့်သုံးယောက်ထဲမှာ ချမ်းမိုးမွန်က သိုင်းပညာအတော်ဆုံးပဲ၊ မင်းက သူ့ကို ဆုံးမချင်တယ်ဆိုရင် သိုင်းပဝါပေါ်က သိုင်းကွက်တွေကို လေ့ကျင့်အောင်မြင်မှ ဖြစ်လိမ့်မယ်"

ရှောင်ဖုံးက ယို့ဝါးအား လှမ်းကြည့်လိုက်သည်။

ယို့ဝါးက အဘယ်ကြောင့် သူ့အား ခေါ်လာသည်ကို ယခုမှ နားလည်လိုက်ရလေသည်။

"ညီမဟာ အနီရောင်မိန်းကလေးပဲလား"

ယို့ဝါး ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ရှင်"

"ညီမက.."

ယို့ဝါးက ရှင်းပြလိုက်သည်။

"ကျွန်မကြောင့် ရှင်ဒုက္ခရောက်ခဲ့ရတယ်၊ ဒါပေမယ့် ရှင်သာ သိုင်းပညာ အသုံးပြုနိုင်ရင် သိုင်းလောကကို ဖျက်ဆီးမယ့် သွေးအေး လူးတစ်ယောက် ဖြစ်လာမှာပဲ၊ ဒါဆိုရင် အစ်ကို့ရဲ့ ကံကြမ္မာ ကောင်း နိုင်တော့မှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုံး သက်ပြင်းချလိုက်လေသည်။

ယို့ဝါးသည် သူ၏အကျိုးကို မျှော်တွေးကာ သူ၏နောက်သို့ တကောက်ကောက်လိုက်ပြီး ကူညီစောင့်ရှောက်ခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့်လည်း အနီရောင်မိန်းကလေးက သူ၏အကြောင်းကို ခရေစေ့တွင်းကျ သိရှိနေသည်မှာ မဆန်းပါချေ။

ရှောင်ဖုံးသည် အခြေအနေ အရပ်ရပ်ကို နားလည်သဘောပေါက်လိုက်ပြီ ဖြစ်သည်။

ကြမ္မာဆိုး ကြုံခဲ့ရသည့် မိခင်ကြီးနှင့် ဖခင်ကြီးအတွက်လည်း စိတ်မကောင်း ဖြစ်မိလေသည်။

အထူးသဖြင့် သူ့အား သိုင်းပညာသင်ပေးခဲ့သော သွေးဘီလူးမှာ သူ၏ဖခင် ဖြစ်ကြောင်း မသိခဲ့ရသည်ကို ဝမ်းနည်းမိလေသည်။

သွေးဘီလူးကလည်း သူ့အား သားတစ်ယောက်ဟု သိနိုင်တော့မည် မဟုတ်ပါ။ ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

ယို့ဝါးကို ဦးညွှတ်လိုက်သည်။

"ညီမရဲ့ ကျေးဇူးကို ကျုပ် ဘယ်တော့မှ မမေ့ပါဘူး"

ယို့ဝါး ပြုံးလိုက်သည်။

"ကိစ္စမရှိပါဘူး အစ်ကိုရယ်၊ ကျွန်မရဲ့ စေတနာကို နား



လည်ရင် ကျေနပ်ပါပြီ"

ဆရာကြီးချူးထင်းက...

"သူက ဘာကြောင့် မင်းကို ခေါ်လာတယ်ဆိုတာ မင်းသိသလား"

ရှောင်ဖုံးက...

"ကျွန်တော်.."

ဆရာကြီးချူးထင်းက...

"ငါ့ကိုယ်စား မပြီးဆုံးသေးတဲ့ တာဝန်တွေကို ဆက်ပြီး ထမ်းဆောင်စေချင်လို့ပဲ"

ရှောင်ဖုံးက...

"ကျွန်တော် ဘာများ လုပ်ပေးရမလဲ ခင်ဗျာ"

ဆရာကြီးချူးထင်းက...

"ငါ့ရဲ့ တပည့်သုံးယောက်ကြောင့် ငါ့ရဲ့ ဂုဏ်သိက္ခာ ကျဆင်းခဲ့တယ်၊ မင်းက သူတို့ကို ငါ့ကိုယ်စား ဆုံးမပေးရလိမ့်မယ်"

သူသည် တပည့်သုံးယောက်ကြောင့် ဂုဏ်သိက္ခာကျဆင်းခဲ့သည်ကို ကျေနပ်နိုင်မည် မဟုတ်ကြောင်း ထင်ရှားလေသည်။

ယို့ဝါးနှင့် ရှောင်ဖုံးတို့အား စောင့်ရှောက်ခဲ့ခြင်း ဖြစ်လေသည်။

ဆရာကြီးချူးထင်း၏မျက်နှာ တသ်ကြည်လာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ရှောင်ဖုံး၊ သိုင်းပဝါပေါ်က သိုင်းကွက်တွေ မင်းကို သင်ကြားပေးမယ်၊ မင်းကြိုးစားပြီး လေ့ကျင့်ပါ။ ဒါမှ ချမ်းမိုးမွန်ကို ဆုံးမနိုင်လိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်တော်ကြိုးစားပါ့မယ်ဗျာ"

ဆရာကြီးချူးထင်းသည် ရှောင်ဖုံးအား သိုင်းပဝါမှ သိုင်းပညာများအား သင်ကြားပြသပေးလိုက်လေတော့သည်။

◆ ◆ ◆



## တိုက်ပွဲ

ညသိုင်းသမားက လိန်ကူးနှင့် ရင်ဆိုင်လိုက်၏။

သို့သော်...

"ဝှစ်...ဝှစ်"

လိန်ကူးက ဓားဝှေ့ယမ်းလိုက်လျှင် ညသိုင်းသမား၏ လက်မောင်းတစ်ဘက်၌ ဒဏ်ရာရရှိကာ နောက်ဆုတ်လိုက်ရလေသည်။

"ယား"

ချမ်းဟိုက်သိုင်းရာဇာက ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ယိလုံနှင့် လောင်မီးသိုင်းသမားတို့ကလည်း ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

လိန်ကူး ဒေါသထွက်သွားသည်။

"သိကြသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဓားကို ဝှေယမ်းကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

တဆက်တည်းပင် လက်နက်ပုန်းလေးများဖြင့်လည်း ပစ်ခတ်လိုက်လေသည်။

"ဟူး..ဟူး..ဟား"

"ဝှစ်..ဝှစ်..ဝှစ်"

သူမ၏တိုက်ခိုက်မှုကြောင့် ချမ်းဟိုက်သိုင်းရာဇာတို့ နောက်ဆုတ်လိုက်ရလေသည်။

လောင်မီးသိုင်းသမားက...

"ကျုပ်ရဲ့ လက်နက်ပုန်းကိုလဲ ကြည့်ထားပါဦး"

ယမ်းလုံးလေးများဖြင့် ပစ်ပေါက်လိုက်ရာ လိန်ကူး ထိတ်လန့်သွားလေသည်။

လောင်မီးသိုင်းသမား၏ လောင်မီးလက်နက်ပုန်းမှာ အလွန်ကြောက်စရာကောင်းလှသည် မဟုတ်ပါလား။

ထိုစဉ်...

"ဟူး"

လူရိပ်တစ်ခု ပြေးလွှားရောက်ရှိလာလေသည်။

ထိုလူရိပ်က လောင်မီးလက်နက်ပုန်းများအား အသာအယာ ဖမ်းယူသွားလေသည်။



"ဟာ"

လောင်မီးသိုင်းသမား ထိတ်လန့်သွားလေသည်။

ရောက်ရှိလာသူကို မျက်လုံးပြူးကာ ကြည့်လိုက်သည်။

"ချမ်းမိုးမွန်"

ရောက်လာသူမှာ တစ္ဆေအရိပ် ချမ်းမိုးမွန် ဖြစ်နေပါတော့သည်။ ချမ်းမိုးမွန်က ရယ်မောလိုက်သည်။

"ရှင်က ကျွန်မကို မှတ်မိသေးတာကိုး"

လောင်မီးသိုင်းသမားက...

"မင်းဟာ မိုးပြာအဖွဲ့ကို ခေါင်းဆောင်ပြီး သိုင်းလောကကို ဖျက်ဆီးဖို့ ကြိုးစားနေတယ်ဆိုတာ ကျုပ်သိတာပေါ့"

"ရှင် မဆိုးဘူး"

သူမ၏လက်ကို ဝှေယမ်းလိုက်လျှင် ယမ်းလုံးကလေးများသည် ချမ်းဟိုက်သိုင်းရာဇာ၊ ညသိုင်းသမားနှင့် ယိလုံတို့ထံသို့ ပစ်လွှင့်သွားလေသည်။

"သတိထား"

ယိလုံတို့ ကမျာကယာ ရှောင်တိမ်းလိုက်ကြသည်။

သို့သော်...

"ဝုန်း..ဝုန်း"

ယမ်းလုံးလေးများ ပေါက်ကွဲသွားလျှင်...

www.burmeseclassic.com

www.burmeseclassic.com



"အား"

"အမယ်လေး"

ယိလုံတို့ မြေပေါ် လဲကျသွားကြလေတော့သည်။

◆ ◆ ◆

လောင်မီးသိုင်းသမား မျက်နှာပျက်သွားလေသည်။

ချမ်းမိုးမွန်က ရယ်မောလိုက်သည်။

"ကျွန်မတို့ဟာ ပညာသင်ဘက်တွေပါ၊ ရှင်က ကျွန်မနဲ့ ပူးပေါင်းတာ အကောင်းဆုံး ဖြစ်လိမ့်မယ်"

"ကျုပ်.."

"စကားမရှည်နဲ့၊ ကျွန်မ နောက်ကို လိုက်ခဲ့ရမယ်"

ချမ်းမိုးမွန်က လိန်ကူးဘက်သို့ လှည့်လိုက်သည်။

"လိန်ကူး၊ ချီးခြေ့ကို ခေါ်ခဲ့"

ဟု အမိန့်ပေးပြီး လှည့်ထွက်သွားလေတော့သည်။

◆ ◆ ◆



မိုးပြာအဖွဲ့သည် သိုင်းလောကအား ပေါ်ပေါ်ထင်ထင် ဒုက္ခပေးလာလေသည်။

ချမ်းမိုးမွန်နှင့် လောင်မီးသိုင်းသမားတို့၏ လက်ချက်ဖြင့် သိုင်းလောကတစ်ခုလုံး အကြီးအကျယ် ဒုက္ခရောက်နေရပေသည်။

မိုးပြာအဖွဲ့ကြောင့် သိုင်းလောကတစ်ခုလုံး ဒုက္ခရောက်နေရချိန်တွင်...

BURMESE CLASSIC

◆ ◆ ◆

ထိုက်ကျုံးဂိုဏ်း၊ ဝူတန်းဂိုဏ်းနှင့် ခွန်လွန်ဂိုဏ်းတို့သည် မိုးပြာအဖွဲ့၏ ခြိမ်းခြောက်မှုကြောင့် အခက်ကြုံနေရ၏။

အထူးသဖြင့် ထိုက်ကျုံးဂိုဏ်းမှာ မိုးပြာဂိုဏ်း လာရောက်ဘိုက်ခိုက်သည့်အန္တရာယ်နှင့် ရင်ဆိုင်နေရလေသည်။

ချမ်းမိုးမွန်၏သိုင်းပညာနှင့် လောင်မီးသိုင်းသမား၏ ယမ်းလုံးက ဝါရင့်သိုင်းသမားကြီးများကိုပင် အကြီးအကျယ် ဒုက္ခပေးနိုင်ခဲ့လေသည်။

ထို့ကြောင့် ထိုက်ကျုံးဂိုဏ်းချုပ်၊ ဝူတန်ဂိုဏ်းချုပ်နှင့် ခွန်လွန်ဂိုဏ်းချုပ်တို့ လျှို့ဝှက်စွာ တွေ့ဆုံကာ မိုးပြာဂိုဏ်းအား ရင်ဆိုင်ဖို့ တိုင်ပင်ဆွေး နွေးခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်သုံးဦးသည် မိုးထိတောင်ပေါ်တွင် တွေ့ဆုံနေစဉ်

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ထိုက်ကျုံးဂိုဏ်းချုပ်က...

"အစောင့်အကြပ်တွေ တိုက်ခိုက်ခံလိုက်ရပြီ"

ခွန်လွန်ဂိုဏ်းချုပ်က...

"မိုးပြာအဖွဲ့ ရောက်လာပြီ ထင်တယ်"

ထိုအချိန်မှာပင်...

"ဟား...ဟား...ဟား"

ကျယ်လောင်သော ရယ်မောသံနှင့်အတူ လူနှစ်ယောက် ရောက်ရှိလာလေသည်။ လောင်မီးသိုင်းသမားနှင့် ချမ်းမိုးမွန်တို့ ဖြစ်လေသည်။ ချမ်းမိုးမွန်က...

"ရှင်တို့သုံးယောက် အညံ့ခံမလား၊ အသေခံမလား ကြိုက်တဲ့လမ်း ရွေးပါ"

ချမ်းမိုးမွန်၏သိုင်းပညာနှင့် လောင်မီးလက်နက်ပုန်းတို့အား ထိုက်ကျုံးဂိုဏ်းချုပ်တို့ မယှဉ်နိုင်ကြပါ။

ထိုက်ကျုံးဂိုဏ်းချုပ်တို့ အခက်ကြုံနေစဉ်...



"ခင်ဗျားတို့ကော အညံ့ခံမလား၊ အသက်အသေခံမလား"

စကားသံနှင့်အတူ လူတစ်ယောက် ရောက်ရှိလာလေသည်။

ရှောင်ဖုံး ဖြစ်လေသည်။

ချမ်းမိုးမွန်က...

"မင်းကို၊ မင်းက မင်းအဖေ ခြေရာကို ဆက်ခံပြီး သွေးဘီလူးဘွဲ့ကို ခံယူမယ်၊ ငါတို့နဲ့ ပူးပေါင်းလိုက်မယ်ဆိုရင် သိုင်းလောကတစ်ခုလုံး ငါတို့ ခြေဖဝါးအောက်ကို ရောက်လာလိမ့်မယ်"

ရှောင်ဖုံးက...

"ခင်ဗျားက ကျုပ်တို့သားအဖ အကြောင်း သိနေတာကိုး၊ ကျုပ်ကလဲ ခင်ဗျား အကြောင်းကို သိထားပြီးပါပြီ၊ ခင်ဗျားကို ချမ်းသာမပေးနိုင်တော့ဘူး"

ရှောင်ဖုံးက စတင်တိုက်ခိုက်လိုက်လေသည်။

ချမ်းမိုးမွန်ကလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

လောင်မီးသိုင်းသမားလည်း မထူးတော့ဟု သဘောထားကာ ရှောင်ဖုံးအား တိုက်ခိုက်လိုက်လေသည်။ ရှောင်ဖုံးက သိုင်းပဝါပေါ်မှ သိုင်းကွက်များကို အသုံးပြု လိုက်သောအခါ...

◆ ◆ ◆

www.burmeseclassic.com



ရှောင်ဖုံးသည် သိုင်းပဝါပေါ်မှ သိုင်းကွက်များဖြင့် ချမ်းမိုးမွန်နှင့် လောင်မီးသိုင်းသမားအား အနိုင်ယူဆုံးမကာ သိုင်းလောက အေးချမ်းသာယာသွားစေခဲ့လေသည်။

ထို့နောက်...

ယို့ဝါးနှင့်အတူ ဆရာကြီးချူးထင်းထံသို့ ပြန်သွားခဲ့သည်။

သိုင်းလောကသို့ ဘယ်သောအခါမှ ပြန်ဆင်းလာတော့မည် မဟုတ်ပါ။

ချိုးခြေ သည်...

ပြီးပါပြီ။

www.burmeseclassic.com